သောကြာ၊ ဇန်နဝါရီ (၁)

**တမန် ၈း၁-၂**

မဿဲ ၂၈း၁၈-၂၀

*"သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်. . . "*

# သွားကိုသွားရပါမည်

တမန် ၈း၁-၂ ထဲတွင် ယေရုရှလင်အသင်းတော်၌ကျရောက်သော ညှဉ်းပန်းနှိပ်စက်ခြင်းအကြောင်းကိုဖော်ပြထားပါသည်။ ထိုညှဉ်းပန်းနှိပ်စက်ခြင်း၌ ပထမဆုံးအသေသတ်ခြင်းခံရသောသူသည် သတေဖန်ဖြစ်ပါသည်။ ထိုအမှုကို ရှောလုသဘောတူခဲ့ပါသည်။ ဤညှဉ်းပန်းနှိပ်စက်မှုကြီးကို အနန္တတန်ခိုးရှင်ဘုရားသခင်က ခွင့်ပြုတော်မူခြင်းဖြစ်ပါသည်။ ယုံကြည်သူတို့ကို ပျက်စီးစေရန်မဟုတ်၊ စိတ်ပျက်အားငယ်စေရန်မဟုတ်ပါ။ မဟာစေခိုင်းချက်ကို နာခံလျက်သွား၍ တရားဟောကြခြင်းငှါ ဖြစ်ပါသည် (မဿဲ ၂၈း၁၈-၂၀)။

ညှဉ်းပန်းနှိပ်စက်မှုကြီး၊ ယုံကြည်သူတို့သည် နှိပ်စက်ခြင်းကို ခံရကြ၏။ သူတို့ခံရကြသောအခက်အခဲကို သင်မှန်းဆ၍ရပါ၏။ သူတို့သည် ယုဒပြည်အနှံ့နှင့် ရှမာရိပြည်တိုင်အောင်ထွက်ပြေးတိမ်းရှောင်ကြရ၏။ သူတို့သည် နေရာအနှံ့ပျံ့ကြဲကြပါသည်။ "အနှံ့အပြား ကွဲပြားကြ၏" (တမန် ၈း၁) ဟူသောဂရိစကားလုံး "diaspora" ဟူသော စကားလုံးကို ဣသရေလ လူတို့ကွဲပြားပျံ့နှံ့ခြင်းအတွက် အခေါ်အဝေါ်ဖြစ်လာခဲ့ပါသည်။ ဤစကားလုံး၏ အဓိပ္ပာယ်သည် လယ်ထဲ၌မျိုးစေ့ပျံ့ကြဲခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ဤဣသရေလယုံကြည်သူတို့ပျံ့နှံ့ခြင်းသည် ဆင်းရဲဒုက္ခကြုံစေရန်မဟုတ်ဘဲ၊ ယေရုရှလင်မြို့ပြင်ပအရပ်၌ သတင်းကောင်းဝေငှပျံ့နှံ့စေခြင်းငှါ ဖြစ်ပါသည်။

ငိုကြွေးမြည်တမ်းခြင်းကြီး၊ ယုံကြည်သူတို့သည် သတေဖန်ကိုသင်္ဂြိုလ်ခဲ့ကြပြီး၊ ငိုကြွေးခဲ့ကြပါသည်။ ဤအမှုက ထိုညှဉ်းပန်းနှိပ်စက်ခြင်း၏ ကြောက်စရာကောင်းမှုကို ထင်ပေါ်စေပါသည်။ ယုံကြည်သူတို့၏ စိတ်နှလုံးထဲ၌ ကြောက်ရွံ့မှုဖြစ်ပေါ်စေနိုင်သော်လည်း၊ ဘုရားသခင်ကယုံကြည်သူတို့လျှောက်သောလမ်းသည် အသက်ပေးလျှောက်လှမ်းဖို့ရန် ထိုက်တန်သောလမ်းဖြစ်ကြောင်း သက်သေပြခြင်းဖြစ်ပါသည်။ ထိုသို့ဖြင့် သူတို့ရောက်ရာအရပ်၌ သတင်းကောင်းကိုဝေငှါဟောပြောခဲ့ကြပါသည်။

ညှဉ်းပန်းနှိပ်စက်မှုကြီးက ကြီးစွာသောငိုကြွေးမြည်တမ်းခြင်းကို ဖြစ်စေခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်၏ရည်ရွယ်ချက်မူကား ယုံကြည်သူများနေရာအနှံ့ ပျံ့နှံ့ကြခြင်းငှါ ရည်ရွယ်ခြင်းဖြစ်ပါသည်။

သူတပါးထံ သတင်းကောင်းဝေငှလိုသောဆန္ဒ သင်၌ရှိပါသလား။ သူတပါးထံ သတင်းကောင်းမျိုးစေ့ကို သင်ကြဲပါသလား။ မဟာခိုင်းစေချက်ကို နာခံလိုက်လျှောက်ခြင်းငှါ ဤနှစ်သက်၌ ဘုရားသခင်ကိုဂတိပေးပါမည်လော။ ဤအမှုကို သင်ဆောင်ရွက်နေပါလျှင်၊ ပို၍ဆောင်ရွက်ခြင်းငှါ ကြိုးစားအားထုတ်ပါလော့။ သင်ပျော်ရွှင်နေထိုင်ရာအရပ်မှ ထွက်သွား၍ ဘုရားသခင်၏အမှုကိုဆောင်ရွက်ခြင်းငှါ ဘုရားသခင်ထံမှ ဆုံးမခြင်းလက်တော်ကျရောက်မည့်အချိန်ကို စောင့်မနေပါနှင့်။

**ဆင်ခြင်ရန်** - သွား၍ သတင်းကောင်းဝေငှခြင်းငှါ ကျွန်တော်အသင့်ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်အတွက် သက်သေဖြစ်မည့်အကြောင်း ကိုယ်တော်၏ဝိညာဉ်တော်နှင့်ပြည့်ဝစေလျက် အကျွန်ုပ်ကိုခွန်အားပေးတော်မူပါ။

စနေ၊ ဇန်နဝါရီ (၂)
**တမန် ၈း၃-၄**
လုကာ ၁၉း၁၀

*"အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုဝန်ခံအံ့၊ ကောင်းကင်ဘုံ၌ရှိသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကို ငါဝန်ခံမည်။"*

## ရှေ့ဦးစွာ နာခံခြင်းရှိလော့၊ ဘယ်တော့မှမြည်တမ်းခြင်းမပြုနှင့်

ရှောလုဟူသောလူသည် ညှဉ်းပန်းနှိပ်စက်ခြင်းအမှုကို ဦးဆောင်ခဲ့ပါသည်။ ယုံကြည်သူတို့၏ ဥစ္စာပစ္စည်းများကို လုယက်ဖျက်ဆီး၍ လူယောကျာ်းမိန်းမတို့ကို အချုပ်ချခဲ့ပါသည်။ ဤသို့သော အခြေအနေတွင် ဘုရားသခင်အပေါ် ငြီးတွားမြည်တမ်းခြင်း အလွန်ပြုလွယ်လှပါသည်။

<u>အနံ့အပြားကွဲပြားခြင်း</u>၊ ဤကွဲပြားပျံ့နှံ့ခြင်းသည် ယုဒပြည်နှင့် ရှမာရိပြည်တိုင်အောင် သွားကြခြင်းငှါ စေခိုင်းခဲ့သောမဟာစေခိုင်းချက်နှင့် ကိုက်ညီမှုရှိခဲ့ပါသည်။ ဤကွဲပြားပျံ့နှံ့ခြင်းသည် ပေါလု၏ရက်စက်ကြမ်းကြုတ်မှုကြောင့်မဟုတ်ဘဲ ဘုရားသခင်ခွင့်ပြုပြင်ဆင်တော်မူခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်မိမိအသင်းတော်၌သာမဟုတ်ဘဲ အသင်းတော်ပြင်ပ၌ရှိသော သူတစ်ပါးတို့ထံလည်း သတင်းကောင်းဝေငှဟောပြောကြရပါမည်။

<u>နှုတ်ကပတ်တော်ဟောပြောခြင်း</u>၊ ဤညှဉ်းပန်းနှိပ်စက်ခြင်း၏အဓိကရည်ရွယ်ချက်မှကား နှုတ်ကပတ်တော်ဟောပြောဝေငှခြင်းပင်ဖြစ်ပါသည်။ များသောအားဖြင့် ကျွန်တော်တို့သည် ဒဂ်ါးပြား၏ မျက်နှာတစ်ဖက်ကိုသာမြင်တတ်ကြ၏။ နှစ်ဖက်စလုံးသိမြင်ဖို့လိုပါသည်။ ထိုအခါ တန်ဖိုးအစစ်အမှန်ကို နားလည်မည်ဖြစ်ပါသည်။ သူတို့သည်ရောက်ရာနေရာအရပ်၌ သတင်းကောင်းကို ဟောပြော ဝေငှခဲ့ကြပါသည်။ အံ့သြစရာကောင်းသည်မှာ သူတို့သည် အံ့သြထိတ်လန့်စိုးရိမ်ခြင်းမရှိဘဲ သခင်ယေရှုခရစ်တော်၏သတင်းကောင်းကို ဝမ်းမြောက်စွာဝေငှခဲ့ကြခြင်းဖြစ်ပါသည်။ လုကာက "ဟောပြောကြ၏" (တမန် ၈း၄) ဟုအသုံးပြုခြင်းသည် သူတို့ကိုယ်တိုင်က ဘုရားသခင်၏နှုတ်ကပတ်တော်ကို တစ်စုံတစ်ယောက်၏အတင်းခိုင်းစေမှုမပါဘဲ ပျော်ရွှင်ကျေနပ်စွာဟောပြောခြင်းကို ဆိုလိုပါသည်။

မဟာစေခိုင်းချက်သည် ပြုလိုမှပြုခြင်းငှါ ပေးထားသောရွေးချယ်ခွင့်မဟုတ်ဘဲ ပြုကိုပြုရမည့်အမိန့်တော်ပင်ဖြစ်ပါသည်။ ထို့ကြောင့် သခင်ယေရှုခရစ်တော်ကို ယုံကြည်သောသူအပေါင်းတို့သည် ဤအမှုကိုဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးအားဖြင့်ဆောင်ရွက်ကြရပါမည်။ ဘယ်သူမှဆင်ခြင်မပေးဘဲ ဆောင်ရွက်ကြရပါမည်။ သင်သည် ဘုရားသခင်၏သားသမီးအမှန်ဖြစ်ပါလျှင် (သင်ကြိုက်ကြိုက် မကြိုက်ကြိုက်) ဘုရားသခင်က သင့်ကိုနှိုးဆော်၍ ဤအမှုကိုဆောင်ရွက်ခြင်းငှါ နိုးကြားစေတော်မူလိမ့်မည်။

စစ်တပ်၌ ရေးသားပြဋ္ဌာန်းထားခြင်းခြင်းမပြုသော ဥပဒေတစ်ခုရှိပါသည် - "သင်ငြီးတွားခြင်းမပြုမှီ အရင်နာခံခြင်းရှိပါ" ဟူ၍ဖြစ်ပါသည်။ ခရစ်ယာန်တို့အတွက် ကျမ်းစာသွန်သင်ချက်မှုကား "သင်တို့သည် ပြုလေသမျှတို့၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမပြုဘဲပြုကြလော့" (ဖိလိ ၂း၁၄) ဟူ၍ဖြစ်၏။ ဘုရားသခင်၏စကားကို သင်အစကတည်းက နာခံခြင်းရှိပါသလား။ ဘုရားသခင်၏ အမှုတော်မြတ်၌ သင်ပါဝင်လိုပါသလား။ သခင်ယေရှုခရစ်တော်ကို ယုံကြည်လျက် ငြီးတွားမြည်တမ်းခြင်းမပြုဘဲ နာခံခြင်းရှိသောအမှုတော်ဆောင်ဖြစ်ပါလော့။

**ဆင်ခြင်ရန်** - ကောင်းကင်ဘုံ၌ရှိတော်မူသောအဘဘုရား၏စကားကို ကျွန်တော်နာခံခြင်းရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ဆန့်ကျင်ခြင်းမပြုဘဲ အစဉ်နာခံတတ်သောစိတ်နှလုံးကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၃)
**တမန် ၈း၅-၈**
မာကု ၁၆း၁၅-၁၆

*"သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့ သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့"*

## ရှမာရိမြို့၌

ဖိလိပ္ပုသည် အသင်းတော်၌စိတ်ဝမ်းကွဲမှုရှိခဲ့စဉ် (တမန် ၆) တမန်တော်တို့ကို မစထောက်မခြင်းငှါ ဘုရားသခင်ရွေးကောက်တော်မူခဲ့သော သင်းထောက်တို့တွင်တစ်ဦးဖြစ်ပါသည်။ သူ၏အဓိကတာဝန်သည် "စားပွဲ၌လုပ်ကျွေးမှု" (တမန် ၆း၂) ပြုရန်ဖြစ်သော်လည်း၊ ယုံကြည်သူဖြစ်သည့်အလျောက် မဟာစေခိုင်းချက်ကို နာခံခြင်းငှါ သူ၌တာဝန်ရှိပါ၏။ ဖိလိပ္ပုသည် မိမိတာဝန်ထမ်းရမည့်နယ်ပယ်ကိုကျော်လျက် အခြားနယ်သို့တိုင် သွားရောက်၍တရားဟောခဲ့ပါသည်။

<u>ဂရုစိုက်နားထောင်ခြင်း၊</u> လူတို့သည် ဖိလိပ္ပု၏စကားကို တညီတညွတ်တည်းနားထောင်ခဲ့ကြ၏။ ဘုရားသခင်က သူတို့၏စိတ်နှလုံးကို ပြင်ဆင်တော်မူခဲ့ခြင်းဖြစ်ပါသည်။ သူဟောပြောသောစကားမှန်ကန်ကြောင်းကို ပြုသောအံ့ဖွယ်နိမိတ်လက္ခဏာအားဖြင့် သက်သေပြခဲ့ပါသည်။ ထိုအချိန်၌သူ၏အမှုတော်အတွက် သက်သေမရှိခဲ့သောကြောင့် ဖိလိပ္ပုအတွက် ဤနိမိတ်လက္ခဏာလိုအပ်ခဲ့ခြင်းဖြစ်ပါသည်။ လုကာက ဖိလိပ္ပုဟောသောစကားအတွက် ဘုရားသခင်ထံမှသက်သေဖြစ်သောနိမိတ်လက္ခဏာနှင့် လူတို့၏တုံ့ပြန်မှုအကြောင်းကို ဖော်ပြခဲ့ပါသည်။

<u>အလွန်ဝမ်းမြောက်ခြင်း၊</u> ဝမ်းမြောက်စရာသတင်းကောင်းကို လက်ခံကြသောကြောင့် ထိုမြို့၌ အလွန်ဝမ်းမြောက်ခြင်းရှိခဲ့ပါသည်။ လွန်လွန်ကျူးကျူးကခုန်ခြင်းမရှိဘဲ ဘုရားသခင်၏နှုတ်ကပတ်တရားနှင့် အမှုတော်၌ဝမ်းမြောက်ပျော်ရွှင်ခြင်းရှိခဲ့ကြ၏။ ဤဝမ်းမြောက်ခြင်းသည် ယုံကြည်သူတို့၌ ကိန်းဝပ်တော်မူသောဘုရားသခင်၏အသီးပင်ဖြစ်ပါသည်။

သတင်းကောင်းဟောပြောခြင်းအမှုသည် ကျမ်းစာကျောင်းထွက် ဘွဲ့ရများသာလျှင်ပြုရမည့်အမှုမဟုတ်ပါ။ တရားဟောဆရာနှင့် သင်းအုပ်ဆရာတို့ကသာလျှင် တရားဟောရမည်ဟူသော အတွေးသည် မှားယွင်းသောအယူအဆဖြစ်ပါသည်။ အသင်းသူ၊ အသင်းသားတို့သည် ဆယ်ဖို့တစ်ဖို့ မှန်မှန်ပေးခြင်းပြုလျှင် လုံလောက်၏ဟုထင်ကြ၏။

ဤအတွေးအခေါ်သည် သင်၏အသင်းသူအသင်းသားတို့၏ စိတ်သဘောဖြစ်ပါသလား။ မိမိတာဝန်ကျေပွန်စွာထမ်းဆောင်ပြီး တရားဟောစရာမလိုဟု သင်ဆင်ခြေပေးပါသလား။ ပရောဖက်ရှမွေလမိန့်တော်မူချက်ကို သတိရပါလော့၊ "ထာဝရ၏အမိန့်တော်ကို နားထောင်ခြင်း၌ အားရတော်မူသကဲ့သို့ မီးရှို့ရာယဇ်အစရှိသော ယဇ်မျိုးတို့ကို ပူဇော်ခြင်း၌ အားရတော်မူမည်လော့၊ အလိုတော်သို့လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍ကောင်း၏။ နားထောင်ခြင်းသည် သိုးထီး၊ ဆီဥထက်သာ၍ကောင်း၏ (၁ ရာ ၁၅း၂၂)။ သင်ပြုသောဂတိစကားကို ပြည့်စုံစေပြီး ယုံကြည်သူအပေါင်းအားမိန့်တော်မူသောဘုရားသခင်၏ မဟာစေခိုင်းချက်ကို နာခံခြင်းရှိပါလော့။

**ဆင်ခြင်ရန်** - သတင်းကောင်းဟောပြောဝေငှခြင်းငှါ ကျွန်တော်ဆန္ဒရှိပါသလား။
**ဆုတောင်းချက်**- ထာဝရဘုရား၊ ကိုယ်တော်၏တရားတော်ကို ဟောခြင်းငှါ အကျွန်ုပ်စိတ်နှလုံးကို ပြင်ဆင်ပေးတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၄)

**တမန် ၈း၉-၂၅**

လုကာ ၆း၄၅-၄၆

*“အကြောင်းမူကား စိတ်နှလုံးအပြည့်ရှိသည်အတိုင်း နှုတ်မြွက်တတ်၏”*

# စစ်မှန်သောခရစ်ယာန်ကား မည်သူနည်း

ရှိမုန်သည် လူတို့ကိုလှည့်ဖျားခြင်းဖြင့် အကျိုးအမြတ်ရှာနေသောရှမာရိမြို့မှ လူတဦးဖြစ်ပါသည်။ သူသည် ခရစ်တော်ကိုဝန်ခံလျက် ဗတ္တိဇံခံခဲ့သော်လည်း နောက်ဆုံး၌သူ၏သရုပ်မှန်ပေါ်ခဲ့ပါသည်။

နိမိတ်လက္ခဏာနောက်လိုက်သောသူမဟုတ်ပါ။ ယနေ့ခေတ်ခရစ်ယာန်တို့သည် နိမိတ်လက္ခဏာတို့ကို ရူးသွပ်ခဲ့ကြ၏။ ဤသည်ကား ဝိညာဉ်ဆုကျေးဇူးအလွန်အကျွံရူးသွပ်သော လှုပ်ရှားမှုကြီး၏ တတိယလှိုင်းပင်ဖြစ်ပါသည်။ သူတို့သည် ဇာတိလူတို့၏စိတ်သဘောကိုလှည့်ဖျားခြင်းငှါ နိမိတ်လက္ခဏာအတုတို့ကို အလေးထားကြပါသည်။ ဤသို့သော ခရစ်ယာန်ဖြစ်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ငြင်းပယ်လျက်နတ်ဆိုးအမှုကို ချီးမြှောက်ခြင်းဖြစ်သောကြောင့် သမ္မာကျမ်းစာနှင့်ကိုက်ညီသောခရစ်ယာန်မဟုတ်ပါ။

လမ်းလွဲသောသူမဟုတ်ပါ၊ ဤကျမ်းပိုဒ်အားဖြင့် ရှိမုန်သည် ဘုရားသခင်မဟုတ်ဘဲ မိမိ၏အကျိုးကိုရှာကြောင်း တွေ့ခဲ့ရပါသည်။ နိမိတ်လက္ခဏာကိုရှာဖွေသောခရစ်ယာန်သည် နောက်ဆုံး၌ဘုရားသခင်ထံမှလမ်းလွဲကြပါလိမ့်မည်။

ယနေ့တွင် အယောင်ဆောင်ခရစ်ယာန်များစွာရှိကြ၏။ လေ့လာချက်အရ ဘုရားကျောင်း၌ဝတ်ပြုကိုးကွယ်သောသူတို့တွင် ၃၅ ရာခိုင်နှုန်းကသာလျှင် ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် ဝန်ခံကြ၏။ ဘုရားကျောင်းတတ်ကြသော်လည်း သူတို့၏စိတ်နှလုံးသည် ဘုရားသခင်နှင့် ကင်းဝေးလျက်ရှိကြ၏။ ထို့ကြောင့် ဤအမှုသည် ထာဝရနှင့်ဆိုင်သောအရာဖြစ်သောကြောင့် မိမိတို့၏စိတ်နှလုံးကို ယခုဆန်းစစ်ကြပါစို့ (မဿဲ ၇း၂၂-၂၃)။

စစ်မှန်သောယုံကြည်သူမဟုတ်ဘဲလျက်၊ ခရစ်ယာန်အဖြစ် အယောင်ဆောင်နိုင်ကြ၏။ ယုံကြည်သူကဲ့သို့ဝတ်စား၍ နေထိုင်စကားပြောသော်လည်း သူ၏စိတ်နှလုံးသည် “ခါးစွာသောသည်းခြေ” (တမန် ၈း၂၃) ဖြစ်လျက်ရှိပါသည်။ ဤအမှုသည် ခရစ်ယာန်မိသားစုမှမွေးဖွားလာသောသားသမီးတို့၌ များစွာတွေ့ရတတ်ပါသည်။ စစ်မှန်သောခရစ်ယာန်ကဲ့သို့ပြောဆိုနေထိုင်ကြသော်လည်း အမှန်မှာသူတို့သည် အတုများဖြစ်ကြပါသည်။ ဤရောဂါလက္ခဏာကို မည်သို့ကုစားရပါမည်နည်း။

အမှောင်ခေတ်ကာလ၌ ဤရှိမုန်၏နာမည်ကိုလိုက်၍ ရောမအသင်းတော်၏လှည့်ဖျားခြင်းအောက်၌ ပုရောဟိတ်ရာထူး (သို့မဟုတ်) အသင်းတော်၌ရာထူးကြီးရခြင်းငှါ ငွေကြေးပေးဝယ်ယူခြင်းအမှုကို (ရှိမုန်နီ) (Simony) ဟု ခေါ်တွင်ကြပါသည်။ သင်သည် မှားယွင်းသောခရစ်ယာန်ဖြစ်ပါသလား။ အမည်ခံခရစ်ယာန်ဖြစ်ခြင်း၏ အန္တရာယ်ကို သင်သိပါသလား။ သမ္မာတရားကို သွန်သင်ပေးတော်မူမည့် ဘုရားသခင်၏ဝိညာဉ်တော်၊ မိမိပိုင်ဆိုင်မှုရှိမရှိ သေချာဆန်းစစ်ပါလော့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် စစ်မှန်သောခရစ်ယာန်ဖြစ်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၏ကယ်တင်ရှင်သခင်ဖြစ်တော်မူသော ကိုယ်တော်၏သားတော်ယေရှုခရစ်တော်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

အင်္ဂါ၊ ဇန်နဝါရီ (၅)

**တမန် ၈း၂၆-၃၅**

၂ တိ ၄း၁-၂

*"နှုတ်ကပတ်တရားတော်ကိုဟောပြောလော့။
အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြိုးစားအားထုတ်လော့"*

# ဘုရားသခင်၏နှုတ်ကပတ်တရားတော်ဟောပြောသောသူ

စစ်မှန်သောအစေခံကျွန်သည် ဘုရားသခင်၏အလိုတော်သို့ ဆက်ကပ်တတ်၏။ မိမိသွားလိုသောအရပ်၊ လုပ်လိုသောအမှုကို မိမိကိုယ်ကို ရွေးချယ်ခြင်းမပြုပါ။ အချိန်တိုင်း နေရာတိုင်း ဘုရားသခင်၏ခေါ်တော်မူခြင်းကို လက်ခံလိုက်လျောက်လိုခြင်းရှိ၏။ ဤအကြောင်းကို ဖိလိပ္ပု၏အသက်တာ၌တွေ့ရပါသည်။ သူသည်ဘုရားသခင်၏ကောင်းကင်တမန်ထံမှ အမိန့်တော်ကိုကြားသိသောအခါ နှောင့်နှေးခြင်းမရှိဘဲ စေခိုင်းရာအရပ်သို့ သွားခဲ့ပါသည်။ သို့သော်လည်း ထိုအရပ်သို့အရောက်သွားခြင်းတစ်ခုတည်းသည် လုံလောက်ခြင်းမရှိပါ။ တရားဟောပြောခြင်းသည် ပို၍အဓိကကျပါသည်။

<u>ဝိညာဉ်တော်၏လမ်းပြခြင်း</u>၊ ဖိလိပ္ပုအမှုတော်ဆောင်ခြင်းနှင့် တရားဟောခြင်းသည် ဘုရားသခင်၏ဝိညာဉ်တော်လမ်းပြခြင်းအားဖြင့် ဖြစ်ပါသည်။ ဤအမှုသည် သန့်ရှင်းသောဝိညာဉ်တော်ကိုနှိမ့်ချ၀ပ်ခြင်းနှင့် ပြည့်ဝခြင်းရှိမှသာ ဖြစ်နိုင်သောအမှုဖြစ်ပါသည်။ ဝိညာဉ်တော်၏လွှမ်းမိုးခြင်းကို တရားဟောဆရာတစ်ဦးခံရသောအခါ သူသည် သွန်သင်လမ်းပြမှုတိုင်းကို နာခံလိုက်လျောက်လိုခြင်းရှိလာ၏။ ယောဟန် ၁၆း၁၃ ထဲတွင် ဘုရားသခင်၏ဝိညာဉ်တော်စေလွှတ်ခြင်းအကြောင်းနှင့် ပြုမည့်အမှုကိုဖော်ပြထားပါသည်။

<u>သမ္မာကျမ်းစာ၌အခြေခံခြင်း</u>၊ ဝိညာဉ်တော်လမ်းပြတော်မူသော တရားဟောဆရာသည် သမ္မာကျမ်းစာကိုအခြေခံ၍ တရားဟော၏။ ဖိလိပ္ပုက အဲသယောပိ ပြည်သားမိန်းမစိုး မသိနားမလည်သောအရာကို ကျမ်းစာအားဖြင့် ရှင်းပြခဲ့ပါသည်။ ဤသို့ဖြင့် ယေရှုခရစ်တော်အကြောင်းကို ဟောပြောခဲ့၏။ တရားဟောသောသူတိုင်းသည် သမ္မာကျမ်းစာကိုဟောပြောသောအခါ ကျမ်းချက်ကို နှိုင်းယှဉ်ဖော်ပြလျက် ရှင်းပြရပါမည်။ သမ္မာကျမ်းချက်ကို အရှေ့အနောက်လေ့လာနှိုင်းယှဉ်၍ ဟောရပါမည်။ ထိုသို့ဟောပြောခြင်းမပြုလျှင် အချည်းနှီးဖြစ်တတ်ပါသည်။

အင်တာနက်ထဲ၌ရှာကြည့်လျှင် အမျိုးမျိုးသောတရားဟောဆရာ၊ မှားယွင်းသောသူနှင့် ခေတ်သစ်တရားဟောဆရာများ၏ အမျိုးမျိုးတရားဟောချက်တို့ကို တွေ့ရပါသည်။ ဤတရားဟောဆရာတို့သည် မသိနားမလည်သောခရစ်ယာန်တို့ကို ဆွဲဆောင်ခြင်းငှါ သူတို့၏စကားကြွယ်ဝမှု၊ နှုတ်သတ္တိနှင့် ရုပ်ပိုင်းဆိုင်ဆိုင် ပြင်ဆင်မှုတို့ကို အသုံးပြုတတ်ကြ၏။ ထို့ကြောင့် သမ္မာကျမ်းစာကိုယုံကြည်သော စစ်မှန်သောခရစ်ယာန်သည် အင်တာနက်မှတရားဟောချက်တို့ကို နားထောင်မည်ဆိုလျှင် အထူးသတိထားဖို့လိုပါသည်။

သင်သည် ဘုရားသခင်၏ဝိညာဉ်တော်လမ်းပြမှုဖြင့် တရားဟောပါသလား။ တိုင်းတာရန်သေချာသောပေတံသည်ကား သင်ဟောသောတရားသည် သမ္မာကျမ်းစာ၌ အခြေခံခြင်းရှိမရှိပင်ဖြစ်ပါသည်။ သင်၏ဟောပြောချက်၊ အကြံပေးချက်၊ ကယ်တင်ခြင်းတရားနှင့် ဆုံးမခြင်းတို့သည် သမ္မာကျမ်းစာ၌အခြေခံပါသလား။ ၂ တိ ၃း၁၆-၁၇ ကိုဖတ်ပါလော့။ ဤကျမ်းချက်ကို သင်ယုံကြည်ပါသလား။ ဖော်ပြပါအချက်နှစ်ချက်သည် ယှဉ်တွဲလျက်ရှိကြ၏။ တစ်ချက်ချက်မရှိလျှင် ပြည့်စုံခြင်းမရှိပါ။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တော်ကို သစ္စာရှိစွာကျွန်တော်ဟောပြောပါသလား။

**ဆုတောင်းချက်**- ထာဝရဘုရား၊ သတင်းကောင်းကို တိကျမှန်ကန်စွာ ဟောပြောဝေငှမည့်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၆)
**တမန် ၈း၃၆-၄၀**
ကောလော ၂း၁၀-၁၂

*"ဗတ္တိဇံအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကို ခံကြ၏"*

## ဗတ္တိဇံမင်္ဂလာပေးခြင်း

ရောမ ၁၀း၉ ထဲတွင် နှုတ်ဖြင့်ယေရှုခရစ်တော်အား သခင်အဖြစ်ဝန်ခံပြီး စိတ်နှလုံးထဲမှ ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူသောသူဟု ယုံကြည်ခြင်းရှိလျှင် ကယ်တင်ခြင်းရကြောင်း ဖော်ပြထားပါသည်။ ဤဝန်ခံမှုသည် ကယ်တင်ခြင်းရကြောင်း သက်သေတော့မဟုတ်ပါ။ ဘုရားသခင်ကသာလျှင် လူ၏စိတ်နှလုံးကိုသိမြင်တော်မူ၏။ သို့သော်လည်း ထိုသို့ဝန်ခံသောသူတို့သည် ဗတ္တိဇံမင်္ဂလာခံရသောအခွင့်ရှိပါသည်။

<u>ယုံကြည်ပါလော့</u>၊ အဲသယောပိပြည်သားသည် ရေများသည်ကိုတွေ့သောအခါ အလုံးစုံသောဖြောင့်မတ်ခြင်းတရားကို ကျင့်ခြင်းငှါ လိုအပ်ကြောင်းသတိပြုခဲ့၏။ ထိုအခါ ဖိလိပ္ပုသည် သမ္မာကျမ်းစာနည်းလမ်းအတိုင်း လူတစ်ဦးသည် အရင်ယုံကြည်ခြင်းရှိဖို့လိုကြောင်းကို ချက်ချင်းသိသဖြင့် ယုံကြည်ခြင်းရှိမရှိမေးခဲ့ပါသည်။ ကယ်တင်ခြင်းသည် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့်ဖြစ်သောကြောင့် ဗတ္တိဇံမခံမီ ယုံကြည်ခြင်းရှိဖို့လိုပါသည်။ ကယ်တင်ခြင်းခံရဖို့ရန် ဗတ္တိဇံခံခြင်းမဟုတ်။ ဗတ္တိဇံသည် ယုံကြည်သောသူ၏ဝန်ခံခြင်းဖြင့် လူရှေ့၌ကယ်တင်ခြင်းခံရသောသူဖြစ်ကြောင်း သက်သေအဖြစ်သာပြုခြင်းဖြစ်ပါသည်။

<u>ဗတ္တိဇံမင်္ဂလာခံပါလော့</u>၊ ဗတ္တိဇံသည် အသင်းတော်၌ပြုသောမင်္ဂလာတစ်ပါးဖြစ်၍ အတွင်း၌ခံရသောကျေးဇူးတော်၏ အပြင်ပန်းလက္ခဏာသက်သေပင်ဖြစ်ပါသည် (Augustine)။ ထို့ကြောင့် ဗတ္တိဇံမင်္ဂလာခံသောသူသည် မိမိဘဝ၌ယေရှုကိုယုံကြည်ခဲ့သောသူဖြစ်ကြောင်း သေချာပါ၏။ တမန် ၈း၃၇ ၌ဖော်ပြထားသော ဖိလိပ္ပု၏စကားသည် မှန်ပါ၏။

ဗတ္တိဇံမင်္ဂလာကို ဖျန်းခြင်း သို့မဟုတ် နှစ်ခြင်းဖြင့်ပေးရမည်လောဟူသောအချက်က များစွာသောအသင်းတော်ကို ကွဲပြားစေလျက် ယနေ့တိုင်အငြင်းပွားမှုရှိလျက် ရှိပါသည်။ အများစုက မိမိတို့ဗတ္တိဇံပေးပုံသည် ကျမ်းစာခွင့်ပြုသောတစ်ခုတည်းသောနည်းဖြစ်သည်ဟု ဆိုကြ၏။ ဂရိစကား "baptizo" ၏ ကျယ်ပြန့်သောအဓိပ္ပာယ်အရ ဗတ္တိဇံမင်္ဂလာမည်သို့ပေးရမည်ဟူသောအချက်၌ ပြဿနာမရှိပါ။ နှစ်ခြင်းအသုံးပြုသောသူတို့က "ရေထဲသို့ဆင်းကြ၏" ဟူသော တမန် ၈း၃၈ ကို သူတို့၏ခံယူချက်အုတ်မြစ်အဖြစ် အသုံးပြုကြပါသည်။ သို့သော်လည်း ရေထဲသို့ဆင်းသောသူသည် သူတို့နှစ်ဦးစလုံးဖြစ်ပါသည်။ ထိုနည်းတူ ရေထဲသို့ဆင်းခြင်းသည် ရေအောက်သို့တိုးဝင်နှစ်ခြင်းကို မဆိုလိုပါ။ ထိုသို့ ရေထဲသို့ဆင်းကြသည်အတိုင်း "ရေထဲက တက်ကြ" (ရေထဲမှထွက်လာကြ၏) ပါသည် (တမန် ၈း၃၉)။

သင်သည် ယုံကြည်ခြင်းရှိပြီး ဗတ္တိဇံမင်္ဂလာမခံသေးသောသူလော့။ (သို့မဟုတ်) ဗတ္တိဇံမင်္ဂလာခံပြီး မယုံကြည်သောသူဖြစ်သလော။ ပထမအချက်သည် နာမခံခြင်းဖြစ်၍ ဒုတိယအချက်သည် ပို၍ဆိုးရွားလှပါ၏။ အကြောင်းမှာ ကယ်တင်ခြင်းမရသေးချေ။

**ဆင်ခြင်ရန်** - အမှန်ယုံကြည်ခြင်းရှိသောကြောင့် ဗတ္တိဇံခံသောသူဖြစ်ပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ ယေရှု၌တည်သော ကယ်တင်ခြင်းကြောင့် ကိုယ်တော်သည် ချီးမွမ်းခြင်းထိုက်တန်သောသူဖြစ်တော်မူ၏။

ကြာသပတေး၊ ဇန်နဝါရီ (၇)
**တမန် ၉း၁-၂**
ယောဟန် ၁၆း၂-၄

*"သင်တို့ကိုသတ်သောသူမည်သည်ကား ဘုရားဝတ်ကို ငါပြုပြီဟု မိမိထင်မှတ်သော အချိန်ကာလရောက်လိမ့်မည်"*

## အမုန်းမီးလျှံ

ယေရှု၏သတင်းကောင်းတန်ခိုးသက်သေမှာ ပေါလု၏အသက်တာပင်ဖြစ်ပါသည်။ သူ၏အသက်တာပြောင်းပြန်ဖြစ်ခြင်းကို လူ့အနေဖြင့်ရှင်းပြ၍မရပါ။ သူ၏မုန်းတီးစိတ်မီးလျှံသည် ချစ်ခြင်းအဖြစ်သို့ပြောင်းခဲ့ပါသည်။ ယခုလေ့လာရမည်မှာ ယုံကြည်သူတို့အပေါ် ရှောလု၏မုန်းတီးခြင်းအကြောင်း ဖြစ်ပါသည်။ တမန် ၉း၁-၂ မရှိလျှင် သူ၏ပြောင်းလဲခြင်းအမှုကို ဘုရားသခင်၏တန်ခိုးသက်သေတော်ဟု ချီးမွမ်းနေစရာလိုမည်မဟုတ်ပါ။

"<u>တပည့်တော်တို့တစ်ဖက်၌</u>"၊ သမ္မာကျမ်းစာတစ်ခုလုံးတွင် "ပြင်းစွာအသက်ရှူ" ဟု ဘာသာပြန်သောဂရိစကားလုံးကို ဤတမန် ၉း၁ ၌သာတွေ့ရ၏။ ဤစကားလုံးက ဒေါသထွက်နေသောနွားထီး၊ တိုက်ခိုက်လိုစိတ်ပြင်းထန်မှုကို ဖော်ပြထားပါသည်။ သခင်ဘုရား၏တပည့်တော်တို့ကို လိုက်ဖမ်းစီးခြင်း၌ ရှောလု၏စိတ်အားထက်သန်ကြွမ်းကြုတ်မှုကို မြင်တွေ့ရပါသည်။ သမ္မာတရားကို မသိသဖြင့် သူပြုသောအမှုသည် သခင်ဘုရားရှေ့၌ကောင်းသောအမှုဟုထင်လျက် ယဇ်ပုရောဟိတ်ကြီးထံမှ ခွင့်ပြုစာတောင်းခဲ့ပါသည်။

"<u>ထိုဘာသာဝင်သော" သူအပေါင်း</u>၊ ရှောလုသည် "ထိုဘာသာဝင်" (တမန် ၉း၂) သောသူအပေါင်းကို ပြင်းစွာတိုက်ခိုက်ခြင်းငှါ ခွင့်ပြုစာရယူပြီး၊ ယေရုရှလင်မြို့မှ အရှေ့မြောက်ဘက် မိုင် ၁၂၀ လောက်ဝေးသော ဒမာသက်မြို့သို့ ခရီးသွားခြင်းငှါ ပြင်ဆင်ခဲ့၏။ ယုံကြည်သူမိန်းမအပေါင်းတို့ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းငှါ ရှောလုအား ခရီးမိုင်အကွာအဝေးက ဆီးတားခြင်းမပြုနိုင်။ ရှောလုသည် ထိုသူတို့အား ဖမ်းဆီးချုပ်နှောင်လျက် ယေရုရှလင်မြို့သို့ ခေါ်ဆောင်လာခြင်းငှါ အသင့်ရှိခဲ့ပါသည်။

ယနေ့၌လည်း ခရစ်ယာန်ယုံကြည်ခြင်းကို မုန်းတီးသောသူအများ၏စိတ်နှလုံးထဲ၌ ထိုသို့သောအမုန်းမီးလျှံရှိပါသည်။ ယနေ့၌ ထိုမုန်းတီးခြင်းမီးလျှံကို လွတ်လပ်စွာမပြနိုင်ကြသော်လည်း အနာဂတ်၌မည်သို့ဖြစ်မည်ကို ပြော၍မရပါ။ မဿဲ ၂၄း၉ ကိုဖတ်ပါ။

ထို့ကြောင့် ကျွန်တော်တို့သည် ပြင်ဆင်လျက်အသင့်ရှိဖို့လိုပါသည်။ ပထမသတိထားရမည်မှာ ဤသို့သောညှဉ်းပန်းနှိပ်စက်ခြင်းသည် သခင်ဘုရား၏တပည့်တော်များအပေါ် သို့ ကျရောက်ပါလိမ့်မည်။ ဒုတိယအချက်မှာ ကျွန်တော်တို့သည် "ထိုဘာသာဝင်" များဖြစ်ကြပါသလား၊ ကျဉ်းသောလမ်းသို့ လျှောက်လှမ်းနေပါသလားဟူ၍ ဖြစ်ပါသည်။ တတိယအချက်မူကား ဘယ်အမှုဘဲဖြစ်လာဖြစ်လာ ကျွန်တော်တို့အတွက် ကောင်းကင်သစ်၊ မြေကြီးသစ်တည်းဟူသော ဘုရားသခင်၏ထာဝရနိုင်ငံတော်၌ ယေရုရှလင်မြို့သစ်ရှိကြောင်း သေချာသိမှတ်ကြပါစို့။ သင်၌ဤလုံခြုံမှုရှိပါသလား။

**ဆင်ခြင်ရန်** - ညှဉ်းပန်းနှိပ်စက်ခြင်းရင်ဆိုင်ကြုံတွေ့ခြင်းငှါ သင်အသင့်ရှိပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ကျေးဇူးတော်ထဲ၌ အကျွန်ုပ်ကိုခွန်အားပေး၍ အစဉ်လုံခြုံစွာကွယ်ကာတော်မူပါ။

သောကြာ၊ ဇန်နဝါရီ (၈)
**တမန် ၉း၃-၅**
လုကာ ၁၈း၇-၈

*"ဘုရားသခင်ရွေးကောက်တော်မူသောသူတို့သည် ညဥ့်နေ့မပြတ် အော်ဟစ်၍ တောင်းလျှောက်လျှင်၊ ဘုရားသခင်သည် သူတို့ဘက်၌ တရားမစီရင်ဘဲ နေတော်မူမည်လော"*

## ညှဥ်းဆဲနှိပ်စက်ခြင်းခံရသောသူများ

ဘဝ၌ ကြုံတွေ့ရသောခက်ခဲသောကာလကို ပြန်လည်အမှတ်ရခြင်းသည် ပျော်ရွှင်စရာ မကောင်းပါ။ တပည့်တော်တို့သည် ထိုသို့ထွက်ပြေးစဉ် တရွာပြီးတရွာဝင်ထွက်သွားလာသောအခါ နှုတ်ကပတ်တရားဟောရသောအခွင့်ရခဲ့ကြပါလိမ့်မည်။ သို့သော်လည်း သူတို့၏စိုးရိမ်မှုကိုမူ လုံးဝ ပျောက်ကွယ်သွားသည်ဟု မထင်မှတ်ရပါ။ သခင်ယေရှုကျော်ဖြတ်ခဲ့သော ဆင်းရဲဒုက္ခမျိုးကို သူတို့ ရင်ဆိုင်ရသည်ဟု မှတ်ယူခဲ့ကြပါလိမ့်မည်။

<u>သခင်ကိုယ်တော်တိုင်</u>၊ ရင်ဆိုင်ခံစားရသောဒုက္ခဝေဒနာသည် အလွန်ပြင်းထန်လှပါသည်။ သခင်ကိုယ်တော်သည် ညှဥ်းပန်းနှိပ်စက်ခြင်းဒဏ်နှင့်ရိုက်နှက်ခြင်းဒဏ်ကိုအတူ ခံစားခဲ့ပါသည် (ဟေဗြဲ ၄း၁၅)။ ယေရှုက ရှောလုညှဥ်းပန်းနှိပ်စက်နေသောသူသည် မိမိကိုယ်တိုင်ဖြစ်ကြောင်း နှစ်ကြိမ်ဖော်ပြခဲ့ပါသည်။

<u>ညှဥ်းပန်းနှိပ်စက်ခြင်းပြုသောသူကိုယ်တိုင်</u>၊ ယုံကြည်သူတို့ကို ရှောလုနှိပ်စက်နေစဉ် အမှန်မှာ မိမိကိုယ်ကို ဒုက္ခပေးနေခြင်းဖြစ်သည်ကို မသိခဲ့ပါ။ သခင်ယေရှုက ရှောလုသည် ခက်ခဲသောအချိန်ကျော်ဖြတ်နေခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ရှောလုသည် ဆူးချွန်ကိုကန်နေခဲ့၏။ "ဤစကားသည် ပညာရှိစကား၊ သွန်သင်ခြင်းစကားဖြစ်၏။ နွား(သို့)မြင်းတို့သည် အရိုက်ခံရသောအခါ ငြိမ်ငြိမ်မနေဘဲ ရုန်းရင်းခတ်သောအခါ ပို၍ရိုက်နှက်ခြင်းကို ခံရကြသကဲ့သို့ နှစ်ဆသော ဒုက္ခဝေဒနာကို ခံရကြ၏" (Calvin)။ ရှောလုအတွက် နှစ်ဆသောဒုက္ခဝေဒနာပင် ဖြစ်ပါသည်။

ယုံကြည်ခြင်းကြောင့် ဘဝ၌ကျွန်တော်တို့ညှဥ်းပန်းနှိပ်စက်ခြင်းခံရသောအခါ ဤတရားဖြင့် နှိမ့်သိမ့်ကြပါစို့။ ဆင်းရဲဒုက္ခဝေဒနာခံသောသူသည် ကျွန်တော်တို့သာလျှင်မဟုတ်ကြောင်း အမှတ်ရကြပါစို့။ ကျွန်ုပ်တို့ကို ထိန်းကျောင်းတော်မူသောသခင်ဘုရားသည် ကျွန်ုပ်တို့ကိုလမ်းပြခေါ်ဆောင်ခြင်းငှါ အသင့်ရှိတော်မူ၏။ ဘဝ၌ စစ်ကြောဆန်းစစ်ခြင်းကြုံတွေ့ရသောအခါ ကျွန်တော်တို့သည် သခင်ယေရှု၊ ကယ်တင်ရှင်ကို သတိရကြရပါမည်။ ကိုယ်တော်ကိုယ်တိုင် ခံစားခဲ့ရပြီး၊ ကျွန်တော်တို့ကို သနားတော်မူ၏။ တဖက်တွင် ကျွန်ုပ်တို့ကို ဆန့်ကျင်သောသူတို့သည် မိမိတို့၏ဒုက္ခဝေဒနာကို ရှာနေကြခြင်းဖြစ်ကြောင်း မသိဘဲ၊ မျက်ကန်းသဖွယ်ပြုနေကြခြင်းဖြစ်ပါသည်။

ဘဝ၌ ကြုံတွေ့ရသောမုန်တိုင်းလှိုင်းဒဏ်ကို သင်မည်သို့ကျော်ဖြတ်ခဲ့ပါသနည်း။ ဘုရားသခင်အပေါ် မြည်တမ်းခြင်းပြုပါသလား။ ကိုယ်တော်သည် သင်နှင့်အတူပါရှိတော်မူသည်ကို သင်သိပါသလား။ ဤသီချင်းကိုအမှတ်ရပါလော့- "ခရစ်တော်ပါလျှင် အဘယ်မုန်တိုင်းလှိုင်းဒဏ်ကိုမျှ မကြောက်ပါ"၊ သခင်ယေရှုက သင့်ကိုနှိမ့်သိမ့်စိတ် ငြိမ်သက်ခြင်းပေးပါစေသော်။ သင့်အပေါ် မကောင်းမှုပြုသောသူတို့ကြောင့် စိတ်ပျက်အားငယ်ခြင်းမရှိပါနှင့်။ မကြာမီ သင်ငြိမ်သက်ခြင်းရပါလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဂတိတော်တို့သည် အကျွန်ုပ်ကိုခွန်အားဖြစ်စေပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်ဘဝနေ့ရက်တိုင်း၌ ကိုယ်တော်၏သစ္စာရှိတော်မူခြင်းသည် ကြီးမြတ်လှပါ၏။

စနေ၊ ဇန်နဝါရီ (၉)
**တမန် ၉း၆-၁၆**
ယောဟန် ၁၅း၁၅-၁၆

*"သင်တို့သည် ငါ့ကိုရွေးကောက်ကြသည်မဟုတ်။ ငါသည် သင်တို့ကို ရွေးကောက်သဖြင့်. . . "*

## ရွေးကောက်သောတန်ဆာ

လူတဦးကို ဘုရားသခင်ကယ်တင်သောအခါ ထိုသူအတွက်တာဝန်တစ်ခုခုပေးတော်မူတတ်၏။ သက်ရှိဆဲလ်တစ်ခုသည် မည်သို့ပင်သေးငယ်ပါစေ မိမိပြုရမည့်တာဝန်ရှိပါသည်။ ဖန်ဆင်းခြင်းမှစ၍ ကယ်တင်ခြင်းအစီအစဉ်တိုင်အောင် ဘုရားသခင်ချမှတ်တော်မူသောအရာတိုင်းသည် ကောင်းသောအမှုဖြစ်ပါသည်။ လူ၏ခန္ဓာကိုယ်၌ အရေးမကြီးသော အင်္ဂါဟူ၍မရှိ၊ ခရစ်တော်၏ ဝိညာဉ်ကိုယ်၌လည်း အမှုတခုခုမပြုသောအခါဟူ၍ မရှိပါ။ ထို့ကြောင့်၊ ပြောင်းလဲပြီးမှ ပထမဆုံး မေးသောရှောလု၏မေးခွန်းသည် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရသော သူတိုင်း အတုယူရမည့်မေးခွန်းဖြစ်ပါသည်။

<u>မေးခွန်း</u>၊ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ကို ကိုယ်တိုင်မြင်တွေ့ခွင့်ရသောကြောင့် အံ့သြတွေဝေခြင်းရှိလျက်၊ ရှောလုသည် မိမိအားအဘယ်အမှုပြုစေလိုသနည်းဟု ဘုရားသခင်ထံမေးလျှောက်ခဲ့ပါသည်။ ယုံကြည်သူတိုင်း ဘုရားသခင်၏ကယ်တင်တော်မူခြင်း ဂရုဏာကျေးဇူးတော်ကြီးမြတ်မှုကို သိကြပါလိမ့်မည်။ ထိုသို့ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ပထမဆုံးထွက်သောစကားဟူမူကား ဘဝ၌ဘုရားသခင်ပြုစေလိုတော်မူသောအမှုကား အဘယ်အမှုနည်းဟု မေးလျှောက်သောစကားဖြစ်ရပါမည်။ ဤစကားသည် ပြောင်းလဲသောအသက်တာခံစားရသော ဝမ်းမြောက်ခြင်းစိတ်သဘောကို ပြသလျက်ရှိပါသည်။

<u>အဖြေ</u>၊ အာနနိမှတဆင့် ရှောလုထံ ယေရှုပေးတော်မူသောအဖြေကား၊ "ထိုသူကား တပါးအမျိုးသားတို့နှင့် ရှင်ဘုရင်တို့ထံမှငင်း၊ ဣသရေလအမျိုးသားတို့ရှိရာသို့ငင်း၊ ငါ၏နာမကို ပို့ဆောင်စေခြင်းငှါ" (တမန် ၉း၁၅) ဟူ၍ဖြစ်ပါသည်။ ရှောလုအတွက် ကြီးလေးသောအမှုဖြစ်ပါသည်။ ကျွန်တော်တို့မကြားလိုသောအဖြေဖြစ်ပါလိမ့်မည်။ သူသည် ခရစ်တော်၏သမ္မာတရားကို လက်မခံသော၊ ပရောပြုချက်တို့ကို ငြင်းပယ်သော တပါးအမျိုးသားတို့ထံ တမန်တော်အမှုကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သူသည် ရှင်ဘုရင်နှင့်အာဏာရှိသော ပုဂ္ဂိုလ်တို့ကို ရင်ဆိုင်ရမည်ဖြစ်၏။ ထို့ပြင်၊ ဘုရားသခင်၏နှုတ်ထွက်စကားကို စောင့်ရှောက်ရမည့်သူဖြစ်သော်လည်း နာဇရက်မြို့သားယေရှု၏ မေရှိယဖြစ်ခြင်းကို မသိသော၊ မျက်ကန်းဣသရေလတို့ထံ တရားဟောရန်ဖြစ်ပါသည်။

ကယ်တင်ခြင်းမခံရမှီ ရှောလုသည်ရန်သူမာရ်နတ်က မိမိ၏အလိုကိုပြုခြင်းငှါ အသုံးပြုခြင်း ခံခဲ့ရပါသည်။ ထိုဘဝသည် ကယ်တင်ခြင်းခံရပြီးနောက် ပြောင်းလဲခဲ့ပြီး ဘုရားသခင်အသုံးပြုနိုင်သောတန်ဆာဖြစ်လာခဲ့ပါသည်။

သင်သည် ဘုရားသခင်၏အကျိုးရှိသော တန်ဆာဖြစ်ပါသလား။ ကိုယ်တော်နှင့်သင် မျက်နှာချင်းဆိုင်တွေ့ရသောအခါ "အရှင်ကလည်း သာဓု၊ သစ္စာရှိသောငယ်သားကောင်း။ သင်သည် အမှုငယ်၌သစ္စာစောင့်လေပြီ။ များစွာသောအမှုအခွင့်ကို သင်၌ငါအပ်ပေးမည်။ သင်၏သခင်နှင့် အတူ စည်းစိမ်ကိုဝင်စားလော့" (မဿဲ ၂၅း၂၁၊ ၂၃) ဟုမိန့်တော်မူမည်လော။

**ဆင်ခြင်ရန်** - ကယ်တင်ခြင်းခံရသောကြောင့် ကျွန်တော်အလွန်ဝမ်းမြောက်ခြင်းရှိပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ ခမည်းတော်၊ သားတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်ထံ ဘုန်းအာနုဘော်အပေါင်း တည်ပါစေသော်။

တနင်္ဂနွေ၊ ဇန်နဝါရီ (၁၀)

**တမန် ၉း၁၇-၂၂**

မာကု ၁း၁၇-၁၈

*"ထိုသူတို့သည် ချက်ချင်းပိုက်ကွန်ကိုစွန့်ပစ်၍ နောက်တော်သို့လိုက်ကြ၏"*

# ယုံကြည်သူ၏တုံ့ဆိုင်းခြင်းမရှိမှု

"ထိုခဏ၌" (တမန် ၉း၁၈) နှင့် "မဆိုင်းမလင့်" (တမန် ၉း၂၀) ဟူသောစကားလုံးတို့သည် "အလျင်အမြန်" ဟူသော ဂရိစကားတလုံးမှ ဘာသာပြန်ခြင်းဖြစ်ပါသည်။ ဤစကားလုံးသည် တုံ့ဆိုင်းခြင်းမရှိဘဲ ဘုရားသခင်၏တန်ခိုးနှင့် ကွယ်ကာမှုအောက်၌ချက်ချင်းလှုပ်ရှားမှုကို ဖော်ဆောင်လျက်ရှိ၏။ သုတ္တံကျမ်းထဲတွင် ပျင်းရိသောသူတို့အား သတိပေးသောစကားများစွာ တွေ့ရပါသည်။ ထိုသို့ပျင်းရိသောသူတို့အတွက် ဘုရားသခင်အမှုတော်အတွက် နေရာမရှိပါ။ ရှင်မာကုခရစ်ဝင်ကျမ်းထဲတွင် ဤဂရိစကားကိုသခင်ယေရှုခရစ်တော်၏ အစေခံခြင်းအမှုတော်ဖော်ပြခြင်း၌ အကြိမ်ကြိမ်အသုံးပြုခဲ့ပါသည်။

<u>ထိုခဏ၌မျက်စိမြင်ခဲ့၏</u>၊ အာနနိသည် အစ၌ရှောလုထံသွားရမည်ကို တုံ့ဆိုင်းခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်၏အမိန့်ကို နာခံခဲ့ပါသည်။ ရှောလုထံ ဘုရားသခင်၏အမိန့်တော်ကို အာနနိပြောကြားပြီးနောက် ရှောလု၏မျက်စိမှ ငါးကြေးကွာကျသကဲ့သို့ဖြစ်၍ ချက်ချင်းမျက်စိ ပြန်မြင်ခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပြည့်ဝသောအခါ ဗတ္တိဇံမင်္ဂလာခံယူခဲ့ပါသည်။ ထို့နောက် အစာစားပြီး အားအင်ပြည့်ဝခဲ့ပါသည်။ ဓမ္မသတ်မြို့၌ရှိသောတပည့်တော်တို့နှင့် မိဿဟာယဖွဲ့၍နေခဲ့ပါသည်။

<u>မဆိုင်းမလင့်ခရစ်တော်အကြောင်း ဟောခဲ့ပါသည်</u>၊ ရှောလုသည် ဘုရားသခင်ပေးတော်မူသောတာဝန်ကို ချက်ချင်းဆောင်ရွက်ခဲ့ပါသည်။ သတင်းကောင်းကိုချက်ချင်းဟောပြောခဲ့ပါသည်။ ဓမ္မဟောင်း၌ရေးသားသော တရားများကိုသူသည် ကောင်းကောင်းသိကျွမ်းသဖြင့် ရှောလုအတွက် တရားဟောခြင်းသည် ခက်ခဲမှုမရှိပါ။ ဓမ္မဟောင်းပရောဖက်တို့ဟောပြောသော မေရှိယသည် ယုဒလူတို့က ကားတိုင်ပေါ်၌တင်သတ်ပြီး သုံးရက်မြောက်သောနေ့၌ရှင်ပြန်ထမြောက်တော်မူသော နာဇရက်မြို့သား ယေရှုခရစ်တော်ဖြစ်ကြောင်း ဟောပြောခဲ့ပါသည်။ ထိုသို့ရှောလု၏နှုတ်ကပတ်တော်နှင့် ဆိုင်သော အမြင်ယုံကြည်ခြင်းပြောင်းလဲခြင်းကြောင့် လူတို့သည်အံ့သြခြင်းရှိခဲ့ကြလိမ့်မည်။

ကယ်တင်ခြင်းခံရပြီးနောက် ကျွန်တော်တို့သည်နှုတ်ကပတ်တော်ဖတ်ရှုခြင်း၊ ဆုတောင်းခြင်းဖြင့် ဘုရားသခင်၏အလိုတော်ကို ပို၍သိခြင်းငှါ ကြိုးစားတတ်ကြ၏။ ဖြောင့်မတ်ခြင်းနှင့်ဆိုင်သောတရားတို့ကို လိုက်လျှောက်ခြင်းငှါပွဲတော်မင်္ဂလာကို ခံရန်အတွက် ဗတ္တိဇံမင်္ဂလာကို ကျွန်တော်တို့ခံရကြ၏။ ကယ်တင်ရှင်ယေရှုခရစ်တော်အကြောင်း ပို၍သိရှိလျက် ကျေးဇူးတော်၌ကြီးထွားခြင်းငှါ ဘုရားသခင်ဝတ်ပြုခြင်းနှင့် ယုံကြည်သူတို့နှင့်မိဿဟာယဖွဲ့ခြင်းကို ခံ့မင်နှစ်သက်တတ်ကြ၏။ ယခုမည်သို့ရှိပါသနည်း။ ကိုယ်တော်၏အလိုတော်လိုက်လျှောက်ခြင်းနှင့် တရားဟောခြင်း၌ စိတ်အားထက်သန်မှုရှိခြင်း၊ အခုဘယ်ရောက်သွားပါသနည်း။ အချိန်မဆွဲဘဲအခုချက်ချင်း ဆောင်ရွက်ကြပါစို့။

**ဆင်ခြင်ရန်** - ကိုယ်တော်၏အမှုတော်ဆောင်ရွက်ခြင်းငှါ ကျွန်တော်ထိုက်တန်ပါသလား။

**ဆုတောင်းချက်**- အို သခင်၊ အကျွန်ုပ်၏တာဝန်ကို ကျေပွန်စွာဆောင်ရွက်ခြင်းငှါ ခွန်အားပေးသနားတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၁၁)

**တမန် ၉း၂၃-၃၁**

လုကာ ၆း၂၂-၂၃

*"သူတပါးတို့သည် . . . သင်တို့ကိုမုန်းသောအခါ ပယ်ရှားနှင်ထုတ်သောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏"*

## ယုံကြည်သူခံရသောဆန့်ကျင်တိုက်ခိုက်မှုများ

ဘုရားသခင်၏လူတို့သည် ပေးအပ်ထားသောတာဝန်ဆောင်ရွက်ခြင်း မပြီးမချင်း ဤကမ္ဘာ၌ မသေနိုင်သောလူသားများဖြစ်ကြပါသည်။ ဘုရားသခင်ကမိမိသားသမီးတို့ကို အုံ့ဩဖွယ်ရာ ကယ်နှုတ်တော်မူတတ်၏။ ယုံကြည်သူသည် အမှုတော်ဆောင်ရွက်စဉ် ဆန့်ကျင်သောသူတို့ကြောင့် အနှောင့်အ ယှက်ကြုံတွေ့ရတတ်ပါသည်။ သို့သော်လည်းဘုရားသခင် မစတော်မူတတ်၏။ ထိုအချိန်ကို ယုံကြည် သူစောင့်တတ်ဖို့လိုပါသည်။

ရန်သူတို့၏ လက်အားဖြင့်၊ စာတန်သည် ရန်သူ၏စိတ်နှလုံးထဲ၌ လုပ်ကြံလိုသောစိတ်ကို ဖြစ်စေတတ်၏။ ရှောလုကိုသတ်ခြင်းငှါ အစီအစဉ်ဆွဲခဲ့ကြ၏။ သို့သော်လည်းသူတို့၏အကြံပေါက်ကြားခဲ့ပါသည်။ အရာခပ်သိမ်းကိုသိတော်မူသော ဘုရားသခင်ကလွတ်မြောက်ခြင်း အကြံအစည်ကို တပည့်တော်တို့အားပေးခဲ့ပါသည်။ တောင်း၌ထည့်ပြီးမှ မြို့ရိုးပေါ်မှ လျှောချခဲ့ပါသည်။ ရန်သူတို့သည်ယုံကြည်သူတို့၏ပျက်ဆီးခြင်းကို စုပေါင်းကြံစည်ကြသော်လည်း အလုံးစုံကိုသိတော်မူသော ဘုရားသခင်နှင့်နိုင်းယှဉ်လျှင် သူတို့သည်ဘာမှမဟုတ်ပါ။ ခရစ်ယာန်တို့သည် ရန်သူ၏ခြိမ်းခြောက်ခြင်းကြောင့် ငြိမ်နေမည့်သူများမဟုတ်ကြပါ။ မဟာစေခိုင်းချက်သည် ဆက်လက်ဆောင်ရွက်မည့် အမှုဖြစ်၍ ဘုရားသခင်၌စုံလင်သောအကြံအစည်နှင့် အသုံးတော်ခံများအစဉ်ရှိပါ၏။

ညီအစ်ကိုတို့နှင့် မိဿဟာယဖွဲ့ခြင်း၌၊ မိမိတို့ထံ ရှောလုရောက်လာသောအခါ ယေရုရှလင်မြို့မှတပည့်တော်တို့ကစိုးရိမ်ခြင်းရှိသည်မှာ သဘာဝကျပါ၏။ ယုံကြည်သူတို့ကို လွယ်ကူစွာဖမ်းဆီးချုပ်နှောင်ခြင်းငှါရင်း၊ သတ်ခြင်းငှါရင်း ဟန်ဆောင်ခြင်းသာဖြစ်မည်ဟု သံသယဝင်နိုင်ပါသည်။ ဤဖြစ်သင့်သော သံသယဝင်ခြင်းက ဘုရားသခင်၏အမှုတော်ကို နှောင့်ယှက်ခဲ့ပါသည်။ ရှောလု၏စစ်မှန်သောပြောင်းလဲခြင်းအကြောင်းကို သက်သေခံရှင်းပြပေးခြင်းငှါ ဗာနဗကို ဘုရားသခင်အသုံးပြုတော်မူခဲ့၏။

ရှောလုပြောင်းလဲခြင်းကယုံကြည်သူတို့၌ ကာလတခုငြိမ်သက်ခြင်းကို ဖြစ်စေခဲ့ပါသည်။ ယုဒလူတို့၏ညှင်းပန်းနှိပ်စက်ခြင်း ခံခဲ့ရသောကြောင့် ဘုရားသခင်ကငြိမ်သက်ခြင်း ပေးတော်မူခြင်းဖြစ်ပါသည်။ ခြိမ်းခြောက်ခြင်းနှင့် အန္တရာယ်တို့သည် ဘုရားသခင်ရှေ့တော်၌ ဖုံး၍ရသောအရာမဟုတ်ပါ။ ကျွန်ုပ်တို့၏အသက်တာကို ပိုင်ဆိုင်တော်မူသော ဘုရားသခင်ကိုလုံးဝကိုးစားယုံကြည်ခြင်းရှိကြပါစို့။ ဤကမ္ဘာလောက၌ ကျွန်ုပ်တို့၏ခဏတာတည်သော ဧည့်သည်ဘဝကိုကိုယ်တော်သိတော်မူ၏။

အရာရာတိုင်း၌ မိမိ၏အသက်တာကို ဘုရားသခင်ထံဆက်ကပ်ပြီးပါသလား။ သင့်အသက်တာ၌ ကိုယ်တော်၏ထိန်းချုပ်မှုကို သင်ကန့်သတ်ထားပါသလား။ ယခုသင့်ဘဝတခုလုံးကို ဘုရားသခင်ထံ သင်ပေးအပ်ပါမည်လော။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်ခြင်းကို နေ့စဉ်ကျွန်တော်ကိုးစားပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်သည်မိမိ၏ ကွယ်ကာစောင့်ရှောက်မစတော်မူခြင်းကြောင့်ချီးမွမ်းခြင်းနှင့်ထိုက်တန်တော်မူ၏။

အင်္ဂါ၊ ဇန်နဝါရီ (၁၂)

**တမန် ၉း၃၂-၄၃**

မဿဲ ၅း၁၀-၁၂

*"လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှါ. . ."*

## ဘုရားသခင်၏အနာငြိမ်းစေတော်မူခြင်း

ရှင်လုကာသည် ရှောလု၏သာသနာခရီးစဉ်တို့ကို မှတ်တမ်းမတင်မီ ပေတရု၏အမှုတော်ကို ဖော်ပြခဲ့ပါသည်။ ပေတရုအားဖြင့် ဘုရားသခင်ပြုတော်မူသော အံ့ဘွယ်နိမိတ်လက္ခဏာတို့သည် ပေတရု၏တမန်တော်ဖြစ်ခြင်းကို သက်သေပြလျက်ရှိပါသည်။ မိမိကိုယ်ကို ဝါကြွားရန်မဟုတ်ဘဲ၊ ဘုရားသခင်၏ တာဝန်ပေးအပ်ခြင်းခံရမှုကိုပြသခြင်းဖြစ်ပါသည်။ ပေတရုအပေါ်၌ဘုရားသခင်၏ တန်ခိုးအာဏာတော် သက်ရောက်ကြောင်းအတည်ပြုခြင်းပေတည်း။

လက်ခြေသေသောသူကိုကျန်းမာစေခြင်း၊ အဲနေသည် ရှစ်နှစ်လုံးလုံး အိပ်ရာ၌တုံးလုံးနေသောသူဖြစ်၏။ ပေတရုက အဲနေကို လုဒ္ဒမြို့၌တွေ့ခြင်းဖြစ်ပါသည်။ ယေရှုခရစ်က သင့်အား ချမ်းသာပေးတော်မူမည်ဟု ပေတရုဆိုခဲ့ပါသည်။ ထိုခဏတွင် သူသည်ချက်ချင်းထခဲ့ပါသည်။ ဤသည်ကား ဘုရားသခင်ပြုတော်မူသောအမှုပင်ဖြစ်တော်မူ၏။

သေသောမိန်းမကို ထမြောက်စေခြင်း၊ထို့နောက်ပေတရုသည် ယုပ္ပေမြို့သို့သွားရန် စေခိုင်းခြင်းခံရ၏။ လုဒ္ဒမြို့မှ၆မိုင်ကျော်ဝေးသော ခရီးဖြစ်ပါသည်။ ထိုမြို့၌ တဗိသ (အာရမိတ်အမည်)(သို့မဟုတ်)ဒေါ်ကာ (ဂရိအမည်)အမည်ရှိသော မိန်းမတယောက်သည် သေ လေ၏။ သူသည် ကောင်းမှုကုသိုလ်ပြုခြင်း၌ ကျော်ကြားသောသူဖြစ်ပါသည်။ ပေတရုက သူမ၏နာမကို ခေါ်၍ဆုတောင်းခဲ့ပါသည်။ သူမသည် နိုးထ၍ ပေတရုက ညီအစ်ကိုတို့ထံ ခေါ်လာ ခဲ့ပါသည်။ ဤအမှု၌လည်း များစွာသောလူတို့သည် ဘုရားသခင်ကိုယုံကြည်ခဲ့ပြီး၊ ဘုရားသခင် ပြုသောအမှုဖြစ်ကြောင်း ထင်ရှားပါသည်။

ယနေ့တွင် အနာရောဂါအပေါ် တန်ခိုးအာဏာရှိသည်ဟု မိမိကိုယ်ကိုကြွေးကြော်သော အတုအယောင်များစွာရှိကြ၏။ အချို့သည်လူသေကို ရှင်ပြန်ထမြောက်စေသည်ဟု ကြွားဝါခဲ့ကြ၏။ သို့သော်လည်းပေတရုပြုသော အမှုနှင့်မတူညီပါ။ လုကာဖော်ပြသည်မှာ လူတို့သည် သခင်ဘုရားကို ယုံကြည်ခဲ့ကြ၏။ မဿဲ ၇း၁၅-၁၆ ကိုဖတ်ပါ။

ယနေ့ခေတ်သစ် အနာငြိမ်းစေသောသူတို့ကို သင်ယုံကြည်ပါသလား။ ဘုန်းတော်ဝင်စားသော ခန္ဓာကိုယ်၌စုံလင်သောအနာငြိမ်းခြင်းခံရမည့်အမှု၌ သင်မကျေနပ်နိုင်သလော။ ကျွန်ုပ်တို့၏ခန္ဓာကိုယ် ကျန်းမာရေးကို ကျွန်တော်တို့ ဂရုစိုက်ကြရပါမည်။ ထိုသို့ပြုရန် ကျွန်တော်တို့၌တာဝန်ရှိပါသည်။ သို့မှသာ ဘုရား၏အမှုတော်ကို ကျွန်တော်တို့ဆောင်ရွက်နိုင်မည်ဖြစ်၏။ ခမည်းတော်ချစ်ခြင်းမေတ္တာကို ပစ်ပယ်လျက်၊ မိမိကိုယ်ကိုချီးမြှောက်ခြင်း၊ လောကီအရာကို ချီးမြှောက်ခြင်းနှင့်ဆိုင်သော၊ လူတို့၏ချီးမွမ်းခြင်းကိုရှာဖွေသော၊ မှားယွင်းသောနိမိတ်လက္ခဏာပြခြင်းကို ကျွန်တော်တို့အား မပေးပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်အတွက် မိမိကိုယ်ကိုကျန်းမာအောင် ကျွန်တော် စောင့်ရှောက်သတိပြုပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ ဘုန်းတော်ထင်ရှားစေခြင်းငှါအတွက်သာ ကျွန်တော် အသက်ရှင်လိုပါ၏။

ဗုဒ္ဓဟူး ၊ ဇန်နဝါရီ (၁၃)
**တမန် ၁၀း၁-၈**
ယောဟန် ၁၀း၁၄-၁၆

"ဤသိုးခြံသို့မဝင်သော အခြားသိုးတို့ကိုလည်း ငါပိုင်သေး၏။ ထိုသိုးတို့ကို ငါဆောင်ခဲ့ရမည်"

# အခြားလမ်းမရှိပါ

ကမ္ဘာလူသားအပေါင်း ကယ်တင်ခြင်းခံရမည်ဟု ယုံကြည်သောအမည်ခံခရစ်ယာန်များရှိပါသည်။ သူတို့သည် ခြားနားသောဘာသာတရား တို့သည်တူညီသောကောင်းကင်ဘုံသို့ အခြားခြားသောလမ်းမှ ပို့ဆောင်မည်ဟု ယုံကြည်ကြ၏။ ဖူဂျီတောင်သို့တက်ရန် တောင်တက်သမားတို့သည် တောင်ထိပ်သို့ရောက်အောင် မိမိကြိုက်နှစ်သက်ရာတောင်တက်လမ်းမှ တက်နိုင်သည်ဟု ပုံဥပမာယူကြ၏။ ဤသည်ကား သမ္မာကျမ်းစာ၏သွန်သင်ခြင်းနှင့် ဆန့်ကျင်လျက်ရှိပါသည်။ သမ္မာကျမ်းစာက ကောင်းကင်ဘုံသို့ သွားရာလမ်းတလမ်းတည်းသာရှိသည်ဟု သင်ပေးထားပါသည်။ ထိုလမ်းကား ယေရှုခရစ်တော်သာလျှင်ဖြစ်တော်မူ၏။

<u>အောက်မေ့တော်မူ၏</u>၊ ကော်နေလိသည် ထူးခြားသောပုဂ္ဂိုလ်ဖြစ်ပါသည်။ သူသည် ရောမစစ်တပ်၌ ရာထူးကြီးဖြစ်၍ တပါးအမျိုးသားဖြစ်သော်လည်း ဘုရားဝတ်၌မွေ့လျော်၍ ဘုရားကိုကြောက်ရွံ့ခြင်းရှိသောသူဖြစ်ပါသည်။ သူသည် ယုဒလူတို့၏ဘုရားသခင်ထံ ဆုတောင်းလေ့ရှိသောသူဖြစ်၏။ ရောမ ၃း၁၀-၁၁ထဲတွင် လူအပေါင်းတို့၏အဖြစ်ကို ယေဘုယျအား ဖြင့်ဖော်ပြပါသည်။ သူသည်ဘုရားသခင်၏အောက်မေ့ခြင်းကို ခံခဲ့ရ၏။ ဘုရားသခင်သည် မိမိလူတို့ကို ဤကမ္ဘာမတည်မရှိမီ ရွေးကောက်တော်မူခဲ့ပြီး၊ ထိုသူတို့သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို အမှန်ရှာဖွေကြပါလိမ့်မည်။

<u>လိုအပ်သောအရာ</u>၊ ကမ္ဘာလူသားအပေါင်း ကယ်တင်ခြင်းခံရမည်ဟူသော အယူအဆသည် သမ္မာကျမ်းစာနှင့် ကိုက်ညီမှုမရှိပါ။ ဤကျမ်းပိုဒ်က ဘုရားဝတ်၌မွေ့လျော်ခြင်း၊ ကောင်းမှုကုသိုလ်ပြုခြင်းနှင့် ဆုတောင်းခြင်းတို့သည် ကောင်းကင်ဘုံဝင်ရသော လက်မှတ်ကိုမဝယ်ယူနိုင်ကြောင်းဖော်ပြထားပါသည်။ လိုအပ်သောအရာတစ်ခုရှိပါ၏။ ထိုအရာကား သခင်ယေရှုခရစ်တော်၌ ယုံကြည်ခြင်းပင်ဖြစ်ပါသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောမှု ကြားနာခြင်းမှလာသောကြောင့် ကော်နေလိသည်လည်း သတင်းကောင်းကြားနာဖို့လိုအပ်ပါသည်။ ပေတရုသည် သွား၍ ကယ်တင်ခြင်းသတင်းကောင်းဟောပြောဖို့လိုပါသည်။ ဤလိုအပ်ချက်ကို ဘုရားသခင်၏ ကောင်းကင်တမန်တို့က ကော်နေလိအား အသိပေးခဲ့ကြ၏။

လမ်းညွှန်ချက်သည် အလွန်တိကျလှပါ၏။နေရာ - ယုပေမြို့။ လူပုဂ္ဂိုလ်-ပေတရု။ ရည်ရွယ်ချက် - ပေတရုသည်သွား၍ကော်နေလိ ပြုရမည့်အမှုကို သွားပြောရန်ဖြစ်ပါသည်။ အခြားလမ်းမရှိပါ၊ ကယ်တင်ခြင်းသည်ယုဒလူတို့အဖို့ ဖြစ်ပါ၏(ယောဟန် ၄း၂၂)။ ယောဟန် ၁၄း၆ ကိုဖတ်ပါ။

ကောင်းကင်ဘုံသို့သွားရာလမ်း ၊အခြားသောလမ်းကိုသင်ရှာနေပါသလား။ သင်နှင့်ဘုရားသခင်ကြား၌ အခြားသောသံတမန်ကို သင်ရှာနေပါသလား။ ဤနှုတ်ကပတ်တော်ကို အောက်မေ့ပါလော့- "ဘုရားသခင်နှင့် လူတို့၏ကြားမှာ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတဦးတည်းရှိ၏" (၁တိ ၂း၅)။ ထာဝရသေခြင်းမှသင့်ကို ကယ်တင်ခြင်းငှါ လူသေကို သင်ကိုးစား၍မရပါ။ ထာဝရသေခြင်းမှ လူကိုကယ်တင်တော်မူနိုင်သောသူသည် အသက်ရှင်၍စစ်မှန်သောဘုရားသခင်သာလျှင် ဖြစ်တော်မူ၏။ ထိုဘုရားကိုသင်သိပါသလား။ ထိုဘုရားသည် ဤလောက၏အပြစ်ကို ယူဆောင်တော်မူသော ဘုရားသခင်၏သားတော် ယေရှုခရစ်တော်ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - ယေရှုသာလျှင်တခုတည်းသောလမ်းဖြစ်ကြောင်းကို သူတပါးထံ ကျွန်တော်ပြောကြားပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် အကျွန်ုပ်လမ်းခရီးအတွက် အလင်းဖြစ်ပါ၏။

ကြာသပတေး၊ ဇန်နဝါရီ (၁၄)

**တမန် ၁၀း၉-၁၈**

ဇေဖက် ၁း၃-၆

*“ဤကမ္ဘာမတည်မရှိမှီ ငါတို့ကို ခရစ်တော်၌ရွေးကောက်တော်မူသည်နှင့်အညီ. . ”*

# ဘုရားသခင်ရွေးကောက်တော်မူသောသူ

ဘုရားသခင်ချမှတ်တော်မူသောတရား၌၊ ဘုရားသခင်သည် နှုတ်ကပတ်တရားတော်ကို ကြားနာခြင်း၄ါဝင်း၊ သခင်ယေရှုခရစ်တော်ကို ယုံကြည်ခြင်း၄ါ ဒုတိယမွေးခြင်းကိုခံခြင်း၄ါဝင်း မိမိရွေးကောက်တော်မူသောလူများ ရှိကြပါသည်။ ထိုသူတို့သည်အလွန်ဝေးလံသောနေရာ၌ မွေးဖွားသောသူ၊မတိုးတက်သောနိုင်ငံဒေသ၌မွေးဖွားသောသူများလည်း ဖြစ်နိုင်ပါသည်။ ဘုရားသခင် ရွေးကောက်တော်မူသောသူတို့ထံသို့သတင်းကောင်းဟောပြောမည့် တရားဟောဆရာများကို ဘုရားသခင်စီစဉ် တော်မူလိမ့်မည်။ ဘုရားသခင်ရွေးကောက်ခြင်းခံရသော ကော်နေလိအမှု၌ လည်း ထိုသို့ဖြစ်ပါသည်။ သူ၌ကယ်တင်ခြင်းအတွက် ဘုရားသခင်၏တန်ခိုးဖြစ်တော်မူသော သတင်းကောင်းကြားနားဖို့လိုအပ်ပါသည် (ရောမ ၁း၁၆)။

ဘုရားသခင်သန့်ရှင်းစေတော်မူခြင်းခံရသောသူ၊ ဘုရားသခင်က ပေတရု၏လူတို့အပေါ် ထားရှိသော စိတ်သဘောပြောင်းလဲစေသော ဖော်ပြခြင်းကိုရူပါရုံအားဖြင့် ပြတော်မူခဲ့၏။ ဘုရားသခင်၏အကြံအစည်တော်သည် ယုဒလူတို့ကိုသာမဟုတ်ဘဲ ၊ တပါးအမျိုးသားတို့ကိုလည်း ကယ်တင်ရန်ဖြစ်ကြောင်း ပေတရုသိခဲ့ပါသည်။ မသန့်ရှင်းသောသတ္တဝါအပေါင်း ပါရှိသောကြီးမား သည့်အထည်ကြီးသည် ကောင်းကင်မှ ချခဲ့ပါသည်။ ဘုရားသခင်ကပေတရုအားထိုသတ္တဝါတို့ကို စားဖို့ရန် ပြင်ဆင်ခြင်း၄ါ စေခိုင်းတော်မူ၏။ ယုဒလူဖြစ်သောကြောင့် တွန့်တိုခြင်းရှိခဲ့ပါသည်။ ဘုရားသခင်က မိမိရွေးကောက်တော်မူသော တပါးအမျိုးသားတို့သည် သန့်ရှင်းသောသူများဖြစ် ကြောင်းဖော်ပြခြင်းဖြစ်ပါသည်။ ထိုအကြောင်းကို ပေတရုအားသိစေလျက် ၊သူတို့ကိုမသန့်ရှင်းသော သူဟု မခေါ်ရန်ရည်ရွယ်ခြင်းဖြစ်ပါသည်။

ဘုရားသခင်ခေါ်တော်မူခြင်းခံရသောသူ၊ဘုရားသခင်လမ်းပြတော်မူခြင်းဖြင့် ၊ကော်နေလိ၏ လူတို့သည် တိကျသောအချိန်နှင့်နေရာ၌ တိကျသောပုဂ္ဂိုလ်ကိုလာရောက်ရှာဖွေခဲ့ကြ၏။ထိုသို့အစီ အစဉ်တကျဆုံတွေ့ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကော်နေလိအိမ်၌ဟောပြောခြင်း၄ါ ပေတရုအား ဘုရားသခင်ခန့်ထားတော်မူကြောင်း သက်သေပင်ဖြစ်ပါသည်။ ဘုရားသခင် ခေါ်တော်မူသောသူတို့သည် သခင်ယေရှုခရစ်တော်ထံအမှန်ခေါ်ဆောင်ခြင်းခံရမည်ဖြစ်သည်။ ယေရှုထံချဉ်းကပ်၍ မိမိ၏သခင်ကယ်တင်ရှင်အဖြစ် အမှန်ဝန်ခံသောသူအပေါင်းတို့သည် ကယ်တင်ခြင်းခံရခြင်း၄ါ ရွေးကောက်ခန့်ထားခြင်းခံရသောသူများဖြစ်ကြ၏။

ဟောပြောသောနှုတ်ကပတ်တော် ကြားနာခြင်းဖြင့် ဘုရားသခင်၏ ဖိတ်ခေါ်ခြင်းကို လူများ တို့သည်ခံရကြသော်လည်း၊ ရွေးကောက်ခြင်းခံရသောသူတို့ကသာလျှင် သန့်ရှင်းသောဝိညာဉ်တော် ၏အတွင်းခေါ်တော်မူခြင်း၊ နိုးဆော်ခြင်းအားဖြင့် ယုံကြည်ခြင်းရှိခဲ့ကြ၏။ ဤအမှုသည်လူများအတွက် နားမလည်နိုင်သောအမှုဖြစ်ပါသည်။ သို့သော်လည်း ၊ ဘုရားသခင်၏ကျေးဇူးတော်နှင့်ဂရုဏာတော် ကြောင့်ဖြစ်ပါသည်။ ရွေးကောက်ခံရသောသူသည်ရွေးကောက်ခံရခြင်း၄ါ ထိုက်တန်သောအမှု တစုံတခုမျှပြု၍မဟုတ်ပါ။ ကော်နေလိသည် ဘုရားဝတ်၌မွေ့လျော်၍ဘုရားကိုကြောက်ရွံ့ သောကြောင့် ရွေးကောက်ခံရသည်မဟုတ်ပါ။ ထိုသို့ဘုရားဝတ်၌မွေ့လျော်၍ ဘုရားသခင် ကြောက်ရွံ့ခြင်းမှာ ဘုရားသခင်ကဤကမ္ဘာမတည်မှီ ရွေးကောက်တော်မူသောကြောင့် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ရွေးကောက်တော်မူသော အသက်တာနှင့် ကိုက်ညီစွာ ကျွန်တော် အသက်ရှင်နေပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်ကို အကြောင်းမဲ့ရွေးကောက်တော်မူသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

သောကြာ ၊ ဇန်နဝါရီ (၁၅)
**တမန် ၁၀း၁၉-၂၃**
လုကာ ၉း၂-၆

"တပည့်တော်တို့သည် ထွက်သွား၍ ဧဝံဂေလိတရား ကိုဟောလျက် ၊. . . မြို့ရွာတို့တွင် ဒေသစာရီလှည့်လည်ကြ၏။"

## ဘုရားသခင်၏ စေတမန်

ဘုရားသခင်သည် ကော်နေလိအသက်တာ၌ သခင်ယေရှုခရစ်တော်၏ သတင်းကောင်း ကြားရခြင်းငှါ ပြင်ဆင်ပေးတော်မူ၏။ ရွေးကောက်ခြင်းခံရသောသူသည် အမေဇုန်တောထဲ၌ ရှိသောသူဖြစ်ခဲ့လျှင်လည်း၊ ဘုရားသခင်သည် ထိုသူထံ သတင်းကောင်းဟောပြောမည့်သူ စေလွှတ်၍ သခင်ယေရှုခရစ်တော်၌ ကယ်တင်ခြင်းခံရခြင်းငှါ စီစဉ်တော်မူလိမ့်မည်ဖြစ်၏။ ထို့ကြောင့် ၊ ဝေးလံသောနေရာ၌ဖြစ်စေ၊ ဆင်းရဲသောလူမျိုးတို့ထံသို့ဖြစ်စေ သတင်းကောင်းဝေငှခြင်းငှါ ယုံကြည်သူ တာဝန်ပေးအပ်ခြင်းခံရခြင်းသည် အခွင့်ထူးပင်ဖြစ်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော် နှင့်ဂရုဏာတော်ကို ခံစားသိနားလည်သောသူသည် ထိုသို့သာသနာပြုခြင်းငှါ တာဝန်ပေးအပ်ခြင်းခံရသောအခါ မတုံ့ဆိုင်းတတ်ပါ။ လူတို့မသွားချင်သောနေရာ၊ မနှစ်သက်သောလူမျိုးတို့ထံသို့ပင်လျှင် သတင်းကောင်းဝေငှခြင်းငှါ တာဝန်ပေးအပ်ခြင်းခံရခြင်းသည် အလွန်မြတ်သော အမှုပင်ဖြစ်ပါသည်။

<u>ထ၍သွားလော့</u>၊ ကော်နေလိစေလွှတ်သော လူသုံးဦးအကြောင်းကို ပေတရုအား ဝိညာဉ်တော်ကိုယ်တိုင်က ပြောပြခဲ့ပါသည်။ ထိုသူတို့နှင့်အတူလိုက်သွားခြင်းငှါ ပေတရုသည် အမိန့်ပေးခြင်းခံရ၏။ တိကျစွာဖြစ်ပျက်ခဲ့သောအမှု၌ ထိုသူအပေါင်းတို့သည် အံ့ဩခြင်း ရှိခဲ့ပါလိမ့်မည်။ ဘုရားသခင်ရွေးကောက်တော်မူခြင်းခံရသော သူသည် ဘယ်လိုမှပျောက်ဆုံးသွားမည်မဟုတ်ဘဲ၊ ဘုရားသခင်စေလွှတ်တော်မူသော စေတမန်တို့အားဖြင့် ကယ်တင်ခြင်း ခံရမည်ဖြစ်ပါသည်။

<u>ခရီးထွက်ခဲ့၏</u>၊ ဘုရားသခင်၏အစေခံတို့သည် ဤသို့သောစိတ်သဘောရှိကြရပါမည်။ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ထာဝရအသက်ရရှိသောသူသည် ဘုရားသခင်၏စေခိုင်းမှု ကို ချက်ချင်းဆောင်ရွက်ရပါမည်။ ယုပ္ပေမြို့မှကဲသရိမြို့သို့ ခရီးသွားရန်ကြာချိန်သည် အနည်းဆုံး
၆ နာရီကြာမည်ဖြစ်ပါသည်။ ထို့ကြောင့် နောက်တနေ့မှခရီးထွက်၍ ကဲသရိမြို့သို့နေ့ခင်းပိုင်း၌ ရောက်ခဲ့ကြ၏။ ထိုသို့မဟုတ်ဘဲ ထိုနေ့၌ပင် ခရီးထွက်ခဲ့လျှင် အလွန်နောက်ကျ၍ လမ်းခရီး၌ အန္တရာယ်ရှိနိုင်ပါသည်။

သာသနာပြုခြင်းငှါဖြစ်စေ၊ ဧဝံဂေလိတရားဟောရန် ဘုရားသခင်ခေါ်တော်မူလျှင် မည်သူမဆို အသင့်ရှိကြရပါမည်။ ဆင်ခြင်မပေးရပါ၊ မတုံ့ဆိုင်းရပါ။ ထိုအခွင့်ထူးကို ပယ်ချပါလျှင်၊ ဘုရားသခင်သည် ထိုသူထံ သတင်းကောင်းဟောကြားမည့်သူ အခြားသောသူစေလွှတ်လိမ့်မည်။ ထိုအခါ ဘုရင်၏အမှုတော်၌ သင်ပါဝင်ခွင့်မရဖြစ်၍ ဆုံးရှုံးမှုပင်ဖြစ်ပါသည်။ ပေတရုသည် ဘုရားသခင်၏ အလိုတော်နှင့် အစီအစဉ်အတိုင်း တာဝန်ကို ထမ်းဆောင်ရန် ဂရုစိုက်၍ ချက်ချင်းဆောင်ရွက်ခဲ့ပါသည်။

ဘုရားသခင်၏အမှုတော်အတွက် သင်အသင့်ရှိပါသလား။

**ဆင်ခြင်ရန်** - သာသနာပြုခြင်းငှါ ၊ ပြည်တွင်းဖြစ်စေ ၊ပြည်ပဖြစ်စေ၊ ကျွန်တော်အသင့်ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ဘယ်အရပ်၌ဖြစ်ဖြစ် ကိုယ်တော်အတွက် အမှုတော်ထမ်းရွက်လိုသောဆန္ဒကို အကျွန်ုပ်အားပေးသနားတော်မူပါ။

စနေ၊ ဇန်နဝါရီ (၁၆)

**တမန် ၁၀း၂၄-၃၃**

ယောဟန် ၆း ၄၄-၄၅

*“ခမည်းတော်ထံ၌ နားထောင်၍ နည်းခံသောသူ မှန်သမျှတို့သည် ငါ့ထံသို့လာကြ၏”*

## ပြင်ဆင်ခြင်းခံရသောနှလုံးသား

ဘုရားသခင်သည် မိမိ၏တရားဟောဆရာကိုစေလွှတ်သောအခါ၊ ထိုသတင်းကောင်းကို ကြားနာမည့်လူတို့၏ စိတ်နှလုံးကိုလည်း ပြင်ဆင်တော်မူတတ်၏။ ထိုသတင်းကောင်းကို နာခံလက်ခံခြင်းငှါ ကြားနာလိုသောနားနှင့် လက်ခံလိုသောစိတ်နှလုံး ပေးတော်မူ၏။ ထိုသို့ ဘုရားသခင်က ကြားနာသောသူတို့၏ စိတ်နှလုံးနူးညံ့စေခြင်း၊ နားလည်သဘောပေါက်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ အပြစ်ဖော်ပြခြင်းတို့သည်တရားဟောဆရာအတွက် ဝမ်းမြောက်စရာ ပင်ဖြစ်ပါသည်။ ထိုအခါအပြစ်နောင်တရခြင်းနှင့်ခရစ်တော်၌ယုံကြည်ခြင်း အမှန်ဖြစ်ပေါ်တတ်၏။ ကြားနာသူအပေါင်း ကယ်တင်ခြင်းမခံရသော်လည်း၊ များစွာသော လူတို့ကမယုံကြည်သော်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အချည်းနှီးဖြစ်တော်မူသည် မဟုတ်ပါ (ဟေရှာ ၅၅း၁၁)။

<u>စောင့်မျှော်ခြင်း</u>၊ ကော်နေလိသည် သူတို့ကိုစောင့်လျက် ခရီးဦးကြိုပြုခဲ့ပါသည်။ သူသည် တပ်မှူးဖြစ်သည်နှင့်အညီ၊ တပ်သားတို့သည် ယုပ္ပေမြို့သို့ သွား၍ဘယ်လောက်ကြာမှ ရောက်လာကြမည်ကို ကောင်းကောင်းသိပါသည်။ ထိုနေ့တွင်သူသည်ဝမ်းမြောက်ခြင်းဖြင့် စောင့်နေလျက်၊ ဆွေမျိုးမိတ်ဆွေတို့ကို ဖိတ်ခေါ်ခဲ့ပါသည်။ ဘုရားသခင်ပြင်ဆင်တော်မူသော စိတ်နှလုံးသည် မိမိအဖို့သာမဟုတ်၊ မိမိပတ်ဝန်းကျင်ရှိလူတို့အပေါ် ဘုရားသခင်ပြုမည့်အမှုတော်ကို မျှော်လင့်လျက်ရှိတတ်၏။ ကော်နေလိသည် ပေတရု၏ခြေရင်း၌ ပြပ်ဝပ်ခြင်းငှါ မိမိကိုယ်ကို ပြင်ဆင်ခဲ့၏။ သို့သော်လည်း ပေတရုက ချက်ချင်းတားမြစ်ခဲ့ပါသည်။ ရောမန်ကာသိုလစ်တို့က ဤကျမ်းပိုဒ်ကို မှားယွင်းစွာအသုံးပြုခဲ့သည်ဟု ထင်ရပါသည်။

<u>လိုအပ်သောအရာ</u>၊ ကော်နေလိအိမ်သို့ ပေတရုရောက်သောအခါ၊ တဦးတယောက်တည်းမဟုတ်ဘဲ၊ လူများတို့ကစောင့်နေကြသည်ကို တွေ့ခဲ့၏။ ပေတရုနှင့်ကော်နေလိသည် သူတို့မြင်တွေ့ခဲ့ရသောရူပါရုံကို အချင်းချင်းပြောပြကြ၏။ ကော်နေလိသည် ပေတရု ရောက်လာသောကြောင့် ဘုရားသခင်ကိုချီးမွမ်းလျက်၊ နှုတ်ကပတ်တော်ကြားနာလိုခြင်း ရှိကြကြောင်းကိုဖော်ပြခဲ့ပါသည်။ “ပေတရုသည်လည်း သွန်သင်ဟောပြောခြင်းငှါ အသင့်ရှိခဲ့ပြီး၊ ကော်နေလိနှင့်ကျန်လူတို့ကလည်း ဘုရားသခင်၏စကားတော်ကို နာခံခြင်းငှါဆန္ဒရှိကြ၏”(Calvin)။ သူတို့လိုအပ်သောအရာသည် ပေတရု၏စကားမဟုတ်ဘဲ၊ သူတို့ထံပြောခြင်းငှါ ပေတရုအားဘုရားသခင် မိန့်တော်မူသော စကားပင်ဖြစ်ပါသည်။ တရားဟောဆရာတို့သည် ဤအချက်ကို မှတ်သားကြရပါမည်။

ပြင်ဆင်ခြင်းခံရသောစိတ်နှလုံးသည် နှုတ်ကပတ်တော်ကိုလက်ခံခြင်းငှါ အသင့်ရှိတတ်၏။ ယောဟန် ၁၀း၂၆-၂၇ (သို့မဟုတ်) တမန် ၁၀း၃၃ သည် သင်နှင့်ဆိုင်ပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုဝေငှခြင်းငှါ အလိုရှိသောစိတ်နှလုံးကို ကျွန်တော်တောင်းလျှောက်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ဒုတိယမွေးဖွားခြင်းအမှုတော်ကြောင့် ကိုယ်တော်၏နာမတော် ဘုန်းကြီးတော်မူစေသတည်း။

တနင်္ဂနွေ ၊ ဇန်နဝါရီ (၁၇)
**တမန် ၁၀း၃၄-၄၃**
၁ပေ ၁း၁၇-၂၅

"လူမျက်နှာကိုမငဲ့၊ ခပ်သိမ်းသော သူတို့၏အကျင့်အတိုင်း စီရင်တော်မူသောခမည်းတော်ကို သင်တို့သည် ဆုတောင်းကိုးကွယ်လျှင် . . ."

## လူမျက်နှာကိုငဲ့တော်မမူသော

ဘုရားသခင်သည် လူသားအပေါင်းကို မိမိ၏ဘုန်းတော်အတွက် ဖန်ဆင်းတော်မူခဲ့၏။ လူ၏ အကြီးမားဆုံးသောအမှု၊ အသက်ရှင်ခြင်းသည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန် ဖြစ်ပါသည်။ လူသားအပြစ်ထဲသို့ကျရောက်သောအခါထိုအမှုကို လူကမဆောင်ရွက်နိုင်တော့ပါ။ ဘုရားသခင်က မိမိ၏သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဒုတိယမွေးဖွားခြင်းကိုမခံစေသောသူ အဘယ်သူကမျှ ဘုရားသခင်ကို ဘုရားသခင်ကဲ့သို့ မချီးမွမ်းနိုင်ကြပါ။ ဘုရားသခင်က မိမိ၏ နာမတော်ချီးမြှောက်မည့် သူအချို့ကို (ဤပျက်စီးယိုယွင်းသော လူများထဲမှ)ရွေးကောက်တော်မူ၏။ ဤရွေးကောက်တော်မူခြင်းသည် အခြေအနေပေါ်၌၊ အကြောင်းတခုခုပေါ်၌ တည်မနေပါ။ လူသားအပေါင်းတို့သည် အပြစ်ကိုကျူးလွန်၍ ဘုရားသခင်ဘုန်းတော်နှင့်ထိုက်တန်ခြင်း မရှိကြတော့ပါ။ ထို့ကြောင့် အဘယ်အကြောင်းကြောင့်မှ မဟုတ်ဘဲ လူမျိုးတကာမှလူတို့ကို ရွေးကောက်တော်မူ၏။ ယခုခေတ်၌လည်း သခင်ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားမည့်သူရှိကြပါသည်။

<u>လူမျိုးတကာမှ</u>၊ ပေတရုက မဟာစေခိုင်းချက်သည် ကွဲပြားပျံ့နှံ့လျက်ရှိသော ယုဒလူတို့ထံသာမဟုတ်ဘဲ၊ လူမျိုးတကာတို့၌ရှိသော ရွေးကောက်ခြင်းခံရသောသူအပေါင်းအတွက်လည်း ဖြစ်ကြောင်း သဘောပေါက်လာခဲ့ပါသည်။ ထိုသူတို့သည်လည်းဘုရားသခင်ကို ကြောက်ရွံ့ခြင်းရှိလျက်၊ ဘုရားသခင်၏ မိသားစုဝင်ဖြစ်ကြသောကြောင့် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတန်ဆာဖြင့် လွှမ်းခြုံခြင်းခံရကြမည်ဖြစ်ပါသည်။ ဟောရှေ ၁း၁၀ ကိုဖတ်ပါ။

<u>ယုံကြည်သောသူတိုင်းအတွက်</u>၊ အသက်ရှင်တော်မူသော ဘုရားသခင်၏ သားသမီးဖြစ်ရသောနည်းလမ်းမှုကား ယုံကြည်ခြင်းပင်ဖြစ်ပါသည်။ "ထိုသူကိုလက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ကိုပေးတော်မူ၏။ ထိုသားတော်မူကား လူမျိုးနှင့်စပ်ဆိုင်၍ဘွားသောသားမဟုတ်။မေထုန်သံဝါသအားဖြင့် ဘွားသောသားမဟုတ်။ ဘုရားဘွားတော်မူသောသားဖြစ်သတည်း" (ယောဟန် ၁း၁၂-၁၃)။ သခင်ယေရှုခရစ်တော်၏ နာမတော်ယုံကြည်ခြင်းအားဖြင့်သာဖြစ်ပါသည်။ အပြစ်ကင်းသော ဘုရားသခင်၏ သားတော်ယေရှုသာလျှင် ကားတိုင်ပေါ်၌လူ၏အပြစ်လွှတ်ခြင်း အတွက်အသွေးသွန်းတော်မူခဲ့၏။

ပေတရုကနာဇရက်မြို့သားယေရှု၏ဘဝအသက်တာကို စနစ်တကျဖော်ပြခဲ့ပါသည်။ သမ္မာကျမ်းစာဖော်ပြသော ခရစ်တော်ကို အမှန်သိဖို့ လိုပါသည်။ အကြောင်းမှာ ကျမ်းစာ၌မဖော်ပြသော ခရစ်တော်ကိုယုံကြည်ခြင်းသည် အကျိုးမရှိ၊ ဘုရားသခင်၏ အပြစ်စီရင်ခြင်းကိုခံရမည်ဖြစ်၏။ စုံလင်သောသတင်းကောင်းဖြစ်သော၊ လူတိုင်းအပေါ် စီရင်ပိုင်တော်မူသော ခရစ်တော်၏ အသက်တာ၊ သေခြင်း၊ရှင်ပြန်ထမြောက်ခြင်းနှင့် တဖန်ပြန်လည် ကြွလာ တော်မူမည့် အကြောင်း ကိုဟောပြောခဲ့ပါသည်။

ဘုရားသခင်၌လူမျိုးခွဲခြားခြင်းလုံးဝမရှိပါ။ အသင်းတော်၌လည်း ခရစ်ယာန်ခွဲခြားခြင်း လုံးဝမရှိရပါ။

**ဆင်ခြင်ရန်** - လူမျိုးခွဲခြားခြင်း မရှိဘဲသတင်းကောင်းကို ကျွန်တော်ဝေငှပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ချစ်သည်နည်းတူ လူသားတို့ကို ချစ်မည်အကြောင်း မစတော်မူပါ။

တနင်္လာ ၊ ဇန်နဝါရီ (၁၈)
**တမန် ၁၀း၄၄-၄၈**
လုကာ ၁၉း၉-၁၀

" လူသားသည်ပျောက်သောသူတို့ကို ရှာ၍ ကယ်တင်အံ့သောငှါကြွလာသတည်း"

# ကယ်တင်ခြင်းအတွေ့အကြုံ

သတင်းကောင်းသည် ယုံကြည်သူအပေါင်းအတွက် ကယ်တင်ခြင်းရောက်ရာ ဘုရားသခင်၏တန်ခိုးဖြစ်တော်မူ၏ (ရောမ ၁း၁၆)။ ထိုယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောချက်ကို ကြားနာခြင်းမှ ရောက်ရှိလာ၏(ရောမ ၁၀း၁၇)။ ယုံကြည်ပြီးထိုခဏချင်းတွင် ဘုရားသခင်၏ ဝိညာဉ်တော်သည် ထိုသူ၌ကျိန်းဝပ်တော်မူလျက် လမ်းပြဦးဆောင်တော်မူမည် ဖြစ်ပါသည်။ "ဘုရားသခင်၏ ဝိညာဉ်တော်ဆုံးမပဲ့ပြင်တော်မူသမျှသော သူတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ အကြောင်းမူကား၊ သင်တို့သည် တဖန်ကြောက်ရွံ့တတ်သောကျွန်၏ သဘောကို ရကြသည်မဟုတ်။ အဗ္ဗ အဘ ဟုခေါ်ရသောအခွင့်နှင့် သားဖြစ်ခြင်း၏သဘောကို ရကြပြီး" (ရောမ ၈း၁၄-၁၅)။

<u>သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံမင်္ဂလာ</u> ၊ Calvin ကဤသို့ ရှင်းပြခဲ့ပါသည်- "သတင်းကောင်းဟောပြောခြင်းသည် တန်ခိုးကြီးသော ဘုရားသခင်၏လက်နက်ဖြစ်ပါသည်။ ပေတရုဟောပြောစဉ် ဘုရားသခင်က မိမိဝိညာဉ်တော်ကို သွန်းလောင်းခဲ့ပါသည်။ အကြောင်းမှာ မိမိစေလွှတ်တော်မူသော တရားဟောဆရာတို့သည် အချည်းနှီးဟောပြောကြသည်မဟုတ်ဘဲ၊ ထိုတရားအားဖြင့် ဝိညာဉ်တော်၏ နှိုးဆော်ခြင်းတန်ခိုးကြောင့် ဘုရားကိုကြောက်ရွံ့သောသူတို့သည် ကယ်တင်ခြင်းရောက်စေကြောင်းပြသခြင်းဖြစ်ပါသည်"။ ပင်တေကုတ္တေနေ့က အတိုင်း၊ အခြားသောဘာသာစကားဖြင့် ပြောကြ၏။ ထိုစကားသည် နားလည်သဘောပေါက်နိုင်သော စကားဖြစ်၍၊ရှင်လုကာ က ဘုရားသခင်ကိုချီးမွမ်းကြ၏ဟု ဖော်ပြထားပါသည်။ ယနေ့တွေ့ရသော မသိသောစကား၊ အဓိပ္ပါယ်မရှိသော အော်ဟစ်အသံပြုခြင်းနှင့်မတူပါ။

<u>သခင်ဘုရား၏နာမ၌ဗတ္တိဇံမင်္ဂလာခံခြင်း</u>၊ ပေတရုသည် မဟာစေခိုင်းချက်အဆင့်ဆင့်ကို သိပါသည်။ ယုံကြည်ခြင်းရှိပြီးမှ နောက်ဆက်တွဲပြုရမည့်အရာကား ရေဗတ္တိဇံခံခြင်းဖြစ်ပါသည်။ ဗတ္တိဇံမင်္ဂလာသည် ကောနေလိနှင့်သူ၏အိမ်သားအပေါင်းတို့ခံရသော အတွင်းကျေးဇူးတော်ကို ပေါ်လွင်ပြသသောအပြင်လက္ခဏာပင်ဖြစ်ပါသည်။ ပေတရုက သခင်ဘုရား၏နာမ၌ဟု သုံးပါးတဆူဘုရားဖြစ်သော၊ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံခံရန် ဖော်ပြခဲ့ပါသည်။

ကယ်တင်ခြင်းအတွေ့အကြုံသည် အံ့ဘွယ်အမှုပင်ဖြစ်ပါသည်။ အဖြစ်အပျက်တို့ကိုလူက ဖန်တီးခြင်းမဟုတ်ဘဲ ဘုရားသခင်ကိုယ်တိုင်စီစဉ်ခြင်းဖြစ်တော်မူ၏။ ပုံသေနည်းအတိအကျမရှိသော်လည်း၊ လိုအပ်သောအရာများကား သတင်းကောင်းကြားနာခြင်း၊ နောင်တရခြင်းနှင့် ယုံကြည်ခြင်းတို့ဖြစ်ပါသည်။ ဒုတိယအကြိမ် ဗတ္တိဇံမင်္ဂလာခံခြင်းဟူသော ဝိညာဉ်ဆုကျေးဇူးအလွန်အကျွံအလေးထားသောသူတို့၏ သွန်သင်ချက်ကို သမ္မာကျမ်းစာ၌မတွေ့ရပါ။ စစ်မှန်သော ယုံကြည်သူသည် သမ္မာကျမ်းစာ၌ တွေ့ရသောအချက်ကိုသာစွဲမြဲစွာ လက်ကိုင်ထားကြရပါမည်။

**ဆင်ခြင်ရန်** - ယေရှုပြီးမြောက်ဆောင်ရွက်တော်မူသောအမှုကို ကျွန်တော်ယုံကြည် ကိုးစားပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်အပြစ်များအတွက် အဖိုးအခပေးတော်မူသောယေရှုကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

အင်္ဂါ ၊ ဇန်နဝါရီ (၁၉)
**တမန် ၁၁း၁-၃**
ရောမ ၃း၂၇-၃၀

*“ ဘုရားသခင်သည် ယုဒလူတို့၏ဘုရားသာ ဖြစ်တော်မူသလော။ တပါးအမျိုးသားတို့၏ဘုရား ဖြစ်တော်မူသည်မဟုတ်လော။”*

## ယုဒလူနှင့်တပါးအမျိုးသား

ဘုရားသခင်အမှုပြုတော်မူသောအခါ၊ စာတန်သည် ဆန့်ကျင်ခြင်းအမှုကိုနှစ်ဆပြု ကြောင်းတမန်တော်ဝတ္ထုထဲတွင် အမှန်တွေ့ရပါသည်။ ရန်သူသည်အသင်းတော်ကို နှောင့်ယှက်ခြင်း ငှါ မိမိ၏တပည့်များကို နေရာချထားတတ်၏။ ဘုရားသခင်၏ အမှုတော်ဆောင်ရွက်သူ နည်းသထက် နည်းစေခြင်းငှါ ခရစ်ယာန်ယုံကြည်ခြင်းကိုဖျက်ဆီးလို၏။ အသင်းတော်၌ မရင့်ကျက်သော သူအချို့ တို့ကသည် စာတန်၏ နှိုးဆော်ခြင်းခံရ၍ ဘုရားသခင်၏အမှုတော်ကို နှောင့်ယှက်လျက် ခေါင်းဆောင်များနှင့် အခြားအမှုတော်များကို နှောင့်ယှက် နှောင့်နှေးစေတတ်ကြ၏။

<u>ဆန့်ကျင်ခြင်း</u> ၊ ဝမ်းမြောက်စရာသတင်းကြားခဲ့ရ၏။သူတို့သည် ရှင်လုကာ ၁၅း၇ ၌ ဖော်ပြခဲ့သော ဘုရားသခင်၏နှုတ်ကပတ်တော်ကို အောက်မေ့သတိရသင့်ပါသည်။ သို့သော်လည်း ယုဒပြည်၌ ရှိသောတပည့်တော်ညီအစ်ကိုတို့သည် ဝမ်းမြောက်ခြင်းမရှိကြောင်း တွေ့ရပါသည်။ ယုဒလူတို့သည် အသင်းတော်၌တပါးအမျိုးသားများ ပါဝင်လာမည်ကို မလိုလားကြပါ။ နောက်၌ အရေဖျားလှီးခြင်းခံရမည်ဟု ပညတ်ချက်ထုတ်ပြန်ခဲ့ကြ၏။

<u>ဂုဏ်သိက္ခာကျခြင်း</u> ၊ ယုဒလူတို့သည် တပါးအမျိုးသားတို့အိမ်သို့ဝင်၍ သူတို့နှင့် စားသောက်ခဲ့သော ပေတရုအား မိမိကိုယ်ကိုဂုဏ်သိက္ခာကျစေသည်ဟု မြင်ကြ၏။ ဤအပြောအဆို ခံရခြင်းကြောင့်ဖြစ်နိုင်ပါသည်။ ပေတရုသည်နောက်၌ ထိုသို့မပြုရဲဖြစ်သောကြောင့် ပေါလုက ဆုံးမခဲ့၏။ ဂလာတိ ၂း၁၁-၁၂ ကိုဖတ်ပါ။

တပါးအမျိုးသားတို့သည် ဘုရားသခင်၏ကယ်တင်ခြင်းအစီအစဉ်၌ပါဝင်ခဲ့သောကြောင့် ဘုရားသခင်ကိုချီးမွမ်းကြရပါမည်။ ယနေ့အသင်းတော်အများစုသည် တပါးအမျိုးသားများသာ ဖြစ်ကြ၏။ သို့သော်လည်း ဝါကြွားခြင်းမရှိရပါ။ ရောမ ၁၁း၁၁-၁၂ ကိုဖတ်ပါလော့။

တပါးအမျိုးသားကျွန်တော်တို့သည် ယုဒလူတို့အတွက် ၊ဣသရေလလူတို့အတွက် ဆုတောင်းပေးကြရပါမည်။ သမ္မာတရားသိကြခြင်းငှါ ဘုရားသခင်နှစ်သက်အလိုရှိတော်မူသည် အတိုင်း ၊ ကျွန်တော်တို့လည်း နှစ်သက်ခြင်းရှိရပါမည်။ ဘုရားသခင်ကိုယုံကြည်ထောက်ခံသော ကျွန်တော်တို့သည် ဣသရေလကိုအားပေးထောက်ခံရပါမည်။ ဣသရေလနိုင်ငံအတွက် သင်ဆုတောင်းပါသလား။ သင့်ဆုတောင်းချက်ထဲ၌ ထည့်ပါလော့။

**ဆင်ခြင်ရန်** - ယုဒလူတို့ ကယ်တင်ခြင်းခံရခြင်းငှါ ကျွန်တော်ဆုတောင်းပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ ယုဒလူမျိုးနှင့်တပါးအမျိုးသားတို့ကို အတူတကွ ချစ်မည် အကြောင်းမစတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၂၀)
**တမန် ၁၁း၄-၈**
ယောဟန် ၈း၁၇-၁၈

"သက်သေခံနှစ်ဦးတို့၏ စကားသည်တည်ရ၏ဟု သင်တို့ ပညတ္တိကျမ်းစာ၌လာ၏"

## အမှုတော်မြတ်မှန်ကန်ကြောင်း သက်သေပြခြင်း

ဘုရားသခင်၏ အမှုတော်ဆောင်တရားဟောဆရာသည် မိမိပြုသောအမှုတော်နှင့် ပတ်သက်သောမေးခွန်းကိုဖြေဖို့ရန် အသင့်ရှိရပါမည်။ တပါးအမျိုးသားအိမ်သို့ဝင်၍ သူတို့နှင့်အတူ အစာစားခြင်းအမှု၌ ပေတရုကဖြစ်စဉ်တခုလုံးကို တခုပြီးတခု ပြန်လည်ရှင်းပြခဲ့ပါသည်။

သာသနာပြုခြင်းသက်သေ၊ ပေတရုသည်ဖြစ်စဉ်တခုလုံးကို အစမှအဆုံးထိ၊ ဘုရားသခင်ထံမှ ရူပါရုံရရှိခြင်းမှစ၍ ဖော်ပြခဲ့ပါသည်။ မိမိရူပါရုံမြင်တွေ့၍ အသံတော်ကြားခဲ့ပုံကို ဖော်ပြခဲ့၏။ မိမိရှေ့၌ ရှိသော မသန့်ရှင်းသည့်သတ္တဝါတို့ကို ငြင်းပယ်၍ ဘုရားသခင်နှင့်အပြန်အလှန် စကားပြောခဲ့ပုံကိုလည်း ဖော်ပြခဲ့ပါသည်။ ထိုသို့သုံးကြိမ်တိုင်တိုင် မိမိမြင်တွေ့ ခဲ့ကြောင်း ဖော်ပြခဲ့၏။

သန့်ရှင်းသောဝိညာဉ်တော်၏သက်သေ၊ ထို့နောက်ပေတရုသည် ကော်နေလိ၏ အစေခံတို့နှင့်အတူ မိမိညီအစ်ကိုခြောက်ယောက်နှင့်တကွ သွားခြင်းငှါ ဘုရားသခင်၏ဝိညာဉ်တော်က စေခိုင်းခဲ့ကြောင်းဖော်ပြခဲ့၏။ ထို့ပြင် မိမိအားအိမ်သို့ဖိတ်ခေါ်ခြင်းငှါ ကော်နေလိကလည်း ရူပါရုံမြင်ရခဲ့ကြောင်း ဖော်ခဲ့၏။ ထိုသို့ဖြင့် သူတို့အပေါ်၌ သန့်ရှင်းသောဝိညာဉ်တော်ရောက်ရှိလာခြင်းကို သေချာစွာ ပေတရုရှင်းပြခဲ့ပါသည်။ ပင်တေကုတ္တေနေ့၌ မိမိတို့ကြုံတွေ့ခံစားခဲ့ကြသည်အတိုင်း တပါးအမျိုးသားတို့သည်လည်း ဆုကျေးဇူးကို ရရှိခဲ့ကြကြောင်း ပေတရုဆိုခဲ့၏။

"ဤအမှုအားဖြင့် ကျွန်တော်တို့သင်ကြားရသည်မှာ၊ သံသယဝင်သောသူတို့ကို မထီမဲ့မြင်မပြုဘဲ၊ သူတို့၏သံသယကို ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် ဖယ်ရှင်းပေးရပါမည်။ ထိုအခါ သူတို့သည် နှုတ်ဆိတ်နေကြသည်သာမက၊ ဘုရားသခင်ကိုချီးမွမ်းကြကြောင်း လုကာဖော်ပြခဲ့၏။ အချို့သည်ရှက်ကြသောကြောင့် နှုတ်ဆိတ်နေကြပါသည်" (Calvin) ။

သင်ထမ်းဆောင်နေသောအမှုတော်အကြောင်းကို အသေးစိတ် ရှင်းပြခြင်းငှါ သင်အသင့်ရှိပါသလား။ သူတပါး၏ သံသယဝင်မည်ကိုရင်း၊ အသင်းတော်၌ရှိသော ညီအစ်ကိုတို့၏ မေးခွန်းထုတ်ခြင်း ခံရမည်ကိုကြောက်ရွံ့မနေဘဲ အမှုတော်ကို ကြိုးစားဆောင်ရွက်ကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်ထမ်းရွက်စေတော်မူသော အမှုတော်၌ ကျွန်တော်သစ္စာရှိပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ပေးအပ်သောအမှုကို သစ္စာရှိစွာ ဆောင်ရွက်မည် အကြောင်းမစတော်မူပါ။

ကြာသပတေး၊ ဇန်နဝါရီ (၂၁)
**တမန် ၁၁း၁၉-၂၁**
ရောမ ၈း၂၆-၂၈

*“ ဘုရားသခင်ကိုချစ်သောသူ. . . တို့၏အကျိုးကို ခပ်သိမ်းသောအရာတို့သည်တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏”*

# ညှဉ်းပန်းနှိပ်စက်ခြင်းခံခြင်း၏အသီး

သတေဖန်အသေသတ်ခြင်းခံရသောကာလ၊ ယုဒလူတို့ ညှဉ်းပန်းနှိပ်စက်ခြင်းခံရသော အချိန်၌ ရောမ ၈း၂၈ သည် အလွန်မှန်ကန်ကြောင်းထင်ရှားခဲ့ပါသည်။ သူတို့သည်စိတ်ပူပန်ခြင်း၊ ခြိမ်းခြောက်ခြင်းကြောင့်ကြောက်ရွံ့ခြင်းရှိခဲ့ကြသော်လည်း ၊ သူတို့ရောက်ရာအရပ်တိုင်း၌ ဘုရားသခင်၏ နှုတ်ကပတ်တော် ဟောပြောရသောအခွင့်ရခဲ့ကြ၏။

သတင်းကောင်းကျယ်ပြန့်ခဲ့ပါသည်၊ “ ခရစ်တော်၏နာမတော်သည်တောင်နှင့်ပင်လယ်တို့ကိုဖြတ်၍ကမ္ဘာအဝေးဆုံးသောနေရာတိုင်အောင် ရောက်ရှိခဲ့၏”(Calvin)။ ညှဉ်းပန်း နှိပ်စက်ခြင်း မရှိခဲ့လျှင် ၊ ဖိနိတ်၊ ပါလက်စတိုင်းပြည်၊ ကုပရုကျွန်းနှင့် ရှုရိပြည်အန္တိအုတ်မြို့ တိုင်အောင် ဘယ်သူမှ ခရီးသွားခဲ့ကြမည်မဟုတ်ပါ။ ဤအန္တိအုတ်အသင်းတော်က ပေါလုအား နိုင်ငံရပ်ခြား သာသနာပြုခြင်းငှါ စေလွှတ်ခဲ့ပါသည်။ ကုပရုပြည်သားနှင့် ကုရေနေပြည်သား (မြောက်အာဖရိက) တို့ကပင် သတင်းကောင်းကြားခဲ့ရ၏။

ယုံကြည်သူတိုးပွားခဲ့၏၊ “သခင်ဘုရား၏လက်တော်” (တမန် ၁၁း၂၁ )ဟု လုကာဖော်ပြခြင်းသည် အံ့ဖွယ်သတင်းကောင်း တိုးပွားကျယ်ပြန့်ခြင်းကို ဖော်ပြခြင်းဖြစ်ပါသည်။ ထိုသို့ ဘုရားသခင်အမှုပြုခြင်းကြောင့် ယေရှုကိုယုံကြည်သောသူ တိုးပွားများလာခဲ့ပါသည်။ ယုဒ ယုံကြည်ခြင်းစွဲကိုင်ခဲ့သော သူတို့သည် သခင်ဘုရားထံပြောင်းလဲလာခဲ့၏။ သန့်ရှင်းသော ဝိညာဉ် တော်၏ အသိဉာဏ်အလင်းပေးခြင်းအားဖြင့် မေရှိယနှင့်ဆိုင်သောပရောဖက်ပြုချက်တို့သည် နာဇရက်မြို့သားယေရှု၌ စုံလင်ကြောင်းသိခဲ့ကြ၏။ ညှဉ်းပန်းနှိပ်စက်ခြင်းကြောင့်ခံစားရသော ဝေဒနာသည် ယေရုရှင်မြို့ပြင်ဘက်ရှိများစွာသော ဝိညာဉ်တော်ကယ်တင်ခြင်းအတွက် မင်္ဂလာ ဖြစ်ခဲ့ပါသည်။

ကယ်တင်ခြင်းအမှု၌တပါးအမျိုးသားတို့ ပါဝင်ကြောင်းဘုရားသခင်၏ ချမှတ်ထားသောတရားသည် အသင်းတော်၌ မသိခဲ့ကြသောကြောင့် ယုဒလူတို့ထံသာအမှုတော်ဆောင်ကြ၏။ တပါးအမျိုးသားတို့လည်းကယ်တင်ခြင်းခံရရန်အချိန်ရောက်သောအခါ ဘုရားသခင်ကယုဒလူတို့ကို သူတို့ထံ ဧဝံဂေလိတရားဟောရန် အသုံးပြုတော်မူခဲ့၏။

သင်အခက်အခဲ ကြုံတွေ့နေပါသလား။ ဘုရားသခင်ကိုယုံကြည်ကိုးစားလော့။ ယခုအကြောင်းအရာကို နှလုံးသွင်းလျက် ၊ ဘုရားသခင်၏နည်းလမ်းသည် သင့်ဘဝအတွက် မမှားနိုင်သော၊ အကောင်းဆုံးသောအရာဖြစ်ကြောင်း သင်သိမြင်လာပါလိမ့်မည်။ ဘဝ၌ ကြုံတွေ့ရသော အခက်အခဲဒုက္ခများကြောင့် ဘုရားသခင်ကို ကျေးဇူးတင်ပါ၏။ အကြောင်းမှာ ဘုရားသခင်၏ အံ့ဘွယ်အမှုပြုခြင်းအလိုတော်အားဖြင့် အရာခပ်သိမ်းတို့သည် မိမိ၏ဘုန်းတော် အတွက် အကောင်းဆုံးဖြစ်ပျက်ကြခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အကြံအစည်သည် အစဉ်ကောင်းမြတ်ကြောင်း ကျွန်တော်ယုံကြည်သဘောပေါက်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ တန်ခိုးတော်နှင့် ကွယ်ကာမစတော်မူခြင်းကို ကိုးစားခြင်းငှါ ယုံကြည်သောစိတ်နှလုံး အကျွန်ုပ်၌ပြင်ဆင်ဖန်ဆင်းပေးတော်မူပါ။

သောကြာ ၊ ဇန်နဝါရီ (၂၂)
**တမန် ၁၁း၂၂-၂၆**
၁သက် ၁း၆-၈

*“ သို့ဖြစ်၍. . . . ယုံကြည်သူအပေါင်းတို့အားသင်တို့သည် ပုံသက်သေပေးသောသူဖြစ်ကြ၏ ”*

## သင်ခရစ်ယာန်ဖြစ်ပါသလား

“ခရစ်ယာန်ဟူသောစကားလုံးသည် သခင်ယေရှုခရစ်တော်၏ နောက်လိုက် တပည့်တော်တို့ကို လှောင်ပြောင်၍ယေရှုခရစ်တော်၌ သစ္စာရှိကြသောကြောင့် မထီမဲ့မြင်ပြုခြင်းဖြင့် ခေါ်သော စကားလုံးဖြစ်ပါသည်။စိတ်ဝင်စားစရာကောင်းသည်မှာ ဤနာမည်ကို ယေရှုရှလင်မြို့ အသင်းတော်၌ မဟုတ်ဘဲ၊ ဂရိဘာသာစကားပြောသော (ရှုရိပြည်) အန္တိအုတ်မြို့၌ ပထမဆုံးခေါ် ကြခြင်းဖြစ်သည်။ ဤလောကီလူသားတို့အတွက် မထီမဲ့မြင်ပြုသော စကားလုံးဖြစ်သော်လည်း၊ ယုံကြည်သူတို့အဖို့ ဤနာမသည်အလွန်ကြီးမြတ်သောနာမ၊ ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာ တို့၏ အရှင်နှင့် ဆက်နွယ်သော နာမဖြစ်ပါသည်။

ဘုရားသခင်၏ကျေးဇူးတော်၊ အန္တိအုတ်မြို့ယုံကြည်သူတို့၏သတင်းကိုကြားခဲ့ကြ၏။ ယေရုရှလင်မြို့မှ စေလွှတ်သောဗာနဗသည် လာ၍တပည့်တော်တို့အပေါ် ကျရောက်သောဘုရားသခင်၏ ကျေးဇူးတော်ကို မြင်တွေ့ခဲ့ပါသည်။ ကျေးဇူးတော်ကြောင့်၊ နှုတ်ကပတ်တော်သိရှိနားလည်သင်ယူရန် ဘုရားသခင်က ဉာဏ်ပညာပေးခဲ့ပုံ၊ ဆုတောင်းခြင်းဖြင့်ဘုရားသခင်နှင့်မိဿဟာယဖွဲ့ကြပုံ၊ အချင်းချင်းချစ်ကြခြင်းဖြင့် ဝိညာဉ်တော်၏အသီးကို ထင်ရှားစေကြပုံ၊ ခရစ်တော်အတွက် သက်သေခံကြပြီးယုံကြည်သူ တိုးပွားလာပုံတို့ကို တွေ့ခဲ့ပါသည်။ ဗာနဗသည်ဝမ်းမြောက်ခြင်းရှိ၍ သူတို့ကို ခွန်အားပေးလျက်၊ သခင်ဘုရား၌ ဆက်လက်ကျင်လည်ကြခြင်းငှါ တိုက်တွန်းခဲ့ပါသည်။

အသင်းတော်နှင့်အတူစည်းဝေးခြင်း၊ ဗာနဗသည်ရှောလုကိုရှာ၍ အန္တိအုတ်မြို့သို့ခေါ်ခဲ့ပြီး၊ ထိုအရပ်၌အသင်းတော်နှင့်တနှစ်ပတ်လုံးစည်းဝေးလျက်နေကြ၏။ ခရစ်တော်၏အကြောင်းကို သင်ပေးခဲ့ကြ၏။ ထိုအခါ သူတို့သည်ယေရှု၏အသက်တာအတိုင်းနေထိုင်ကြပြီး ၊ခရစ်ယာန်ဟုခေါ်ခြင်းခံရကြ၏။

ယနေ့အသင်းတော်တွင် နိုင်ငံရေးနှင့်စီးပွားရေးဝင်ရောက်ခဲ့၏။ အသင်းတော်သို့ သင်ဝင်ရောက်ခြင်း၌ အဘယ်ရည်ရွယ်ချက်ရှိပါသနည်း။ ဘုရားသခင်၏ကျေးဇူးကို သင်အမှန်ခံရ၍ သခင်ဘုရား၏နာမ၌ သန့်ရှင်းသူတို့နှင့်မိဿဟာယဖွဲ့ခြင်းငှါဖြစ်ပါသလား။ သင်သည် အမည်ခံခရစ်ယာန် ၊ တနင်္ဂနွေနေ့၌သာ လာရောက်မိဿဟာယဖွဲ့ပါလျှင် သင်မှားပါ၏။ နောင်တရ၍ သခင်ယေရှုခရစ်တော်ကို ယုံကြည်ပါလော့။ သို့မှသာ ခရစ်ယာန်ဖြစ်ခြင်း၏မြတ်သော ဆုကျေးဇူးကို သင်ခံစားနားလည်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏အသက်တာအတိုင်း ကျွန်တော်အသက်ရှင်နေထိုင်ပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ ယေရှု၏အသက်တာအတိုင်း အသက်ရှင်မည်အကြောင်း သန့်ရှင်းသောဝိညာဉ်တော်နှင့် အကျွန်ုပ်ကိုပြည့်ဝစေတော်မူပါ။

စနေ ၊ ဇန်နဝါရီ (၂၃)
**တမန် ၁၁း၂၇-၃၀**
၁ ယော ၃း ၁၆-၁၈

" အကြွင်သူသည် လောကီစည်းစိမ်ဥစ္စာရှိလျက်ပင်၊ မိမိညီအစ်ကို ဆင်းရဲခြင်းကိုမြင်၍. . . . "

# ညီအစ်ကိုချစ်ခြင်းမေတ္တာ

ညီအစ်ကိုချစ်ခြင်းသည် နှုတ်အားဖြင့်သာမဟုတ်ဘဲ၊ အလုပ်အားဖြင့်သက်သေပြရမည် အကြောင်းသမ္မာကျမ်းစာထဲတွင် ဖော်ပြခဲ့ပါသည်။ စစ်မှန်သောယုံကြည်ခြင်းသည် အလုပ်အားဖြင့် ထင်ရှားတတ်၏။ အန္တိအုတ်မြို့ရှိညီအစ်ကိုတို့၏ ချစ်ခြင်းမေတ္တာပြသခြင်း၊ ယေရုရှလင်မြို့ရှိ တမန်တော်များနှင့် သန့်ရှင်းသူတို့အပေါ်ပြသခြင်းသည် စစ်မှန်သော ညီအစ်ကိုချစ်ခြင်းမေတ္တာ သာဓကဖြစ်ပါသည်။ သူတို့သည် အသစ်သော ခရစ်ယာန်ဖြစ်ကြပြီး၊ ဤကျမ်းပိုဒ်၌ ခရစ်တော်၌ တည်သော သူတို့၏အသက်တာသစ်ကို ပြသခဲ့ကြ၏။

<u>အစာခေါင်းပါးခြင်းကျရောက်မည်</u> ၊ ယေရုရှလင်မြို့မှလာသောပရောဖက်တို့တွင် တဦးက ကျရောက်လာမည့်အစာခေါင်းပါးခြင်းအကြောင်း ပရောဖက်ပြုခဲ့၏။ အာဂဗုသည် ရူပါရုံတခုတည်း ဖြင့် ဤသို့ဟောပြောခြင်းမဟုတ်ဘဲ၊ ဝိညာဉ်တော်၏ဖော်ပြခြင်းဖြင့် ဟောခြင်းဖြစ်ပါသည်။ "ဖော်ပြ" (တမန်၁၁း၂၈) ဟူသော စကားလုံးသည်ရည်ရွယ်ချက်ရှိရှိ ညွှန်ပြခြင်းကိုဆိုလိုပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်က ဖော်ပြခြင်းဖြစ်ပါသည်။ဤအစာငတ်မွတ်ခြင်းခေါင်းပါးခြင်းကြောင့် လူတို့သည်ငတ်မွတ်ခြင်းရှိခဲ့ကြလိမ့်မည်။ ပရောဖက်က ဤအမှုသည်ယေရုရှလင်မြို့၌သာမဟုတ်၊ အန္တိအုတ်အပါအဝင်တစ်ကမ္ဘာလုံးဖြစ်မည်ဟု ဟောခဲ့ပါသည်။ ယေရုရှလင်မြို့၌ညှဉ်းပန်းနှိပ်စက်ခြင်း ကြောင့်စားစရာမရှိကြကြောင်း၊အန္တိအုတ်ညီအစ်ကိုတို့သိသဖြင့်ထောက်ပံ့မှုပေးခဲ့ကြပါသည်။

<u>အထောက်အပံ့ပို့ပေးခြင်း</u>၊ ဤအလှူခံခြင်းသည် အတင်းအဓမ္မ ပြုခြင်းမဟုတ်ဘဲ၊ လူတိုင်း ဘုရားသခင်ကောင်းကြီးခံစားသကဲ့သို့ မိမိတို့စိတ်အလိုအတိုင်းပေးလှူခြင်းဖြစ်ပါသည်။ "အကူအမ" ဟူသော စကားလုံးသည် "သင်းထောက်"ဟူသောစကားလုံးနှင့်ဆက်နွယ်မှုရှိ၏။ ဤသင်းထောက် တို့သည် ယေရုရှလင်မြို့ရှိညီအစ်ကိုတို့ထံ အထောက်အပံ့ပေးခြင်းအမှုကို ဆောင်ရွက်သောသူများ ဖြစ်၏။ သူတို့သည်လည်း ဤအစာခေါင်းပါးခြင်းကို ခံရကြမည်ကို သိသော်လည်း၊ လက်ရှိအချိန်၌ စားစရာမရှိသော ယေရုရှလင်မြို့ရှိ ယုံကြည်သူတို့၏လိုအပ်ချက်ကို ပို၍အလေးထားကြ၏။ ဤသည်ကား အန္တိအုတ်မြို့ရှိတပည့်တော်များ ပြသသောခရစ်ယာန်စိတ်သဘောဖြစ်ပါသည်။ ယာကုပ် ၂း၁၄-၁၆ ကိုဖတ်ပါ။

ဆင်းရဲသောနိုင်ငံမှ ခရစ်ယာန်ညီအစ်ကိုတို့အပေါ်၌ ထိုသို့သော ဝန်ထုပ်ဝန်ပိုးသင့် စိတ်နှလုံး၌ရှိပါသလား။ သူတို့သည်ထိုအရပ်၌မွေးဖွားကြသောကြောင့် ကံဆိုးကြ၏ဟု မှတ်ယူ ပါသလား။ သင်၏လုပ်နိုင်သောစွမ်းအားကြောင့် သင်ယခုပိုင်ဆိုင်သောအရာကိုရသည်ဟု သင်ထင်လျက်၊ မပေးကမ်းလိုဘဲနေပါသလား။ သင်၏အတွေးအခေါ်သည် သမ္မာကျမ်းစာနှင့် ကိုက်ညီမှုရှိမရှိကို ကျမ်းစာဖတ်၍ ဆင်ခြင်ပါလော့။

**ဆင်ခြင်ရန်** - ညီအစ်ကိုတို့ကို အမှန်တကယ်ကျွန်တော်ချစ်ပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ လိုအပ်သောသူအပေါ် ဂရုဏာစိတ်ရှိမည်အကြောင်း အကျွန်ုပ်ကို မစတော်မူပါ။

**တမန် ၁၂း၁-၂**
ယောဟန် ၁၁း၂၅-၂၆

*"ငါ့ကိုယုံကြည်သောသူသည်
သေလွန်သော်လည်း ရှင်လိမ့်မည်"*

## ဘုရားသခင်၏သန့်ရှင်းသူကွယ်လွန်ခြင်း

ဟေရုဒ်အဂြိပ္ပ(Herod Agrippa) အကြောင်းကိုရှင်လုကာက ဖော်ပြခဲ့ပါသည်။ ဤသည်ကား ခရစ်ယာန်တို့အားကြောက်လန့်စေရန် စာတန်၏နည်းလမ်းဖြစ်ပါသည်။ ရည်ရွယ်ချက်သည် ယုံကြည်သူတို့အားနှုတ်ကပတ်တော်ဆက်လက်မဟောပြောကြစေရန်ဖြစ်ပါ၏။ သတေဖန်သေဆုံးခြင်းကယုံကြည်သူတို့၏ စိတ်ထဲ၌ကြောက်ရွံ့ခြင်းကိုဖြစ်စေနိုင်ပါသည်။ သို့သော်လည်း၊ ယာကုပ်ကွပ်မျက်ခံရခြင်းက ခရစ်ယာန်တို့ကိုအားငယ်စိတ်ပျက်ခြင်း ဖြစ်စေနိုင်ပါသည် ။

<u>အသင်းတော်ညှဉ်းဆဲခံရခြင်း</u>၊ ဟေရုဒ်အဂြိပ္ပသည် အသင်းတော်ကိုကြမ်းကြုတ်စွာ ညှဉ်းဆဲခြင်းပြု၏။ ဤသည်ကား စာတန်၏လွှမ်းမိုးခြင်းဖြစ်၍ အသင်းတော်ကိုပစ်မှတ်ထားခြင်းဖြစ်၏။ ဆိုးသွမ်းသောရှင်ဘုရင်၏လုပ်ရပ်က ယုံကြည်သူတို့၌ကြောက်ရွံ့မှုကိုဖြစ်စေ၏။ ဤညှဉ်းဆဲခြင်း၏ ရည်ရွယ်ချက်မှာ နောင်တရခြင်းနှင့်ယုံကြည်ခြင်းဖြင့် သခင်ဘုရားထံလူတို့ ပြောင်းလဲခြင်းမရှိစေရန် ဖြစ်ပါသည်။ ဤသည်ကား ဘုရားသခင်၏လူတို့အပေါ် မာရ်နတ်၏ရှေးဟောင်းဆန့်ကျင်ခြင်းပင်ဖြစ်၏။

<u>တမန်တော်ကွပ်မျက်ခြင်း</u>၊ ဟေရုဒ်အဂြိပ္ပသည် ယေရှု၏တပည့်တော်များနှင့် ရင်းနှီးခြင်းရှိသော၊ ယောဟန်၏ညီအစ်ကိုယာကုပ်ကို ကွပ်မျက်ခဲ့ပါသည်။ ဤသည်ကား မိမိတပည့် တော်ကိုကွယ်ကာခြင်းငါသခင်ယေရှု၌တန်ခိုးမရှိသလော ဟုလူတို့သည်သံသယဝင် ကြခြင်း ငါ့စာတန်၏ ရည်ရွယ်ချက်ဖြစ်ပါသည်။ သို့ဆိုလျှင်သာမာန်ယုံကြည်သူတို့ကို ကွယ်ကာပါမည်လောဟု သံသယဝင်နိုင်ပါသည်။ ကျွန်တော်တို့သိရမည်မှာ ဘုရားသခင်က ယုံကြည်သူကို ဤကမ္ဘာလောက၌ ပြုရမည့်တာဝန်ပြီးဆုံးသောအခါ သေခွင့်ပေးတတ်၏။ ယာကုပ်သည်လည်း ထိုသို့ဖြစ်ပါသည်။

ဆာလံ ၁၁၆ ကို Calvin ကဤသို့ရှင်းပြ၏- "အပြစ်မဲ့သောသူအသတ်ခံရ၍၊ လူဆိုးတို့သည်ဘုရားသခင်ကို ကဲ့ရဲ့လျက်မိမိကိုယ်ကို ချီးမြှောက်ကြွေးကြော်ကြသော်လည်း၊ ဤတရားကိုစွဲမြဲစွာ လက်ကိုင်ကြပါစို့၊ သစ္စာရှိသောသူသေဆုံးခြင်းသည် သူတို့အမြင်၌ အလကား ဟုထင်ကြသော်လည်း၊ ဘုရားသခင်အမြင်၌အလွန်အဖိုးကြီးလှ၏။ ထိုအမှုကို ကျူးလွန်သော သူတို့အား ဘုရားသခင်သည်အလွတ်ပေးမည်မဟုတ်ပါ။"

လူဆိုးတို့လက်ဖြင့် သတ်ခြင်းခံရသောယုံကြည်သူတို့၏ သေခြင်းကိုသင်မည်သို့မြင်ပါသနည်း။ ဘုရားသခင်၏ကွယ်ကာစောင့်ရှောက်ခြင်းလက်တော်ကို ကိုးစားယုံကြည်ကြပါစို့။

**ဆင်ခြင်ရန်** - ကယ်တင်ရှင်ကိုမျက်နှာချင်းဆိုင်တွေ့ခြင်းငှါ ကျွန်တော်အသင့်ရှိပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ ထာဝရအသက်ရှင်ပေးသောကြောင့် ကိုယ်တော်၏ နာမတော်ဘုန်းကြီးပါစေသော်။

တနင်္လာ၊ ဇန်နဝါရီ (၂၅)
**တမန် ၁၂း၃-၄**
မဿဲ ၁၀း၁၆-၁၈

"မြို့ဝန်မင်း၊ရှင်ဘုရင်ထံသို့ ငါကြောင့်သင်တို့ကို ပို့ဆောင်ကြလိမ့်မည်"

## ခြိမ်းခြောက်မှုများ

ယာကုပ်အပေါ်ပြုသော ဟေရုဒ်မင်း၏ လုပ်ရပ်သည် စက်ဆုပ်ရွံရှာစရာကောင်းပြီး၊ ပေတရုအပေါ်ပြုသောအမှုက ခရစ်တော်၏နောက်လိုက်တို့အား ကြောက်ရွံ့စေပါလိမ့်မည်။ ထို့ပြင်အချို့သောယုံကြည်သူတို့သည် ထိုဘုရင်၏စက်ဆုပ်ကြမ်းကြုတ်မှုကြောင့်အမျက်ဒေါသထွက်နေကြပါလိမ့်မည်။ သို့သော်လည်း၊ အသင်းတော်သည်အစိုးရကို ဆန့်ကျင်တိုက်ခိုက်ခြင်းငှါ ခေါ်ခြင်းမဟုတ်ပါ။ဤလောကီ လူသားတို့ကကျွန်တော်တို့အပေါ် အဆိုးဆုံးပြုနိုင်သောအရာကား ဤခန္ဓာကိုယ်အသက်နှုတ်ယူခြင်းသာဖြစ်ပြီး၊ ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှိ အဖလက်တော်၌ရှိသော ကျွန်ုပ်တို့၏ ဝိညာဉ်ကိုမူ ဘယ်သောအခါမှမနှုတ်ယူနိုင်ကြပါ။

ယုဒလူတို့ကိုဝမ်းမြောက်စေနိုင်ခြင်း၊ ဘုရင်သည်သူပြုသောအမှုက ယုဒလူတို့ကို ဝမ်းမြောက်စေကြောင်းသိသောအခါ၊ ယုံကြည်သူတို့အပေါ် မိမိ၏အာဏာကို ဆက်လက် ဖော်ပြခဲ့ပါသည်။ ဤအရာတို့ကိုခရစ်ယာန်တို့ကြုံတွေ့ခြင်းငှါ ဘုရားသခင်သိ၍ခွင့်ပြုတော်မူခြင်းဖြစ်ပါသည်။ အကြောင်းမှာ သူတို့သည်ပို၍ ရင့်ကျက်ပြီး အမှုတော်အတွက်ပို၍ ကြိုးစားကြခြင်းငှါဖြစ်ပါသည်။ ပသခါပွဲကျင်းပနေစဉ်ဖြစ်သောကြောင့် ဟေရုဒ်သည်ပို၍ရက်စက်သောအမှုကို အသင်းတော်ထံပြုခြင်းငှါ ရက်အနည်းငယ်စောင့်ခဲ့ပါသည်။

တပည့်တော်များကိုသတ်ခြင်းငှါကြံစည်ခြင်း၊ပေတရုသည် အချုပ်ထဲချုပ်နှောင်ခြင်းခံခဲ့ရ၏။ သူသည်စစ်သူရဲ ၁၆ ယောက်၏အနီးကပ်စောင့်ကြည့်ခြင်းကိုခံရ၏။ ပေတရုနှင့်ယေရုရှလင်မြို့ ယုံကြည်သူတို့အတွက် လွတ်မြောက်ရာလမ်းမရှိဖြစ်ခဲ့ပါသည်။

ကျွန်ုပ်တို့အသက်တာ၌ ဘုရားသခင်ပြုတော်မူသောအမှုတချို့တို့ကို ကျွန်တော်တို့ နားလည်သဘောပေါက်နိုင်ခြင်းမရှိပါ။ ကျွန်တော်တို့၏ဆန္ဒနှင့် အစီအစဉ်အတိုင်း ဖြစ်မလာတတ်ပါ။ ကျွန်တော်တို့သည်ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေခြင်းငှါရည်ရွယ်လျက် အရာရာတိုင်းကို သမ္မာကျမ်းစာအတိုင်း စီစဉ်ခဲ့သော်လည်း၊ ကျွန်တော်တို့ ထင်သလိုဖြစ်မလာဘဲ လမ်းစပျောက်တတ်ပါသည်။ ဘယ်အချိန်ဘယ်နေရာ၌ မှားယွင်းခဲ့သနည်းဟု မေးခွန်းထုတ်တတ်ကြပါသည်။ ထို့အခါ ယုံကြည်သူအချို့၏စိတ်နှလုံးသည် အံ့သြမှုဖြင့်ပြည့်နေပါလိမ့်မည်။အဘယ်ကြောင့်ဘုရားသခင်က မိမိ၏တမန်တော်ကို အသေသတ်ခွင့်ပြုခဲ့ပါသလဲ၊ သူတပါးကိုအားပေးခြင်းငှါ ပြုရမည့်အမှုများစွာ ရှိနေသေးသည်မဟုတ်လောဟုမေးနိုင်ပါသည်။

သင်ထိုသို့ပြုပါမည်လော၊ ဘုရားသခင်ကို မေးခွန်းထုတ်ပါမည်လော။ အရာရာတိုင်း၌ ဘုရားသခင်၏နည်းလမ်းသည် အမှန်ဖြစ်၍၊ လူတိုင်းမှားယွင်းကြပါ၏။ ဘုရားသခင်အကောင်းဆုံးသိတော်မူသောကြောင့်၊ ကျွန်တော်တို့ယုံကြည်ကိုးစားကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ အမှုတော်ကိုဆောင်ရွက်ရန်ကျွန်တော်မည်သို့ ရုန်းကန်ကြိုးစားအားထုတ်ပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်ဘဝ၌ အခက်အခဲနှင့် စစ်ကြောခြင်းတို့ကိုရင်ဆိုင်နိုင်ခြင်းငှါ ခွန်အားပေးသနားတော်မူပါ။

အင်္ဂါ ၊ ဇန်နဝါရီ (၂၆)

**တမန် ၁၂:၅-၁၆**

မဿဲ ၇:၇-၁၁

*"တောင်းသောသူမည်သည်ကားရ၏။ ရှာသောသူလည်းတွေ့၏"*

## ဘုရားသခင်ဝင်ရောက်ပတ်သက်တော်မူခြင်း

ယုံကြည်သူသည် အစိုးရ၏အာဏာစက်ကို မဆန့်ကျင်ဘဲနေသောအခါ၊ ဘုရားသခင်၏ တန်ခိုးတော်ပေါ် လွင်စေသောအခါ၊ ဘုရားသခင်ပို၍ဘုန်းတော်ထင်ရှားတတ်ပါသည်။ ယုံကြည်သူတို့သည် ပေတရုအား ထောင်ထဲမှထုတ်ခြင်းငှါ လက်နက်ကိုင်စွဲခြင်းမပြုခဲ့ကြပါ။ ဘုရားသခင်သည် မိမိ၏အစေခံကျွန်ကို မည်သို့ကွယ်ကာရမည်အကြောင်း သိတော်မူ၏။ ယာကုပ်မူကား မိမိပြုရမည့် အမှုပြီးမြောက်ခဲ့ပြီဖြစ်ပါသည်။ ပေတရုမူကား လုပ်စရာများရှိသေး၏။

<u>အသင်းတော်ဆုတောင်းခြင်း</u>၊ ဤအမှုအတွက်အသင်းတော်သည် ဘုရားသခင်ထံ ကြိုးစားဆု တောင်းခဲ့ကြ၏။ ဤသည်ကားအကောင်းဆုံးနှင့် တစ်ခုတည်းသော ပြဿနာ ရင်ဆိုင်ခြင်း နည်းလမ်းဖြစ်ပါသည်။ ဘုရားသခင်ကသာလျှင် ပေတရုကို ကယ်တင်နိုင်ကြောင်း သိကြ၏။ ပေတရု အသေသတ် ခံရမည့်နေ့ရက်နီးပြီဖြစ်သောကြောင့် ၊ သူ့အတွက် ဆုတောင်းရမည့်အချိန်သည် ကန့်သတ်လျက်ရှိသည်ကိုသိကြသောကြောင့် မရပ်မနားကြိုးစား ဆုတောင်းခဲ့ကြ၏။

<u>ဘုရားသခင်၏တန်ခိုးတော်ဖြင့်ကယ်တင်ခြင်း</u>၊ ပေတရုအိပ်ပျော်နေစဉ် ဘုရားသခင်၏ ကောင်းကင်တမန်သည်လာ၍တမန်တော်ကိုထောင်ထဲမှ ခေါ်ထုတ်ခဲ့ပါသည်။ ဖြစ်ပျက်သမျှသော အရာသည် အံ့ဘွယ်အမှုပေတည်း၊ ကောင်းကင်တမန်ပေါ် ထွန်းလာခြင်း၊ ထောင်ထဲ၌အလင်းထွန်း တောက်ခြင်း၊ ပေတရုလက်မှသံကြိုးကျွတ်ခြင်း၊ သံတံခါးအလိုလိုဖွင့်ခြင်းစသည်တို့သည် အံ့ဘွယ်အမှု ဖြစ်ကြ၏။ ဆုတောင်းခြင်းအား အံ့ဘွယ်အဖြေပေးတော်မူခြင်းဖြစ်သော်လည်း မယုံကြည်နိုင်ကြပေ။ ယုံကြည်သူများဆုတောင်းရာအရပ်သို့ ပေတရုရောက်လာသောအခါ၊ သူတို့သည်အစ၌ မယုံကြည် နိုင်ဖြစ်ကြ၏။ သို့သော်လည်းပေတရုသည်တံခါးကို အကြိမ်ကြိမ်ခေါက်၍ သူတို့တံခါးဖွင့်သောအခါ ယုံကြည်ကြ၏။

ကျွန်တော်တို့သည် ဆုတောင်းခြင်းဖြင့် ဘုရားသခင်သာလျှင် ပြုတော်မူနိုင်သောအမှု၊ မစတော်မူခြင်း၊ အသိဉာဏ်နှင့်အနာငြိမ်းစေခြင်း စသည်တို့နှင့်အခြားအရာများကို တောင်းလျှောက် တတ်ကြ၏။ပြဿနာမူကား၊ ထိုသို့ဆုတောင်းခြင်းအဖြေကျွန်တော်တို့ရရှိသောအခါ ဘုရားသခင်ကို မဟုတ်ဘဲ အခြားအကြောင်းကိုချီးမွမ်းတတ်ကြခြင်းပေတည်း။ အဆိုးဆုံးမှာ ဘုရားသခင်သည် ကျွန်တော်တို့ တောင်းလျှောက်မှုကိုအဖြေပေးတော်မူပြီဟူသောအချက်ကို မယုံကြည်ခြင်းပင် ဖြစ်ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ဘုရားသခင်အဖြေပေးတော်မူမည်ဟု ယုံကြည်ခြင်းမရှိဘဲ ခရစ်ယာန်ဆုတောင်းခြင်းပင်ဖြစ်ပါ၏။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အနန္တတန်ခိုးကိုကျွန်တော် ယုံကြည်ကိုးစားခြင်းရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ ဂရုဏာစောင့်ရှောက်တော်မူခြင်းကို စိတ်ချ ယုံကြည်ခြင်းရှိမည်အကြောင်းမစတော်မူပါ။

ဗုဒ္ဓဟူး ၊ ဇန်နဝါရီ (၂၇)
**တမန် ၁၂း၁၇-၁၉**
လုကာ ၁၀း၃-၄

"တောခွေးစုထဲသို့ သိုးသူငယ်တို့ကို စေလွှတ်သကဲ့သို့ သင်တို့ကို ငါစေလွှတ်၏။"

## အန္တရာယ်မှ လွတ်မြောက်ခြင်း

ပေတရု၏ အံ့ဖွယ်လွတ်မြောက်ခြင်းကို မရပ်မနားသန့်ရှင်းသူတို့ ဆုတောင်းလျှင် ထိုသို့လွတ်မြောက်ခြင်းဖြစ်ပွားမည်ဟု ပုံသေသာဓကအဖြစ်အသုံးပြု၍ မရပါ။ ထိုသို့သောအံ့ဘွယ်အမှုကို ဘုရားသခင်ထပ်၍မပြုနိုင်ဟုလည်းမဆိုလိုပါ။ ဘုရားသခင်သည် မိမိသန့်ရှင်းသူတို့တဦးချင်းတိုင်းအတွက် မိမိအလိုအတိုင်းအကောင်းဆုံး အမှုပြုတော်မူမည်။သင်းအုပ်ဆရာတစ်ဦးက ဤသို့ဆိုခဲ့ဖူးပါသည် - ကျွန်တော်တို့သည် ဘုရားသခင်ကိုမစမ်းသင့်ပါ၊ ဘုရားသခင်ကသာလျှင် ကျွန်တော်တို့ကိုဆန်းစစ်မည်ဖြစ်ပါသည်။ ကျွန်တော်တို့ဆုတောင်းသောအခါ၊ကျွန်တော်တို့ခံစားရသော၊ ဖော်ပြ၍မရသော ဘုရားသခင်၏ ဂရုဏာတော်နှင့်ကျေးဇူးတော်ကြောင့် ဘုရားသခင်၏နာမတော်ကို ချီးမွမ်းကြရပါမည်။ ပြုတော်မူသောအံ့ဖွယ်အမှုတော်တို့ကို လူအပေါင်းတို့ထံ ဖော်ပြ၍ ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေကြရပါမည်။

ဖော်ပြခဲ့၏၊ ပေတရုသည် မိမိလွတ်မြောက်ခြင်း၌ ဘုရားသခင်၏တန်ခိုးတော်ကို သက်သေခံခဲ့ပါသည်။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို ဘုရားသခင်မည်သို့အဖြေပေးတော်မူသည်ကို ကျွန်တော်တို့သက်သေခံဖို့လိုပါသည်။ ရည်ရွယ်ချက်မှာကား၊ လွတ်မြောက်သောသူ၌မဟုတ်ဘဲ ကယ်နှုတ်တော်မူသောဘုရားသခင်၏ဘုန်းတော်ထင်ရှားရန်ဖြစ်ပါသည်။ ပေတရုက မိမိအား ကယ်နှုတ်တော်မူသောသူသည် ဘုရားသခင်ဖြစ်ကြောင်းဖော်ပြကြေငြာခဲ့ပါသည်။ မိမိအမှု၌ အသင်းတော်ခေါင်းဆောင်တို့သည်လည်း စိုးရိမ်ထိတ်လန့်ခြင်းမရှိကြစေရန် ဤအကြောင်းကို ညီအစ်ကိုတို့အားပြောပေးကြရန် ပေတရုကပြောထားပါသည်။

ထွက်သွားခဲ့၏၊ ပေတရုသည်အခြားအရပ်သို့ ထွက်သွားခဲ့ပါသည်။ ထွက်သွားရခြင်းအကြောင်းမဖော်ပြသော်လည်း၊ မိမိကိုယ်တိုင်နှင့်ညီအစ်ကိုတို့၏ လုံခြုံရေးအတွက်ဖြစ်ပါလိမ့်မည်။ အံ့ဘွယ်ဘုရားသခင်၏ ကယ်လွှတ်တော်မူခြင်းခံရပြီးမှ နောက်ထပ်အဖမ်းမခံရအောင် ပေတရုသတိထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရောမစစ်သားတို့၏ ကြိုးစားဖမ်းဆီးခြင်းမှလွတ် မြောက်ရန် ထွက်ပြေးရမည်မှာ သူ၏တာဝန်ဖြစ်ပါသည်။ပေတရုကိုမဖမ်းဆီးနိုင်ကြသောကြောင့် ထိုစစ်သားတို့သည် အသေသတ်ခြင်းတကယ်ခံရကြ၏။

ပေတရုလွတ်မြောက်ခြင်းကြောင့် သူကိုစောင့်ကြည်သောစစ်သားတို့သည် ပြဿနာတတ်ကြ၏။ သူတို့သည်ရှန်းရင်းခတ်မှု ဖြစ်ကြ၏။ မည်သို့သောပေတရုလွတ်မြောက်သွားသည်ကို အဘယ်သူမျှ မရှင်းပြနိုင်ခဲ့ကြပါ။ လူ၏ခွန်အားတန်ခိုးသည် ဘုရားသခင်နှင့်နှိုင်းယှဉ်လျှင် ဘာမှမဟုတ်ကြောင်း ထင်ရှားလှပါသည်။ ဘုရားသခင်အလိုတော်ရှိ၍ လွတ်မြောက်စေတော်မူမည်ဆိုလျှင်ဤ ကမ္ဘာလောက၏ အလုံခြုံဆုံးသောထောင်ကပင် ထိန်းချုပ်နိုင်မည်မဟုတ်ပါ။

ကျွန်ုပ်တို့ဆုတောင်းခြင်း၌ဘုရားသခင်အဖြေပေးတော်မူခြင်းသည် အစဉ်တန်ခိုးကြီးလှပါ၏။သင်၏ဆုတောင်းခြင်း၌ဘုရားသခင်၏အဖြေသည် အစဉ်အကောင်းဆုံးဖြစ်တော်မူကြောင်းသင်ယုံကြည်ခြင်းရှိပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေခြင်းငှါ နေ့စဉ်ကျွန်တော် အသက်ရှင်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ကိုယ်တော်၏ အမှုတော်ကို ဆောင်ရွက်ခြင်း၌ အကျွန်ုပ်ပြုရမည့် ဝတ္တရားကို အကျွန်ုပ်အားအစဉ်သတိပေးတော်မူပါ။

ကြာသပတေး၊ ဇန်နဝါရီ (၂၈)
**တမန် ၁၂း၂၀-၂၃**
မဿဲ ၁၈း၇-၁၀

*"မှားယွင်းစရာအကြောင်းများရှိသောကြောင့် လောကီသားတို့သည် အမင်္ဂလာရှိကြ၏။ မှားယွင်းစရာအကြောင်းရှိရမည်။"*

## သဒေဏ်ပေးခြင်းအပိုင်း

ရှင်လုကာသည် တမန်တော်တို့ပြုသောအမှုရေးသားခြင်းကို ခဏရပ်ထားပြီးကြား၌ ရန်သူတို့ပြုသောအမှုကို ရေးသားဖော်ပြခဲ့ပါသည်။ လူသည် ဘုရားသခင်ကိုကစားလျှင် အဆိုးဆုံးသော စီရင်ခြင်းကို မျှော်လင့်ပါစေ။ ဓမ္မဟောင်းကိုလေ့ကျက်သောသူသည် ဒံယေလအနာဂတ္တိကျမ်း၌ ရေးထားသောအရာကို အမှတ်ရပါလိမ့်မည်။ တမန်တော်ဝတ္ထုမှ ယခုအပိုင်းသည်ဟေရုဒ်အပေါ် ဘုရားသခင်၏ ဒဏ်ခတ်ခြင်းဖြစ်ပါသည်။ ဘုရားသခင်က မိမိသည်အပြစ်ပေးပိုင်တော်မူသောသူ ဖြစ်ကြောင်းမိန့်တော်မူခဲ့၏။ ကလဲ့စားချေခြင်းနှင့် အပြစ်ဒဏ်စီရင်ခြင်းကို လူမပြုသင့်ပါ။ ဘုရားသခင်က ဆိုးသွမ်းသောသူတို့၏ အပြစ်ဒဏ်ကို စီရင်တော်မူမည်။ ဤကမ္ဘာလောက၌ဖြစ်စေ၊ ငရဲ (သို့မဟုတ်) ထာဝရငရဲမီးအိုင်၌ဖြစ်စေ၊ သူတို့အပြစ်ကြောင့် ဘုရားသခင်သည် မိမိ အချိန်၌ စီရင်တော်မူမည်။

<u>ဘုရားကဲ့သို့မိမိကိုယ်ကို ချီးမြှောက်ခြင်း၊</u> " အမျက်ထွက်ခြင်း" ဟူသော (တမန်၁၂း၂၀) ထဲမှ ဂရိစကားသည် ဓမ္မသစ်ကျမ်းအခြားဘယ်နေရာ၌မျှ မတွေ့ရပါ။တုရုမြို့နှင့် ဇိဒုန်မြို့အပေါ် စစ်တိုက်လိုသော စိတ်ဒေါသကို ဆိုလိုခြင်းဖြစ်၏။ ထိုသို့သောဟေရုဒ်၏မိုက်မဲမှုအမျက်ဒေါသကို အသင်းတော်ညှဉ်းဆဲခြင်းနှင့် တပည့်တော်များကွပ်မျက်ခြင်း၌ တွေ့ရပါသည်။ ဤအမျက်ဒေါသထွက်ခြင်း၏ အကြောင်းရင်းကိုမဖော်ပြထားပါ။ ခန့်မှန်းရသည်မှာ မာနထောင်လွှားခြင်း၊ဘုရားသခင်ကို ကစားခြင်းဖြစ်ပါသည်။ ဘာမှမသိသောလူများတို့က သူ၏အသံကိုဘုရားသခင်၏ အသံဟု ဆိုကြသောအခါ သူသည်မာနထောင်လွှားခြင်းရှိခဲ့၏။

<u>ဘုရားသခင်က ဒဏ်ခတ်တော်မူခဲ့၏၊</u> "ဘုရားသခင်က ဟေရုဒ်အမှု၌ မိမိ၏ အသက်ရှင်ခြင်းအမှုကို ဖော်ပြခဲ့ပါသည်။ လူသည် မိမိကိုယ်ကို ပို၍ကြီးမြတ်သောသူ အဖြစ် မချီးမြှောက်နိုင်ပါ။ ထိုသို့ပြုခြင်းသည်ဘုရားသခင်ကို ဆန့်ကျင်ခြင်းဖြစ်၍ နောက်ဆုံးတွင်ဘုရားသခင်သည် သူတို့အပေါင်းကို ဘာမျှမပြောနိုင်အောင် ပြုတော်မူမည်"(Calvin) ။ အသင်းတော်၏ရန်သူ၊ သန့်ရှင်းသူတို့ကို ကွပ်မျက်သောသူအဖို့ ဘုရားသခင်ပြင်ဆင်တော်မူသော အရာကို ဘုရားသခင် ဖော်ပြခဲ့ပါသည်။ ရှောလုခေတ်၌သန့်ရှင်းသူတို့ ညှဉ်းဆဲခြင်းခံရသောအခါ ယေရှုကိုယ်တိုင် ခံစားခဲ့သကဲ့သို့၊ ယာကုပ်ကွပ်မျက်ခြင်းခံရခြင်းနှင့် ပေတရုအားသတ်ခြင်းငှါ ကြိုးစားမှုကြောင့် ဘုရားသခင်ခံစားခဲ့ရ ၏။

ဟေရုဒ်သည်အလွန်ဝါကြွားခြင်းရှိ၍ အခြားသူတို့ကို ဘုရားကဲ့သို့ အုပ်စိုးရန်ကြိုးစားလာခဲ့၏။ သူသည်ဤကမ္ဘာလောက၌ ဘုရားသခင်၏ဒဏ်ခတ်ခြင်းကို ခံခဲ့ရ၏။ ထောင်လွှားမောက်မားခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရ၏။ သူသည်ပိုးကောင်တို့၏ ကိုက်စားခြင်းကိုခံရပါသည်။ အကြောင်းမဲ့ ဝါကြွားခြင်းရှိလျှင်၊ ကျွန်တော်တို့ မည်သို့ဖြစ်ပါမည်နည်း။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည်ဝါကြွားသောသူ၊ ဘုရားသခင်အတွက်သက်သေကောင်းမဟုတ်သောသူ ဖြစ်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်၏သခင်၊ကယ်တင်ရှင်ယေရှုခရစ်တော်နည်းတူ ကျင့်မည် အကြောင်းသွန်သင်တော်မူပါ။

သောကြာ ၊ ဇန်နဝါရီ (၂၉)
**တမန် ၁၂း၂၄-၂၅**
မဿဲ ၅း၁၇-၁၈

"ဖျက်ပယ်ခြင်းငှါ ငါလာသည်မဟုတ်။ ပြည့်စုံစေခြင်း ငှါ ငါလာသတည်း။"

# ဘုရားသခင်၏ နှုတ်ကပတ်တော်သည် တိုးပွါးကြီးထွားခြင်းရှိ၏

ဘုရားသခင်၏နှုတ်ကပတ်တော်သည် မိမိ၏ရည်ရွယ်ချက်ကို ပြည့်စုံစေလိမ့် မည်။ စုံလင်ခြင်းလည်း ရှိမည်ဖြစ်ပါသည်။ ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံး ဗိန္ဒုတလုံးမျှ ပြည့်စုံခြင်းသို့ မရောက်မှီမပျက်စီးရပါ။ မျိုးစေ့ကြဲသကဲ့သို့ ကြီးထွားခြင်းရှိ၍ ၊အချို့သည်အဆ သုံးဆယ်၊ အဆခြောက်ဆယ်နှင့် အဆတစ်ရာ ကြီးထွားပါလိမ့်မည်။ နှုတ်ကပတ်တော်ဟောပြော သောနေရာတိုင်း၌များစွာသောလူတို့သည်လက်ခံခဲ့ကြပြီး၊ ယုံကြည်သူတိုးပွါးခဲ့ပါသည်။ ထို့ကြောင့်၊ ယုံကြည်သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောခြင်းကို မရှက်မကြောက်ဆောင်ရွက်ကြ ရပါမည်။

ဒေါင်လိုက်ကြီးထွားခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကြီးထွားတိုးပွါးခြင်းရှိ၏။ အပင်များကဲ့သို့ သတင်းကောင်းဝေငှခြင်းအကျိုးသည် ကြီးထွားခြင်းဖြစ်၏။ ဒေါင်လိုက်ကြီးထွားခြင်း သည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းကို ဆိုလို၏။ ဘုရားသခင်၏နာမတော်သည် ပို၍ပို၍ ချီးမြှောက်ခြင်းခံကာ လူသိများလာမည်ဖြစ်ပါသည်။ ဘုရားသခင်၏သွန်သင်ချက်တို့သည် နာမတော်ချီးမြှောက်ခြင်း၊ ဘုန်းတော်ထင်ရှားခြင်းအတွက် ကျယ်ပျံ့စွာ ပျံ့နှံ့ပါလိမ့်မည်။ ယုံကြည်ခြင်းမရှိသောသူတို့ကပင်လျှင် ဘုရားသခင်နှင့်ဆိုင်သောအရာကို အထင်ကြီးလေးစားကြပါ လိမ့်မည်။ ဘုရားသခင်ကိုယုံကြည်ခြင်းမရှိသော်လည်း၊ ယုံကြည်သူအသက်တာ၌ ထင်ရှားသော ဘုရားသခင်၏တန်ခိုးတော်ကိုသူတို့ မြင်ကြရပါသည်။

အလျားလိုက်ကြီးထွားခြင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ယုံကြည်သူအရေ အတွက် ကြီးထွားခြင်းများပြားစေတော်မူ၏။ ထို့ကြောင့် ဤတိုးပွားခြင်းကို အလျားလိုက် ကြီးထွားခြင်းဟုခေါ်ပါသည်။ ဤကြီးထွားမှုသည် အရေအတွက်သာမဟုတ်ဘဲ၊ သတင်းကောင်း ရောက်ရှိရာအရပ် ကျယ်ပြန့်မှုကိုလည်းဆိုလိုပါသည်။နေရာများစွာ၌ နှုတ်ကပတ်တော်ရောက်ရှိပြီး၊ သခင်ယေရှုခရစ်တော်၏ သက်သေခံချက်များပြားခဲ့ပါသည်။

Calvin ကဤသို့ ရှင်းပြခဲ့ပါသည်-" ရှင်လုကာသည် ဟေရုဒ်ကွယ်လွန်ပြီးမှ အဖြစ် အပျက်ကိုသာမဟုတ်ဘဲ၊ ထိုအဖြစ်အပျက်ဖြင့် ကျွန်ုပ်တို့ကိုလည်း ခွန်အားပေးလျက်ရှိပါ သည်။ ဤသို့ဖြင့်ထိုအချိန်၌ ဘုရားပြုသောအမှုကိုခေတ်အဆက်ဆက် ဘုရားသခင်ပြုတော်မူ၍ သတင်းကောင်းသည် ရန်သူ၏တိုက်ခိုက်ခြင်းကို တိုက်လှန်လျက် ကြီးထွားမည်အကြောင်း၊ ကောင်း ကင်မှကောင်းကြီးမင်္ဂလာအားဖြင့် တိုးပွားခြင်းရှိမည် ဖြစ်ပါသည်။

သင်၏ခရစ်ယာန်အသက်တာကို ဘုရားသခင်၏နှုတ်ကပတ်တော်က ကြီးထွားပြောင်းလဲ စေပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည်သမ္မာကျမ်းစာ၏ အမှားကင်းလွတ်ခြင်းနှင့် မမှားနိုင်ခြင်းကို ယုံကြည်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို လက်ခံမည်အကြောင်း နှိမ့်ချသော စိတ်နှလုံးကို အကျွန်ုပ်အားပေးသနားတော်မူပါ။

စနေ၊ ဇန်နဝါရီ (၃၀)
**တမန် ၁၃း၁-၄**
လုကာ ၁၀း၁-၂

*"သခင်ဘုရားသည် အခြားသော တပည့်တော်ခုနစ်ကျိပ် တို့ကို ခန့်ထားတော်မူ၍. . . . မြို့တော်အရပ်ရပ်တို့ကို ရှေ့တော်၌နှစ်ယောက်စီနှစ်ယောက်စီ စေလွှတ်တော် မူ၏"*

# သာသနာအတွက်စေလွှတ်တော်မူခြင်း

သာသနာအမှုတော်သည် နည်းစနစ်သင်ကြားလေ့လာဖို့လိုအပ်သော စီးပွားရေးလုပ်ငန်းမဟုတ်ပါ။ လက်တွေ့စမ်းသပ်ခြင်းလိုအပ်သော စိုက်ပျိုးရေးလုပ်ငန်းလည်းမဟုတ်ပါ။ အစာရှောင်ဆုတောင်းခြင်းလိုအပ်သော ဝိညာဉ်နှင့်ဆိုင်သော အမှုတော်ဖြစ်ပါသည်။ဘုရားသခင်၏ အမှုတော်ဖြစ်သောကြောင့် ထိုဘုရားသခင်၏ ခေါ် တော်မူခြင်းခံဖို့လိုအပ်ပါသည်။ တမန်တော်ဝတ္ထုကိုလူများတို့က သန့်ရှင်းသောဝိညာဉ်တော်ပြုသောအမှုတော်ဟု ခေါ်တတ်ကြ၏။ သခင်ယေရှုခရစ်တော်ကောင်းကင်ဘုံသို့ ကြွတော်မူပြီးနောက် သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတို့ကို အသုံးပြု၍ သာသနာအမှုတော်ကိုဆောင်ရွက်တော်မူခဲ့ပါသည်။

<u>ရွေးချယ်ခဲ့ထားခြင်း</u>၊ " ရွေးချယ်ခဲ့ထားခြင်း" (တမန် ၂၃း၂) ဟူသောစကားသည် တစ်စုံတစ်ခုအတွက်အထူးရွေးထားခြင်းကို ဆိုလို၏။ အန္တိအုတ်မြို့အသင်းတော်၌ ရှိသော ယုံကြည်သူတို့သည် သာမန်လူများမဟုတ်ကြပါ။ အချို့သည် ပညာတတ်ဖြစ်၍ လေးစားခြင်းခံရသောပုဂ္ဂိုလ်များဖြစ်ကြပါသည်။ သူတို့သည်မိမိကိုယ်ကို မကိုးစားကြဘဲ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုကိုလုံးဝအားကိုးခဲ့ကြ၏။ "အသင်းတော်က ရွေးချယ်သည်ဟု မတွေ့ရပါ ၊ အကြောင်းမှာဘုရားသခင်ခေါ် တော်မူခြင်းဖြစ်ပါသည်။ဘုရားသခင်ရွေးချယ်သောသူတို့ကို အသင်းတော်က လက်ခံခြင်းသာဖြစ်ပါသည်။" (Calvin)

<u>စေလွှတ်ခြင်း</u> ၊ သန့်ရှင်းသောဝိညာဉ်တော်၏ အသံကိုအသင်းတော်သည် သံသယမဝင်ပါ။ ဝိညာဉ်တော်ကို ကိုးစားယုံကြည်ခဲ့ကြ၏။ ထို့ကြောင့် ရှောလုနှင့်ဗာနဗကို စေလွှတ်ခဲ့ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော် စေလွှတ်သောသူဖြစ်ကြသောကြောင့် ဝိညာဉ်တော်၏ လွှမ်းမိုးခြင်းတန်ခိုးနှင့်လမ်းပြမှုကို ခံကြရ၏။ ပထမအချက်မရှိလျှင် သွားခြင်းငှါမထိုက်တန်ကြ ၊ ဒုတိယအချက်မရှိလျှင်သွားခြင်းငှါ အခွင့်မရှိကြ၊ တတိယအချက်မရှိလျှင် အဘယ်အရပ်သို့သွားမည်ကို သိကြမည်မဟုတ် (Clarke) ။

သန့်ရှင်းသောဝိညာဉ်တော်က ထိုသို့စကားပြောပြီးမှသူတို့သည် ဆက်လက်၍ အစာရှောင်ဆုတောင်းခဲ့ကြ၏။ သူတို့အတွက်ဆုတောင်းကြပြီး နယ်ရပ်ခြားသို့ သတင်းကောင်းဟောပြောခြင်းငှါ သွားရမည်ဖြစ်သောကြောင့် ထိုအမှုတော်မြတ်အတွက် ဆက်ကပ်ခဲ့ကြ၏။

ယနေ့အသင်းတော်၌ သန့်ရှင်းသောဝိညာဉ်တော်ကို အလွန်အကျုံကိုးစားခြင်းရှိပါ၏။ သူတို့သည်ဝိညာဉ်တော်၏ အခန်းကဏ္ဍကို လွန်ကျူးစွာဖော်ပြတတ်ကြ၏။ တဖက်တွင် သန့်ရှင်းသောဝိညာဉ်တော်၏ အခန်းကဏ္ဍကို လုံးဝအလေးမထားသောသူများလည်းရှိကြ၏။ ထိုသို့သောအမြင်သည် သမ္မာကျမ်းစာနှင့်ကိုက်ညီမှုမရှိပါ။

**ဆင်ခြင်ရန်** - ဝေးလံသောနယ်ခြားအရပ်သို့ သာသနာပြုဆရာအဖြစ်ကျွန်တော်သွားလိုပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏သာသနာပြုဆရာများကြောင့် ကိုယ်တော်သည် ဘုန်းအာနုဘော်အပေါင်းနှင့်ပြည့်စုံတော်မူပါစေသော်။

"ထိုအိမ်သည် ထိုက်တန်လျှင်သင်တို့မြွက်သောမင်္ဂလာ ရောက်စေသတည်း"

## သာသနာပြုခြင်း၌ဆန့်ကျင်မှုများ

သာသနာပြုခြင်းသည် တိုက်ပွဲဆင်နွှဲခြင်းဖြစ်၏။ ရန်သူ၏နယ်ပယ်ကို ဝင်ရောက်သိမ်းပိုက်ခြင်းဖြစ်ပါသည်။ သာသနာပြုဆရာသည် ကစားကွင်း၌ မဟုတ်ဘဲ၊ စစ်မြေပြင်၌ နေသောသူဖြစ်ပါသည်။ ဝိညာဉ်တော်၏အမိန့်တော်ကို နာခံလျက် ၊ ရှောလုနှင့်ဗာနဗသည် အချိန်မဆွဲဘဲ ထွက်ခွဲခဲ့ကြ၏။ သူတို့သည် ငွေရေးကြေးရေးနှင့်ယနေ့သာသနာပြုဆရာအချို့ စိုးရိမ်သောအရာတို့ကို စိတ်ထဲမထားဘဲ သွားကြ၏။ သူတို့သည် ချက်ချင်းထွက်သွား၍ ဝိညာဉ်တော်၏ အမိန့်တော်ကို နာခံလိုက်လျှောက်ခဲ့ကြပါသည်။

<u>ယုံကြည်ခြင်းမှလွဲအံ့သောငှါ</u>၊ လမ်းလွဲခြင်းသည် ယုံကြည်ခြင်းမှ လွဲသွားခြင်းပင်ဖြစ်ပါသည်။ "ဘုရားသခင်အမှုပြုတော်မူသောအခါ၊ စာတန်သည်လည်းအလုပ်လုပ်၏" ဤအချက်သည် ရန်သူနယ်ပယ်သို့ ရှောလု (ပေါလု) ဝင်ရောက်သောအခါ ထင်ရှားလှပါသည်။ ကုပရုကျွန်း၏ တဖက်စွန်း၌ရှိသောပါဖုမြို့သို့ရောက်သောအခါ၊ ထိုမြို့ဝန်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကြားနားလိုသောအခါ နတ်ဝိဇ္ဇာအတတ်သမားဗာယေရှု (Elymas) ကသူတို့ကို ဆန့်ကျင်ခဲ့ပါသည်။ ပေါလုသည် ဝိညာဉ်တော်နှင့် ပြည့်ဝသဖြင့် ကြောက်ရွံ့ခြင်းမရှိဘဲ ရန်သူကိုရင်ဆိုင်ခြင်းငှါ သတ္တိရှိခဲ့ပါသည်။ ဤသည်ကား လူတို့အား ခရစ်တော်ထံမလာခြင်းငှါ စာတန်အသုံးပြုသော တားဆီးခြင်းနည်းလမ်းဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်မကြားနာကြခြင်းငှါ ဆီးတားတတ်၏။ လူတို့နှင့်သမ္မာကျမ်းစာမနီးစပ်နိုင်အောင်ပြုခဲ့သောသာဓကများစွာ ရှိခဲ့ပါသည်။

<u>ဖြောင့်မတ်သောလမ်းခရီးကို ဖျက်ဆီးခြင်းငှါ</u>၊ "ဖျက်ဆီး" (တမန်၁၃း၁၀) ဟူသောစကားလုံးသည်"လွဲအံ့သောငှါ" ဟူသော တမန်၁၃း၈ နှင့်တူညီပါ၏။ သန့်ရှင်းသောဝိညာဉ်တော်က ပေါလုအား မာရ်နတ်၏ဆန့်ကျင်မှုကို ရင်ဆိုင်ခြင်းငှါ ခွန်အားသတ္တိပေးတော်မူ၏။ ရန်သူကိုရဲရင့်စွာရင်ဆိုင်သောအခါ၊ဆိုးသွမ်းသောရန်သူ၏ ရည်ရွယ်ချက်ကို ဖော်ထုတ်ခဲ့ပါသည်။ ဘုရားသခင်၏ တန်ခိုးတော်ကြောင့် ပေါလုသည် ဝိညာဉ်တော်၏ဦးဆောင်မှုဖြင့် ရန်သူကိုရင်ဆိုင်ခဲ့ပါသည်။ ဗာယေရှုသည် ပေါလု၏စကားအတိုင်း မျက်စိကွယ်ခဲ့ပါသည်။

ဝိညာဉ်ဆကျေးဇူးကို အလွန်အကျွံယုံကြည်သော သူတို့က ပေါလုကိုအတုယူ၍ မာရ်နတ်ကို တိုက်ခိုက်တတ်ကြ၏။ သို့သော်လည်း၊ ပေါလုက မိမိ၏ ဩဝါဒစာစောင်တို့တွင် မိမိတပည့်တို့အား ထိုသို့ပြုခြင်းငှါ ဘယ်သောအခါမျှ အကြံမပေးခဲ့ကြောင်းတွေ့ရပါသည်။ ဤနိမိတ်လက္ခဏာက ပေါလုဟောပြောသော ခရစ်တော်ယေရှု၏ ကယ်တင်ခြင်းတရား မှန်ကန်ကြောင်း သက်သေပြခဲ့ပါသည်။ ထိုမြို့ဝန်သည် ဘုရားသခင်၏ သွန်သင်မှုကို ယုံကြည်ခဲ့ပါသည်။

ဝိညာဉ်ကယ်တင်ခြင်းအတွက် ဝိညာဉ်တော်က အမှုပြုတော်မူ၏။ ရန်သူ၏ဆန့်ကျင်တိုက်ခိုက်ခြင်းသည် ကြောက်လန့်စရာကောင်းသည်ဟု ထင်ရသော်လည်း ဝိညာဉ်တော်သည် ရန်သူကို အစဉ်အောင်နိုင်သောသူဖြစ်တော်မူ၏။ အဘယ်အမှုတော်ကိုမျှ ဝိညာဉ်တော်မပါဘဲ မပြုပါနှင့်။

**ဆင်ခြင်ရန်** - ဧဝံဂေလိတရားဟောဆရာအနေဖြင့် ရင်ဆိုင်ရမည့်အခက်အခဲကို ကျော်ဖြတ်ရန် ကျွန်တော်အဆင်သင့်ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ အမှုတော်ကို ဆောင်ရွက်စဉ် ကိုယ်တော်၏ ကျေးဇူးတော်ကို အကျွန်ုပ်အားလုံလောက်စွာ စံစားစေတော်မူပါ။

တနင်္လာ၊ ဖေဖော်ဝါရီ (၁)

**တမန် ၁၃း၁၃**

လုကာ ၉း၂၃-၂၄

*"အကြင်သူသည် မိမိအသက်ကိုကယ်ဆယ်ခြင်းငှါ အလိုရှိ၏။ ထိုသူသည် အသက်ဆုံးရှုံးလိမ့်မည်"*

## သာသနာပြုခြင်း၏အဖိုးအခ

တိုက်ပွဲ၌ သေကျေဒဏ်ရာရသောသူ ရှိစမြဲဖြစ်ပါသည်။ ထိုနည်းတူ သာသနာပြုခြင်း၌လည်းဖြစ်ပါသည်။ လမ်းခရီး၌စိတ်ဓာတ်ကျ၍ နောက်ဆုတ်ပြန်သွားသောသူများလည်းရှိကြပါသည်။ သာသနာပြုခြင်းကို အပျော်ခရီးထွက်သဖွယ်ထင်ကြသောသူတို့သည် လှည့်ပြန်သွားတတ်ကြ၏။ ယနေ့၌တွေ့ရသော အချိန်တိုသာသနာပြုခြင်းက များစွာသောလူတို့ကို ဒုက္ခရောက်စေပါသည်။ အကြောင်းမှာ သူတို့သည်သာသနာ၏ "ဟန်းနီးမွန်း" အဆင့်ကိုသာ ကြုံတွေ့ကြသောကြောင့်ဖြစ်ပါသည်။ မိမိတို့၏အဝတ်အစားတို့ကို ထုတ်သိမ်း၍ချက်ချင်းလှည့်ပြန်တတ်ကြ၏။ ထိုသို့သော လှည့်ပြန်ခြင်းက အခြားသာသနာပြုဆရာများနှင့် သာသနာနယ်၌ရှိသောလူတို့ကို ဖြစ်စေတတ်ပါသည်။

<u>ထွက်သွားခဲ့၏၊</u> ယောဟန်သည် သာသနာပြုအဖွဲ့ကို ထားခဲ့လေ၏။ "ထွက်" (တမန် ၁၃း၁၃) ဟူသောစကားလုံးသည် ပစ်ထားခြင်းကိုဆိုလို၏။ ဆိုလိုသည်မှာ သာသနာအဖွဲ့သို့ ပြန်မဝင်လိုတော့သောစိတ်ဖြင့် ရပ်နားခြင်းဖြစ်ပါသည်။ "တမန် ၁၅း၃၈ အရ၊ သူသည် အပြစ်တင်သင့်သောသူဖြစ်ကြောင်း ရှင်းလင်းစွာတွေ့ရပါသည်။ ထို့ကြောင့် ပေါလုက သူ့ကိုသူတို့အဖွဲ့၌ ပြန်၍လက်မခံလိုခြင်းဖြစ်ပါသည်" (Barnes)။

<u>ပြန်သွားခဲ့၏၊</u> အဖွဲ့နှင့်အတူ ခရီးဆက်မသွားဘဲ ယေရုရှလင်မြို့သို့ ပြန်သွားခဲ့၏။ အမှုတော်ဆောင်ခြင်းမှထွက်သွား၍ မိမိမူလနေရာသို့ ပြန်သွားခြင်းဖြစ်ပါသည်။ မိမိအိမ်သို့ ပြန်သွားခြင်းက အပြင်၌ကြုံတွေ့ရမည့်အခက်အခဲဒုက္ခကို ကြောက်ရွံ့ခြင်းရှိသည်ဟု ဖော်ပြလျက်ရှိပါသည်။

ခေါ်ခြင်းခံရသောအစေခံကျွန်တိုင်းအတွက်၊ အိမ်ပြန်လာခြင်းငှါ မျှော်လင့်ခြင်းမရှိဘဲ ဆုံးဖြတ်ချက်ခိုင်မာစွာချလျက် သာသနာပြုခြင်းသို့ သွားကြရပါမည်။ ဘုရားသခင်ထားတော်မူသောအရပ်ကို မိမိ၏အိမ်ဟုသတ်မှတ်ရပါမည်။ ဤသီချင်းအတိုင်း ခံယူကြရမည်။ "ဤကမ္ဘာ၌ အဘယ်နေရာဘဲဖြစ်ဖြစ် ပြဿနာမရှိပါ။ တောင်ထိပ်မှာဘဲဖြစ်ဖြစ်၊ ချိုင့်ဝှမ်းမှာဘဲဖြစ်ဖြစ်၊ တဲအိမ် (သို့) အိမ်အကောင်းစားမှာဘဲဖြစ်ဖြစ် ယေရှုရှိသောနေရာသည် ကောင်းကင်ဘုံပေတည်း။ အိုဟာလေလုယ၊ ထိုအရပ်သည် ကောင်းကင်ဘုံပေတည်း၊ အကျွန်ုပ်အပြစ်ခွင့်လွှတ်ခြင်းခံရကြောင်း သိခြင်းရှိသောကြောင့်၊ ကုန်းမှာဖြစ်ဖြစ် ပင်လယ်မှာဖြစ်ဖြစ် ဘာပြဿနာမှမရှိပါ။ ယေရှုရှိတော်မူသောအရပ်သည် ကောင်းကင်ဘုံပေတည်း"။

သင်နေထိုင်ရာအိမ် ကွန်ဒိုကို ထားခဲ့ပြီး၊ တဲအိမ်လေးမှာနေရမည်ဖြစ်သောကြောင့် သာသနာပြုခြင်းငှါ မသွားဘဲ သင်တုံ့ဆိုင်းနေပါသလား။ သင့်၏မိသားစု၊ ဆွေမျိုးတို့ကို ထားခဲ့ရမည်ဖြစ်သောကြောင့် ခက်ခဲနေပါသလား။ အလုပ်ထွက်ဖို့ မိမိ၏လုပ်ငန်းကို အခြားသူထံထားခဲ့ရမည်ကို သင့်အဖို့ အလွန်ခက်ခဲနေပါသလား။ အဖိုးအခကို ရေတွက်ကြည့်ပါလော့။

**ဆင်ခြင်ရန်** - အကျွန်ုပ်ကားတိုင်ကိုထမ်း၍ ယေရှုနောက်လိုက်ခြင်းငှါ ကျွန်တော်ဆန္ဒရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ခြင်းငှါ ကျွန်တော်ကြိုးစားအားထုတ်စဉ် အကျွန်ုပ်ကိုခွန်အားပေးတော်မူပါ။

**တမန် ၁၃း၁၄-၁၅**
ယောဟန် ၁၇း၆-၈

*“ဤလောကထဲမှယူ၍ အကျွန်ုပ်၌အပ်ပေးတော်မူသော သူတို့အား အကျွန်ုပ်သည် ကိုယ်တော်၏နာမကို ပြသပြီ”*

## သာသနာပြုခြင်း၌ ဘုရားသခင်၏ကွယ်ကာလမ်းပြတော်မူခြင်း

သာသနာပြုခြင်းအမှုတော်၌ ဘုရားသခင်လမ်းပြဦးဆောင်တော်မူလျှင် အမှုတော်ဆောင်အတွက် ဖွင့်ထားသောတံခါးအစဉ်ရှိပါလိမ့်မည်။ ထိုအခွင့်အခါကို ချက်ချင်း (သို့) နှစ်ပေါင်းကြာမှ ဘုရားသခင်၏ချိန်းချက်ထားသည့်အတိုင်း မြင်တွေ့ရမည်ဖြစ်ပါသည်။ ဘုရားသခင်၏အလိုအတိုင်း ဖြစ်ပါသည်။ သာသပြုဆရာသိရမည်မှာ ဘုရားသခင်ကအကြောင်းမဲ့စေလွှတ်တော်မမူဟူသော အချက်ဖြစ်ပါသည်။ ဘုရားသခင်၏ရည်ရွယ်ချက်ကို စိတ်ရှည်စွာစောင့်လျက်၊ ဘုရားသခင်ပြင်ဆင်တော်မူမည့်အရာကို ဘုရားသခင်အားယုံကြည်ကိုးစား၍ စောင့်နေရပါမည်။

<u>ဖွင့်ထားသောတံခါး၊</u> ပိသိဒိပြည်မှ အန္တိအုတ်မြို့သည် အာရှပိုင်နက်၌ တည်ရှိပါသည်။ ဤမြို့သည် ဂလာတိပြည်နယ်၏အုပ်ချုပ်ရေးနှင့် စစ်ပိုင်းဆိုင်ရာ ဌာနချုပ်ဖြစ်ပါသည်။ ထို့ကြောင့် သာသနာပြုအဖွဲ့သည် ထိုဒေသရှိအိမ်နီးချင်းမြို့များကို ထိုမြို့မှလှေ့လာခဲ့ကြပါသည်။ ဘုရားသခင်က သူတို့ကို ထိုအရပ်သို့ခေါ်ဆောင်ခဲ့ပြီး ထိုမြို့ရှိတရားစရပ်သည် ဘုရားဖွင့်ပေးတော်မူသောနေရာဖြစ်ခဲ့ပါသည်။ ယုဒလူတို့သည် ခရစ်တော်အကြောင်း ပရောဖက်ပြုချက်တို့ကို သိခဲ့ကြသောကြောင့် သူတို့ကို အခွင့်အရေးပေးခဲ့ကြပါသည်။ ပေါလုနှင့် ဗာနဗတို့သည် ယုဒလူဖြစ်ကြသောကြောင့် သူတို့နှင့် မိဿဟာယဖွဲ့ခြင်း၌ တားမြစ်ခြင်းမခံရခဲ့ကြပါ။

<u>ခွန်အားပေးခြင်းငှါ အခွင့်အရေး၊</u> ဘုရားသခင်၏လက်တော်ကြောင့် တရားစရပ်မှူးတို့သည် ပေါလုနှင့်သူ၏အဖွဲ့ကို တခုခုပြောကြားရန် ဖိတ်ခေါ်ဖို့စိတ်နှလုံးတို့ထိခြင်းခံရကြ၏။ ဘုရားသခင်သည် သူတို့၏ခရီးစဉ်ကို လမ်းပြဦးဆောင်တော်မူ၍ တရားဟောရသောအခွင့်ရခဲ့ကြ၏။ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့ကို ဖတ်ခြင်းဖြင့် လူတို့၏စိတ်နှလုံးပြင်ဆင်ခဲ့ပြီးမှ ပေါလုသည် တရားဟောရန် ဖိတ်ခေါ်ခြင်းခံရ၏။ သူတို့ဖတ်ခဲ့သော သမ္မာကျမ်းပိုဒ်သည် မေရှိယ၏အကြောင်းဖြစ်ခဲ့ပါလိမ့်မည်။ “သံချောင်းကိုပူနေစဉ် ထုလော့” ဟူသောစကားပုံအတိုင်း ပေါလုသည် အချိန်မဆွဲဘဲ သတင်းကောင်းကိုဟောပြောခဲ့ပါသည်။

သာသနာပြုဆရာတိုင်းသည် မိမိ၏သခင်၏အကြောင်းကို ဟောပြောခြင်းငှါ အစဉ်အသင့်ရှိရပါမည်။ ၂ တိ ၄း၁-၂ ကိုဖတ်ပါလော့။ မဟာစေခိုင်းချက်သည် ယုံကြည်သူတိုင်းအတွက်ဖြစ်သောကြောင့် သခင်ယေရှုအကြောင်းကို ဟောပြောခြင်းငှါ အစဉ်အသင့်ရှိကြရပါမည်။ သင်သည် စကားပြောကောင်းသောသူအဖြစ် သတင်းကောင်းကို စနစ်တကျမဟောပြောတတ်သောသူဖြစ်နိုင်ပါသည်။ သို့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ မစတော်မူခြင်းကို ဘုရားသခင်ထံတောင်းလျှောက်လျှင် ဟောပြောမည့်စကားကို ပေးတော်မူလိမ့်မည်။ ဘုရားသခင်က မိမိအားယုံကြည်ခြင်းငှါ သင့်ကိုမည်ကဲ့သို့ခေါ်ဆောင်ခဲ့ကြောင်း သက်သေခံချက်ပင်လျှင် အံ့ဖွယ်တရားဟောချက်ဖြစ်နေပါပြီ။ အစဉ်အသင့်ရှိပါလော့။

**ဆင်ခြင်ရန်** - သတင်းကောင်းဝေငှရသောအခွင့်ကြောင့် ကျွန်တော်ကျေးဇူးတင်လှပါသည်။
**ဆုတောင်းချက်**- အဘဘုရား၊ ကယ်တင်ခြင်းခံရသောသူတို့ကြောင့် ဝမ်းမြောက်ခြင်းရှိပါ၏။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၃)
**တမန် ၁၃း၁၆-၃၇**
ရောမ ၃း၂၄-၂၆

*"ယေရှုခရစ်ရွေးနှုတ်တော်မူသောအားဖြင့် အဘိုးကိုမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏"*

## ဧဝံဂေလိတရားဟောခြင်း

သမ္မာကျမ်းစာ၌ အဓိကအကြောင်းတစ်ချက်သာ ပါရှိပါသည် - သခင်ယေရှုခရစ်တော်ပေတည်း။ သာသနာပြုဆရာတို့သည် သမ္မာကျမ်းစာကို လူမျိုးတို့၏ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုရှိစေရန် ပြောင်းလဲဟောပြောခြင်းမပြုရပါ။ ယုဒလူတို့ထံဟောသောတရားသည် တပါးအမျိုးသားတို့ထံဟောသောတရားနှင့် အတူတူပင်ဖြစ်ပါသည်။ ယခုရှင်ပေါလုဟောပြောခြင်းသည် အနည်းငယ်ထူးခြားမှုရှိနိုင်ပါသည်။ အကြောင်းမှာ ယုဒလူတို့နှင့်တပါးအမျိုးသားတို့၏ သမ္မာကျမ်းစာ သိကျွမ်းခြင်းသည် မတူညီခဲ့ကြပါ။ သို့သော်လည်းအကြောင်းအရာနှင့် ရည်ရွယ်ချက်သည် အတူတူပင်ဖြစ်ပါသည်။ တရားဟောဆရာသည် ကြားနာသောသူတို့နားထောင်ကောင်းအောင် တရားဟောချက်အကြောင်းအရာကို မပြောင်းလဲရပါ။

<u>ရွေးနှုတ်ကယ်တင်ခြင်းဂတိတော်</u>၊ တမန်တော်ပေါလုသည် ဓမ္မဟောင်းကျမ်းကို သိကျွမ်းရင်းနှီးသောသူဖြစ်သောကြောင့် ရွေးနှုတ်ကယ်တင်သော အရှင်ယေရှုအကြောင်းဂတိတော် ထားခြင်းအကြောင်းကို ဣသရေလအမျိုး မွေးဖွားလာခြင်းမှစ၍ ဒါဝိတ်အထိ ရှင်းလင်းစွာအတိုးချုံးဟောပြောခဲ့ ပါသည်။ ထိုယေရှုအကြောင်းကို ဗတ္တိဇံဆရာယောဟန်ကလည်း သက်သေခံခဲ့ကြောင်းဟောပြောခဲ့ ပါသည်။ ထို့နောက်ဤသို့ဖိတ်ခေါ်ခြင်းပြုခဲ့ပါသည်- "ဤကယ်တင်တော်မူခြင်း တရားစကားကိုသင် တို့အားကြားလိုက်တော်မူ၏" (တမန် ၁၃း၂၆)။ ဤကယ်တင်ခြင်းစကားသည် ယေရှုရှလင်မြို့အာဏာ ရှိတို့၏ လက်၌ ယေရှုဝေဒနာခံတော်မူခြင်း၊ လူတို့၏အဖြစ်အတွက် အခပေးခြင်းငှါ ကားတိုင်ပေါ်၌ တင်သက်ခြင်းကို ဆိုလိုပါသည်။

<u>ရှင်ပြန်ထမြောက်ခြင်းဂတိတော်</u>၊ သတင်းကောင်းသည် ယေရှုသေခြင်း၌ အဆုံးမသတ်ပါ။ ပေါလုက ယေရှု၏ရှင်ပြန်ထမြောက်ခြင်းကိုလည်း ဖော်ပြခဲ့ပါသည်။ ဤထမြောက်တော်မူခြင်းကို လူအနည်းကမဟုတ်၊ များစွာသော လူတို့က မြင်တွေ့ခဲ့ကြကြောင်း သက်သေခံခဲ့ပါသည်။ ပေါလုက ခရစ်တော်ရှင်ပြန်ထမြောက်တော်မူခြင်းကို မေရှိယအကြောင်းရေးသားထားသော (ဆာလံ ၂း၇) ဖြင့် သက်သေခံဖော်ပြခဲ့ပါသည်။ ယေရှုသည် ပျက်စီးပုပ်သိုးခြင်းမခံရဘဲ၊ သုံးရက်မြောက်သောနေ့ တွင် ဘုရားသခင်က ထမြောက်စေတော်မူ၏။ ဤသည်ကား ကယ်တင်ခြင်းသတင်းစကားဖြစ်ပါသည်။ ရောမ ၁၀း၉-၁၀ ထဲ၌ ပေါလု၏အတိုကောက်ဖော်ပြချက်ကို ဖတ်ပါလော့။

ဧဝံဂေလိတရားဟောရန် အသုံးဝင်သောကျမ်းချက်တို့ကို သင်သိပါသလား။ ကယ်တင်ခြင်းမရသေးသော သူတို့ထံ ထိုကျမ်းချက်တို့ကို ဖတ်ပေးရန်နှင့် မိမိကိုယ်တိုင်ကလည်း အလွယ်တကူ မှတ်သားနိုင်ရန် သိရှိဖို့လိုအပ်ပါသည်။ သင်၏ကယ်တင်ခြင်းအကြောင်း သက်သေခံပြီးမှ သမ္မာကျမ်းစာဖြင့် ထောက်ပြလျက် ကယ်တင်ခြင်းသည် မိမိ၏စိတ်ကူးယဉ်မဟုတ်ဘဲ ဘုရားသခင်ပြုသောအမှုဖြစ်ကြောင်း သက်သေပြပါလော့။

**ဆင်ခြင်ရန်** - သတင်းကောင်းဝေငှခြင်း၌ သမ္မာကျမ်းစာအတိုင်း ကျွန်တော်သစ္စာရှိစွာ ဟောပြောပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏စုံလင်သောနှုတ်ကပတ်တော်ကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

*". . . ဤမျှလောက် ကြီးစွာသောကယ်တင်တော်မူခြင်း
တရားကို ငါတို့သည်နားမထောင်ဘဲနေလျှင်၊
အပြစ်ဒဏ်နှင့် အဘယ်သို့လွတ်ကြလိမ့်မည်နည်း"*

# ကယ်တင်ခြင်းတရား၏ဖိတ်ခေါ်ခြင်း

တရားဟောချက်အပြီး၌ ဖိတ်ခေါ်ခြင်းပြုလုပ်ခြင်းကို သေချာစဉ်းစားဖို့လိုပါသည်။ များစွာသောအသင်းတော်တို့သည် ပရိသတ်လူထုကို လက်ထောင်စေခြင်း၊ မတ်တပ်ရပ်စေခြင်းနှင့် ရှေ့သို့ခေါ်၍ တရားဟောဆရာနှင့်အတူ အပြစ်သားဆုတောင်းခြင်းပြုစေတတ်ကြပါသည်။ ထိုသို့ပြုခြင်း၌ ခရစ်တော်ကို အမှန်လက်ခံသောစစ်မှန်သောယုံကြည်သူရှိနိုင်ပါသည်။ သို့သော်လည်း "ထိုသို့ဆုံးဖြတ်ချက်" ပြုသောသူဘယ်နှစ်ယောက်ရှိသနည်းဟူသော အချက်က အရေးကြီးဆုံးအရာမဟုတ်သောကြောင့်၊ ဆုတောင်းခြင်းနှင့်တကွ ထိုအမှုကိုပြုကြရပါမည်။ ယနေ့ကျမ်းပိုဒ်သည် အရေအတွက်အရေးကြီးဆုံးဖြစ်သည်ဟူသော အချက်မတွေ့ရပါ။ စစ်မှန်သောဝန်ခံခြင်းထက် အရေအတွက်အရေးကြီး၏ဟူသော အရာသည် စာတန်၏လှည့်စားချက်ဖြစ်ပါသည်။ ဤသို့လှည့်စားခြင်း၌ စာတန်သည် အောင်မြင်မှုရလျက်ရှိပါသည်။

<u>ခရစ်တော်၌တည်သောယုံကြည်ခြင်း</u>၊ တမန်တော်ပေါလုက ဖိတ်ခေါ်ခြင်းပြုခဲ့ပြီဖြစ်သော်လည်း ယခုထပ်၍ ယုဒလူတို့အား ယေရှုခရစ်တော်ကို ယုံကြည်ခြင်း၏ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ ဖိတ်ခေါ်ခဲ့ပါသည်။ ဖြောင့်မတ်ခြင်းဆိုသည်မှာ အပြစ်သားကိုအပြစ်လွှတ်၍ သန့်ရှင်းသောဘုရားသခင်ရှေ့၌ ဖြောင့်မတ်သောသူအဖြစ် တရားဝင်ရေတွက်ဝင်ခြင်းဖြစ်ပါသည်။ ဤအမှုသည် မောရှေ၏ ပညတ်တော်အားဖြင့်မဖြစ်နိုင်ပါ၊ ပညတ်တော်ကို အဘယ်သူကမျှ စုံလင်စွာမလိုက်လျှောက်နိုင်ကြပါ။ ယေရှုခရစ်တော်၊ ဘုရားသခင်၏အပြစ်ကင်းသော သိုးသငယ်ကပညတ်တော်ကို စုံလင်စွာစောင့်တော်မူခဲ့ပြီး၊ လူသားအပြစ်အတွက် မိမိအသွေးတော်ကို သွန်းလောင်းတော်မူခဲ့၏။ ထို့ကြောင့် ယေရှုခရစ်တော်ယုံကြည်ခြင်းအားဖြင့်သာ လူသည် ဖြောင့်မတ်ခြင်းသို့ရောက်၍ ဘုရားရှေ့၌ ဖြောင့်မတ်သောသူဟုရေတွက်ခြင်းခံရ၏။

<u>ခရစ်တော်ကိုမယုံကြည်ခြင်း</u>၊ ပေါလုက အချို့သောသူသည် မယုံကြည်မည်အကြောင်း၊ မိမိဟောပြောချက်ကို ဆန့်ကျင်မည်အကြောင်း သတိပေးခဲ့ပါသည်။ ထိုသို့ အမှတ်ရစေခြင်းငှါ ဟဗက္ကုက်အနာဂတ္တိကျမ်းကို ကိုးကားခဲ့ပါသည်။ ကယ်တင်ခြင်းသတင်းကောင်းကို မထီမဲ့မြင်ပြု၍ မယုံကြည်ဘဲနေသောသူတို့သည် ပျက်စီးခြင်းသို့ရောက်ကြပါမည်။ယုဒလူတို့သည် တရားဟောချက်ကို ငြင်းပယ်ခဲ့ကြသော်လည်း၊ ယုဒလူမျိုးခံယူသည်ဟု ထင်ရသောတပါးအမျိုးသားတို့သည် နှုတ်ကပတ်တော်ဟောပြောခြင်းကို နားထောင်ခြင်းငှါ မျှော်လင့်ခြင်းရှိကြ၏။ ထိုသို့ ကျွန်ုပ်တို့၏ အသင်းတော်သည်လည်း ဖြစ်မည်အကြောင်း ဆုတောင်းကြပါစို့။ သင်းအုပ်ဆရာ၊ တရားဟောဆရာတို့နှင့် ကျွန်ုပ်တို့ဆုတောင်းလျှင် အသင်းသူအသင်းသားတို့သည် ဘုရားကျောင်းတတ်၍ နှုတ်ကပတ်တော်ကြားနာခြင်းငှါ တောင့်တခြင်းရှိကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကယ်တင်ခြင်းသတင်းကောင်းကို လူတကာတို့ထံ ကျွန်တော်ဟောပြောပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်ကိုချစ်သကဲ့သို့ ပျောက်ဆုံးဝိညာဉ်ကို ကျွန်တော်ချစ်မည်အကြောင်း ချစ်တတ်သောစိတ်နှလုံးပေးသနားတော်မူပါ။

**တမန် ၁၃း၄၄-၄၉**

ယောဟန် ၁၀း၂၅-၂၈

*“ငါ့သိုးတို့သည် ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏”*

## ဘုရားသခင်၏နှုတ်ကပတ်တော်ကြားနာသောသူများ

နှုတ်ကပတ်တရားတော်ကြားနာသောသူတိုင်းက ထိုတရားကိုယုံကြည်ကြမည်မဟုတ်ပါ။ ကျွန်တော်တို့သည် ကြားနာသူတိုင်းကို ယုံကြည်စေချင်သော်လည်း၊ သမ္မာကျမ်းစာက မိမိကိုယ်ကို ကယ်တင်ခြင်းနှင့်မထိုက်တန်ဟု လက်ခံသောသူရှိကြောင်း ဖော်ပြခဲ့ပါသည်။ ကျွန်တော်တို့သည် အကောင်းဆုံးပြင်ဆင်၍ တရားတော်ကို ဘုရားသခင်၏တန်ခိုးတော်ဖြင့် ဟောပြောကြရမည်။ ရလဒ်သည် ဘုရားသခင်လက်တော်၌ရှိ၏။ ထို့ကြောင့် အကောင်းဆုံးကျွန်တော်တို့ကြိုးစားပြီး၊ ကျန်အပိုင်းကို ဘုရားလက်တော်၌ အပ်ထားကြရပါမည်။။ “ကျွန်တော်တို့လုပ်နိုင်သောအရာကို လုပ်ပြီး မလုပ်နိုင်သောအရာကိုမူ ဘုရားသခင်ကပြုတော်မူလိမ့်မည်” (Khoo)။

<u>ငြင်းပယ်သောသူများ၊</u> ပေါလုဟောပြောသောတရားကို ငြင်းပယ်သောယုဒလူတို့သည် ငြူစူသောစိတ်နှင့်ပြည့်နေကြ၏။ တမြို့လုံးနီးပါး ဘုရားသခင်၏နှုတ်ကပတ်တော်ကြားနာခြင်းငှါ စုဝေးကြသောကြောင့် သူတို့သည်ငြူစူသောစိတ်ရှိကြ၏။ သမ္မာကျမ်းစာကိုသိခြင်းငှါ စုဝေးကြသောလူအုပ်ကြောင့် သူတို့သည် ပျော်ရွှင်ခဲ့သင့်ပါသည်။ သို့သော်လည်း တပါးအမျိုးသားတို့သည် ဘုရားသခင်၏နိုင်ငံတော်နှင့်မထိုက်တန်ဟု သူတို့ထင်ကြသောကြောင့် ဒေါသထွက်ကြခြင်းဖြစ်ပါသည်။ ထိုသို့ဆန့်ကျင်ခြင်းပြုကြသောကြောင့် တမန်တော်ကသူတို့သည် မိမိကိုယ်ကိုထာဝရအသက်နှင့် မထိုက်တန်ကြောင်း ပြသကြ၏ဟုဆိုကာ တစ်ပါးအမျိုးသားတို့ထံသို့ လှည့်ကြ၏။

<u>လက်ခံသောသူများ၊</u> ဘုရားသခင်၏အမိန့်တော်ကား တမန်တော်တို့သည် ဤကမ္ဘာစွန်းတိုင်အောင် ကယ်တင်ခြင်းသတင်းကောင်းရောက်မည်အကြောင်း တပါးအမျိုးသားတို့အတွက် အလင်းဖြစ်ကြမည်ဟူသော အကြောင်းကို ဖော်ပြခဲ့ကြ၏။ တပါးအမျိုးသားတို့သည် ဤအကြောင်းကို သိသောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ချီးမြှောက်ခဲ့ကြ၏။ မှတ်သားစရာကောင်းသည်မှာ ယုံကြည်သောသူတို့သည် ထာဝရအသက်ရရန် ဘုရားသခင်ခန့်ထားတော်မူသောသူများ ဖြစ်ကြ၏ဟူ၍ဖြစ်ပါသည်။ ဤကမ္ဘာမတည်မရှိမီ ရွေးကောက်ခြင်းခံရသောသူများဖြစ်၍ အချိန်တန်မှယုံကြည်ခဲ့ကြ၏။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပျံ့နှံ့၍ထိုဒေသရှိ အနီးအနားမြို့တို့တွင် တရားဟောခဲ့ကြ၏။ ဤအဖြစ်အပျက်သည် တပါးအမျိုးသားတို့က သတင်းကောင်းကိုယုံကြည်လက်ခံပြီးနောက် ဖြစ်ပျက်ခြင်းဖြစ်ပါသည်။ သူတို့သည် မိမိကိုယ်ကိုအတွက်သာ မသိမ်းထားကြပါ။ အခြားသူတို့သည်လည်း သခင်ယေရှုခရစ်တော်ကိုသိပြီး ယုံကြည်ကြခြင်းငှါ အလိုရှိကြ၏။ လူများတို့က နှုတ်ကပတ်တော်ယုံကြည်ကြမည်ကို သင်အလိုရှိပါသလား။ သူတပါးတို့သည် သတင်းကောင်းကို ကြားကြစေခြင်းငှါ သင်ဘာလုပ်ရပါမည်နည်း။

**ဆင်ခြင်ရန်** - ယုံကြည်ခြင်းရှိသောသူတို့ကြောင့် သင်ဝမ်းမြောက်ခြင်းရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ခရစ်တော်၌တည်သော ကိုယ်တော်၏ကယ်တင်တော်မူခြင်းသည် အလွန်ကြွယ်ဝများပြား၍ အဖိုးအခပေးစရာမလိုသောကြောင့် ကျေးဇူးတင်ပါ၏။

စနေ၊ ဖေဖော်ဝါရီ (၆)
**တမန် ၁၃း၅၀-၅၂**
မာကု ၆း၁၀-၁၁

*"သင်တို့သည် မည်သည့်အိမ်သို့ဝင်သို့ဝင်လျှင် ထိုအိမ်တွင်ထိုအရပ်မှမထွက်မသွားမှီ တိုင်အောင် နေကြလော့"*

## ညှဉ်းပန်းနှိပ်စက်ခြင်းရင်ဆိုင်ကြုံတွေ့ခြင်း

ညှဉ်းပန်းနှိပ်စက်ခြင်းသည် သာသနာပြုခြင်းကြုံတွေ့ရမည့်အရာ ဖြစ်ပါသည်။ ဘုရားသခင်၏ အမှုတော်ကို သင်အမှန်တကယ်ဆောင်ရွက်ခဲ့လျှင် စာတန်သည်သင့်ကိုအလွတ်ပေးမည်မဟုတ်ပါ။ ဆန့်ကျင်မှုအခက်အခဲမကြုံရလျှင် သင်စဉ်းစားဖို့လိုပါသည်။ စာတန်၏အစီအစဉ်သင်မဆန့်ကျင်သောကြောင့်ဇင်း၊ သင်ပြုနေသောအရာ၌ စာတန်သဘောတူ၍ဇင်း ထိုသို့ဆန့်ကျင်မှုမကြုံတွေ့ရခြင်းဖြစ်နိုင်ပါသည်။ ဤတရားကိုသင်သိပါလျှင် ဘုရားသခင်အမှုတော်သင်ဆောင်ရွက်နေမှု၌ အတားအဆီး၊ အနှောင့်အယှက်ကြုံတွေ့ရသောအခါ သင်သည် အံ့ဩခြင်းမရှိဘဲ ဘုရားသခင်အပေါ်၌လည်း မြည်တမ်းခြင်းပြုမည်မဟုတ်ပါ။ ထိုအမှုတို့ကို ရင်ဆိုင်ရန် သင်အသင့်ရှိနေပါလိမ့်မည်။

ထွက်ခွာထားရစ်ခဲ့ကြ၏၊ ပြုစုသောယုဒလူတို့သည် တရားစရပ်ရှိလူတို့နှင့် ထိုမြို့၏အကြီးအကဲတို့ကို ပေါလုနှင့်ဗာနဗအား ညှဉ်းဆဲခြင်းငှါ နှိုးဆော်ခဲ့ကြ၏။ ထို့ကြောင့် သူတို့သည်နှင်ထုတ်ခြင်းခံရကြပါသည်။ လုကာ ၉း၄-၅ ၌တွေ့ရသော ယေရှု၏စကားတော်ကို သတိရလျက် ပေါလုနှင့်ဗာနဗသည် ထိုအရပ်မှထွက်ခွာ၍ ဣကောနိမြို့သို့ ခရီးဆက်ခဲ့ကြပါသည်။

ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝခြင်း၊ ညှဉ်းဆဲခြင်းကြုံတွေ့ကြရမည်ကို သိထားကြသောကြောင့်သူတို့သည် စိတ်ပျက်အားလျော့ခြင်းမရှိခဲ့ကြပါ။ ဘုရားသခင်၏ဝိညာဉ်တော်၏ လမ်းပြဦးဆောင်မှုကိုအပြည့်အဝခံကြရသောကြောင့် ဖြစ်ပျက်သောအရာပေါ်၌ ဝမ်းမြောက်ခြင်းရှိကြပြီး ဘုရားသခင်တာဝန်ပေးထားသောအမှုကို မြဲမြံစွာဆက်လက်ဆောင်ရွက်ခဲ့ကြ၏။

"ရှင်လုကာ၏ဖော်ပြချက်ကို မှတ်သားကြပါစို့။ သစ္စာရှိသောသူသည် ဆီးတားဆန့်ကျင်သောသူ မည်သို့ပင်အားကြီးပါစေ၊ တစ်မြို့လုံးကဆန့်ကျင်ပါစေ ခြိမ်းခြောက်ပါစေ၊ ကြောက်စရာအန္တရာယ် ကြုံပါစေ တုန်လှုပ်ခြောက်ခြားခြင်းမရှိဘဲ ယုံကြည်ခြင်းနှင့်သူတို့၏ တန်ခိုး ဖြစ်သောသန့်ရှင်းခြင်းနှင့် တကွ ရဲရင့်စွာကျော်ဖြတ်တတ်ကြ၏။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ဘုရားသခင်၌အမှန်တည်နေ ပါလျှင် နှုတ်ကပတ်တော်၌အမြစ်တွယ်နေပါလျှင် ဝိညာဉ်တော်၏ မစတော်မူခြင်းဖြင့်ထိုယုံကြည်ခြင်းသည် ခိုင်မာခြင်းရှိ၍ တစ်ကမ္ဘာလုံးပြောင်းဆန်ခဲ့လျှင်လည်း ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်း ကြီးထွားစေတော်မူလိမ့်မည်" (Calvin)။

ဘုရားသခင်အတွက် သင်အမှုတော်ဆောင်ခြင်း၌ ရန်သူ၏ဆန့်ကျင်မှုခံရမည်ကို သင်မျှော်လင့်ပါသလား။ သတိပြုပါလော့။ မဟုတ်လျှင် အမှုတော်မြတ်၌ သင်စိတ်ပျက်အားငယ်ခြင်းကိုထိုအခက်အခဲက ယူဆောင်ပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းရှိပါလော့။ သို့ဆိုလျှင် ညှဉ်းဆဲခြင်းကြုံတွေ့ရသောအခါ၌လည်း သင်သည်ဝိညာဉ်အသီးတို့ကို သီးနိုင်မည်ဖြစ်နိုင်ပါသည်။

**ဆင်ခြင်ရန်** - ညှဉ်းပန်းနှိပ်စက်ခြင်းခံရသောကာလ၌ပင် အကျွန်ုပ် ယုံကြည်ခြင်းသည် ခိုင်ခံ့မြဲမြံခြင်း ရှိပါသည်။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ဘုန်းတော်ထင်ရှားစေရန် အဆုံးထိတိုင် ကြံ့ကြံ့ခံနိုင်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၇)
**တမန် ၁၄း၁-၇**
ကောလော ၄း၂-၄

*"ထိုနက်နဲသောအရာကို ဟောပြောခြင်းငှါ ဘုရားသခင်သည် တရားဟောရာတံခါးကို ငါတို့အား ဖွင့်တော်မူမည်အကြောင်း . . . "*

# ပြတင်းပေါက်မဟုတ်ဘဲ ဖွင့်ထားသောတံခါး

သခင်ဘုရားက မိမိတပည့်တော်များအား သင်တန်းပေးခဲ့စဉ်၌ ညှဉ်းပန်းနှိပ်စက်ခြင်းကြုံတွေ့သောအခါ အခြားအရပ်သို့သွား၍ အမှုတော်ဆက်လုပ်ခြင်းငှါ မိန့်တော်မူခဲ့ပြီဖြစ်ပါသည်။ တံခါးတစ်ခုကို ဘုရားသခင်ပိတ်ထားလျှင် အခြားတံခါးဖွင့်ပေးတော်မူမည်။ ထိုသို့အခွင့်ပေးနေသရွေ့ ထိုအရပ်၌နေ၍ အမှုဆောင်ရွက်ကြရပါမည်။ ဤသည်ကား သာသနာ၏ဝမ်းမြောက်ခြင်းပေတည်း။ ညှဉ်းဆဲခြင်းကြုံတွေ့ရသည့်တိုင် ဘုရားသခင်ပေးထားသောအရပ်၌ သာသနာပြုတိုင်းသည် ဘုရားကို ကိုးစားခြင်းဖြင့်အမှုတော်ဆောင်ရွက်ကြပြီး ထိုအရပ်သည်အကောင်းဆုံးအရပ်ဖြစ်သည်ကိုလည်း သိကြပါ၏။

<u>တရားဟောရန်ကြာရှည်နေရသောအခွင့်၊</u> ဣကောနိမြို့သို့ ရောက်ကြသောအခါ ဘုရားသခင်ကတရားဟောရသောအခွင့်ကိုပေးတော်မူ၍ များစွာသောသူတို့သည် ယုံကြည်ခြင်းရှိကြ ၏။ သို့သော်လည်း "ဘုရားသခင်အမှုပြုလျှင် စာတန်ကလည်းအမှုပြုတတ်၏" မယုံကြည်သောယုဒလူတို့သည် တပါးအမျိုးသားတို့ကို နှိုးဆော်၍ပေါလုနှင့် ဗာနဗကိုဆန့်ကျင်ခြင်းငှါ သွေးဆောင်ခဲ့ကြ၏။ ထိုသို့ဆန့်ကျင်ခြင်းရှိသော်လည်း ဘုရားသခင်က ပေါလုနှင့်ဗာနဗအား သက်သေခံ၍အံ့ဖွယ်အမှုပြုလျက် တရားဟောခြင်းငှါ ကြာရှည်နေဖို့အခွင့်ပေးတော်မူခဲ့၏။

<u>တရားဟောရန်နေရာများ၊</u> ထိုသို့ကြာရှည်နေထိုင်စဉ် စာတန်သည် ကြိုးစားအားထုတ်သောကြောင့် လူများတို့က ဆန့်ကျင်ခြင်းပြုကြ၏။ ဆူပူမှုပေါ်ပေါက်လာသောအခါ သူတို့သည်ဘုရားသခင်၏နှုတ်ကပတ်တော် ဟောပြောခြင်းငှါ လုတ္တရမြို့နှင့်ဒေရဗေမြို့သို့ ခရီးဆက်ခဲ့ကြ၏။ ဤသည်ကား ဘုရားသခင်၏လမ်းပြဦးဆောင်မှုပင် ဖြစ်ပါသည်။ အကြောင်းမှာ ဤမြို့များမှာ ရှင်ပေါလု၏သစ္စာရှိလှသောတပည့်တော် တိမောသေပေါ် ထွန်းလာခဲ့ပါသည်။

ဘုရားသခင်ကသာလျှင် သာသနာပြုဆရာများအတွက် တံခါးဖွင့်ပေးတော်မူတတ်၏။ ဤတရားကို ကျွန်တော်တို့ယုံကြည်ခြင်းရှိပါလျှင် စိုးရိမ်ပူပန်ခြင်းရှိဖို့မလိုပါ။ အကြောင်းမှာ ဘုရားသခင်သည် သတင်းကောင်းကိုလက်ခံခြင်းငှါ စိတ်နှလုံးပြင်ဆင်တော်မူသောသူတို့ရှိရာအရပ်သို့ ဧဝံဂေလိဆရာကို လမ်းပြပို့ဆောင်တတ်ပါသည်။ ယနေ့သာသနာပြုခြင်း ချဉ်းကပ်ပုံတစ်ခုဖြစ်သော သာသနာပြုခြင်းငှါ ကွင်းဆင်လေ့လာခြင်းအရင်ပြုရမည်ဟူသော အယူအဆသည်လူ့အတွေးအခေါ် သာလျှင်ဖြစ်ပါသည်။ ဝိညာဉ်တော်၏လမ်းပြမှု၌မတည်ဘဲ သာသနာပြုဆရာသွားရမည့် အကောင်းဆုံးနေရာကို လူကကြိုတင်မှန်းဆခြင်းသက်သက်ဖြစ်ပါသည်။

သင်ပါဝင်သောအသင်းတော်၏အမှုတော်လုပ်ငန်းများ၌ ဤလောကီနည်းလမ်းများကို အသုံးပြုနေပါသလား။ ဝိညာဉ်တော်နှင့်ဆိုင်သော အမှုတော်များသည် ဘုရားသခင်၏ဝိညာဉ်တော်လမ်းပြဦးဆောင်မှုဖြင့် ပြုရမည်ဖြစ်ကြောင်း သတိရကြပါစို့။ သာသနာပြုဆရာများသွားရမည့်နေရာကို လူကရွေးရမည်မဟုတ်၊ ဘုရားသခင်ကသာ ဆုံးဖြတ်ရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ခေါ်ဆောင်လမ်းပြတော်မူသော နေရာတိုင်းသို့သွားခြင်းငှါ ကျွန်တော်အသင့်ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်တို့အပေါ်၌ စိတ်ရှည်သည်းခံခြင်းရှိတော်မူသောကြောင့် နာမတော်ကိုချီးမွမ်းပါ၏။

*"ထိုမျှလောက် ကြီးစွာသောနိမိတ်လက္ခဏာတို့ကို သူတို့မျက်မှောက်၌ ပြတော်မူသော်လည်း သူတို့သည် ယုံကြည်ခြင်းသို့မရောက်ကြ"*

## အံ့ဘွယ်နိမိတ်လက္ခဏာ

ဤနိမိတ်လက္ခဏာက လူတို့အားပေါလုနှင့်ဗာနဗတို့သည် ဘုရားသခင်ခန့်ထားတော်မူသော သာသနပြုဆရာများဖြစ်ကြောင်း အသိအမှတ်ပြုစေနိုင်ပါသည်။ သို့သော်လည်း၊ အရေးကြီးသောအချက်မှာ ရန်သူချထားသောငါးစာကို သာသနာပြုဆရာတို့က ဆန့်ကျင်နိုင်ခြင်းရှိမရှိဟူသော အချက်ပင်ဖြစ်ပါသည်။ လူတို့၏ချီးမြှောက်ခြင်းကို ခံရကြသောအခါ သာသနာပြုဆရာတို့သည် မိမိတို့၏မူလတာဝန်နှင့် အဆင့်အတန်းကို လွယ်ကူစွာမေ့လျော့နိုင်သောကြောင့် ထိုအမှုသည် အလွန်ကြီးမားသောသွေးဆောင်မှုဖြစ်တတ်၏။

သာသနာပြုဆရာ၏စိတ်နှလုံး၊ ဤအံ့ဖွယ်အမှုသည် မှတ်သားဘွယ်တကယ့်နိမိတ်လက္ခဏာဖြစ်ကြောင်းကို ရှင်လုကာက အမိဝမ်းတွင်းကပင် ခြေမစွမ်း၍လမ်းမလျှောက်နိုင်သောသူဟု ဖော်ပြခဲ့ပါသည်။ ဤခြေမစွမ်းသောသူသည် အနာငြိမ်းခြင်းခံရခြင်းငှါ ပေါလုထံမှစကားတော်ကို ကြားသောအခါ ယုံကြည်ခြင်းရှိခဲ့၏။ ဝိညာဉ်တော်၏တို့ထိခြင်းဖြင့် ပေါလုသည် (အားနည်းသောသူတို့ကို သနားတတ်သောခရစ်တော်၏ စိတ်နှလုံးကဲ့သို့သော စိတ်ရှိ၍) ထိုလူ၏ယုံကြည်ခြင်းကို သိမြင်နိုင်ခဲ့၏။ ထိုအခါ၊ ဘုရားသခင်က မိမိ၏ကျေးဇူးတော်ဖြင့် လူတို့၏ရှေ့၌ပေါလု၏စကားအမှန်ဖြစ်ကြောင်း သက်သေပြခြင်းဖြင့် အံ့ဘွယ်အမှုဖြစ်ပွားစေတော်မူ၏။

သာသနာပြုဆရာ၏စိတ်သဘော၊ လူတို့သည် အံ့သြခြင်းရှိကြပြီး ပေါလုနှင့်ဗာနဗတို့အား ဘုရားများကဲ့သို့ ကိုးကွယ်လိုကြ၏။ ဤသည်ကား ဧဝကိုသွေးဆောင်သော မြွေ၏သွေးဆောင်ခြင်းနှင့် တူညီမှုရှိပါသည် (ကမ္ဘာ ၃း၅)။ ဗာနဗနှင့်ပေါလုသည် မိမိတို့ကြောင့် ဤအံ့ဘွယ်နိမိတ်လက္ခဏာ ဖြစ်ပွားခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန်အတွက်ဖြစ်ကြောင်း သိနားလည်ခဲ့ကြပါသည်။ မိမိတို့အား မကိုးကွယ်ခြင်းငှါ လူတို့ကိုတားဆီးခဲ့ကြပြီး၊ သမ္မာကျမ်းစာထဲမှ ဘုရားသခင်အကြောင်းကို သူတို့ထံဟောပြောခဲ့ကြပါသည်။

ဘုရားသခင်၏အစေခံကျွန် ကျွန်တော်တို့သည် အမှုတော်၌အဘယ်အမှုဘဲပြုပြု ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန်အတွက်သာဖြစ်ကြောင်း ကောင်းကောင်းနားလည်သိထားကြရပါမည် (၁ ကော ၁၀း၃၁)။ ဤလောကီလူသားတို့၏ အပေါ်ယံချီးမြှောက်ခြင်းစကား၌ ကျွန်တော်တို့ သာယာမိခဲ့ပါလျှင် ထိုအရာက "ရေကာတာ၌ အက်ကြောင်း" ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုအခါ တချိန်ချိန်၌အမှုတော်ဆောင်သာမက၊ အသင်းတော်တစ်ခုလုံးပင် ဖျက်ဆီးပါလိမ့်မည်။

"အကျွန်ုပ်တို့၏လမ်းပျောက်တတ်သော စိတ်နှလုံးကိုကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းသံကြိုးဖြင့် ချည်နှောင်တော်မူပါ။ ကျွန်တော်သိပါ၏။ အကျွန်ုပ်စိတ်နှလုံးသည် တွေဝေတတ်၏။ ချစ်သောဘုရားသခင်ကိုပင် ပစ်ထားတတ်၏။ ထို့ကြောင့် အကျွန်ုပ်၏စိတ်နှလုံးကို ကိုယ်တော်ယူ၍ တံဆိပ်ခတ်တော်မူပါ။ အထက်အရပ် ကိုယ်တော်၏အိမ်တော်၌ တံဆိပ်ခတ်တော်မူပါ"။ ကျွန်တော်တို့ သတိထားကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံး၏ဆန္ဒသည် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ရန် အမှန်ဖြစ်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်အတွက် ဆုံးဖြတ်ချက်ခိုင်မာသော စိတ်နှလုံးကို အကျွန်ုပ်အားပေးသနားတော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၉)

**တမန် ၁၄း၁၉-၂၀**

ဖိလိ ၁း၂၁-၂၄

*“ငါ့အသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား သာ၍အကျိုးရှိ၏”*

## ခရစ်တော်အတွက် အသေခံခြင်း

ညှဉ်းပန်းနှိပ်စက်ခြင်း၏အဆိုးဆုံးအဆုံးသတ်သည် သာသနာပြုဆရာများ အသေသတ်ခြင်းပေတည်း။ သမိုင်း၌တွေ့ရသောအရာမူကား မရေမတွက်နိုင်သောသာသနာပြုဆရာတို့သည် သူတို့ချစ်သောသူတို့ထံ ခရစ်တော်အကြောင်းဟောပြောခဲ့သောလူတို့၏ လက်ဖြင့်သေခဲ့ကြခြင်းဖြစ်ပါသည်။ အလွန်ရက်စက်သောညှဉ်းဆဲခြင်းများရှိခဲ့ပါသည် - သာသနာပြုဆရာများ ကွပ်မျက်ခံရခြင်း ချက်ပြုတ်စားသုံးခံရခြင်းအထိ ရှိခဲ့ပါသည်။ ပို၍များပြားသော၊ ရက်စက်ကြမ်းကြုတ်သောအတွေ့အကြုံရှိနိုင်ပါသည်။ သို့သော်လည်း ထိုအရာတို့က သခင်ယေရှုခရစ်တော်၏ ကယ်တင်ခြင်းသတင်းကောင်းကို ဝေးလံသောအရပ်တို့သို့ မဟောပြောခြင်းငှါ သာသနာပြုဆရာတို့အား စိတ်ပျက်အားငယ်ခြင်းပေးမည်မဟုတ်ပါ။

<u>အကြံအစည်၊</u> ဘုရားသခင်၏အမှုတော်ဆောင်တို့အား ဆန့်ကျင်ခြင်းစိတ်သဘောသည် စာတန်၏အကြံအစည်ဖြစ်ပါသည်။ မိမိ၏ဆိုးသွမ်းသောအကြံအစည်ကို အကောင်အထည်ဖော်ရန် လူတို့ကိုအသုံးပြုတတ်၏။ ပေါလုအား ကျောက်ခဲဖြင့်ပစ်သတ်ခြင်းငှါ ဝါကြွားခြင်း၊ ငြူစူခြင်းရှိသော ယုဒလူတို့ကို အသုံးပြုခဲ့ပါသည်။ သမ္မာကျမ်းစာကို သိရှိနားလည်သောသူတို့ပင်လျှင် ဘုရားသခင်၏ လူတို့ကိုဆန့်ကျင်ခြင်းငှါ မာရ်နတ်ကအသုံးပြုနိုင်ပါသည်။ ကျွန်ုပ်တို့၏မနာလိုခြင်းနှင့် ထောင်လွှားမောက်မာခြင်းကိုအသုံးပြုပြီး ယုံကြည်သူတို့ကိုညှဉ်းဆဲသောသူအဖြစ် စာတန်သည် ကျွန်ုပ်တို့ကို အသုံးမပြုနိုင်အောင် သတိထားကြရပါမည်။

<u>အသက်ရှင်ရသောအခွင့်၊</u> ပေါလုသည် သေပြီဟုထင်ခဲ့ကြသော်လည်း မသေခဲ့ပါ။ ဘုရားသခင်အဖို့ ပြုရမည့်အမှုရှိသေးလျှင် အစေခံကျွန်သည်ဘုရားသခင်၏ကွယ်ကာမှုကို ခံရလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏စကားတော်တို့ကို ရေးသားခြင်းငှါကြံစည်ချမှတ်ထားတော်မူသောကြောင့် ထိုမြတ်သောဂတိစကားတော်တို့ကို ရေးသားမည့်လူတို့အား ကွယ်ကာစောင့်ရှောက်တော်မူခဲ့၏။ ပေါလုသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဟောပြောခြင်းအတွက်သာမဟုတ်ဘဲ ရေးသားခြင်းငှါအသက်ရှင်ရသောအခွင့်ကို ဘုရားသခင်ပေးတော်မူခဲ့၏။ ဘုရားသခင်ချိန်းချက်တော်မူသောအချိန်မရောက်မီ ဘယ်သူမှမသေနိုင်။ ချိန်းချက်တော်မူသောအချိန်မှ တစ်စက္ကန့်မျှပင်မဆွဲဆန့်နိုင်ကြောင်း ဘုရားသခင်၏စုံလင်သောအကြံအစည်ကို ယုံကြည်ကိုးစားကြပါစို့။

ဘုရားသခင်၏အမှုတော်ကို ကျွန်တော်တို့ဆောင်ရွက်သောအခါ စာတန်၏တပည့်အပေါင်း တို့သည် နည်းမျိုးစုံသုံး၍ ကျွန်တော်တို့ကိုဖျက်ဆီးခြင်းငှါ ကြိုးစားလာကြပါလိမ့်မည်။ သို့သော်လည်း ကျွန်တော်တို့သည် အနန္တတန်ခိုးရှင်နှင့် အနန္တမေတ္တာရှင်ဘုရားသခင်ကို လုံးဝကိုးစားယုံကြည်ခြင်း ရှိကြရပါမည်။ မဿဲ ၁၀း၂၈-၃၁ ကို ဖတ်ပါလော့။

ဆန့်ကျင်ခြင်းခံရသောအခါ သေမည်ကိုကြောက်သောကြောင့် သင်ပုန်းနေပါသလား။ သင့်အသက်ကို တစ်မိနစ်တောင်မှ သင်စောင့်ရှောက်နိုင်ပါသလား။ သင့်အသက်သည် သင့်လက်ထဲ၌မရှိကြောင်း သိမှတ်ပါလော့။ ဤကမ္ဘာလောက၌ သင့်အချိန်ကိုထိန်းချုပ်တော်မူသောဘုရားသခင်ထံမှ သင်အဘယ်အရပ်၌ပင် ပုန်းသော်လည်း ပုန်းနိုင်မည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ သခင်ကယ်တင်ရှင်အတွက် အသေခံခြင်းငှါ ကျွန်တော်အသင့်ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်၏အကြံအစည်နှင့်လုပ်ရှားမှုသည် ကိုယ်တော်အသိအမှတ်ပြုသောအရာဖြစ်ကြပါစေသော်။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၁၀)
**တမန် ၁၄း၂၁-၂၅**
၁ တိ ၅း၁၇-၁၈

*"ကောင်းမွန်စွာအုပ်သော သင်းအုပ်တို့သည် အလျှုနှစ်ဆကို ခံထိုက်သောသူဖြစ်သည်. . . "*

## သင်းအုပ်လူကြီးများဦးဆောင်ခြင်း၊ လက်တွေ့ဖော်ပြခြင်း

ပေါလုက အသင်းတော်အုပ်ချုပ်ရေးစနစ်ကို ဖော်ပြခဲ့ပါသည်။ အသင်းတော်တိုင်း၌ သင်းအုပ်လူကြီးများကို ခန့်ထားတော်မူ၏။ ဤသည်ကား ဓမ္မသစ်ကျမ်းအသင်းတော်စီမံအုပ်ချုပ်ရေးစနစ် သမ္မာကျမ်းစာနှင့်ကိုက်ညီသော စနစ်ဖြစ်ပါသည်။ ယနေ့ များစွာသောအသင်းတော်တို့သည် တမန်တော်တို့ချမှတ်ထားသော နည်းစနစ်ကိုပယ်၍ လောကီဆန်သော လူထုအစိုးရသောအသင်းတော်အုပ်ချုပ်ရေးစနစ်ကို အသုံးပြုကြ၏။ ဤစနစ်တွင် မရင့်ကျက်သော အဆိုးအကောင်းမခွဲခြားတတ်သေးသော ခရစ်ယာန်တို့အား အရေးကြီးသောအသင်းတော်၏အမှုကိစ္စ၌ ဆုံးဖြတ်ချက်ချကြ၏။ ထို့ပြင် တစ်ဦးတစ်ယောက်၏အာဏာဖြင့် အုပ်ချုပ်ခြင်းနှင့် ဘဏ္ဍာရေးကိစ္စ၌ တစ်ဦးတစ်ယောက်၏အုပ်ချုပ်ခြင်းစနစ်လည်းရှိပါ၏။ ဥပမာအားဖြင့် ပုပ်ရဟန်းမင်းကြီး၊ သင်းအုပ်ဆရာတစ်ဦးတစ်ယောက်၏အာဏာ စသည်ဖြင့်ရှိတတ်ပါသည်။ ပို၍ဆိုးသည်မှာ အသင်းတော်တစ်ခုလုံးကို သင်းအုပ်ဆရာကတော်က အုပ်စိုးခြင်းပေတည်း။

<u>ခန့်ထားခြင်းခံရသောသင်းအုပ်များ</u>၊ သင်းအုပ်လူကြီးတို့သည် အသင်းတော်၌ခန့်ထားခြင်းခံရသောသူများဖြစ်ကြပါသည်။ "သင်းအုပ်များ" ဆိုရာတွင် အသင်းတော်၌သွန်သင်ခြင်းကို ပြုသောသင်းအုပ်များ၊ (Pastor - teachers) နှင့် အုပ်ချုပ်ရေးကိုပြုသောသင်းအုပ်များ (ruling elders) ဟူ၍ ရှိရပါမည်။ ခန့်ထားတော်မူခြင်းက လက်မြှောက်သဘောတူခြင်း၊ လူထုအစည်းအဝေး၌ပြုသောအမှုကို ဖော်ဆောင်ပါ၏။ "ပေါလုနှင့် ဗာနဗသည် ဤစနစ်ကို ခရစ်တော်ချမှတ်ထားသော စနစ်ဖြစ်ကြောင်း မှတ်ချက်ချခဲ့ကြ၏။ ထို့ကြောင့် အသင်းတော်၌ သင်းအုပ်ဆရာတို့ကိုခန့်ထားကြ၏။ ဤသို့ဖြင့် သူတို့မရှိတော့သောအခါ၌လည်း သင်ကြားခြင်းဆက်လက်ရှိစေရန်ဖြစ်ပါသည်" (Calvin)။

<u>အပ်နှံခြင်း</u>၊ ဤသင်းအုပ်တို့ကို ဘုရားသခင်ထံအပ်နှံခဲ့ကြ၏။ ဤသင်းအုပ်တို့အပေါ် လူ၏လက်တင်ခြင်းက ရန်သူ၏တိုက်ခိုက်ခြင်းတန်ခိုးမှ မကာကွယ်နိုင်ပါ။ ဘုရားသခင်ကသာလျှင် ကွယ်ကာ၍ အပ်ပေးတော်မူသော အမှုတော်ဆောင်ရွက်ခြင်းငှါ ခွန်အားပေးနိုင်တော်မူ၏။ တမန်တော်တို့က စာတန်သည် သူတို့ကိုကြိုးစားဆီးတားဆန့်ကျင်ကြောင်း သိကြပါသည်။ ဘုရားသခင်၏ သူတို့၏ခွန်အား၊ အကွယ်အကာမဖြစ်ခဲ့လျှင် အမှုတော်ကိုဆက်လက်ဆောင်ရွက် နိုင်ခဲ့ကြမည်မဟုတ်ပါ။

သမ္မာကျမ်းစာ၌သင်းအုပ်ဆရာများဟု ဖော်ပြခြင်းသည် အသင်းတော်အုပ်ချုပ်ရေးကောင်းမွန်မှုအတွက်သာမက ဘုရားသခင်၏လူတို့အား ကောင်းမွန်စွာနှုတ်ကပတ်တော်လေ့လာသင်ကြားနိုင်ရန် ဖြစ်ပါသည်။ ဒေသနာ ၄း၉-၁၂ ကိုဖတ်ပါ။

သင်၏အသင်းတော်၊ မည်သို့အုပ်ချုပ်ခြင်းစနစ်အသုံးပြုပါသနည်း။ ကောင်းမွန်သောသွန်သင်ခြင်းနှင့်အုပ်ချုပ်ရေးအတွက် ဘုရားသခင်ခန့်ထားတော်မူသော ခေါင်းဆောင်အများ၏အုပ်ချုပ်ခြင်းစနစ်ကို အသုံးပြုပါသလား။ ကိုယ်တော်၏ကိုယ်ဖြစ်သော အသင်းတော်ကိုကောင်းမွန်စွာစောင့်ရှောက်ခံရခြင်းငှါ ဘုရားသခင်ချမှတ်ထားသော အသင်းတော်အုပ်ချုပ်ရေးစနစ်ကို သတိပြုအသုံးပြုကြပါစို့။

**ဆင်ခြင်ရန်** - အသင်းတော်၏သင်းအုပ်ဆရာများအတွက် ဆုတောင်းလျက် သူတို့၏အုပ်စိုးခြင်းကို ကျွန်တော်ခံယူလိုက်နာပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်တို့ကို အုပ်စိုးခြင်းငှါ ခန့်ထားတော်မူသောသင်းအုပ်ဆရာများကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

ကြာသပတေး၊ ဖေဖော်ဝါရီ (၁၁)

**တမန် ၁၄း၂၆-၂၈**

လုကာ ၁၀း၁၉-၂၀

*"သင်တို့၏ နာမည်များသည် ကောင်းကင်စာရင်း၌ ဝင်သည်ကို ဝမ်းမြောက်ခြင်းရှိကြလော့"*

# သာသနာပြုခြင်းအမှုတော်ပြန်ကြားခြင်း

သာသနာပြုဆရာတို့သည် မိမိကိုယ်ကိုစေလွှတ်ကြသည်မဟုတ်ပါ။ သူတို့သည် အသင်းတော်ဦးဆောင်မှုအောက်၌ ရှိကြသည်ဖြစ်၍ မိမိတို့ကိုစေလွှတ်သောအသင်းတော်ထံသို့ ငွေကြေးကိစ္စအပါအဝင် အမှုတော်လုပ်ငန်းအခြေအနေတို့ကို အကြောင်းကြားသင့်ပြုကြရပါမည်။ ထိုတင်ပြချက်များအပေါ်၌ အသင်းတော်သည်လည်း ဆုတောင်းခြင်းပြု၍ဝိညာဉ်တော်၏လမ်းပြမှုဖြင့် ဆုံးဖြတ်ချက်များ ပြုကြရမည်ဖြစ်ပါသည်။

ပြန်သွားခဲ့ကြ၏၊ ပေါလုနှင့် ဗာနဗသည် စေလွှတ်တော်မူသောအသင်းတော်သို့ ပြန်လာခဲ့ကြပါသည်။ သူတို့သည် အန္တိအုတ်အသင်းတော်က အမှုတော်ဆောင်ရန်ဘုရားသခင်၏ကျေးဇူးတော်၌ မိမိတို့ကိုအပ်နှံခဲ့ကြကြောင်း အောက်မေ့ခဲ့ကြ၏။ အသင်းတော်က ဘုရားသခင်၏ဝိညာဉ်တော်အသိဉာဏ်အားဖြင့် အမှုတော်အတွက် ဆုတောင်း၍အပ်နှံခဲ့ပါသည်။ သူတို့အတွက် ကြိုးစားဆုတောင်းပေးကြသောအသင်းတော်ကြောင့် သူတို့၏သာသနာခရီးစဉ်တစ်ခုလုံးသည် ဘုရားသခင်၏ကောင်းကြီးပေးခြင်းကို ခံခဲ့ပါသည်။

ပြန်ကြားခြင်း၊ သူတို့ကို စေလွှတ်သောညီအစ်ကိုတို့ထံ သူတို့ပြုသောသာသနာအမှုတော်အကြောင်းကို ပြန်ပြောကြားခဲ့ကြ၏။ ဘုရားသခင်ပြုတော်မူသောအမှုကို သာသနာပြုဆရာတို့၏နှုတ်မှပြန်ကြားရခြင်းသည် အသင်းတော်အတွက် အလွန်ဝမ်းမြောက်စရာကောင်းလှပါသည်။ သူတို့အတွက်ရင်း၊ သူတို့အားဖြင့်ရင်း ဘုရားသခင်ပြုတော်မူသောအမှုအလုံးစုံကို တင်ပြပြောကြားခဲ့ကြပါသည်။ အောင်မြင်မှုတိုင်းအတွက် မိမိတို့ခွန်အားနှင့် ဉာဏ်အားဖြင့်ပြုသည်ဟု ဝါကြွားခြင်းမပြုဘဲ ချီးမြှောက်ခြင်းနှင့်ထိုက်တန်တော်မူသော ဘုရားသခင်ကိုသာချီးမွမ်းခဲ့ကြ၏။ ဂရုဏာတော်နှင့် ကျေးဇူး တော်အားဖြင့် ဘုရားသခင်က ယုဒလူတို့သာမဟုတ်ဘဲ တစ်ပါးအမျိုးသားတို့ကိုလည်း ကယ်တင်တော် မူကြောင်း ပြောကြားခဲ့ကြပါသည်။

စေလွှတ်သောအသင်းတော်ထံသို့ သာသနာအမှုတော်အကြောင်းပြန်ကြား တင်ပြခြင်းသည် နောက်တစ်ခေါက်အမှုတော်အတွက် ပို၍ထောက်ပံ့ခြင်းရခြင်ငှါ ပြုခြင်းမဟုတ်ပါ။ သာသနာပြုခြင်း၌ အဓိကကျသောအရာကို မားယွင်းစွာထားမိသောအသင်းတော်များစွာရှိပါသည်။ သူတို့လက်ကိုင်သောဆောင်ပုဒ်မှာ "တင်ပြခြင်းမရှိလျှင် ထောက်ပံ့ခြင်းမရှိ" ဟူ၍ဖြစ်ပါသည်။ အသင်းတော်ခေါင်းဆောင်တို့က နားလည်သဘောပေါက်ကြရမည်မှာ ပြောင်းလဲသောသူရှိမရှိ သာသနာပြုဆရာတို့သည် မျိုးစေ့ကြဲသောသူ၊ ရေလောင်းသောသူသာဖြစ်ကြကြောင်း ကြီးထွားစေတော်မူနိုင်သောသူတို့သည် ဘုရားသခင်သာလျှင်ဖြစ်ကြောင်း သိကြရပါမည်။ ထို့ပြင် အသင်းတော်ခေါင်းဆောင်တို့သည် သာသနာပြုဆရာတို့ကို သံသယရှိသောကြောင့်မဟုတ်ဘဲ သူတို့၏လိုအပ်သောအရာထောက်ပံ့ခြင်းနှင့် ကွယ်ကာခြင်းအတွက် အကောင်းဆုံးကိုင်တွယ်အုပ်ချုပ်ဖို့ လိုအပ်ပါသည်။ သာသနာပြုဆရာများကို ကျွန်တော်တို့ထောက်ပံ့ကြရပါမည်။ သို့မှသာ အသင်းတော်၏ငွေကြေးသည် ပွဲလမ်းသဘင်အတွက်မဟုတ်ဘဲ သာသနာပြုခြင်းအတွက် တန်ဖိုးရှိစွာ အသုံးပြုခံရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သာသနာပြုဆရာတို့ကို စိတ်သဘောထားပြည့်ဝစွာ ကျွန်တော်ထောက်ပံ့နေပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်အသင်းတော်၌ သာသနာပြုလိုသောစိတ်နှလုံး ပေးသနားတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၁၂)

**တမန် ၁၅း၁-၅**

မဿဲ ၂၄း၂၃-၂၅

*"... ရွေးချယ်သောသူတို့ကိုပင် လှည့်ဖြားနိုင်လျှင် လှည့်ဖြားလောက်အောင် ကြီးစွာသော နိမိတ်လက္ခဏာ... ပြကြလိမ့်မည်"*

## မှားယွင်းသောသတင်းကောင်း

အချို့အသင်းတော်သည် မိမိအသင်းသူအသင်းသားတို့ကို ဘုရားသခင်၏နှုတ်ကပတ်တော်မှ ဝေးကွာစေသော သမ္မာကျမ်းစာကိုသိပ်အလေးမထားသော ခံယူချက်နှင့် သမ္မာကျမ်းစာအနက်ဖွင့်ခြင်းနည်းလမ်းအမှားများကို စွဲကိုင်ထားကြ၏။ အလွန်ကြောက်စရာကောင်းလှပါသည်။ ဤသို့သော မှားယွင်းသည့်ခံယူချက်နှင့်ယုံကြည်ခြင်း အသင်းတော်ထဲသို့ ဝင်လာသောအခါ လွယ်ကူစွာအသင်းတော်ကို ရောဂါသဖွယ်ဖျက်ဆီးတတ်ပါသည်။ ဝိညာဉ်ရေးရာ၌ မရင့်ကျက်သေးသောသူ၊ ယုံကြည်ခြင်း ၌ ငယ်ရွယ်သောသူတို့ကိုလွယ်ကူစွာ ကူးစက်ဖျက်ဆီးတတ်၏။

<u>ကယ်တင်ခြင်းအတွက် အရေဖျားလှီးခြင်းခံပါလော့</u>၊ ကယ်တင်ခြင်းသည် ဘုရားသခင်ပြုတော်မူသောအမှုဖြစ်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ယေရှု၌ယုံကြည်ခြင်းတစ်ခုတည်းဖြင့်သာ ကယ်တင်ရာသို့ရောက်ခြင်းဖြစ်ပါသည်။ ယေရှုသည် ဤလောက၌ပညတ်တော်ကိုစုံလင်စွာ လိုက်လျှောက်အသက်ရှင်ခဲ့ပြီး အပြစ်လွတ်ခြင်းအတွက် ကားတိုင်ပေါ်၌ အသွေးသွန်းလျက် အသေခံတော်မူခဲ့၏။ မိမိကိုယုံကြည်ကိုးစားသောသူအပေါင်းတို့သည် ထာဝရအသက်ကိုရကြခြင်းငှါ သင်္ဂြိုလ်ပြီးမှ သုံးရက်မြောက်သောနေ့တွင် သေခြင်းကိုအောင်မြင်လျက် ရှင်ပြန်ထမြောက်တော်မူခဲ့၏။ သို့သော်လည်း လူသည်အရေဖျားလှီးခြင်းမခံလျှင် ကယ်တင်ခြင်းမရနိုင်ဟု ယုံကြည်သောယုဒလူတို့ရှိကြပါသည်။ သမ္မာတရားကိုသိသော ပေါလုနှင့်ဗာနဗသည် ဤမှားယွင်းသောသူတို့ကို ငြင်းဆိုခဲ့ပါသည်။

<u>ဖြောင့်မတ်ခြင်းအတွက် ပညတ်တရား</u>၊ ယေရှုကိုယုံကြည်သောယုဒလူတို့သည် တစ်ပါးအမျိုးသားခရစ်ယာန်တို့အား ဖြောင့်မတ်ခြင်းအတွက် မောရှေ၏ပညတ်တရားကိုစောင့်ရမည်ဟု တွန်း အားပေးကြ၏။ ဤငြင်းခုံမှုကြောင့်ပထမဆုံးအသင်းတော်၏ ခေါင်းဆောင်မှုနှင့်ဆွေးနွေးခြင်းငှါ ပေါလု နှင့်ဗာနဗသည် ယေရုရှလင်မြို့သို့ရောက်လာခဲ့ကြ၏။

The Westminster Confession of Faith ၁၁ ခုထဲတွင်ဤသို့ဖော်ပြခဲ့ပါသည်- "ခရစ်တော်သည် မိမိ၏နာခံခြင်းနှင့်သေခြင်းဖြောင့်မတ်သော သူတို့၏အကြွေးကိုစုံလင်စွာ ပေးဆပ်တော်မူလျက်၊ သူတို့အတွက်ဘုရားသခင်သည် ခမည်းတော်၏တရားမျှတမှုကို ကျေနပ်တော်မူခဲ့ပါသည်။ ထိုသူတို့အတွက် ခမည်းတော်ဘုရားက သူ့ကိုစေလွှတ်တော်မူသည်အတိုင်း နာခံမှုနှင့် ကျေနပ်စေတော်မူခြင်းကို ဘုရားသခင်လက်ခံတော်မူခဲ့၏။ ထိုသူတို့၌ရှိသောအရာကြောင့်မဟုတ်ဘဲ၊ ကျေးဇူးတော်သက်သက်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြခြင်းဖြစ်၍၊ အပြစ်သား၏ဖြောင့်မတ်ရာသို့ရောက်ခြင်း၌ ဘုရားသခင်၏တရားမျှတမှုနှင့် ကြွယ်ဝမှုကျေးဇူးတော်ထင်ရှားစေရန် ဖြစ်ပါသည်"။ ရောမ ၅း၁၈-၁၉ ကိုဖတ်ပါ။ သင့်အဖို့ ယေရှုအပြီးဆောင်ရွက်တော်မူခဲ့သောအရာ၌ သင်၏ကောင်းမှုကုသိုလ်များထပ်၍ ရပါမည်လော။

**ဆင်ခြင်ရန်** - ယေရှုသာလျှင် ကယ်တင်တော်မူနိုင်ကြောင်း ကျွန်တော်လုံးဝကိုးစားယုံကြည်ခြင်း ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏သားတော်ယေရှုခရစ်တော်ပြုတော်မူသော ကယ်တင်ခြင်းအမှုကြောင့် ကိုယ်တော်၏နာမတော်သည် ဘုန်းကြီးရှိလျက်၊ ချီးမွမ်းခြင်းရှိပါစေသော်။

စနေ၊ ဖေဖော်ဝါရီ (၁၃)

**တမန် ၁၅:၆-၁၂**

မဿဲ ၁၆:၁၈-၁၉

*“. . . ငါ့အသင်းကို ငါတည်ဆောက်မည်။*
*ထိုအသင်းကိုမရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရာ”*

## ပထမဆုံးအသင်းတော်ကောင်စီ

ဘုရားသခင်သည် သမ္မာတရားထင်ရှားပေါ်လွင်စေရန်နှင့် နှုတ်ကပတ်တော်မှန်ကန်သောရှင်းပြချက်များ မှတ်တမ်းတင်နိုင်ရန် မှားယွင်းသောအယူဝါဒများကို သမိုင်းတစ်လျှောက်ခွင့်ပြုတော်မူခဲ့၏။ တမန်တော် ၁၅ သည် ပထမဆုံးအသင်းတော်ကောင်စီဖြစ်ပါသည်။ ဤအစည်းအဝေးက ကယ်တင်ခြင်းသည် ကျေးဇူးတော်သက်သက်ကြောင့်လော (သို့) အရေဖျားလှီးခြင်းကဲ့သို့သော လူ၏ပြုသောအမှုထပ်ပေါင်းထည့်ဖို့လိုအပ်သလောဟူသော မေးခွန်းကိုဖြေရှင်းရန်ဖြစ်ပါသည်။ စစ်မှန်သောယုံကြည်ခြင်းသည် ခိုင်ခံ့မြဲမြံ၍သမိုင်းတလျှောက် သခင်ယေရှုခရစ်တော်အသင်းတော်၏ယုံကြည်ချက်ဖြစ်နေပါလိမ့်မည်။

ထိုအမှုကိုကြည့်ရှုဆင်ခြင်ခြင်းငှါ၊ တမန်တော်များနှင့်သင်းအုပ်တို့သည် ထိုအမှုကိုဆင်ခြင်လေ့လာခြင်းငှါစည်းဝေးခဲ့ကြ၏။ သုတ္တံ ၁၁:၁၄ နှင့် ၂၄:၆ ကိုဖတ်ပါလော့။ ကောင်စီအစည်းအဝေးသည်အသင်းတော်၌စစ်မှန်သောယုံကြည်ခြင်း စောင့်ထိန်းခြင်းငှါအရေးကြီးသော အရာဖြစ်ပါသည်။

ဆုံးဖြတ်ချက်သဘောတူကြခြင်း၊ ပညာရှိတို့စုဝေးကြသော်လည်း၊ ဘုရားသခင်၏ဝိညာဉ်တော်ကသာလျှင် လူတို့အားသမ္မာတရားသို့ခေါ် ဆောင်နိုင်၏။ ပေတရုသည်မတ်တပ်ရပ်၍ ယုဒယုံကြည်သူတို့ခံရခဲ့ကြသည်အတိုင်း တပါးအမျိုးသားတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်ကိုခံရခဲ့ကြသည်ကိုဘုရားသခင်ကိုယ်တိုင် သက်သေပြခဲ့ကြောင်းသက်သေခံခဲ့ပါသည်။ သူသည်ကော်နေလိ၏ကယ်တင်ခြင်းခံရခြင်းကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ ပေါလုနှင့်ဗာနဗကလည်း သူတို့၏သာသနာခရီးစဉ်၌တပါးအမျိုးသားတို့အပေါ် ကျရောက်သော ဘုရားသခင်၏တန်ခိုးတော်ကို သက်သေခံကြ၏။ သက်သေခံချက်တို့သည် သမ္မာတရားနှင့်ကိုက်ညီမှုရှိပြီး၊ ယုဒလူတို့သည်ကျေးဇူးတော်သက်သက်ဖြင့်ကယ်တင်ခြင်းခံရကြသကဲ့သို့၊ တပါးအမျိုးသားတို့သည်လည်း ထိုသို့ပင်ကယ်တင်ခြင်းခံရကြခဲ့ပါသည်။

ဤသမ္မာတရားကို The Westminster Confession of Faith က ဤသို့ဖော်ပြခဲ့ပါသည်- “အသင်းတော်တည်တံ့ခိုင်မြဲရန်နှင့် ကောင်းမွန်သောအုပ်ချုပ်မှုအတွက် အသင်းတော်ကောင်စီနှင့်အစည်းအဝေးရှိဖို့လိုအပ်ပါသည်။ ထိုကောင်စီဝင်တို့သည် ဒေသန္တရအသင်းတော်များမှ သင်းအုပ်များနှင့်အုပ်ချုပ်သောသူများဖြစ်ကြရပါသည်။ သူတို့သည်အသင်းတော်ဖျက်ဆီးခြင်းငှါမဟုတ်ဘဲ၊ ခိုင်ခံ့မြဲမြံစေခြင်းငှါ ခရစ်တော်ကတာဝန်ပေးခန့်အပ်ခြင်းဖြစ်၍ အသင်းတော်၏ကောင်းကျိုးအတွက် သူတို့သည် အစည်းအဝေးပြုလုပ်၍ သင့်တော်သလို လိုအပ်သောအရာများကို လေ့လာသုံးသပ်ကြရပါသည်။”

အသင်းတော်ကောင်စီအစည်းအဝေးသည် အသင်းတော်၏ဝိညာဉ်ရေးရာ အခြေအနေကိုသုံးသပ်လေ့လာခြင်းငှါ အရေးကြီးသောအရာဖြစ်ပါသည်။ အသင်းတော်ထဲသို့ မှားယွင်းသောသွန်သင်ခြင်းဝင်ရောက်လာခဲ့လျှင်၊ ဘုရားတရား၌ ရင့်ကျက်သောခေါင်းဆောင်တို့သည် စည်းဝေးလျက်မယုံကြည်ခြင်းနှင့် မှားယွင်းသောသွန်သင်ခြင်းမှ ယုံကြည်သူတို့ကို ကွယ်ကာမစတော်မူနိုင်မည် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည်ယေရှု၏ အသင်းတော်၌အစိတ်အပိုင်းတခုအဖြစ် ပါဝင်အမှုဆောင်ရွက်နေပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏အမှုတော်ကို အကောင်းဆုံးဆောင်ရွက်နိုင်မည့်နေရာ၌အကျွန်ုပ်ကိုလမ်းပြထားတော်မူပါ။

**တမန် ၁၅း၁၃-၂၅**
ဟေဗြဲ ၁၃း၇-၈

*“ယေရှုခရစ်သည် မနေ့၊ယနေ့၊နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏”*

# ဆုံးဖြတ်ချက်ကိုကြေငြာခြင်း

ဆုံးဖြတ်ချက်ကို အစအဦးကတည်းကချမှတ်ခဲ့ပြီးဖြစ်ကြောင်း တမန် ၁၈း၁၅ ထဲတွင်ဤသို့ဆိုထားပါသည်။ “ဘုရားသခင်သည် ကမ္ဘာဦးမှစ၍ မိမိစီရင်တော်မူသမျှအမှုအရာတို့ကို သိတော်မူသည်။” ဤသည်ကားသမ္မာကျမ်းစာ၏ ဘုရားသခင်ကိုကျွန်တော်တို့ကိုးစားသောအခါ ရရှိသော ယုံကြည်စိတ်ချမှုပင် ဖြစ်ပါသည်။ မှားယွင်းသော ယုံကြည်ခြင်းကို မည်သို့တုံ့ပြန်ရမည်အကြောင်း ကျွန်တော်တို့ရှုတ်ထွေးခြင်းမရှိဘဲ သိကြပါ၏။ ဤအရာအကုန်လုံးကို ဘုရားသခင်သိတော်မူပြီးမည်သို့အဖြေပေးမည်ကို ပြင်ဆင်ခဲ့ပြီဖြစ်ပါသည်။ ကျွန်တော်တို့ယုံကြည်သူများ ပြုရမယ့်အမှုသည်ကား မိမိ၏အသိဉာဏ်ဖြင့်မဖြေဘဲ သမ္မာကျမ်းစာကိုကိုးကားရည်ညွှန်းကြရပါမည်။

အလုံးစုံကိုသိတော်မူသော ဘုရားသခင်အားဖြင့်၊ တမန်တော်မဟုတ်သောသခင်ယေရှု၏ ညီယာကုပ်သည် ထိုကောင်စီအစည်းအဝေး၏ သဘာပတိဖြစ်သည်နှင့်အညီ ပေတရု၏သက်သေခံချက်ကိုထောက်ခံသော သမ္မာကျမ်းချက်ကိုတွေ့မြင်ခဲ့ပါသည်။ အာမုတ် ၉း၁၁-၁၂ ကိုကိုးကားခဲ့ပါသည်။ ဤအမှုအရာဖြစ်ခဲ့ပါမည်ကိုဘုရားသခင်က ဓမ္မဟောင်းကျမ်း၌ဖော်ပြခဲ့ပြီဖြစ်ပါသည်။

ကျေးဇူးဂရုဏာတော်နှင့်ပြည့်စုံသော ဘုရားသခင်အားဖြင့်၊ ဆုံးဖြတ်ချက်၏အကျိုးသက်ရောက်မှုသည် အရေဖျားလှီးခြင်းနှင့်ဆိုင်သော မေးခွန်းကိုကျော်လွန်ခဲ့ပါသည်။ တပါးအမျိုးသားတို့အပေါ်ကြွယ်ဝလှသောကျေးဇူးတော်ကို ပေါ်လွန်စေပါသည်။ “လည်ပင်းကိုညှစ်၍ သတ်သောအရာကိုငှင်း၊ မတရားသောမေထုန်ကိုငှင်း၊ ကြဉ်ရှောင်ရမည်ဟူသော ပညတ်မှတစ်ပါး အခြားသောဝန်သင်တို့၏ အပေါ်၌တင်ခြင်းငှါ သန့်ရှင်းသောဝိညာဉ်တော်နှင့် ငါတို့သည် အလိုမရှိ။ ထိုအရာများကိုကြဉ်ရှောင်အပ်၏။ ကျန်းမာကြပါစေသောဟု ရေး၍ ပေးလိုက်သတည်း” (တမန် ၁၅း၂၉)။ မောရှေ၏ဝတ်ပြုခြင်းနှင့်ဆိုင်သော ပညတ်တရားအပေါင်းကိုလိုက်လျှောက်ဖို့ မှုကင်းလွတ်ခဲ့ကြပါသည်။ ဤအချက်ကိုကောင်စီဝင်အပေါင်း သဘောတူခဲ့ကြပြီးညီအစ်ကိုတို့ကို ထိုဆုံးဖြတ်ချက်ကြေညာခြင်းငှါ စေလွှတ်ခဲ့ကြ၏။ အသင်းတော်နှင့်ဤကမ္ဘာ၌ ဘုရားသခင်ပြုတော်မူ သောအမှုအလုံးစုံတို့ကို မိမိကိုယ်တိုင်ခွဲခုံမှတ်သားတော်မူခြင်းဖြစ်ပါသည်။ တပါးအမျိုးသားတို့၏ကယ် တင်ခြင်းလည်းပါ၏။ ဘုရားသခင်စီမံခွဲခုံမှတ်သားတော်မူခြင်း ဖြစ်ပါသည်။ ထို့ကြောင့်အဖြစ်ပျက်မှီ ကြိုတင်ဟောခဲ့ပြီး၊ ဖြစ်ပျက်လာခဲ့ကြ၏။ ထို့ကြောင့် အသစ်အဆန်းဖြစ်ပျက်သကဲ့သို့ မမှတ်ယူသင့်ပါ။ ဘုရားသခင်ပြုတော်မူသော အခြားအမှု၌လည်းထိုနည်းတူပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာ၌အခြေခံသော၊ ရှေးကယုံကြည်ခြင်းဝန်ခံချက်၌ ရေးမှတ်ထားသောအချက်၌ အခြေခံသောအသင်းတော်ခေါင်းဆောင်တို့၏ ဆုံးဖြတ်ချက်များကို ကျွန်တော်တို့လိုက်နာခြင်းရှိပါသလား။ ထိုသို့နာခံခြင်းရှိခြင်းငှါ နှိမ့်ချခြင်းစိတ်သဘောကို ကျွန်တော်တို့အားဘုရားသခင်ပေးသနားတော်မူပါစေသော။

**ဆင်ခြင်ရန်** - ကျွန်ုပ်ကိုအုပ်စိုးခြင်းငှါ ဘုရားသခင်ခန့်ထားတော်မူသော သင်းအုပ်ဆရာတို့အတွက်ကျွန်တော်အစဉ် ဆုတောင်းပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ဘုရားသခင်၏ အကျွန်ုပ်သင်းအုပ်ဆရာ၏ နောက်ကိုလိုက်ခြင်းဖြင့် ခရစ်တော်၏နောက်ကို လိုက်ခြင်းငှါ မစတော်မူပါ။

တနင်္လာ၊ ဖေဖော်ဝါရီ (၁၅)
**တမန် ၁၅း၁၀-၃၅**
ယောဟန် ၇း၁၆-၁၈

*"မိမိကိုစေလွှတ်တော်မူသော သူ၏ ဘုန်းအသရေကိုရှာသော သူမူကား၊ ယုံလောက်သော သူဖြစ်၏။ ထိုသူ၌မုသားမရှိ"*

## ဘုရားသခင်၏သံတမန်

အသင်းတော်ကောင်စီအစည်းအဝေး၏ ဆုံးဖြတ်ချက်ကိုကြေငြာခဲ့ပါသည်။ မှားယွင်းသည်ဟုထင်ရသောအမှုနှင့်ပတ်သတ်သော သံသယများဖယ်ရှားခြင်းငှါ ဤဆုံးဖြတ်ချက်ကို ယုံကြည်သူအပေါင်းတို့သိကြဖို့လိုပါသည်။ ယနေ့တိုင်အောင်၊ ထိုဆုံးဖြတ်ချက်၏အကျိုးကို ကျွန်တော်တို့ခံစားကြရပါသည်။ ဤရှေးကမှတ်တမ်းတင်ခဲ့သော အချက်တို့သည်ယနေ့တိုင်အောင် မှန်ကန်သောတရားဖြစ်၍အနာဂတ်အသင်းတော်အဖို့လည်းထိုသို့ဖြစ်ပါသည်။ အချိန်နှင့်ယဉ်ကျေးမှု ပြောင်းလဲသော်လည်း ဤမှတ်တမ်းသည် ပြောင်းလဲမည်မဟုတ်ပါ။ ဘုရားသခင်၏သမ္မာတရားသည် ထာဝရတည်၏။

<u>မှာစာကိုအပ်ပေးကြ၏</u>၊ ဆုံးဖြတ်ချက်မှတ်တမ်း ကိုဒေသန္တရ အသင်းတော်၊ အထူးသဖြင့် အန္တိအုတ်အသင်းတော်ထံ ဖြန့်ဝေပေးအပ်ခဲ့ကြပါသည်။ ထိုမှာစာကို မှားယွင်းစွာမဖော်ပြမည့်သူ၊ ထပ်၍စကားလုံးမထည့်မည့်သူ၊ နုတ်မယူမည့်သူ ယုံကြည်ရသောသူတို့ကို သူတို့အထဲမှရွေးချယ်ပြီးမှ ထိုသူတို့လက်ဖြင့်ဖြန့်ဝေခဲ့ကြပါသည်။ ဤစာကိုလျို့ဝှက်မထားကြဘဲ၊ ညီအစ်ကိုတို့ထံဖတ်၍ ယုံကြည်သောသူတို့သည် နှိမ့်သိမ့်ခြင်းနှင့်ခွန်အားရခဲ့ကြ၏။ ထိုကောင်စီ၏သံတမန်ဖြစ်ကြသော ယုဒနှင့်သိလတို့သည်ထိုတရားကို ထောက်ခံဟောပြောခဲ့ကြပါသည်။

<u>နှုတ်ကပတ်တော်ဟောပြောခြင်း</u>၊ ပြဿနာဖြေရှင်းခဲ့ပြီဖြစ်သော်လည်း အသင်းတော်သည် သတိမေ့လျော့၍ အနားယူနေဖို့မဟုတ်ပါ။ ရန်သူသည် ယုံကြည်သူတို့၏ ယုံကြည်ခြင်းကိုဖျက်ဆီးခြင်းငှါ အနားယူခြင်းမပြုပါ။ လူတို့၏ ခွန်အားသည်လူ့စကား၌မတည်၊ ဘုရားသခင်၏နှုတ်ကပတ်တော်၌တည်၏။ ပေါလုနှင့်ဗာနဗသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောသွန်သင်ခြင်းငှါ ဆက်လက်၍တည်းနေခဲ့ကြ၏။ "ငါသည်သင်တို့အားပေးသမျှသော ပညတ်တော်တို့ကိုစောင့်ရှောက်စေခြင်း ဆုံးမဩဝါဒပေးကြလော့။" (မဿဲ ၂၈း၂၀) ဟူသော၊ မဟာစေခိုင်းချက်၌ပါဝင်သော အချက်ကို ပြုကြခြင်းဖြစ်ပါသည်။ ဤအချက်ကို ယနေ့လျစ်လျူရှုခဲ့သော အချက်ဖြစ်နိုင်ပါသည်။ ဟေဗြဲ ၄း၁၂ ကိုဖတ်ပါ။

ထိုကောင်စီက တပါးအမျိုးသားတို့ကိုဝတ်ပြုခြင်းနှင့်ဆိုင်သော ပညတ်ချက်တို့ဖြင့် ယုဒလူတို့ကမနှောင့်ယှက်ကြရန် အမိန့်ထုတ်ခဲ့ကြပါသည်။ ဤသည်ကား သခင်ယေရှုခရစ်တော်အားဖြင့် ရွေးနှုတ်ကယ်တင်ခြင်းအမှုကို ဖော်ထုတ်ခြင်းဖြစ်၍ ပညတ်တရားလိုက်လျှောက်ခြင်းဖြင့် မဟုတ်ကြောင်းဖော်ပြခြင်းဖြစ်ပါသည်။ ဤထုတ်ပြန်ကြေငြာချက်ကိုလူတို့သိဖို့လိုပါသည်၊ အရေးကြီးလှပါသည်။ ယုဒလူတို့ဖြစ်ပွားစေသောရှုပ်ထွေးခြင်းအမှုပြဿနာ၌ စိုးရိမ်မှုရှိခဲ့ကြခြင်းမှ ကင်းလွတ်ခဲ့ကြပါသည်။ ထို့ပြင် မှားယွင်းသောသွန်သင်ခြင်းမှ အကောင်းဆုံးကာကွယ်ပေးသော အရာကားသမ္မာကျမ်းစာမှ စစ်မှန်သောသွန်သင်ခြင်းကို သိရှိနားလည်သဘောပေါက်ခြင်းပင် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သံတမန်တို့ ဟောပြောသော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်သတိပြုနားထောင်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်မှ အံ့ဘွယ်အမှုများကို မြင်တွေ့မည်အကြောင်းအကျွန်ုပ်မျက်စိကို ဖွင့်ပေးတော်မူ၏။

အင်္ဂါ၊ ဖေဖော်ဝါရီ (၁၆)

**တမန် ၁၅း၃၆-၄၁**

လုကာ ၉း၄၉-၅၀

*“ထိုသူကိုမတားမြစ်ကြနှင့်။ သင်တို့ရန်သူဘက်၌မရှိသောသူသည် သင်တို့ဘက်၌ရှိသည်ဟု မိန့်တော်မူ၏”*

## သာသနာပြုခြင်း၏လေးနက်တည်ကြည်မှု

အသင်းတော်၌ အချင်းချင်းနားလည်မှုလွဲခြင်းများရှိတတ်ပါသည်။ ကျွန်တော်တို့၌ခရစ်တော်၏စိတ်သဘောရှိ၍ သန့်ရှင်းသောဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်းခံရကြပြီး၊ တူညီသောသမ္မာကျမ်းစာဖတ်ကြသော်လည်း၊ ကျွန်တော်တို့သည်မတူညီသောမိသားစု၊ ယဉ်ကျေးမှုနှင့် မတူညီသောအကျင့်ရှိကြသည် ဖြစ်သောကြောင့်ကျွန်ုပ်တို့အမြင်ခံယူချက် ကွဲပြားတတ်ပါ၏။ ထို့ကြောင့် အကောင်းဆုံးကွယ်ကာလမ်းပြမှုခံကြရသော်လည်း၊ သေးငယ်သောအမှုများကပင်မိတ်ဆွေသူငယ်ချင်း၊ မိသဟာယဖွဲ့ခြင်းနှင့် အသင်းတော်များပင်ကွဲပြားစေတတ်ပါသည်။ ဝမ်းနည်းစရာကောင်းသော်လည်း၊ လူတို့၏အားနည်းချက်ကအင်အားကြီးတတ်ပြီး ကွဲပြားမှုကိုဖြစ်စေတတ်ပါသည်။ သို့သော်လည်း၊ ထိုကွဲ ပြားသီးခြားနေခြင်းက တိုးပွားကြီးထွားမှုကို ဖြစ်စေတတ်ပါသည်။

<u>စိတ်ဆုံးဖြတ်ချက်</u>၊ ပေါလုကဗာနဗအားသူတို့တည်ထောင်ခဲ့သော အသင်းတော်များရှိရာမြို့တိုင်းရှိညီအစ်ကိုတို့ကို သွားရောက်ကြည့်ရှုခြင်းငှါဆိုခဲ့ပါသည်။ ဤသည်ကားမှန်မြတ်သောအရာဖြစ်၍ယုံကြည်သူတို့ကိုခွန်အားသွားပေးခြင်းငှါ ဝိညာဉ်တော်၏ထိတွေ့ခြင်း၊ နိုးဆော်ခြင်းကြောင့်ထိုသို့ဆိုခြင်းဖြစ်ပါလိမ့်မည်။ ပေါလုသည် “ညီအစ်ကိုတို့သည်အဘယ်သို့ရှိနေသည်ကိုကြည့်ရှု” (တမန် ၁၅း၃၆) ခြင်းငှါဆုံးဖြတ်ချက်ချခဲ့ပါသည်။ ဤသည်ကားစစ်မှန်သောသာသနာပြုဆရာ၏ စိတ်သဘောဖြစ်ပါသည်။ သူသည် မိမိ၏ကျော်ကြားမှုကိုရှာနေခြင်းမဟုတ်ပါ။ သူတို့၏ဝိညာဉ်အခြေအနေကိုသိလိုခဲ့၏။ ထိုအခါဗာနဗသည် မာကုခေါ် ယောဟန်ကိုခေါ် သွားခြင်းငှါ ဆုံးဖြတ်ခဲ့ပါသည်။

<u>ဆင်ခြင်ဆုံးဖြတ်တွေးတောနိုင်ခြင်း</u>၊ ပေါလုက မာကုခေါ် ယောဟန်ကိုသူတို့၏ သာသနာပြုအဖွဲ့မှအရင်ထွက်ခဲ့ပြီးပြန်သွားခဲ့သောကြောင့် ခေါ်မသွားလိုခဲ့၏။ ထိုအချိန်၌ယောဟန်သည် ငယ်ရွယ်၍၊ ကားတိုင်ထမ်းရွက်ခြင်းနှင့်ရင်းနှီးကျွမ်းဝင်ခြင်းမရှိသေးပါ။ အခက်အခဲကြုံရသောအခါ၊ ချက်ချင်းသာသနာခရီးစဉ်မှထွက်၍ အိမ်သို့ပြန်သွားခဲ့ပါသည်။ ဤအမှုကပေါလုသာလျှင်မဟုတ်ဘဲ အန္တိအုတ် အသင်းတော်ကိုလည်းခံစားစေခဲ့သည်ဟုထင်ရပါသည်။ ယောဟန်သည်ဝိညာဉ်တိုက်ပွဲဆင်နွဲခြင်းငှါ ဝိညာဉ်ခွန်အားလိုအပ်နေသေးသည်ဟု ပေါလုမြင်သောကြောင့် မခေါ် သွားလိုခြင်းဖြစ်သည်ဟု ကျွန်တော်တို့နားလည်ရပါသည်။ နောက်သူ “ ခွန်အား ”ရှိသောအခါ၊ ပေါလုက တိမောသေအား၊“မာကုကို သင်နှင့် အတူ ခေါ်ခဲ့လော့။ သူသည်ဆရာအမှုကို ပြုရာမှာ ငါအကျိုးရှိ၏ (၂တိ ၄း၁၁) ဟုဆိုခဲ့ပါသည်။

ဘုရားသခင်၏ အမှုတော်ကို ကျွန်တော်တို့ ဆောင်ရွက်စဉ်ဘုရားသခင်ထံ မှအဆိုးအကောင်း ဆင်ခြင်ခွဲခြားတတ်ခြင်း စိတ်သဘောသည် အလွန်အရေးကြီးလှပါသည်။ ဘုရားသခင်၏အမှုတော်ကို ပေါ့ပေါ့ဆဆ မဆောင်ရွက်သင့်ပါ။လူတို့၏ထာဝရအသက်နှင့် ပတ်သက်သော အမှုဖြစ်သောကြောင့် အမှန်တကယ်ကြိုးစားဆောင်ရွက်ရပါမည်။ Calvin က-“လောကီလူသားအပေါင်း၏ လေးစားမှု၊ နှစ်သက်မှုကိုမဟုတ်ဘဲကျွန်တော်တို့သည် သမ္မာတရားကိုသာ အလေးထားကြရပါမည်။သို့သော်လည်း ကြုံတွေ့ရသောအမှု၌ အရေးကြီးသောအရာကိုလိမ္မာပါးနပ်စွာ ဆင်ခြင်တွေးတောတတ်ရပါမည်ဟု ဆိုခဲ့ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဘုရားသခင်၏အမှုတော်ကို ဘုရားသခင်ဖော်ပြခဲ့သောနည်းလမ်းအတိုင်း ဆောင်ရွက်နေပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် လမ်းခရီး၌အလင်းပေးတော်မူ၏။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၁၇)
**တမန် ၁၆း၁-၅**
ယောဟန် ၁၇း၆-၈

*"အကျွန်ုပ်အားပေးတော်မူသမျှသောအရာ တို့ကိုသူတို့အား အကျွန်ုပ်ပေး၍သူတို့သည်ခံယူသဖြင့်"*

## မင်္ဂလာရှိသောအားပေးထောက်ပံ့မှု

ယုံကြည်သူအတွက် အထီးကျန်ဆန်လွန်းသောတာဝန်မည်သည်ကား နယ်ခြားအရပ်၌ သာသနာပြုခြင်းဖြစ်ပါလိမ့်မည်။ သို့သော်လည်းဝမ်းနည်းစရာမဟုတ်ပါ၊ အကြောင်းမှာထိုသူကသခင် ယေရှု၏ဂတိတော်ဖြစ်သော၊ သင့်ကိုဘယ်တော့မှပစ်မထား၊ အလျှင်းမစွန့်ပစ်ဟူသောအချက်ကိုသိပါ၏။ သို့သော်လည်းကျွန်တော်တို့သည် လူသားဖြစ်သောကြောင့်မိဿဟာယပေါင်းဘော်ခြင်းကိုလိုချင်ကြပါ သည်။ ထို့ကြောင့်သမ္မာကျမ်းစာယုံကြည်သောသာသနာပြုဆရာအချို့သည် လီဘာရယ်များ၊ လမ်းလွဲ သောသာသနာပြုဆရာများနှင့် လက်တွဲခဲ့ကြခြင်းဖြစ်ပါသည်။ ဤသည်ကားဝိဉာဉ်အတွက်အလွန် ကြောက်စရာအန္တရာယ်ကြီးမားလှပါသည်။

အသရေရှိသောလုပ်ဖော်ဆောင်ဖက်၊ နယ်ခြားသာသနာပြုခြင်း၌၊ ဘုရားသခင်သည်သာသ နာပြုဆရာကိုအထောက်အပံ့ပေးခြင်းငှါတစုံတယောက်ကို ရွေးချယ်ပြင်ဆင်တော်မူတတ်၏။ ချက် ချင်းပေါ်မလာသော်လည်း၊ ဘုရားသခင်၏ချိန်းချက်တော်မူသောအချိန်၌လုပ်ဖော်ဆောင်ဖက်ပေါ် လာတတ်ပါသည်။ တိမောသေသည်ထိုသို့သောတပည့်တော်ဖြစ်ပါသည်။ သူသည်ဘုရားသခင်၏စစ် မှန်သောသက်သေခံဖြစ်သောကြောင့် ညီအစ်ကိုတို့တွင်အသိများသောသူဖြစ်ပါသည်။ သူ၏ထူးချွန်မှု သည်အခြားအရာမှမဟုတ်ဘဲ၊ သခင်ယေရှုခရစ်တော်၏အကြောင်းသက်သေခံခြင်းအမှုပင်ဖြစ်ပါ သည်။ သူသည်ပေါလုကိုကြီးစွာအားပေးခဲ့ပြီး၊ အသင်းတော်တည်ထောင်ခြင်းနှင့်ယုံကြည်သူများသွန် သင်ခြင်း၌ကူညီပါဝင်ခဲ့ပါသည်။

ယုံကြည်ခြင်း၌တည်ကြည်မြဲမြံသောယုံကြည်သူများ၊ ထိုအခါအသင်းတော်တို့သည်မြဲမြံအား ကြီးခြင်းရှိကြ၏။ ယုံကြည်သူတို့၏ယုံကြည်ခြင်းနှင့် အကျင့်တို့သည်တည်ကြည်မြဲမြံခြင်းရှိ၍၊ နှုတ်က ပတ်တော်ကိုလိုက်လျှောက်ခြင်းငှါအားကြီးကြ၏။ ဤအမှုကလူများတို့ကိုခရစ်ယာန်ယုံကြည်ခြင်း ရှာဖွေတွေ့ရှိခြင်းငှါဆွဲဆောင်ခဲ့ပါသည်။ ထိုသို့ဖြင့်စစ်မှန်သောဘုရားသခင်၏နှုတ်ကပတ်တော် သွန်သင်ဟောပြောခြင်းကို ကြားနာကြသဖြင့်နေ့စဉ်ယုံကြည်သူတိုးပွားများပြားခြင်းရှိ၏။

ဘုရားသခင်ကကျွန်ုပ်တို့၏မပြည့်စုံမှုကိုသိတော်မူ၏။ ဘုရားသခင်ကိုစောင့်မျှော်လျှင်၊ ဘုရားသခင်၏ မစထောက်ပံ့ခြင်းကောင်းကြီးမင်္ဂလာသည် အချိန်မှန်ရောက်လာပါလိမ့်မည်။ ထို့ ကြောင့် သာသနာနယ်၌များယွင်းသော သာသနာပြုဆရာတို့နှင့် လက်တွဲဆောင်ခြင်းပြုဖို့မလိုပါ။ ဘုရားသခင်၏ဂတိတော်ကို ယုံကြည်လျက်စွဲမြဲစွာ ကိုင်ထားကြပါစို့။ သို့ဆိုလျှင်မိမိအချိန်၌ ဘုရားသခင်သည်မိမိ၏သစ္စာရှိသောဂတိတော်ကို စုံလင်စေတော်မူလိမ့်မည်။

ကျွန်တော်ဆောင်ရွက်နေသောအမှုတော်၌ လူအနည်းငယ်သာလာကြသောကြောင့်၊ ဆက်လက်အမှုတော်မဆောင်ဘဲနားခြင်းငှါ ကျွန်တော်စီစဉ်ခဲ့ဖူးပါသည်။ အံ့သြစရာကောင်းစွာ၊ ဘုရား သခင်က အမှုတော်ဆောင်ဖက်ညီအစ်ကိုနှစ်ယောက်ကျွန်ုပ်ကို ပေးတော်မူခဲ့၏။ ထိုအခါအမှုတော်ကို ဆက်လက်ဆောင်ရွက်ခြင်းငှါ ကျွန်ုပ်ကိုခွန်အား၊ အင်အားဖြစ်စေသော ကျွန်ုပ်၏မိသားစုအပြင် ထိုနှစ်ဦးယောက်ကြောင့်ဘုရားသခင်ကိုကျေးဇူးတင်ပါ၏။ ဘုရားသခင်သည် မိမိ၏စုံလင်သောအချိန်နှင့် နည်းလမ်းအတိုင်း အမှုတော်ဆောင်ဖက်တို့ကို အတူတကွ အမှုတော် ထမ်းရွက်ခြင်းအတွက် ပို့ဆောင် ပေးတော်မူတတ်၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဘုရားသခင်အမှုတော်ကိုမြဲမြံစွာဆောင်ရွက်နေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ လုပ်ဖော်ဆောင်ဖက်ကို အချိန်မှီပို့ပေးတော်မူသောကြောင့် ကိုယ် တော်ကိုချီးမွမ်းပါ၏။

ကြာသပတေး၊ ဖေဖော်ဝါရီ (၁၈)
**တမန် ၁၆း၆-၁၀**
ယောဟန် ၁၆း၁၃-၁၅

*"သမ္မာတရားနှင့်ပြည့်စုံသောထိုဝိညာဉ်တော်သည် ရောက်သောအခါ၊ သမ္မာတရားကိုသင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်"*

# ဆောင်ရွက်ရမည့်အမှုတော်

မဟာစေခိုင်းချက်အတိုင်း မြေကြီးစွန်းတိုင်အောင်ကယ်တင်ခြင်းတရားဟောလိုသောအခါ၊ ကျွန်တော်တို့သွားရောက်ရမည့် နေရာနှင့်ပတ်သက်ပြီးသန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုကိုကျွန်တော်တို့ကောင်းကောင်းသိဖို့လိုပါသည်။ အလွန်လိုအပ်ကြောင်းကျွန်တော်တို့သိသောနေရာများစွာသိ သော်လည်း၊ ဘုရားသခင်၏ဝိညာဉ်တော်ကထိုအရပ်သို့မသွားခြင်းခုံခြင်းပြုမည့်အစားဝိညာဉ်တော်၏ အလိုသို့ဆက်ကပ်ကြရပါမည်။ သာသနာပြုခြင်းသည်ကျွန်ုပ်တို့၏အလိုအတိုင်းပြုရမည့်အမှုမဟုတ် ဘဲ၊ ဘုရားသခင်၏အလိုအတိုင်းပြုရမည့်အမှုဖြစ်ကြောင်းသတိပြုကြရပါမည်။ အမိန့်ပေးတော်မူသောဘုရား၏အစီအစဉ်၌ ကျွန်တော်တို့ဆက်ကပ်ကြရပါမည်။

<u>တားမြစ်ခြင်း</u>၊ "အဘယ်ကြောင့်ဝိညာဉ်တော်သည် သာသနာပြုဆရာသွားလိုသောနေရာသို့မသွားစေဘဲတားမြစ်ရပါသနည်း" ဟုမေခွန်းထုတ်နိုင်ပါသည်။ အဖြေကား၊ ဘုရားသခင်ကြိုတင်စီစဉ်ထားသောအစီအစဉ်ရှိခဲ့ပြီဖြစ်သောကြောင့်တည်း။ ထို့ကြောင့်ကျွန်ုပ်တို့၏အစီအစဉ်တိုင်းသွားလျှင်၊ ကြိုတင်စီစဉ်ထားချက်ဖျက်ဆီးရာရောက်၍ အကျိုးမရှိဖြစ်နိုင်ပါသည်။ ပေါလုသည်ဗိသုနိပြည်သို့သွားလိုသော်လည်း၊ ဝိညာဉ်တော်ကခွင့်မပြုခဲ့ပါ။ ဘုရားသခင်ကမိမိဉာဏ်တော်နှင့် အလိုတော်အတိုင်းအကုန်လုံးစီစဉ်တော်မူခဲ့ပြီဖြစ်ပါသည်။ "အနန္တတန်ခိုးရှင်ဘုရားသခင်က မိမိအလိုတော်အတိုင်းသတင်းကောင်းဖယောင်းတိုင်ကိုတခန်းမှ အခြားတခန်းသို့ရွှေ့တော်မူ၍၊ နေရာတနေရာမှအခြားနေရာသို့ပို့တော်မူ၏။ ဤသို့ရောက်သောအရပ်တိုင်း၌တန်ဖိုးထားကြပြီး၊ သစ္စာရှိစွာလိုက်လျှောက်ဟောပြောကြစေခြင်းငါဖြစ်၏" (Burkitt)။

<u>ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်း</u>၊ ပေါလုသည် မာကေဒေါနိလူ၏ ခေါ်ခြင်းရူပါရုံကိုမြင်တွေ့ခဲ့ပါသည်။ ကျွန်ုပ်တို့အမှုတော်ဆောင်ရန် လမ်းခရီးကိုဘုရားသခင်သာလျှင် အကောင်းဆုံးသိတော်မူ၏။ ထို့ကြောင့် ဘုရားသခင်၏အလိုတော်အတိုင်း ဖြစ်မည်အကြောင်း အလုံးစုံကိုဘုရားသခင်ထံ အပ်နှံဖို့လိုပါသည်။ ကျွန်ုပ်တို့၏ဆန္ဒနှင့် ရည်ရွယ်ချက်သည် လက်တွေ့ကျ၍ဖြစ်သင့်သောအရာဖြစ်သည့်တိုင်၊ ဘုရားသခင်၏အလိုတော်သည် အကောင်းဆုံးနှင့်လိုအပ်သောအရာဖြစ်ပါသည်။ ပေါလုသည် ဘုရား၏အလိုတော်ကို မေးခွန်းမထုတ်ပါ။ မာကေဒေါနိပြည်သို့ သွားခြင်းငှါချက်ချင်းကြိုးစားခဲ့ပါသည်။

ဘုရားသခင်က မဟာခိုင်းစေချက်မိန့်တော်မူသောအခါ၊ ကျွန်ုပ်တို့၏အစီအစဉ်ကို ရေးဆွဲခြင်းငှါ ဗလာစာရွက်ပေးတော်မူခြင်းမဟုတ်ပါ။ သူကိုယ်တိုင်က ကြိုတင်ရေးဆွဲချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်တို့ပါဝင်နိုင်သော အခန်းကဏ္ဍ၌ကြိုးစားအားထုတ်ပါဝင်ခြင်းငှါ စောင့်နေဖို့သာလိုပါသည်။ ထိုနည်းဖြင့်၊ ကျွန်တော်တို့ပြုသောအမှုသည် အချည်းနှီးမဟုတ်ဘဲ၊ မိမိတို့၏နိုင်ငံကို ဆောက်နေခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏နိုင်ငံတော်အတွက် ပါဝင်သောလုပ်ဖော်ဆောင်ဖက်ဖြစ်ကြမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြဦးဆောင်မှုကို ကျွန်တော်နာခံခြင်းရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ နာခံခြင်းနှင့် ကိုယ်တော်၏နောက်တော်သို့ လိုက်ခြင်းငှါ အကျွန်ုပ်အား နှိမ့်ချသောစိတ်သဘောပေးသနားတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၁၉)

**တမန် ၁၆း၁၁-၁၅**

ယောဟန် ၂၁း၁၅-၁၈

*"... လက်နှစ်ဖက်ကို ဆန့်ပြီးလျှင်၊ သူတပါးသည် သင့်ကိုပတ်စည်း၍..."*

## ဝိညာဉ်တော်၏ခေါ်ဆောင်ရာအရပ်

သာသနာပြုခြင်းနှင့်နေ့စဉ် အသက်တာ၌ပင် ဘုရားသခင်၏အလိုတော်ကိုလိုက်၍ ဆောင်ရွက်နေထိုင်ခြင်းသည် လောကီလူတို့၏အမြင်၌ ချက်ချင်းအောင်မြင်မှုရမည်ဟု မဆိုလိုပါ။ ယုံကြည်ကြခြင်းငှါ စိတ်နှလုံးပြင်ဆင်ခြင်းခံရသော သူတို့ထံ ဘုရားသခင်တံခါးဖွင့်ပေးတော်မူမည့် ဘုရားသခင်၏ အချိန်ကို စောင့်ဖို့လိုပါသည်။ ထိုအချိန်အခါသည် ဘုရားသခင်လက်တော်ထဲ၌ရှိ၏။ ခရစ်တော်ကို ဝန်ခံလျက်ပြောင်းလဲသောသူတစ်ဦးရရှိရန် ဆယ်နှစ်တိုင်တိုင် စောင့်ခဲ့သောသာသနာပြုဆရာများစွာရှိခဲ့ပါသည်။ သို့သော်လည်း၊ သာသနာပြုခြင်းအမှုတော်၌ တဦးတယောက်သာပြောင်းလဲလျှင်လည်း လုံလောက်ခြင်းရှိတော်မူ၏။

<u>အစည်းအဝေး</u>၊ လုကာက ခရီးစဉ်ချောမွေ့မှုရှိခြင်းကို ဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်က လိုရာခရီးသို့ရောက်ကြခြင်းငှါ (ယနေ့ဥရောပ၏အရှေ့ဘက်အရပ်) လိုအပ်သောအရာများကို ထောက်ပံ့တော်မူခဲ့၏။ တမန် ၁၆း၁၀ တွင် "ငါတို့" ဟူ၍ ရှင်လုကာက ပေါလုနှင့်အခြားသူတို့နှင့်တကွ ထိုခရီးစဉ်၌ပါဝင်ကြောင်းကို မှတ်တမ်းတင်ခဲ့ပါသည်။ မာကေဒါနိပြည်၏အဓိကမြို့ဖြစ်သော ဖိလိပ္ပိမြို့သို့ရောက်ကြသောအခါ၊ ဘုရားသခင်က သူတို့အတွက်အခွင့်ကောင်းပေးတော်မူခဲ့၏။ "ဥပုသ်နေ့၌ ငါတို့သည်မြို့ပြင်သို့ထွက်လျှင် ပဌနာစရပ်ရှိတတ်ရာ မြစ်နားသို့သွား၍ ထိုင်ပြီးမှ ထိုအရပ်၌စည်းဝေးသောမိန်းမတို့အား ဟောပြောကြ၏" (တမန် ၁၆း၁၃)။

<u>ဖွင့်ထားသောစိတ်နှလုံး</u>၊ ဘုရားသခင်ကသာလျှင် ယိုယွင်းပျက်စီးသော စိတ်နှလုံးကိုမိမိ၏ကျေးဇူးတော်အားဖြင့် ယေရှုခရစ်တော်အား အပြစ်မှနှောင်တရ၍ မိမိ၏သခင်ကယ်တင်ရှင်အဖြစ်ယုံကြည်ခြင်းငှါ ယုံကြည်ခြင်းပေးသနားတော်မူလျက် မိမိ၏ဝိညာဉ်တော်အားဖြင့် ဒုတိယမွေးခြင်းကိုခံစေတော်မူနိုင်၏။ ပထမဆုံးသောပြောင်းလဲလာသူ၊ လုဒိသည် သာသနာပြုဆရာတို့၏ တရားဟောခြင်းကိုကြားနာလျက်၊ ဘုရားသခင်၏ဝိညာဉ်တော်က ထိုတရားကိုသူ့စိတ်နှလုံးထဲ၌ အသုံးပြုတော်မူခဲ့၏။ သူသည် ယုံကြည်ခြင်းရှိ၍၊ မိမိအိမ်သားတို့နှင့်တကွ ဗတ္တိဇံမင်္ဂလာကို ခံခဲ့ပါသည်။

ခေတ်သစ်သာသနာပြုခြင်း၏ ဖခင်ကြီးဖြစ်သော William Carey သည် ခုနစ်နှစ်လုံးလုံးနေ့စဉ်တရားဟောခဲ့သော်လည်း ပြောင်းလဲသောသူတဦးမျှမရှိကြောင်း ဖော်ပြခဲ့ပါသည်။ ဘိသိက်ပေးခြင်းမင်္ဂလာအတွက် ၁၇၈၅ ခုနှစ်၌ပြင်ဆင်နေစဉ် သူသည် တရားဟောကောင်းသော ပုဂ္ဂိုလ်မဟုတ်ခဲ့ပါ။ သူသည် ပထမဦးဆုံးတရားဟောခဲ့စဉ်၌ ဘိသိက်ပေးရန်စရင်းမှ ပယ်ချခြင်းခံခဲ့ရပါသည်။ အမှုတော်အတွက် ဘိသိက်ပေးခြင်းခံခြင်းငှါ နောက်ထပ်နှစ်နှစ်ထပ်စောင့်ခဲ့ရ၏။ သို့သော်လည်း၊ သူသည် ခရစ်တော်၏သတင်းကောင်းကို လူများတို့ထံဟောပြောခြင်းငှါ အဘယ်အဖိုးအခကိုမဆိုပေးလိုသောသူ၊ အဘယ်အခက်အခဲစတေးမှုကိုပင် ပေးဆပ်ခံဝံ့လိုသောသူ၊ ချစ်ခြင်းမေတ္တာကြီးမားသောသူဟု ဖော်ပြခြင်းခံခဲ့ရပါသည်။ ပထမဆုံးပြောင်းလဲသောသူသည် ထိုသို့သာသနာပြုလျက်တရားဟောပြီး ခုနစ်နှစ်နှောင်းပိုင်းလတွင် ပြောင်းလဲလာခြင်းဖြစ်ပါသည်။ ကြိုးစားအားထုတ်ဆောင်ရွက်မှုထိုက်တန်မှုရှိပါသည်။

**ဆင်ခြင်ရန်** - လူတို့ကယ်တင်ခြင်းခံရကြသောအခါ ကျွန်တော်ဝမ်းမြောက်ခြင်းရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကယ်တင်ခြင်းမခံရသေးသောလူတဦးဦးထံ ယနေ့အကျွန်ုပ်ကို ခေါ်ဆောင်တော်မူ၏။

စနေ၊ ဖေဖော်ဝါရီ (၂၀)

**တမန် ၁၆း၁၆-၁၈**

၁ ပေ ၅း၈-၉

*“. . . မာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက် ရှိ၏”*

## မာရ်နတ်ကို ဆန့်ကျင်ဆီးတားလော့

စာတန်နှင့်သူ၏အပေါင်းအပါတို့သည် ခရစ်တော်အားလူတို့မယုံကြည်ကြခြင်းငှါ ကြိုးစားအားထုတ်၍ ဆီးတားကြပါသည်။ သူတို့သည် ခရစ်ယာန်၏အားနည်းချက်ကို နည်းမျိုးစုံဖြင့်ရှာကြ၏။ ဆန့်ကျင်ခြင်း၊ ညှဥ်းပန်းနှိပ်စက်ခြင်းအားဖြင့်မဟုတ်လျှင်၊ သူတို့သည် ချီးမြှောက်ခြင်းဖြင့်သင့်ကို သွေးဆောင်ကြပါလိမ့်မည်။ ကျွန်တော်တို့သတိမထားလျှင်၊ သူတို့၏ထောင်ချောက်ထဲသို့ ကျရောက်တတ်ပါသည်။ ထို့ကြောင့်၊ ဤကျမ်းပိုဒ်၌မာရ်နတ်၏ချီးမြှောက်ခြင်းသဘောကို ဖော်ပြထားပါသည်။

<u>အနာဂတ်ကိုဟောသောနတ်</u>၊ မိန်းမတစ်ယောက်သည် အနာဂတ်ကိုဟောသောနတ်ဝင်ပူးခြင်းခံရ၏။ “အနာဂတ်ကိုဟောသဖြင့်” (တမန် ၁၆း၁၆)ဟူသော စကားလုံးသည် ဤနေရာ၌သာ တွေ့ရပြီး၊ စပါးကြီးမြွေ(သို့) မြွေကြီးကို ဆိုလိုခြင်းဖြစ်ပါသည်။ စာတန်က ထိုမိန်းမအား ယနေ့ခေတ်သစ်အသင်းတော်များကျင့်သုံးသော၊ မိမိကိုယ်ကို အကောင်းမြင်ခြင်းစိတ်သဘောကို ဖော်ဆောင်ခြင်းငှါ အသုံးပြုခဲ့ပါသည်။ သူဟောသောအချက်သည် အမှန်ဟုထင်ရသော်လည်း၊ သာသနာပြုတို့၏စိတ်နှလုံး၌မာနထောင်လွှားခြင်းနှင့် ဝါကြွားခြင်းကိုဖြစ်စေပြီး၊ အပြစ်ပြုသဖြင့်၊ ဘုရားသခင်၏ဆုံးမခြင်းကိုခံရကြခြင်းငှါ ရည်ရွယ်ခြင်းဖြစ်ပါသည်။

<u>စိတ်မသာဖြစ်ခြင်း</u>၊ ဤနတ်ဆိုးစွဲသောမိန်းမသည် “ချီးမြှောက်ခြင်း” ကို ရက်ပေါင်းများစွာဆက်လက်ပြုနေသောကြောင့် ပေါလုသည်စိတ်မသာဖြစ်ခဲ့ပါသည်။ ဤသို့သော ချီးမြှောက်ခြင်းသည် အထက်မှလာသော ချီးမြှောက်ခြင်းမဟုတ်ပါ။ ပေါလုသည် မခံနိုင်သောအခါ၊ သခင်ယေရှုခရစ်တော်၏ နာမတော်ဖြင့် ထိုနတ်ဆိုးအား ထိုမိန်းမထံမှထွက်လာခြင်းငှါ မိန့်တော်မူခဲ့၏။ ထိုအခါ ထိုနတ်သည် ထွက်သွားခဲ့ပါသည်။ မာရ်နတ်ထံမှလာသော ချီးမြှောက်ခြင်းကို ကျွန်တော်တို့အလိုမရှိပါ။ ထိုချီးမြှောက်ခြင်းက ဝမ်းမြောက်ခြင်းမဟုတ်ဘဲ၊ စိတ်မသက်မသာဖြစ်ခြင်းကို ယူဆောင်လာ၏။

စာတန်သည် အခွင့်ရှိတိုင်း ဘုရားသခင်၏လူတို့ကိုအပြစ်ပြု၍ ဘုရားသခင်၏ဆုံးမခြင်းကို ခံရန်ကြိုးစားတတ်၏။ ဤအနာဂတ်ကိုဟောသောနတ်သည် ယနေ့၌တွေ့ရသော “အကောင်းမြင်ခြင်းလှုပ်ရှားမှု” နှင့်ခပ်ဆင်ဆင်ဖြစ်ပါသည်။ သူတပါးကို ဟန်ဆောင်ချီးမြှောက်သည်သာမက၊ မိမိကိုယ်ကို ချီးမြှောက်တတ်ကြ၏။ ဖန်ဆင်းခြင်း၌ တွေ့ရသောဘုရားသခင်၏နှုတ်တန်ခိုးကဲ့သို့သော ယုံကြည်ခြင်းနှုတ်တန်ခိုးရှိသည်ဟု မိမိကိုယ်ကို ဆိုကြ၏။ ဤသည်ကား မိုက်မဲမှု၊ ရီစရာကောင်းသောအမှုဖြစ်သော်လည်း များစွာသောအမည်ခံခရစ်ယာန်တို့သည် ဤလှည့်ဖြားခြင်း၌ ချုပ်နှောင်ခြင်းခံခဲ့ကြ၏။ စာတန်၏လှည့်စားခြင်းကိုမခံပါနှင့်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ခရစ်ယာန်စစ်မြေပြင်၌လော (သို့) ကစားကွင်း၌နေနေပါသနည်း။

**ဆုတောင်းချက်**- အဘဘုရား၊ ရန်သူ၏ တိုက်ခိုက်မှုအပေါင်းမှ အကျွန်ုပ်ကိုကွယ်ကာတော်မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၂၁)

**တမန် ၁၆း၁၉-၂၄**

လုကာ ၂၂း၆၃-၆၅

*"မျက်နှာတော်ကို ဖုံးပြီးလျှင် လက်နှင့်ပုတ်လျက်"*

# ခန္ဓာကိုယ်ညှဉ်းပန်းနှိပ်စက်ခြင်း

သာသနာနယ်၌ အမှုတော်ဆောင်ခြင်းသည် ရန်သူ့နယ်ပယ်ထဲသို့ဝင်ရောက်ခြင်းဖြစ်ကြောင်း ကျွန်တော်တို့လေ့လာခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ဝိညာဉ်စိတ်ပိုင်းဆိုင်ရာ အခက်အခဲသာမဟုတ်၊ ခန္ဓာကိုယ်ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခြင်းငှါ အသင့်ရှိဖို့လိုပါသည်။ သာသနာနယ်သို့သွားခြင်းငှါ လူငယ်တို့အား၊ အချို့အသင်းတော်သည် ဧဝံဂေလိတရားကို အဓိကမထားဘဲ၊ ထိုဒေသ၏ပျော်စရာကောင်းမှုနှင့် သွားရောက်လည်ပတ်ရန် စိတ်ဝင်စားစရာကောင်းမှုတို့ကိုသာ ပြောပြတတ်ကြ၏။ သာသနာခရီးသည် ထိုသို့အပန်းဖြေခရီးသွားခြင်းမဟုတ်ပါ။ ထို့ကြောင့် ယနေ့ခေတ်သာသနာခရီးစဉ်သည် အလည်အပတ်ခရီးသွားသယောင်ဖြစ်လာခဲ့ပါသည်။

အချက်ပေါင်းများစွာ ရိုက်နှက်ခြင်း၊ အနာဂတ်ကို ဟောသောနတ်စွဲသောမိန်းမအားရည်ရွယ်ချက်ရှိရှိ အသုံးပြုခြင်းကို စာတန်မအောင်မြင်သောကြောင့် ဒေါသထွက်ခဲ့၏။ ပေါလုသည် ဖမ်းဆီးခြင်းခံရ၍၊ အခြားသူတို့သည် စွပ်စွဲခံရလျက် ရုံးတော်သို့ခေါ်ခြင်းခံရကြ၏။ သူတို့သည် မြို့ကိုနှောင့်ယှက်သောသူ၊ လူတို့ကိုရှုပ်ထွေးစေသောသူ၊ ပြဿနာရှာသောသူဟု စွပ်စွဲခံခဲ့ကြပါသည်။ ကောင်းကောင်းမှန်မှန်စစ်ကြောခြင်းမပြုဘဲ ဖိလိပ္ပိမြို့၏ ခေါင်းဆောင်တို့သည် လူတို့အား သူတို့ကိုရိုက်နှက်ခြင်းငှါ အမိန့်ပေးခဲ့ပါသည်။ ဤသည်ကား ကြိမ်လုံးဖြင့်ရိုက်ခြင်းအပြစ်ဒဏ်ဖြစ်ပါသည်။ ယုဒလူတို့သည် လူကိုအချက်ပေါင်းလေးဆယ်ရိုက်ရသောဥပဒေရှိပြီး၊ ရောမလူတို့၌ ထိုသို့သောဥပဒေမရှိပါ။ ရိုက်ချက်တို့သည် အရိုက်ခံရသောခန္ဓာကိုယ်ကို ပေါက်ပြဲဒဏ်ရာဖြစ်စေတတ်၏။

အတွင်းထောင်ထဲ၌ ထိတ်ခတ်ချုပ်ထားခြင်း၊ သူတို့သည် သေချာစစ်ကြောခြင်းမပြုဘဲ ထောင်ထဲ၌ပိတ်လှောင်ခြင်းခံရကြ၏။ ထောင်မှူးအား လုံခြုံစွာစောင့်ခြင်းငှါ မှာထားခဲ့ကြ၏။ ထို့ကြောင့် ထောင်မှူးသည် သူတို့ကိုအတွင်းထောင်ထဲ၌ ထည့်၍ သူတို့ခြေထောက်ကို ထိတ်ခတ်ထားခဲ့ပါသည်။ ဘယ်သူမှလွတ်မြောက်နိုင်ခြင်းရှိမည်မဟုတ်ပါ။ လူတို့ထံအခြားမဟုတ်၊ သတင်းကောင်းကိုသာ ယူဆောင်လာသောသူတို့ ဤသို့ခံရခြင်းသည် လုံးဝထိုက်တန်ခြင်းမရှိပါ။ သို့သော်လည်း၊ ဘုရားသခင်ခွင့်ပြုတော်မူ၏။ ထို့ကြောင့် ကျွန်ုပ်တို့၏နှိမ့်သိမ့်ခြင်းသည် ဤလောက၌မဟုတ်ဘဲ၊ ရောက်လာမည့်ကမ္ဘာ၌သာဖြစ်ကြောင်း ကျွန်တော်တို့သိထားကြရပါမည်။

ကယ်တင်ရှင်သခင်ယေရှုခရစ်တော်သည်လည်း ကားတိုင်ပေါ်၌ ထိုကဲ့သို့သော ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရပြီး၊ သူ၏တပည့်တော်တို့သည်လည်း ထိုသို့ခံကြရပါမည်။ ကျွန်ုပ်တို့ခံရသောဒုက္ခဝေဒနာသည် ကျွန်ုပ်တို့၏အပြစ်နှင့်နှိုင်းယှဉ်လျှင် ဘာမှမဟုတ်ပါ။ သို့သော်လည်း၊ ကျွန်ုပ်တို့ခံရသော ဆင်းရဲဒုက္ခတိုင်းက ကျွန်ုပ်တို့ကို အပြစ်ဒဏ်မှကယ်နှုတ်ခြင်းငှါ မရေမတွက်နိုင်သောကယ်တင်ရှင်၏နာကျင်ခံစားမှုဝေဒနာကို သတိရစေရပါမည်။ ထိုသို့ဆင်းရဲဒုက္ခဝေဒနာ ကိုယ်တော်ခံခဲ့ကြောင်း သတိရခြင်းက ကိုယ်တော်အတွက် ပို၍ကြီးမားအားထုတ်ခြင်းနှင့် ချစ်ခြင်းကိုတိုးပွားစေရပါမည်။ ဘဝ၌ ထိုသို့သောခက်ခဲသည့်အခြေအနေကို ကျွန်တော်တို့ရှောင်ရှားကြရပါမည်လော။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဘုရားသခင်အတွက် ဝေဒနာခံရန်ကျွန်တော်အသင့်ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ထာဝရအသက်နှင့်ဆိုင်သော ဂတိတော်ကိုမျှော်လင့်လျက်ရှိပါ၏။

တနင်္လာ၊ ဖေဖော်ဝါရီ (၂၂)
**တမန် ၁၆:၂၅-၃၄**
မဿဲ ၅:၁၄-၁၆

*“ထိုနည်းတူ၊ သူတပါးတို့သည် သင်တို့၏ ကောင်းသောအကျင့်ကို မြင်၍ . . . သူတပါးရှေ့၌ သင်တို့အလင်းကိုလင်းစေကြလော့”*

# သာသနာနယ်

နေရာတိုင်းသည် သာသနာနယ်ဖြစ်နိုင်ပါသည်။ ကျောင်းသူကျောင်းသားတို့အတွက် သူတို့၏ ကျောင်းဝန်းသည် သူတို့အတွက် သာသနာနယ်ပင်ဖြစ်ပါသည်။ အလုပ်သမားတို့သည် မိမိတို့လုပ်ငန်းခွင်သည် သာသနာနယ်ဖြစ်၏။ ထိုနည်းတူ ထောင်ထဲ၌ပြောင်းလဲသောသူတို့သည်၊ ထိုထောင်သည်သူတို့၏သာသနာနယ်ဖြစ်ပါသည်။ ခရစ်ယာန်တို့အတွက်၊ နေရာတိုင်းသည် ကျွန်ုပ်တို့၏ သာသနာနယ်ပင်ဖြစ်ပါ၏။ ကျွန်တော်တို့သည် နယ်ခြားသွားစရာမလိုဘဲ နေရာတိုင်း၌သာသနာပြုသောသူများဖြစ်နိုင်ပါသည်။ ကျွန်တော်တို့သည် ကိုယ့်မြို့ကိုယ့်ရွာ၌ သာသနာပြုသောသူများ ဖြစ်နိုင်ကြပါ၏။

<u>ဘုရားသခင်ကိုးကွယ်ရမည့်နေရာ</u>၊ ဘုရားသခင်ထားတော်မူသောအရပ်တိုင်း၌ ကျွန်တော်တို့သည် ဘုရားသခင်ကိုချီးမွမ်းနိုင်ပါသည်။ ထောင်ထဲ၌ပိတ်လှောင်ခြင်းခံရသော ပေါလုနှင့်သိလတို့သည် ဘုရားသခင်ကိုကိုးကွယ်ချီးမွမ်းလျက် အမှုတော်ကိုဆောင်နိုင်ခဲ့ကြပါသည်။ “သူတို့သည် ကြိုးဖြင့် ထိတ်ခတ်ခြင်းခံရကြသော်လည်း ဘုရားသခင်ထံ ပဌနာပြု၍ ချီးမွမ်းသီချင်းဆိုခဲ့ကြ၏။ ထို့ကြောင့် သူတို့ခံရသောအမှု၊ ခန္ဓာကိုယ်၌ ခံရသောရိုက်နှက်မှု၊ အတွင်းထောင်၏ဆိုးသက်သောအနံ့၊ သေခြင်းအန္တရာယ်တို့က ဝမ်းမြောက်စွာဘုရားသခင်၏ကျေးဇူးတော်ကို မချီးမွမ်းခြင်းငှါ မဆီးတားနိုင်ကြောင်း တွေ့ရပါသည်” (Calvin)။

<u>တရားဟောရမည့်နေရာ</u>၊ အကျဉ်းထောင်သည် သူတို့၏သာသနာနယ်ဖြစ်ခဲ့ပါသည်။ အံ့ဖွယ်လျှောင်ကြီးလှုပ်သောအခါ၊ ထောင်တံခါးတို့သည် ဖွင့်၍ထောင်သားတို့ကို ချုပ်နှောင်သောသံကြိုးတို့သည် ပြုတ်ကျခဲ့ကြ၏။ ထိုအမှုကိုမြင်သော ထောင်မှူးသည်မိမိကိုယ်ကိုသတ်သေရန်ကြိုးစားသော်လည်း ပေါလုကတားမြစ်ခဲ့ပါသည်။ ထောင်မှူးသည် ပေါလုနှင့်သိလ၏အကြောင်းကိုသိသဖြင့်၊ သတင်းကောင်းကိုကြားနာလက်ခံခြင်းငှါ အသင့်ရှိနေခဲ့ပါသည်။ ထိုအခါ ပေါလုနှင့်သိလက ချက်ချင်းအဖြေပေး၍၊ ထိုကျမ်းချက်သည် သမ္မာကျမ်းစာ၏ ထင်ရှားသောကျမ်းချက်တွင်တစ်ခုဖြစ်လာခဲ့ပါသည် - “သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်” (တမန် ၁၆:၃၁)။

သာသနာပြုဆရာတို့သည် အကျဉ်းထောင်ထဲ၌ပင် ဘုရားသခင်ကိုကိုးကွယ်ချီးမွမ်းခြင်းငှါ အသင့်ရှိခဲ့ကြ၏။ အကြောင်းမှာ ဘယ်နေရာမှာဘဲရှိရှိ ထိုအရပ်၌ ဘုရား၏အမှုတော်ကိုဆောင်ရန် ဘုရားသခင်ထားတော်မူကြောင်း သူတို့သိကြ၏။ ဘုရားသခင်သည် ချုပ်နှောင်ထားရာနေရာအကျဉ်းထောင်ကို စစ်မှန်သောလွတ်မြောက်ခြင်းခံရာအရပ်ဖြစ်စေတော်မူခဲ့၏။ ငရဲတံခါး၌ ရောက်နေသောသူသည် လုံခြုံသောအရပ်သို့ မိမိချစ်သောသူတို့နှင့်တကွ ခေါ်ဆောင်ခြင်းခံရခဲ့ပါသည်။ ဤသည်ကား မိမိရွေးကောက်တော်မူသောသူတို့အပေါ် ထားရှိသောဘုရားသခင်၏ ကြီးမားသောဂရုဏာတော်ကျေးဇူးတော်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏ကယ်တင်ခြင်းတန်ခိုးသည် နေရာဒေသအလိုက်ကန့်သတ်ထားခြင်းမရှိ။ တရားစရပ်နှင့် အခြားဝတ်ပြုကိုးကွယ်ရာအရပ်၌သာမဟုတ်၊ အလွန်ထိတ်လန့်ကြောက်စရာကောင်းသောနေရာ၌လည်း ထိုတန်ခိုးကိုတွေ့ရပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေသောအလင်း ကျွန်တော်ဖြစ်ပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ဘုန်းတော်ကို အစဉ်ထင်ရှားစေလိုသောဆန္ဒကို အကျွန်ုပ်အားပေးတော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၂၃)

**တမန် ၁၆း၃၅-၄၀**

၁ ပေ ၂း၁၇-၂၀

*"ကောင်းမွန်စွာပြု၍ ဆင်းရဲခံရသောအခါ သည်းခံလျှင်၊ ဘုရားသခင်ရှေ့တော်၌ ကျေးဇူးရှိ၏"*

## တရားဥပဒေနှင့်ညီညွတ်သောသာသနာအမှုတော်

ခရစ်ယာန်ကျွန်တော်တို့သည် သာသနာပြုရာအရပ်ကို အစိုးရသောအာဏာရှိ အစိုးရ၏ အုပ်စိုးခြင်းကိုခံကြရပါမည်။ ကျွန်တော်တို့သည် ဥပဒေကိုချိုးဖောက်သောသူမဖြစ်ရပါ။ သို့ဆိုလျှင် ထိုအစိုးရသောပုဂ္ဂိုလ်တို့ကို မည်သို့ဘုရားသခင်သိခြင်း၊ ကယ်တင်ခြင်းတရားသို့ ကျွန်တော်တို့ဖိတ်ခေါ်နိုင်မည်နည်း။ ကျွန်တော်တို့သည် အစိုးရနှင့်ဥပဒေသကို နာခံခြင်းရှိရပါမည်။ ကျွန်တော်တို့သည်သူတပါးအတွက် ပုံပမာဖြစ်ကြရပါမည်။ ဘုရား၏လူဖြစ်သော ကျွန်တော်တို့က ဤလောက၏ အစိုးရသောသူတို့သည် ဘုရားသခင်ကိုယ်တိုင် ခန့်ထားတော်မူသောကြောင့် သိထားကြပါ၏။

<u>ဥပဒေနှင့်ညီသောလုပ်ပိုင်ခွင့်၊</u> ဖိလိပ္ပိမြို့၏ ခေါင်းဆောင်များပြုသောအမှုသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိပါ။ မှန်မှန်ကန်ကန်စစ်ကြောခြင်းမပြုဘဲ ပေါလုနှင့်သိလကို ရိုက်နှက်ခြင်းငှါလူတို့ကို အမိန့်ပေးကြပြီး ထောင်ထဲသို့ထည့်ခဲ့ကြပါသည်။ မှန်မှန်ကန်ကန်ပြုရမည်အကြောင်း သူတို့သင်ယူဖို့ လိုအပ်ပါသည်။ ထိုသို့မဟုတ်လျှင် လူ့အဖွဲ့အစည်း၌ မတရားမှုနှင့်ရက်စက်မှုကြီးထွားလာပါလိမ့်မည်။ စစ်ကဲမင်းတို့သည် သူတို့ပြုသောအမှုများကြောင်း သိ၍ကြောက်ရွံ့ခြင်းရှိကြ၏။ ပေါလု၏ လျှောက်လဲချက်တွင် တုံ့ပြန်လိုသောစိတ်မရှိခဲ့ပါ။ သူတို့ကိုစွပ်စွဲသောကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်း ပြုရန် ပေါလုမတောင်းဆိုခဲ့ပါ။ သူတို့မှားယွင်းကြောင်းကိုသာ သိလိုစေခဲ့ခြင်းဖြစ်ပါသည်။

<u>ဥပဒေနှင့်ညီသောဝတ္တရား၊</u> သာသနာပြုဆရာတို့သည် ဖိလိပ္ပိမြို့၌ ပြဿနာမဖန်တီးခဲ့ကြပါ။ လူမှုအသိုင်းအဝန်း၌ တာဝန်ဝတ္တရားကို သိသောသူအနေဖြင့် ထိုမြို့မှထွက်သွားခြင်းငှါ ခိုင်းစေကြသောအခါ သူတို့နာခံခဲ့ကြပါသည်။ လုဒိ၏မိသားစုကို သွားရောက်ပြီး ထွက်မသွားမီ သူတို့ကို နှိမ့်သိမ့်ခဲ့ကြပါသည်။ "သက်သာစေပြီး" (တမန် ၁၆း၄၀) ဟူသောစကားလုံးသည် ခွန်အားပေးသည် ဟူ၍လည်း အဓိပ္ပာယ်ရှိပါသည်။ ပေါလုက နှိမ့်သိမ့်ခြင်း၏အရင်းခံဖြစ်သော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောပြောခဲ့ပါသည်။ ဘုရားသခင်၏ဂတိတော်တို့သည် လူတို့၏စိတ်နှလုံးကို ခွန်အားဖြစ်စေ၍သက်သာခြင်းကိုဖြစ်စေပါသည်။

ရောမ ၁၃း၁-၄ ကိုဖတ်ပါ။ ခရစ်တော်နည်းတူ ကျင့်ခြင်း၌ အစိုးရ၏အာဏာစက်ကို နာခံခြင်းပါဝင်ပါသည်။ ခရစ်ယာန်တို့သည် လူ့အသိုင်းအဝန်း၌ပြဿနာဖန်တီးခြင်းငှါ ခေါ်ခြင်းမဟုတ်ကြပါ။ သင်ပြဿနာဖြစ်ပွားစေပါသလား။ သက်သေခံရသောအခွင့် ပိုမိုရရှိခြင်းငှါ၊ သင့်နိုင်ငံ၏ခေါင်းဆောင်များအတွက် သင်ဆုတောင်းပေးပါသလား။

**ဆင်ခြင်ရန်** - မိမိနိုင်ငံ၌ နိုင်ငံသားကောင်းဖြစ်ခြင်းဖြင့် သင်ကောင်းသောသက်သေကို ပြပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်တို့အစိုးရအာဏာစက်အပေါ်၌ရှိသော ကိုယ်တော်၏အနန္တတန်ခိုးတော်ကြောင့် ကိုယ်တော့်ကိုချီးမွမ်းပါ၏။

**တမန် ၁၇း၁-၉**
ယောဟန် ၃း၁၇-၁၈

*"သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကိုမခံရ၊ မယုံကြည်သောသူမူကား . . . ယခုပင်အပြစ်စီရင်ခြင်းကိုခံရ၏"*

## သက်သာလောနိတ်အမှုတော်သာသနာ

အဘယ်သာသနာနယ်၌မဆို သမ္မာကျမ်းစာသည် တရားဟောပြောသွန်သင်ခြင်း၏ အခြေခံဖြစ်ရပါမည်။ ဖိလိပ္ပိထောင်ထဲမှ လွတ်မြောက်ပြီးနောက် ပေါလုနှင့်သိလသည် အံဖိပေါလိမြို့နှင့် အာပေါလောနိမြို့ကို ဖြတ်၍ သက်သာလောနိတ်မြို့သို့သွားခဲ့ကြ၏။ ထုံးစံအတိုင်း ပေါလုသည် ယုဒလူတို့ကိုတွေ့နိုင်သော တရားစရပ်သို့ ရှေးဦးစွာသွားခဲ့ပါသည်။ "ရှေးဦးစွာ၌ ယုဒလူ" (ရောမ ၁း၁၆) ဟူသောအချက်ကို ပေါလုအစဉ်လိုက်လျှောက်ခဲ့ပါသည်။ တရားစရပ်ကိုတွေ့၍ တမန်တော်ပေါလုသည် ဓမ္မဟောင်းပရောဖြုချက်သည် သခင်ယေရှုခရစ်တော်၌ပြည့်စုံခြင်းရှိကြောင်း ရှင်းပြဟောပြောခဲ့ကြပါသည်။ ထိုမြို့သည် ရုပ်တုကိုးကွယ်ခြင်းပြည့်နှက်နေသောကြောင့် ပေါလု၏တရားသည် ထိုအပြစ်ကြီးလေးမှုကို ဖော်ပြခဲ့ပါသည်။

<u>ကျမ်းစာဆွေးနွေးနှီးနှောခြင်း၊</u> တရားတော်ကို ကြားနာခြင်း၄ါ ဆုံးဖြတ်သောသူတစ်ချို့ရှိကြ၏။ သက်သာလောနိတ်လူတို့သည် ပေါလု၏တရားဟောချက်ကို ဥပုသ်နေ့သုံးရက်လုံးလုံး ကြားနာခဲ့ကြ၏။ "ဆွေးနွေးနှီးနှော" (တမန် ၁၇း၂) ဟူသောအဓိပ္ပာယ်သည် တရားဟောခြင်းကို ဆိုလို၍ "ဖွင့်ပြ" (တမန် ၁၇း၃) သည် သဘောပေါက်အောင်ရှင်းပြခြင်းဖြစ်၍ "ရှင်းလင်းစွာ" (တမန် ၁၇း၃) ဆိုသည်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို စနစ်တကျဖော်ပြခြင်းပင်ဖြစ်ပါသည်။ ပေါလု သည် သတင်းကောင်း၏အထွဋ်အထိပ်သည် ရှင်ပြန်ထမြောက်ခြင်းဖြစ်ကြောင်း ဘယ်တော့မှမမေ့ပါ။ ကြားနာသောသူအချို့၊ ဂရိလူနှင့်တပါးအမျိုးသားတို့သည် ယုံကြည်ခဲ့ကြ၏။ ယုံကြည်သူသည် အနည်းငယ်သာမဟုတ်၊ များစွာသောလူတို့က ယုံကြည်ခြင်းရှိကြ၏။

<u>ထိုမြို့မှဆွဲထုတ်လိုကြ၏၊</u> သို့သော်လည်း မယုံကြည်သူယုဒလူတို့သည် ငြူစူခြင်းရှိ၍ လူတို့ကို စည်းဝေးစေလျက် ယုံကြည်သူတို့ကို နှောင့်ယှက်တိုက်ခိုက်ခဲ့ပါသည်။ တမန်တော်တို့ကို မဖမ်းဆီးနိုင်သဖြင့် သာသနာပြုဆရာတို့ကို လက်ခံသောယုံကြည်သူသစ်တို့ကို ဒုက္ခပေးကြ၏။ သူတို့သည် ပေါလုအား သူတို့မြို့မှနှင်ထုတ်လိုကြ၏။ ဖြစ်နိုင်လျှင် သတ်လိုကြပါ၏။

ထိုသို့ဆန့်ကျင်ခြင်းရှိသော်လည်း သက်သာလောနိတ်မြို့၌ သာသနာပြုခြင်းက အသီးသီး၍ ပေါလုက သူ၏ဩဝါဒစာထဲတွင် သူတို့ကိုချီးမွမ်းခဲ့ပါသည်။ ၁ သက် ၁း၅-၇ ကိုဖတ်ပါ။

ဟောပြောသောနှုတ်ကပတ်တော်သည် ဘယ်တော့မှအချည်းနှီးအသီးမသီးဘဲ မနေကြောင်း ကျွန်တော်တို့အသက်တာ၌ သက်သေပြကြပါစို့။ ကျွန်ုပ်တို့ထံသတင်းကောင်း ဟောပြောသောသူတို့ က ကျွန်ုပ်တို့ကို အစဉ်အမှတ်ရအောင် သတင်းကောင်းအသီးကိုပြကြပါစို့။ ထိုနည်းတူကျွန်တော်တို့ သည်လည်း သူတပါးအတွက် ကောင်းသောပုံသက်သေပြလျက် တရားဟောကြပါစို့။

**ဆင်ခြင်ရန်** - ကယ်တင်နိုင်သောသတင်းကောင်း၏တန်ခိုးကို ကျွန်တော်ယုံကြည်ကိုးစားခြင်း ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်အသက်တာကို ကောင်းကြီးမင်္ဂလာယူဆောင်သော သန့်ရှင်းသည့်တန်ဆာဖြစ်စေတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၂၅)

**တမန် ၁၇း၁၀-၁၅**
ယောဟန် ၅း၃၈-၄၀

*"ကျမ်းစာအားဖြင့် ထာဝရအသက်ကို ရမည်ဟု စိတ်ထင်နှင့် သင်တို့သည် ကျမ်းစာကို စေ့စေ့ကြည့်ရှုကြ၏"*

# ဗေရိလူတို့ကဲ့သို့ဖြစ်ကြလော့

ယနေ့များစွာသောအသင်းတော်၌ ဗေရိမြို့ယုံကြည်သူတို့ ပုံဥပမာပြသခဲ့သော စိတ်သဘောထားမျိုးမတွေ့ရပါ။ ကျွန်တော်တို့သည် နောက်ဆုံးသောကာလ၏ နှောင်းပိုင်းအချိန်ကိုရောက်နေပြီဖြစ်သောကြောင့် လှည့်ဖြားသွေးဆောင်ခြင်းများစွာ အသင်းတော်သို့ဝင်ရောက်နေပြီဖြစ်ပါသည်။ ထို့ကြောင့် ဗေရိမြို့ခရစ်ယာန်တို့ကို ကျွန်တော်တို့ပို၍ အတုယူကြရမည်ဖြစ်ပါသည်။ သို့သော်လည်း များစွာသောအမည်ခံခရစ်ယာန်တို့သည် နှုတ်ကပတ်တော်ကိုငြင်းပယ်သည်သာမက၊ ဝေဖန်ပုတ်ခတ်ပြောဆိုကြ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်အတွက် အချိန်မပေးသည်သာမက၊ လောကီအရာတို့နောက်သို့လိုက်ကြ၏။ ဤရောဂါက စာတန်၏သွေးဆောင်ခြင်းသို့ခေါ်ဆောင်၍ မုသားကိုပင် အမှန်ထင်ကြပါလိမ့်မည်။

<u>ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏</u>၊ ပေါလုနှင့်သိလကို နောက်တစ်မြို့ဖြစ်သော ဗေရိမြို့သို့ ညီအစ်ကိုတို့က လိုက်ပို့ခဲ့ကြ၏။ ဗေရိမြို့ယုံကြည်သူတို့သည် သက်သာလောနိတ်မြို့၏ ယုံကြည်သူတို့နှင့်မတူဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ပတ်သက်၍ သူတို့၏ကောင်းသောစိတ်သဘောထားကို ချီးကျူးခြင်းခံရပါသည်။ သူတို့သည် တရားဟောဆရာတို့၏ သွန်သင်မှုတို့ကို သမ္မာကျမ်းစာအတိုင်း ဟုတ်မဟုတ်သိခြင်းငှါ နေ့စဉ် သမ္မာကျမ်းစာကို စေ့စေ့ကြည့်ရှုခဲ့ကြ၏။

<u>တရားဟောဆရာကို လုံခြုံစွာကွယ်ကာခဲ့ကြ၏</u>၊ သက်သာလောနိတ်မြို့မှ ယုဒလူတို့သည် ပေါလုအား ညှဉ်းပန်းနှိပ်စက်ခြင်းငှါ ဗေရိမြို့သို့လာကြသောအခါ ဗေရိယုံကြည်သူတို့က တမန်တော်ကို ကွယ်ကာလျက် အာသင်မြို့သို့ပို့ဆောင်ခဲ့ကြ၏။ တရားဟောဆရာတို့ထံမှ ကောင်းကြီးမင်္ဂလာခံစားကြရသောသူတို့သည် ထိုတရားဟောဆရာတို့အား ဆက်လက်တရားဟောနိုင်ကြခြင်းငှါ သစ္စာရှိစွာကွယ်ကာစောင့်ရှောက်ခဲ့ကြ၏။ နှုတ်ကပတ်တော်ကို နှစ်သက်ကြပြီးထိုနှုတ်ကပတ်တော်ဟောပြောသော ဘုရားသခင်အသုံးပြုတော်မူသော လူပုဂ္ဂိုလ်တို့ကိုလည်း ချစ်ကြ၏။

ပေါလုဟောပြောသောတရားသည် သမ္မာကျမ်းစာထဲမှဟုတ်မဟုတ်ကို ကျမ်းစာသေချာလေ့လာဖတ်ရှုခြင်းဖြင့် ရှာဖွေစမ်းစစ်ခဲ့ကြ၏။ ဤသည်ကား သမ္မာကျမ်းစာပိုင်ဆိုင်သောသူတိုင်း ပြုရမည့်အမှုဖြစ်ပါသည်။ လှည့်ဖြားသွေးဆောင်သောသူများလှသော ယနေ့ခေတ်တွင် ဤစိတ်သဘောအကျင့်သည် အလွန်လိုအပ်လှပါသည်။

ဤနောက်ဆုံးကာလတွင် ကျွန်တော်တို့သည် နုံအအမနေသင့်ပါ။ အင်တာနက်ကို သင်သုံးကြည့်လျှင် အမျိုးမျိုးသော တရားဟောဆရာများစွာသင်တွေ့ရပါလိမ့်မည်။ သူတို့၏အဆိပ်ရှိသော မှားယွင်းသောတရားဟောချက်များ၌ သွေးဆောင်ခြင်းမခံရအောင် ကျွန်တော်တို့ ဆုတောင်းလျက် သတိပြုကြရပါမည်။ ဘုရားသခင်ခန့်ထားတော်မူသော သင်၏သင်းအုပ်ဆရာက သမ္မာကျမ်းစာကို သစ္စာရှိစွာဟောပြောနေပါလျှင် အခြားတရားဟောချက်များကို သတိထားပါ။ ထို့ပြင် သမ္မာကျမ်းစာကို နေ့စဉ်သင်စေ့စေ့လေ့လာနေပါလျှင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှန်ကန်စွာဟောပြောသောအသင်းတော်သို့ သင့်ကိုခေါ်ဆောင်ခြင်းငှါ ဆုတောင်းပါလော့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ခရစ်ယာန်တစ်ဦး၏ပုံသက်သေကိုပြနေပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ဘုန်းတော်ကို ထင်ရှားစေခြင်းငှါ မှန်မှန်ကန်ကန်နေထိုင်ကျင့်ကြံမည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၂၆)
**တမန် ၁၇း၁၆-၂၁**
ယောဟန် ၄း၂၃-၂၄

*"ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူ၏၊
ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည်
နာမ်ဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရမည်"*

## အာသင်မြို့၌ သာသနာပြုခြင်း

အာသင်မြို့သည် ရှေးခေတ်တွင်အကျော်ကြားဆုံးသော မြို့တစ်မြို့ဖြစ်ပါသည်။ သို့သော်လည်း ရုပ်တုဆင်းတုကိုးကွယ်ရာမြို့ဖြစ်ခဲ့ပါသည်။ ရောမကာတွန်းဆရာတစ်ဦး၏ သရော်လျက်ဆိုသောစကားတွင် "အာသင်၌လူတစ်ဦးတွေ့ဖို့ထက် ဘုရား(ရုပ်တု) တွေ့ဖို့ ပို၍လွယ်ကူ၏" ဟုဆိုခဲ့ပါသည်။ ပေါလုသည် အာသင်မြို့သို့ရောက်သောအခါ တဦးတည်းဖြစ်ခဲ့ပါသည်။

<u>ယုဒလူတို့နှင့်ငြင်းခုံခြင်း</u>၊ သိလနှင့်တိမောသေကို စောင့်လျက်နေစဉ် ပေါလုသည် တရားစရပ်၌ ယုဒလူတို့နှင့်ဆွေးနွေးခြင်းပြုခဲ့ပါသည်။ ပေါလုသည် ယုဒလူတို့နှင့် ဘာသာရေးလိုက်စားသော သူတို့နှင့်တကွ ကြောက်ရွံ့ခြင်းမရှိဘဲ ငြင်းခုံခြင်းရှိခဲ့ပါသည်။

<u>အတွေးအခေါ် ပညာရှင်တို့နှင့် ပြိုင်ဆိုင်ခြင်း</u>၊ ပေါလုသည် "ဧပိကုရုတပည့်တို့နှင့် သတောအိတ်ပညာရှိအချို့" (တမန် ၁၇း၁၈) ကိုတွေ့ဆုံခဲ့ပါသည်။ ဧပိကုရုတပည့်တို့သည် "ဘုရားမရှိဟုဆို၍ လူတို့အား ပျော်ရွှင်သောဘဝကိုအဓိကရှာဖွေကြရန် သွန်သင်ခဲ့ပြီး သူတို့အား ဂရိဘုရားမဲ့ဝါဒီ၏ "ဇဒုကဲများ" ဟုခေါ်ခြင်းခံကြရ၏" (Easton)၊ သတောအိတ်ပညာရှိတို့သည် "အကြီးမြတ်ဆုံးသော ပုဂ္ဂိုလ်တစ်ပါးရှိ၏။ သို့သော်လည်း ဘုရားငယ်များစွာရှိပြီး လူသည်လည်း ထိုဘုရားငယ်တို့နှင့် အတူတူပင်ဖြစ်၏ဟု သင်ပေးကြ၏။ အသိဉာဏ်သည် ပဲ့ကိုင်ရှင်ဖြစ်၍ ခန္ဓာကိုယ်ပျော်ရွှင်ခြင်းနှင့် နာကျင်ခြင်းကို အလေးမထားကြပါ။ ဘုရားများစွာရှိ၏ဟူသောဝါဒ၊ ဖြစ်ပျက်ခြင်းသဘောနှင့် ဝါကြွားခြင်း စသည်တို့သည် သတောအိတ်ပညာ၏ လက္ခဏာများဖြစ်ကြပါသည် (Morrish)။

"အာသင်မြို့၌ ဤကမ္ဘာပေါ်ရှိအခြားမြို့၌ရှိသော အရာတို့ထက်ပို၍ ကြီးကျယ်ခမ်းနားသော အဆောက်အဦး၊ ပို၍ကြီးမြတ်သော သိပ္ပံပညာ၊ ပို၍လှပသော အနုပညာလက်ရာများရှိခဲ့ပါသည်။ သို့သော်လည်း ပေါလု၏စိတ်ထဲ၌ထိုအရာများ သဘောကျနှစ်သက်ခြင်းမရှိခဲ့ပါ။ သူနေထိုင်ခဲ့စဉ် ထိုအရာများ လေ့လာခဲ့ကြောင်းမတွေ့ရပါ။ မိမိ ထိုနေရာ၌ရောက်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို သိသဖြင့် မိမိ၏အချိန်ကိုထိုအဆောက်အဦးနှင့် ဂရိပညာများလက်ရာများ လေ့လာခြင်း၌ မဖြုန်းတီးခဲ့ပါ။ ခရစ်ယာန်စိတ်နှလုံး သူ၌ရှိ၍ ထိုအရာတို့ကို ထိုစိတ်သဘောဖြင့်ကြည့်ခဲ့ပါသည်။ သူ၏စိတ်နှလုံးသည် လူတို့၏ဘုရားသခင်မသိခြင်းနှင့် ရုပ်တုဆင်းတုကိုသာ ကိုးကွယ်ကြခြင်းကိုမြင်၍ အလွန်ခံစားခဲ့ပါသည်။ လူတို့သည် ဤမျှလောက်ကြီးကျယ်ခမ်းနားသော မြို့၌နေ၍ အပျော်ကြူးလျက် ငရဲတံခါးသို့ဆင်းနေကြသည်ဟူသော အရာက သူ့စိတ်နှလုံးကိုလွှမ်းမိုးထားပါသည်" (Barnes)။

ဧဝံဂေလိတရားဟောခြင်း၌ ကျွန်ုပ်တို့၌ ဝန်ထုပ်ဝန်ပိုးရှိပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် အခြားသောဘုရားများ (မိမိကိုယ်ကို၊ ငွေကြေး) တို့ကို ကိုးကွယ်နေပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ကို အလုံးစုံချစ်မည်အကြောင်း အကျွန်ုပ်စိတ်နှလုံးကို နှိုးဆွပေးတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၂၇)

**တမန် ၁၇း၂၂-၃၄**

လုကာ ၁၈း၂၄-၂၅

*"ဥစ္စာရတတ်သောသူသည် ဘုရားသခင်၏ နိုင်ငံတော်သို့ အလွန်ဝင်ခဲလှ၏"*

## ရုပ်တုဆင်းတုကိုးကွယ်ခြင်းကို ဆန့်ကျင်ခြင်း

ယနေ့ကျော်ကြားသောတရားဟောချက်တို့သည် ကျန်းမာခြင်းနှင့်ကြွယ်ဝခြင်းတရားများ ဖြစ်ကြပါသည်။ ကြွယ်ဝခြင်းသတင်းကောင်းသည် အလွန်ဆွဲဆောင်မှုရှိသည်ဖြစ်၍ ထိုသို့သောတရား ဟောချက်မဟုတ်လျှင် လူတို့သည်ငြီးငွေ့ခြင်းရှိကြ၏။ ကျွန်ုပ်တော်တို့ပြုရမည့်အမှုကား အပြစ်ကို ဆန့်ကျင်ခြင်းနှင့်ဆိုင်သော တရားဟောခြင်းဖြစ်ပါသည်။ ရောမန်ကာသိုလစ်နှင့် လက်တွဲအမှုဆောင် ခြင်း၌ လူတို့ပါဝင်ကြခြင်းမှာ ရုပ်တုဆင်းတုကိုးကွယ်ခြင်းကို ဆန့်ကျင်သောတရားဟောမှု မရှိခြင်း ကြောင့် ဖြစ်ပါသည်။

<u>မသိဘဲလျက်ကိုးကွယ်ခြင်း</u>၊ အာသင်မြို့ရှိလူတို့သည် ဘာသာတရားလိုက်စားကြသော်လည်း သမ္မာတရားကိုမသိကြပါ။ သူတို့သည် သူတို့မသိသောရုပ်တုဘုရားကို ကိုးကွယ်ခဲ့ကြ၏။ ဘုရားသခင် က မိမိအားသမ္မာတရားအတိုင်း ကိုးကွယ်ခြင်းငှါ မိန့်တော်မူ၏။ ပေါလုက ဘုရားသခင်သည် လူသားကိုဖန်ဆင်းတော်မူသောဘုရားဖြစ်၍ လူတို့ထုလုပ်သော ရုပ်တုဆင်းတုဖြင့် အစားမထိုးရ ကြောင်းရှင်းပြခဲ့ပါသည်။ ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူသောကြောင့် ဝိညာဉ်နှင့်ဂုဏ်၊ သစ္စာနှင့်ဂုဏ် ကိုးကွယ်ကြရပါမည်။

<u>နောင်တရခြင်းဖြင့်ကိုးကွယ်ခြင်း</u>၊ နောင်တရခြင်းဆိုသည် အပြစ်ကြောင့် ဝမ်းနည်းကြေကွဲ ခြင်းသာသာမဟုတ်ဘဲ၊ စိတ်နှလုံးသဘောပြောင်းလဲခြင်းဖြစ်ပါသည်။ နောင်တရခြင်းသည် ကယ်တင် ခြင်းယုံကြည်ခြင်း၌ ပါဝင်သောအချက်ဖြစ်ပါသည်။ ကယ်တင်ခြင်းယုံကြည်ခြင်းသည် ယေရှုခရစ် တော်အား မိမိ၏ကယ်တင်ရှင်သခင်အဖြစ် လက်ခံခြင်း၊ အပြစ်ကိုဖယ်ရှား၍ အပြစ်ဒဏ်မှ လူကို လွတ်မြောက်စေခြင်းငှါ ဘုရားသခင်ပေးတော်မူခြင်းဖြစ်ကြောင်း လက်ခံခြင်းဖြစ်ပါသည်။ ထို့ပြင် တစ်ဖန်ကြွလာတော်မူသောအခါ လူတို့ကို စီရင်တော်မူမည့် တရားမျှတသော တရားသူကြီးဖြစ်ကြောင်း သိမြင်ခြင်းလည်းဖြစ်ပါသည်။ ပေါလု၏တရားဟောချက်၌ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအ ကြောင်း ဖော်ပြခဲ့ပါသည် (၁ ကော ၁၅း၁၉)။

"ထာဝရအသက်ရခြင်းငှါ ခန့်ထားတော်မူသောသူအချို့ရှိပါသည်။ ထိုသူတို့ထံသို့ သတင်း ကောင်းသည် တန်ခိုးတော်နှင့်လာ၍ သမ္မာတရားနှစ်သက်ခြင်းရှိလျက်၊ သူတို့၏စိတ်နှလုံးသည် တမန် တော်၏စိတ်သဘောနှင့်ပေါင်းစည်းခြင်း ခံရကြ၏။ သူဟောပြောသောယေရှုခရစ်တော်ကို ယုံကြည် ၍၊ သွန်သင်ချက်တို့ကိုယုံကြည်လက်ခံလျက်၊ လိုက်လျှောက်ကြပါသည်။ ထိုသူတို့အတွက် သတင်း ကောင်းသည် အသက်ရှင်ခြင်းရနံ့ဖြစ်၍ မထီမဲ့မြင်ပြုသောသူတို့အဖို့ သေခြင်းအနံ့ဆိုးပင် ဖြစ်ပါ သည်။ ဤသည်ကား သတင်းကောင်းအမှုတော်၏ အကျိုးနှင့်အသီးပင်ဖြစ်ပါသည်" (Gill)။

ကျွန်ုပ်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြိုတင်ခန့်ထားတော်မူသည် အတိုင်း ဘုရားသခင်၏ဝိညာဉ်တော်က စုံလင်စေတော်မူမည်အကြောင်း ယုံကြည်ကိုးစားခြင်းဖြင့်၊ ရဲရင့်ခြင်းနှင့်တန်ခိုးတော်နှင့်အတူ ဆက်လက်ဟောပြောကြရပါမည်။

**ဆင်ခြင်ရန်** - ဤလောကီအရာတို့ကို ကျွန်ုပ်တော်တန်ဖိုးထားချစ်နှစ်သက်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်စိတ်နှလုံးကို စစ်ကြော၍ အကျွန်ုပ်အတွေးတို့ကို သိတော် မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၂၈)
**တမန် ၁၈း၁-၁၁**
မဿဲ ၂၈း၁၈-၂၀

*"ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏၊ အာမင်"*

# ကောရိန္သုမြို့၌ သာသနာပြုခြင်း

သာသနာပြုသောသူသည် မယုံကြည်သူတို့၏ဆန့်ကျင်ခြင်းကို ခံရမည်အကြောင်း အသင့်ရှိနေရပါမည်။ သာသနာပြုဆရာတို့သည် မိမိတို့အား ပန်းဦးရစ်နှင့်တကွ ပွဲဆင်နွှဲ၍ ကြိုဆိုခြင်းခံရမည်ဟုထင်လျှင် အလွန်မှားပါ၏။ သာသနာပြုဆရာသည် တစ်ခုကောင်းကောင်းသိထားဖို့လိုသော အရာမှုကား ဘုရားသခင်၏ခေါ်ခြင်းခန့်ခြင်းခံရသောသူဖြစ်ကြောင်း ဖြစ်ပါသည်။ ဤဘုရားသခင်ခန့်ထားတော်မူကြောင်း သိခြင်းက သာသနာနယ်၌ အခက်အခဲကြုံတွေ့ရသောအခါ ရင်ဆိုင်နိုင်သော ခွန်အားကိုဖြစ်စေလိမ့်မည်။ ဘုရားသခင်ကလည်း မိမိ၏အမှုတော်ဆောင်တို့ကို ရည်ရွယ်ချက်ပြည့်စုံစေခြင်းငှါ ကွယ်ကာစောင့်ရှောက်တော်မူလိမ့်မည်။

ရန်သူများ၊ ပေါလုသည် ယုဒလူတို့အား သတင်းကောင်းဟောပြောလျက်၊ ယေရှုသည် ဘုရားသခင်၏ မေရှိယဖြစ်တော်မူကြောင်း ဖော်ပြခဲ့ပါသည်။ သို့သော်လည်း ယုဒလူတို့သည် ထိုတရား ကို ငြင်းပယ်၍ သခင်ယေရှုခရစ်တော်၏နာမတော်ကို မထီမဲ့မြင်ပြုကြ၏။ ပေါလုသည် မလျှော့ဘဲ၊ ထာဝရအသက်နှင့်ဆိုင်သော ကယ်တင်ခြင်းစကားကို ကြားနာသောသူတို့ထံ ကျရောက်လာမည့်စီရင် ခြင်းကို ဟောပြောခဲ့သော်လည်း၊ သူတို့သည် စိတ်နှလုံးခိုင်မာခြင်းရှိ၍ သခင်ယေရှုကို ငြင်းပယ်ခဲ့ကြ၏။

မိတ်ဆွေများ၊ ပေါလုသည် အာကုလနှင့်ပြစ်ကိလတို့နှင့် မိဿဟာယဖွဲ့ခြင်း၌ စိတ်သက်သာခြင်းရခဲ့ပါသည်။ မာကေဒေါနိပြည်မှ သိလနှင့်တိမောသေရောက်လာကြသောအခါ ပေါလုသည် ခွန်အားရ တက်ကြွခဲ့ပါသည်။ ပေါလုသည် ယုဒလူတို့ထံသို့ ယေရှုသည်ခရစ်တော်ဖြစ်ကြောင်း သက်သေခံခဲ့ပါသည်။ ထို့ပြင်၊ သခင်ယေရှုက ရူပါရုံဖြင့်ပေါလုကို နှိမ့်သိမ့်ခွန်အားပေးခဲ့ပါသည်။ သခင်ဘုရားက တမန်တော်အား သူနှင့်အတူရှိတော်မူမည်အကြောင်း ဂတိတော်ကိုအမှတ်ရစေတော်မူ၏။ ထိုဂတိတော်သည် ကျွန်ုပ်တို့အတွက်လည်း အကြီးမားဆုံးသော နှိမ့်သိမ့်မှုခွန်အားဖြစ်ပါသည်။

ယခုပေါလုကြုံတွေ့ခဲ့သော ယုဒလူတို့၏ဆန့်ကျင်မှုသည် သူ့အသက်ကိုပင် စိုးရိမ်ရသောကြောင့် ပေါလုသည် အလွန်အားငယ်ခဲ့လိမ့်မည်ဟု ထင်ရပါသည်။ သို့သော်လည်း ဘုရားသခင်သည် ပေါလုအား ရူပါရုံကိုမြင်စေ၍၊ မိမိ၏သစ္စာရှိသော အစေခံကျွန်အား မည်သို့ပင်ဆန့်ကျင်မှု ကြီးမားသည်ရှိသော်လည်း ဆက်လက်အမှုတော်ဆောင်ရန် ခွန်အားပေးတော်မူခဲ့၏။ တမန် ၁၈း၉-၁၀ ကို ဖတ်ပါ။ ပေါလုသည် ဆက်လက်တရားဟောရမည်ဖြစ်ပါသည်။

ဘုရားသခင်၏အစေခံကျွန်တိုင်းသည် တနည်းမဟုတ်တနည်းဖြင့်၊ တချိန်ချိန်၌ စိတ်ဓာတ်ကျစရာကောင်းသောအခြေအနေကြုံတွေ့လျက် နောက်ဆုတ်လိုသောဆန္ဒရှိခဲ့နိုင်ပါသည်။ ကျွန်ုပ်တို့ကို ခေါ်တော်မူသောဘုရားသခင်၏ ခေါ်တော်မူခြင်း၊ ခန့်အပ်တော်မူခြင်းကို သတိရလျက်၊ ထိုခန့်အပ် တော်မူခြင်းသည် ဘယ်တော့မှပြောင်းလဲခြင်းမရှိကြောင်း သိလျက်ခွန်အားယူကြပါစို့။ "သာဓု၊ သစ္စာ ရှိသောငယ်သားကောင်း" (မဿဲ ၂၅း၂၁) ဟုဆိုလျက်၊ အိမ်တော်သို့ ကြွလာတော်မူပါဟု ဘုရားသခင် သင့်ကိုမိန့်တော်မမူမချင်း၊ သင်နှင့်အတူ ရှိတော်မူလိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဆန့်ကျင်ခြင်းများအကြား၌ ဘုရားသခင်၏အလိုတော်ကို သင်ပြုခြင်းငှါ အဆင်သင့်ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏သစ္စာရှိသော ဂတိတော်များကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

တနင်္လာ၊ မတ် (၁)

**တမန် ၁၈:၁၂-၁၇** *"ထိုသူတို့သည် မယုံကြည်ကြသည်ကို*

မာကု ၆:၄-၆ *အံ့ဩခြင်းရှိတော်မူ၏"*

## ဘုရားသခင်အံ့ဘွယ်အသုံးပြုတော်မူခြင်း

ကျွန်ုပ်တို့၏ဘုရားသခင်သည် လူသားတို့၏စိတ်ကူးအတွေးမမှီနိုင်လောက်အောင် အံ့ဘွယ်အမှုကို ပြုတော်မူတတ်၏။ တမန် ၁၈:၁၂-၁၇ ထဲတွင်၊ ဘုရားသခင်သည် မိမိ၏အမှုတော်၌ မယုံကြည်သူ ဝန်မင်းပါဝင်ခြင်းငှါ ခွင့်ပြုတော်မူခဲ့ပါသည်။ ဤဘုရားသခင်၏အံ့ဘွယ်အမှုပြုခြင်းက ဆိုးသွမ်းသောလူတို့၏အလယ်၌ ယုံကြည်သူတို့၏အမှုတော်ဆောင်ခြင်းကို မစတော်မူခဲ့ပါသည်။ ဤအမှုသည် ယုံကြည်သူတို့အတွက် အံ့ဘွယ်အမှုဖြစ်၍ မယုံကြည်သူတို့အတွက် တွေဝေမိန်းမောစရာဖြစ်ပါသည်။

ဘာသာရေးကို စိတ်မဝင်စားသောသူ၊ ဂါလျုန်မင်းသည် အခါယပြည်၏ဝန်မင်းဖြစ်ကြောင်း လုကာဖော်ပြခြင်းက သူပြုသောမှတ်တမ်းသည် မှန်ကန်ကြောင်း သက်သေဖြစ်ပါသည်။ ကောရိန္သုမြို့၌ ပေါလုသည် မိမိ၏သွန်သင်ချက်ကြောင့် တိုက်ခိုက်ခြင်းခံရသောအခါ၊ ယုဒလူတို့၏ တိုင်တန်းချက်ကို ဂါလျုန်မင်းသည် ဂရုမစိုက်ခဲ့ပါ။ သူသည် "ထိုသို့သောအမှုကို စီရင်ခြင်းငှါ အလိုမရှိ" (တမန် ၁၈:၁၅) ခဲ့ပါသည်။

တမန်တော်အား ရောမလူတို့ကသတ်ဖြတ်စေရန်ဟူသော ယုဒလူတို့၏ဆိုးသွမ်းသောရည်ရွယ်ချက်သည် မအောင်မြင်ခဲ့ပါ။ "မိုက်မဲသောပုစ္ဆာ အမေးတို့ကိုဎင်း၊ ဆွေစဉ်မျိုးဆက်စာရင်းတို့ကိုဎင်း ပညတ်တရားကြောင့်ရန်တွေ့ခြင်း၊ တိုက်လှန်ခြင်းတို့ကိုဎင်း ရှောင်လော့။ အကြောင်းမူကား ထိုအရာတို့သည် အကျိုးမရှိ၊ အချည်းနှီးသက်သက်ဖြစ်ကြ၏" (တိတု ၃:၉) ဟု ယုဒလူတို့ အကြောင်းနောက်မှပေါလုသတိပေးချက်ကို ဂါလျုန်မင်းသိခဲ့သည်ဟု ထင်ရပါသည်။

ဖိနှိပ်ခြင်းကိုစိတ်မဝင်စားသောသူ၊ ဟေလသလူတို့သည် သူတို့၏အမှုကိုဒေါသကို တရားစရပ်မှူးသုသင်အပေါ် သို့ သွန်းလောင်းခဲ့ကြပါသည်။ ဝန်မင်းဂါလျုန်ရှေ့၌ ကြမ်းကြုတ်စွာပြုကြသော်လည်း သူသည် ထိုသူတို့ပြုသောအမှုကို ဂရုမစိုက်၊ စိတ်မဝင်စားခဲ့ပါ။ ထို့ကြောင့် ပေါလုကိုအပြစ်ရှိကြောင်း စီရင်ခြင်းငှါမပြုလိုခဲ့ပါ။ သုသင်အတွက်ဝမ်းနည်းစရာကောင်းပါ၏။ သို့သော်လည်း ပေါလုသည် ဂါလျုန်မင်း၏စီရင်မှုခံရခြင်းထက် ရိုက်နှက်ခြင်းခံရသည်ကို ပို၍ဝမ်းသာမည်ဟု ထင်ရပါသည်။ ပေါလုက ကောရိန္သုဩဝါဒပထမဆောင်ထဲတွင် သုသင်သည် အမှန်ညီအစ်ကိုဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ပါသည်။

ဘုရားသခင်၏ ကွယ်ကာတော်မူခြင်းလက်တော်သည် ရန်သူတို့၏အသက်ကိုပင်ထိန်းချုပ်တော်မူ၏။ ရောမ ၉:၁၄-၁၆ ထဲတွင် ပေါလု၏ရှင်းပြချက်ကိုဖတ်ပါလော့။ ဘုရားသခင်သည် မိမိ၏တန်ခိုးတော်ကိုပြသခြင်းငှါ ဖာရိုကိုမွေးဖွားစေခဲ့ခြင်းဖြစ်ပါသည်။ (ရောမ ၁၁:၁၃)။

သင့်ဘဝ၌ရှုပ်ထွေးသောအချိန်ရှိပါသလား။ သင့်ကိုဂရုမစိုက်သောသူတို့ကို သင်မည်သို့ဆက်ဆံပါသနည်း။ သင့်ကိုဂရုမစိုက်ဘဲနေကြသောကြောင့် သင့်ကိုနောက်ဆုတ်အရှုံးပေးဖို့ဖြစ်နေပါသလား။ သင့်ဘဝ၌ဘုရားသခင်ကထိုသူတို့နှင့် တွေ့ဆုံစေခြင်း၌ရည်ရွယ်ချက်ရှိကြောင်းယုံကြည်ကိုးစားပါလော့၊ နောက်၌ထိုရည်ရွယ်ချက်ကိုသင်သိပါလိမ့်မည်။ သင်၏အနန္တတန်ခိုးရှင်ဘုရားသခင်ကို မယုံကြည်ဘဲမနေပါနှင့်။

**ဆင်ခြင်ရန်** - လူအချို့အပေါ်၌ ကျွန်တော်မကျေနပ်ချက်များရှိနေပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ချစ်ခြင်းငှါ ကျွန်တော်ရုန်းကန်နေသောသူတို့အား ချစ်မည့်အကြောင်း မစတော်မူပါ။

**တမန် ၁၈း၁၈-၂၂**

လုကာ ၉း၂၃-၂၄

“ကိုယ်လက်ဝါးကပ်တိုင်ကို နေ့တိုင်းထမ်း၍ ငါ့နောက်သို့လိုက်ရမည်”

## အကောင်းဆုံးမစတော်မူခြင်း

ယေရှုကကျွန်ုပ်တို့အား ကျိန်ဆိုခြင်းပြုလျှင်မချိုးဖောက်ရန် (သို့) ကျိန်ဆိုခြင်းလုံးဝမပြုရန် သတိပေးတော်မူခဲ့၏။ ပေါလုက ဘုရားသခင်ထံထားခဲ့သောမိမိ၏ဂတိတော်ပေးချက်ကိုပြည့်စုံစေခြင်းငှါမည်သို့ ခရီးစဉ်ရေးဆွဲခဲ့ကြောင်း ကျွန်ုပ်တို့အတွက်ပုံဥပမာပြခဲ့ပါသည်။ ကျွန်ုပ်တော်တို့သည် အဘက်ဘက်၌လိုအပ်ချက်ရှိသောသူဖြစ်ကြသော်လည်း၊ ဘုရားသခင်ထံဂတိပေးခဲ့ပါလျှင် ထိုဂတိကို အမှန်ဆောင်ရွက်ခြင်းငှါ ကြိုးစားအားထုတ်ခြင်းရှိရပါမည်။

ခိုင်မာသောဆုံးဖြတ်ချက်၊ ပေါလုသည်ဂတိသစ္စာပြုခဲ့သည်အတိုင်း မိမိခေါင်းကိုရိတ်ပြီးမှ ညီအစ်ကိုတို့ကိုနှုတ်ဆက်ခဲ့ပါသည်။ Calvin က- “အခြားအကြောင်းကြောင့်မဟုတ်ဘဲ၊ ကောင်းမွန်စွာသင်ကြားပြသခြင်းမခံရသေးသော၊ ယခုထိမသိနားမလည်သေးသောယုဒလူတို့ သွန်သင်ပြသခြင်းငှါ ခေါင်းရိတ်ခြင်းဖြစ်ပါသည်။ ပညတ်တရားအောက်၌ ရှိသောသူတို့ကိုရခြင်းအလို့ငှါ၊ မိမိသည်ပညတ်တရားမှလွတ်သောသူဖြစ်သော်လည်းပညတ်တရား လိုက်လျှောက်ခြင်းကိုတမင်ပြုခြင်းဖြင့် သက်သေပြခြင်းဖြစ်ပါသည်” (၁ကော ၉း၂၀) ဟုဆို၏။ ဆက်နေခြင်းငှါတောင်းပန်ခြင်းခံရသော်လည်း၊ မိမိ၏ဂတိသစ္စာကိုထောက်၍လက်မခံခဲ့ပါ။

ပြင်ဆင်မှုရှိခြင်း၊ တမန် ၁၈း၁၈-၂၂ သည် ပြင်ဆင်မှုရှိခဲ့သောပေါလု၏ခရီးစဉ်ဖြစ်ပါသည် ဧဖက်မြို့၌သွန်သင်ခြင်းပြုမည့် မိမိ၏အဓိကတာဝန်ကို မဆောင်ရွက်ဘဲမနေခဲ့၊ ပြန်လာဖို့ရန်လည်းစီစဉ်ခဲ့ပါသည်။ ဧဖက်မြို့မှကဲသရိမြို့သို့ရွက်လွှင့်ပြီး၊ ယေရုရှလင်မြို့သို့ဆက်သွားပြီးမှ အန္တိအုတ်သို့ပြန်ခဲ့ပါသည်။ တမန်တော်၏ဆန္ဒသည် ဧဖက်မြို့သို့ပြန်သွားရန်ဖြစ်၍ ဘုရားသခင်ကထိုအခွင့်ကိုတတိယခရီးစဉ်၌ ပေးတော်မူခဲ့၏။ ခရစ်ယာန်အသက်တာ၌ ဘုရားသခင်၏အလိုတော်နှင့်ညီသော ဆန္ဒများကိုပြည့်စုံစေခြင်းငှါ အဖြစ်အပျက်အပေါ်၌ ဘုရားသခင်တန်ခိုးရှိတော်မူ၏။

သင်စီစဉ်မှုမရှိလျှင် ကျဆုံးခြင်းငှါသင်စီစဉ်ဖြစ်ပါသည်ဟူသော ဆိုရိုးစကားရှိပါသည်။ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ရန်ဂတိသစ္စာပြုခဲ့လျှင်၊ ကျွန်တော်တို့သည် ဘုရားသခင်၏အလိုတော်ကိုသိခြင်းငှါ ဆုတောင်းခြင်းနှင့် အစီအစဉ်ဆွဲရန်အချိန်ယူကြရပါမည်။ “ဖြစ်ချင်ရာဖြစ်” ဆိုပြီး ဘုရားသခင်၏အမှုကိုမဆောင်ရွက်ရပါ။ အကောင်းဆုံးကြိုးစားအားထုတ်ပြင်ဆင်မှုဖြင့် အရာတိုင်းကို ဘုရားသခင်ထံအပ်နှံကြရပါမည်။ “မိမိကိုယ်ကို ကြိုးစားအားထုတ်ခြင်း၌ ဘုရားသခင်၏ မစတော်မူခြင်းခံရခြင်းသည် အကောင်းဆုံးမစတော်မူခြင်းပေတည်း” (Rev Timothy Tow)။

ဘုရားသခင်၏အမှုတော်၌ ကျွန်တော်အမှန်စိတ်အားထက်သန်ခြင်းရှိပါသလား။ ဆောင်ရွက်သမျှတိုင်း၌ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် အကောင်းဆုံးကြိုးစားဆောင်ရွက်ပါသလား။ အမှုတော်ဆောင်ခြင်းငှါ ဘုရားသခင်ထံဂတိသစ္စာပြုခဲ့ပြီဖြစ်သောကြောင့် ကျွန်တော်တို့အကောင်းဆုံးကြိုးစားဆောင်ရွက်၍ ကျန်အရာကိုဘုရားလက်တော်ထဲသို့ အပ်နှံကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်မြတ်၌ ကျွန်တော်သည်မိမိ၏တာဝန်ကို အကောင်းဆုံးကြိုးစားအားထုတ်ဆောင်ရွက်နေပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ခြင်းငှါ ကျွန်ုပ်အားအခွင့်ပေးတော်မူသောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းပါ၏။

ဗုဒ္ဓဟူး၊ မတ် (၃)
**တမန် ၁၈း၂၃-၂၈**
၁ တိ ၄း၁၂-၁၃

*“သင်၏အသက်အရွယ်နုပျိုသည်ကို အဘယ်သူမျှ မထီမဲ့မြင်မပြုစေနှင့်။ . . . ယုံကြည်သူတို့အား ပုံသက်သေကိုပြုလော့”*

## ဆက်လက်ဆောင်ရွက်ရမည့်သာသနာ

တတိယသာသနာပြုခရီးစဉ်သည် ဘုရားသခင်တည်ထောင်တော်မူခဲ့သော အသင်းတော်များမှ ယုံကြည်သူတို့ထံ သွားရောက်ခြင်းငှါ လိုအပ်သောအမှုဖြစ်ပါသည်။ သာသနာပြုအမှုတော်သည် “ထိပြီးသွား” မဟုတ်ဘဲ “သွန်သင်ပြီးဆက်လုပ်” ဟူ၍ဖြစ်ပါသည်။ ကျွန်တော်တို့သည် လူတို့ကို သွန်သင်ခြင်းပြုလျက်၊ ဆက်လက်အသုံးပြုကျင့်ကြံခြင်းငှါ တိုက်တွန်းနှိုးဆော်ခြင်းပြုကြရပါမည်။ ထိုသို့ပြုခြင်းငှါ အချိန်လို၍ ထိုအရပ်တို့သို့ ပြန်လည်သွားရောက်ဖို့လိုအပ်ပါသည်။ သာသနာနယ်၌ရှိသောယုံကြည်သူတို့အတွက် အလွန်လိုအပ်သောအရာဖြစ်ပါသည်။ ထိုသို့ပြုခြင်းက ယုံကြည်ခြင်း၌ သူတို့ကိုဆက်လက်တည်စေပြီး၊ ဘုရားသခင်၏အမှုတော်အတွက် ခိုင်ခံ့မြဲမြံခြင်းကို ဖြစ်စေပါသည်။

<u>တပည့်တော်တို့ကို မြဲမြံခိုင်ခံ့စေခြင်း၊</u> ပေါလုသည် ဒုတိယအကြိမ်သာသနာပြုခရီးစဉ်၌ အသုံးပြုခဲ့သောကုန်းလမ်းအတိုင်း ခရီးသွားခဲ့ပါသည် (တမန် ၁၅း၄၁)။ “Cilician Gates” ဟုခေါ်တွင်သော တောင်ကြားလမ်းခရီးကိုလည်း ဖြတ်လျှောက်ခဲ့ရပါသည်။ ဂလာတိပြည်နှင့် ဖြုဂိပြည်၌ရှိသောယုံကြည်သူတို့၏ယုံကြည်ခြင်းကို ခိုင်ခံ့မြဲမြံစေခဲ့ပါသည်။ ခရစ်ယာန်ယုံကြည်ခြင်း ဆက်လက်သင်ကြားပို့ချခြင်းဖြင့် ထိုသို့ခိုင်ခံ့မြဲမြံစေခြင်းဖြစ်ပါသည်။ ဤအမှုက သခင်ယေရှုခရစ်တော်၌ တည်သောသူတို့၏ယုံကြည်ခြင်းသည် စစ်မှန်ကြောင်းသက်သေပြပါ၏။

<u>ခိုင်ခံ့မြဲမြံစေခြင်းခံရသောတပည့်တော်များ၊</u> တမန် ၁၈း၂၄-၂၈ သည်တပည့်တော်များခိုင်ခံ့မြဲမြံခြင်းရှိကြကြောင်း သက်သေဖြစ်ပါသည်။ သာသနာပြုဆရာတို့အား တနေရာတည်း၌နေ၍ ထိုအရပ်ရှိယုံကြည်သူတို့ကို ဆက်လက်၍ထာဝရပြုစုခြင်းငှါမမျှော်လင့်သင့်ပါ။ ၂တိ ၂း၂ ၌ တွေ့ရသော ကျမ်းစာ၏နည်းလမ်းသည် သာသနာပြုနှင့် အသင်းတော်အမှုတော်တိုင်းအတွက် အရေးကြီးလှပါ၏။ပေါလုထံမှသင်ယူခဲ့ပြီးနောက်၊ အာကုလနှင့် ပြစ်ကိလတို့သည် “ ယောဟန်၏ ဗတ္တိဇံကိုသာသိ” သောအာပေါလု (တမန် ၁၈း၂၆) ။

ပေါလု၏သာသနာခရီးစဉ်တို့သည် အချည်းနှီးမဖြစ်ခဲ့ပါ။ အကြောင်းမှာ သူသည် ယုံကြည်သူတို့ကို ကြိုးစားအားထုတ်၍ ခိုင်ခံ့မြဲမြံစေခဲ့ပါသည်။ ထိုခိုင်ခံ့မြဲမြဲစေခြင်းခံရသောသူတို့သည် အသင်းတော်၏ ယုံကြည်သူတိုင်း၌ရှိရမည့် စိတ်သဘောဖြစ်ပါသည်။ သူတပါးအားယုံကြည်ခြင်း၌မြဲမြံခိုင်ခံ့ခြင်းရှိစေရန်ကျွန်တော်တို့သည်အသုံးခံတန်ဆာပလာဖြစ်ကြရပါမည်။ သူတပါးထက်သာလွန်သည်ဟု မိမိကိုယ်ကိုဝါကြွားခြင်းမရှိရပါ၊ လျှို့ဝှက်အရာမရှိရပါ။

အချို့အသင်းဝင်တို့က သူတပါးကိုခွန်အားပေးမြဲမြံခိုင်ခံ့စေကြသည်ကိုသင်မြင်သောအခါ သင်မလုံမလဲရှိပါသလား။ မိမိကိုယ်တိုင်ဘုရားသခင်၏ နှုတ်ကပတ်တော်သင်ယူလေ့လာခြင်း၌ပျင်းရိခြင်းရှိ၍ကြီးထွားလိုခြင်းမရှိသလော။ သင်းအုပ်ဆရာနှင့် ဆရာဆရာမတို့၌သာ တာဝန်ရှိသည်ဟုသင်ထင်ပါသလား။ ထိုအယူအဆသည် ဘုရားသခင်၏အမှုတော်အတွက် အဆီးအတားဖြစ်ပါသည်။

**ဆင်ခြင်ရန်** - မရင့်ကျက်သေးသောယုံကြည်သူများကြီးထွား၍ ရင့်ကျက်ခြင်းရှိကြစေရန် ကျွန်တော်ဆုတောင်းပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ညီအစ်ကိုတို့ကို ခိုင်ခံ့မြဲမြံစေခြင်းငှါ အကျွန်ုပ်အားဉာဏ်ပညာပေးသနားတော်မူပါ။

ကြာသပတေး၊ မတ် (၄)

**တမန် ၁၉း၁-၇**

ရောမ ၈း၈-၉

*“ခရစ်တော်၏ဝိညာဉ်ကိုမရသောသူ မည်သည်ကားခရစ်တော်နှင့်မဆိုင်”*

## ဝန်ခံသူလော၊ ပိုင်ဆိုင်သူလော

ခရစ်တော်ကိုနှုတ်ဖြင့်ဝန်ခံပြီးခရစ်ယာန်ပြုသော အရာတို့ကိုလိုက်ကျင့်သော်လည်း ခရစ်တော်ကိုမပိုင်ဆိုင်သောသူများရှိပါသည်။ ထို့ကြောင့်အသင်းတော်၏ခေါင်းဆောင်တိုင်းသည် ဘုရားသခင်ထံမှ ဉာဏ်ကိုတောင်းလျှောက်လျက်၊ လူတို့ကိုယေရှုခရစ်တော်၏စစ်မှန်သော ယုံကြည်ခြင်းရှိစေခြင်းငှါ အစဉ်သွန်သင်ပေးဖို့လိုပါသည်။ ယေရှုခရစ်တော်ကို သိရုံသိ၍မပိုင်ဆိုင်ပါလျှင်၊ အသင်းတော်၌ အသင်းဝင်ဖြစ်လျက်ပင် ဘုရားသခင်၏နိုင်ငံတော်အပြင်ဖက်၌ ရှိနေသောသူ ဖြစ်ပါလိမ့်မည်။

ဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်း၊ ပေါလုကတပည့်တော်တို့တွင် သန့်ရှင်းသော ဝိညာဉ်တော် တည်ရှိခြင်းကိုသေချာမသိသောသူများရှိကြောင်းတွေ့ခဲ့ပါသည်။ ဤတရားကို ဓမ္မဟောင်း၌ သင်ကြား ဖော်ပြခဲ့ပြီးဖြစ်သောကြောင့် ထိုမသိခြင်းသည် ဝမ်းနည်းစရာကောင်းလှပါသည်။ သို့သော်လည်း၊ “ရေနှင့်ဝိညာဉ်တော်မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့မဝင်ရ။” (ယောဟန် ၃း၅)ဟူသောတရားကို နိကောဒင်နားမလည်ခဲ့ခြင်း ကြောင့် ဤအမှုသည်လည်း အမှန်ဖြစ်ကြောင်းသေ ချာလှပါသည်။ ဤတပည့်တော်တို့သည် နောင်တရခြင်းအကြောင်းကိုသာသိ၍ သခင်ယေရှုခရစ် တော်အသက်တာ၌ စုံလင်စွာ ပြုတော် မူသောအမှုကားတိုင်၌အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်း တို့၌ယုံကြည်ခြင်းမရှိခဲ့ကြပါ။ ထိုယုံကြည်ခြင်းမရှိပါ။ ဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်းသည် ယုံကြည် သူတိုင်း ခံစားရသော အတွင်းပိုင်းကျေးဇူးတော်ပင်ဖြစ်ပါသည်။

ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၊ ဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်းသည် ဝိညာဉ်တော်ပြည့်ဝခြင်းအားဖြင့်ထင်ရှားတတ်၏။ ယုံကြည်သူအသက်တာ၌ ဝိညာဉ်တော် အမှုပြုခြင်း ပေါ်လွင်ထင်ရှားခြင်းဖြစ်ပါသည်။ ဝိညာဉ်တော်ကျိန်းဝပ်တော်မူခြင်းခံရသော တပည့်တော်တို့သည် အခြားသောဘာသာစကားပြောခြင်းနှင့် ဘုရားသခင်အံ့ဖွယ်အမှုပြုခြင်းဖြင့် ဝိဉာဉ်တော်၏ ထိန်းချုပ်အုပ်စိုးခြင်းတန်ခိုးကို ထင်ရှား စေခဲ့ကြ၏။ ထိုအမှုကသူတို့အသက်တာ၌ ဘုရားသခင်၏ဝိညာဉ်တော်အတူပါရှိခြင်းကို ပြသ၍ခရစ် တော်၏ ကယ်တင်ခြင်းကျေးဇူးတော်ပိုင်ဆိုင်ကြကြောင်းသက်သေဖြစ်ပါသည်။ (ဂလာတိ ၅း၁၈၊ ၂၂- ၂၅ ကိုဖတ်ပါ)။

သင့်အသက်တာသည် ဘုရားသခင်ဝိဉာဉ်တော်၏အုပ်စိုးခြင်းကိုခံရပါသလား။ သို့မဟုတ်၊ ဇာတိဂတိတော်အလို၏ထိန်းချုပ်ခြင်းကို ခံနေသေးသလား။ ဘုရားသခင်၏ဝိညာဉ်တော်၏ဖြည်းညှင်းသောအသံ၊ သင့်အပြစ်များကိုသိစေတော်မူသောအသံ၊ ခွင့်လွှတ်ခြင်းအတွက်အပြစ်ကိုဝန်ခံခြင်းငှါ ဖိတ်ခေါ်သောအသံကိုသင်ကြားနေပါသလား။ သင့်ဝိညာဉ်အသက်တာကြီးထွားဖို့ နှုတ်ကပတ်တော် သမ္မာတရားကိုဆာလောင်မွတ်သိပ်ခြင်းရှိပါသလား။ သင့်ဘဝ၌ခန္ဓာကိုယ်တပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်းနှင့်မာနထောင်လွှားခြင်းမဟုတ်ဘဲ၊ ဝိညာဉ်နှင့်ဆိုင်သောအရာတို့ကိုသာ တောင့်တခြင်း ရှိနေပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဝိညာဉ်တော်နှင့် ကျွန်တော်ပြည့်ဝခြင်းရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ဝိညာဉ်တော်၏ နိုးဆော်မှုနှင့်လမ်းပြမှုကို အစဉ်ခံရမည် အကြောင်းအကျွန်ုပ်ကို မစတော်မူပါ။

သောကြာ၊ မတ်(၅)

**တမန် ၁၉း၈-၁၀**

၂ တိ ၂း၁၄-၁၅

*“ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်
သခြင်းငှါကြိုးသားအားထုတ်လော့”*

# ဓမ္မတက္ကသိုလ်လှုပ်ရှားမှု

ဘုရားသခင်ကမည်သို့ဓမ္မတက္ကသိုလ်အမှုတော် လှုပ်ရှားမှုစတင်ခဲ့ကြောင်းပုံဥပမာတွေ့ရပါသည်။ ပေါလုကတပည့်တော်တို့ကို စနစ်တကျသင်ကြားနိုင်ခြင်းငှါဘုရားသခင်က ပြင်ဆင်ပေးတော်မူခဲ့၏။ ပေါလုကလည်းတပည့်တော်တို့ကို တန်ဆာဆင်ခြင်းငှါနေ့စဉ်သင်ကြားပို့ချခြင်းလိုအပ်ကြောင်း သိမြင်ခဲ့ပါသည်။

တပည့်တော်တို့ကို အသီးအခြားခွဲခြင်း၊ ပေါလုသည် သုံးလပတ်လုံးတပည့်တော်တို့အား ဘုရားသခင်၏နိုင်ငံတော်အကြောင်း သွန်သင်ခဲ့ပါသည်။ သို့သော်လည်း၊ အချို့သည်ခိုင်မာသော စိတ်ရှိ ၍ပြောင်းလဲခြင်းမရှိကြသောအခါ၊ ထိုသူတို့ထံမှထွက်၍ သင်ကြားလိုသောသူတို့ကို အသီးအခြားခွဲထားခဲ့ပါသည်။ တုရန္နုအမည်ရှိသော သူ၏တရားစရပ်၌၊ ထိုပထမဆုံးသော ကျမ်းစာကျောင်း၌ နေ့စဉ်သွန်သင်ခြင်းပြုခဲ့ပါသည်။ သူတစ်ဦးတည်းသင်ပေးသောဆရာ ဖြစ်ခဲ့သော်လည်း၊ ကျောင်းသားတို့ထံ ဘုရားသခင်၏မြတ်သောနှုတ်ကပတ်တော်ကို ဝေငှလိုသော စိတ်ဆန္ဒဖြင့် ဆက်လက်သင်ကြားပေး ခြင်းအမှုဆောင်ရွက်ခဲ့ပါသည်။

တပည့်တော်များအသီးသီးပျံ့နှံ့ခြင်း၊ သင်ရိုးညွှန်းတမ်းသည် နှစ်နှစ်အတွက်ဖြစ်ခဲ့ပါသည်။ ပေါလုသည် အခြားအကြောင်းမသင်ပေးဘဲ၊ သမ္မာကျမ်းစာကိုသာ ပို့ချသင်ပေးခဲ့ပါသည်။ ဤကျမ်းစာကျောင်းသားတို့သည် ဖေက်မြို့၌အခြေမချဘဲ သူတို့သင်ယူခဲ့သောအရာကို အခြားအရပ်သို့ သွားရောက်ဟောပြောခဲ့ကြကြောင်း တွေ့ရပါသည်။ ဤကျမ်းစာကျောင်းထွက် လူအနည်းငယ်အားဖြင့် အာရှိပြည်သားတို့သည် နှုတ်ကပတ်တော်ကိုကြားခဲ့ကြရ၏။ ယုဒလူနှင့် ဟေလသလူတို့သည် အခြားအကြောင်းမဟုတ်၊ ယေရှုခရစ်တော်၏နှုတ်ကပတ်တော်ကို ကြားသိခဲ့ကြ၏။

“လုကာက အာရှိပြည်သားတို့သည် ပေါလု၏တရားကို ကြားနာခြင်းငှါလာခဲ့ကြသည်ဟု မဆိုလိုပါ။ သူဟောပြောသောတရား၏ အနံ့အသက်သည်အာရှိပြည်တခုလုံးရောက်ရှိ၍၊ ထိုတရားမျိုးစေ့သည် ကျယ်ပြန့်စွာကြဲခြင်းခံရခဲ့ပါသည်။ ထို့ကြောင့် ပေါလု၏အမှုတော်ဆောင်ချက်သည် မြို့တစ်မြို့တည်း၌မဟုတ်ဘဲ၊ ဝေးလံသောအရပ်သို့ပင် အသီးအပွင့်တွေ့ရ၏။ တနေရာ၌ ဘုရားသခင်၏သမ္မာတရားဟောပြောသောအခါ၊ ထိုတရားသည် အခြားနေရာများသို့ပင် ရောက်ရှိတတ်၏။ အကြောင်းမှာ ထိုတရားကိုလက်ဆင့်ကမ်းသယ်ဆောင်သင်ကြားခဲ့ကြသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်းသည် ယုံကြည်ခြင်းတရားကို နေရာတိုင်းဟောပြောကြရန် ကြိုးစားအားထုတ်ကြရပါမည်” (Calvin)။

လူတဦးက “ကျမ်းစာကျောင်းမရှိလျှင် အသင်းတော်သေရပါလိမ့်မည်” ဟု ဆိုခဲ့ဖူးပါ သည်။ ဓမ္မတက္ကသိုလ်အမှုတော် လှုပ်ရှားမှုအတွက် ဆုတောင်းပါလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်ဆောင်များ ပြင်ဆင်မွမ်းမံခြင်းအမှု၌ ကျွန်တော်ပါဝင်လှုပ်ရှားမှုပြုပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏အမှုတော်ဆောင်တို့ကို ကျွန်တော်မည်သို့ ကူညီပေးနိုင်ကြောင်း ကျွန်ုပ်ကိုပြပေးတော်မူပါ။

စနေ၊ မတ် (၆)

**တမန် ၁၉း၁၁-၂၀**

ယောဟန် ၁၄း၁၀-၁၂

*“ငါ့ကိုယုံကြည်သောသူသည်
ငါပြုသောအမှုတို့ကို ပြုလိမ့်မည်”*

## ယုံကြည်ခြင်းသက်သေများ

ယနေ့လှည့်ဖြားခြင်းများစွာရှိနေသောအချိန်တွင်၊ သမ္မာကျမ်းစာကိုယုံကြည်သော ခရစ်ယာန်တိုင်းသည် သတိပြု၍ဆုတောင်းလျက် မှားယွင်းသောယုံကြည်သူတို့ကို သိမြင်တတ်ဖို့လိုအပ်ပါသည်။ စာတန်သည် အသင်းတော်ကိုနည်းမျိုးစုံဖြင့် တိုက်ခိုက်နေပါ၏။ သို့သော်လည်း၊ ဘုရားသခင်က မိမိနှင့်မဆိုင်သောသူ၊ ဟန်ဆောင်သောသူတို့ကို ဖော်ပြထင်ရှားစေပါလိမ့်မည်။ ရွေးကောက်ခြင်းခံရသောသူသည် မုသာကိုမယုံစေခြင်းငှါ၊ လှည့်ဖြားခြင်းမခံရအောင် ဘုရားသခင်ကွယ်ကာတော်မူဖြစ်ကြောင်း ဂတိတော်ရှိသောကြောင့် ဘုရားသခင်ကိုကျေးဇူးတင်ပါ၏။

<u>အထူးအံ့ဖွယ်အမှုများ</u>၊ ဘုရားသခင်က ပေါလုသည်မိမိခန့်ထားတော်မူသော ပုဂ္ဂိုလ်ဖြစ်ကြောင်း အထူးအံ့ဖွယ်အမှုများဖြင့် သက်သေပြခဲ့ပါသည်။ အနာရောဂါတို့သည် ငြိမ်းကြပြီး၊ နတ်ဆိုးတို့သည် ဘုရားသခင်၏တန်ခိုးတော်ဖြင့် ထွက်သွားကြပါသည်။ သို့သော်လည်း ယေရှု၏နာမကို အသုံးပြုပြီး တန်ခိုးရှိသယောင်ပြု၍ နတ်ဆိုးမောင်းထုတ်ရန် ကြိုးစားသောမှားယွင်းသည့် ယုံကြည်သူများလည်းရှိခဲ့ကြ၏။ ထိုအခါ သူတို့ကိုယ်တိုင်သည် နတ်ဆိုး၏အောင်နိုင်ခြင်းကို ခံရကြ၏။ ထို့ကြောင့် လူများတို့သည် ယေရှု၏နာမတော်ကို ကြောက်ရွံ့ခြင်းရှိကြ၏။

<u>ဝိညာဉ်တော်ထင်ရှားခြင်း</u>၊ နတ်ဝိဇ္ဇာအတတ်ကို သုံးဆောင်သောသူတို့သည် မိမိတို့၏အပြစ်ကို ဝန်ခံခဲ့ကြ၏။ သူတို့အသုံးပြုသောစာစောင်တို့ကို သူတို့ကိုယ်တိုင်ယူဆောင်လာခဲ့ကြ၏။ ဤသည်ကား ခရစ်တော်၌သူတို့၏ ဒုတိယမွေးခြင်းခံရခြင်းအမှုကို အမှန်ထင်ရှားစေခြင်းဖြစ်ပါသည်။ သူတို့အပ်နှံခဲ့သောစာစောင်တန်ဖိုးသည် ခန့်မှန်းခြေအားဖြင့် ငွေအသပြာငါးသောင်းဖိုး (သို့) လူအယောက် ၁၅၀ ၏ တစ်နှစ်လုပ်အားခလောက်မျှရှိပါသည်။ (Arnold)။

ကျွန်တော်နှင့်ကျွန်ုပ်မိန်းမ သမ္မာကျမ်းစာသွန်သင်သော ယေရှုခရစ်တော်၌ အမှန်ယုံကြည်ခြင်းရှိခဲ့သောအချိန်ကို ကျွန်တော်သတိရသေး၏။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်း၌အသုံးပြုသောပုတီးများ၊ ဆုတောင်းချက်စာစောင်များ၊ ခေတ်သစ်မွေတေးစီးဒီများကို အမှိုက်ပုံးထဲသို့ လွှင့်ပစ်ခဲ့ကြပါသည် (မီးရှို့ခြင်းကို ကျွန်တော်တို့နေခဲ့သောနိုင်ငံ၌ ခွင့်မပြုသောကြောင့် လွှင့်ပစ်ရခြင်းဖြစ်ပါသည်)။ မီးရှို့ခြင်းသည် သူတပါးတို့က ထိုအရာတို့ကိုပြန်၍မသုံးနိုင်စေရန် အကောင်းဆုံးဖြစ်ပါသည်။

သင်၏အရင်ဘာသာတရား၏ ပစ္စည်းအချို့ကို ဝှက်ထားသိမ်းထားသေးပါသလား။ ရုပ်တုဆင်းတုနှင့်ဘုရားစင်တို့ကို ဖိုးဘွားအမွေဖြစ်သောကြောင့်၊ တန်ဖိုးကြီးသောကြောင့် သင်သိမ်းထားလျက် ရှိပါသလား။ ၂ ကော ၆း၁၆ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - အရာခပ်သိမ်းဘုရားသခင်ထံ အပ်နှံပြီးဟု သင်၏ကောင်းမကောင်းသိသောစိတ်၊ ဥသဘစိတ်ကြည်လင်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်ဘဝ၌ရှိသောမှားယွင်းသည့် အရာအားလုံးကိုစွန့်လွှတ်ခြင်းငှါ ကိုယ်တော်၏ဝိညာဉ်တော်ဖြင့် အကျွန်ုပ်ကိုအသိပေးနိုးဆော်တော်မူပါ။

တနင်္ဂနွေ၊ မတ် (၇)
**တမန် ၁၉း၂၁-၂၂**
ယောဟန် ၂၀း၂၀-၂၁

*"ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည်နည်းတူ၊ သင်တို့ကို ငါစေလွှတ်သည်"*

# သာသနာပြုလိုသောစိတ်ဆန္ဒ

သာသနာပြုခြင်းအမှုကို ဆောင်ရွက်ခဲ့ပြီးသောသူတစ်ယောက်သည် ထိုအရပ်သို့ပြန်သွားလိုသောစိတ်ရှိပါလိမ့်မည်။ သာသနာပြုတို့၏ စိတ်နှလုံးထဲတွင် အိမ်၌နေထိုင်ခြင်းဟူသော စိတ်မရှိကြပါ။ သူတို့သည် ဘုရားသခင်၏ဝိညာဉ်တော်နိုးဆော်ခြင်းခံရ၍ သွားပြီးသွန်သင်လျက်၊ ဗတ္တိဇံပေး၍ သွန်သင်လျက်နေလိုကြ၏။ သင်၌ ဤသို့သောစိတ်ရှိပါလျှင် ဘုရားသခင်က သာသနာပြုခြင်းဆုကျေးဇူးကို သင်အားပေးခဲ့သောကြောင့်တည်း။ သတင်းကောင်းလိုအပ်သော နေရာများရှိ၏။ ထို နည်းတူ ခိုင်ခံ့မြဲမြံစေခြင်းလိုအပ်သောနေရာများလည်းရှိ၏။ သာသနာပြုဆရာသည် တချိန်တည်း၌ နေရာအသီးသီးသို့ ရှိနေလိုသောစိတ်ရှိနေနိုင်ပါသည်။

<u>သွားခြင်းငှါကြံစည်ခြင်း</u>၊ သန့်ရှင်းသောဝိညာဉ်တော်က ပေါလု၏စိတ်နှလုံးထဲ၌ မာကေဒေါနိပြည်နှင့် အခါယပြည်ကို ဖြတ်ရှောက်ပြီး ယေရုရှလင်မြို့သို့သွားခြင်းငှါ အလိုရှိစေတော်မူ၏။ ထို့နောက် ရောမသို့သွားခြင်းငှါ ကြံစည်ခဲ့ပါသည်။ ဤအလိုဆန္ဒသည် ဝိညာဉ်တော်ပြုသောအမှုဖြစ်ပါသည်။ ပေါလုသည် မိမိ၏အလိုဆန္ဒမဟုတ်ဘဲ ဝိညာဉ်တော်၏လမ်းပြမှုအတိုင်း အမှုပြုရမည်ဟု သင်ယူခဲ့ပြီးဖြစ်ပါသည်။ သာသနာပြုဆရာသည် ဘုရားသခင်သွားစေလိုသောနေရာကို သိခြင်းငှါ ဘုရားသခင်ထံဆုတောင်းခြင်းပြုရမည်ဖြစ်ပါသည်။ စိတ်ထဲ၌ နေရာမျိုးစုံပေါ်လာ၍ သွားလိုသောဆန္ဒရှိသော်လည်း၊ ဘုရားသခင်၏အလိုတော်ကိုသာ ပြုရပါမည်။

<u>ခဏနေလိုခဲ့၏</u>၊ ဘုရားသခင်၏ဝိညာဉ်တော်က ဆန္ဒရှိစေသောကြောင့်၊ ပေါလုသည် အခြားအရပ်၌ ရှိသောညီအစ်ကိုအချို့ကို အလုပ်အကျွေးပြုဖို့လိုပါသည်။ ပေါလုသည် ရှေးဦးစွာ အာရှပြည်၌ခဏနေလိုသေး၏။ သွားလိုသောဆန္ဒကို ဝိညာဉ်တော်က ရှိစေတော်မူသကဲ့သို့၊ ဘယ်အရပ်၌ ခဏနားရမည်ကိုလည်း ဝိညာဉ်တော်ပြသတော်မူတတ်၏။ ထိုသို့ပြုခြင်းသည် သာသနာပြုဆရာကို ရှုပ်ထွေးစေလို၍မဟုတ်ပါ။ ဘုရားသခင်၏အလိုတော်သို့ ဆက်ကပ်ခြင်းငှါဖြစ်ပါသည်။ ဘုရားသခင်စေခိုင်းချက်အတိုင်း ပြုခြင်းထက်ပို၍ကောင်းသောအရာမရှိပါ။

တနေရာရာသို့ သွားရောက်အမှုတော်လိုသောဆန္ဒ သင့်၌ရှိပြီး၊ ထိုအရပ်သို့သွားခြင်းငှါ အကုန်လုံးသင်စီစဉ်ခဲ့ပါသည်။ သို့သော်လည်း၊ ရုတ်တရက်အခြေအနေပြောင်းလဲ၍ သင်လက်ရှိနေသောအရပ်၌နေလျက် အမှုဆောင်ဖို့လိုအပ်ခဲ့နိုင်ပါသည်။ ထိုအချိန်သည် ဘုရားသခင်၏အစေခံကျွန်အတွက် ခက်ခဲသောအချိန်ဖြစ်ပါသည်။ ဘုရားသခင်က ရှုပ်ထွေးမှုထဲ၌ ကျွန်ုပ်တို့ကိုပစ်မထားသောကြောင့် ကျေးဇူးတင်ပါ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလမ်းပြစေခြင်းငှါ ဝိညာဉ်နှင့်ဆိုင်သောအမှု၌ လမ်းပြမည့်လူတို့ကို ကျွန်ုပ်တို့အတွက် ထားတော်မူ၏။ ထိုသူတို့၏စကားကို ကျွန်တော်တို့နာခံကြရပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း လမ်းပြ၍ ဘုရားသခင်၏အလိုတော်ကို လိုက်ခြင်းငှါဘုရားသခင်က စိတ်ငြိမ်သက်ခြင်းလည်း ပေးတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ခေါ်ဆောင်ရာနေရာတိုင်းသို့ ကျွန်တော်သွားလိုပါမည်လော။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ခြင်းငှါ ဆန္ဒရှိစေတော်မူသောကြောင့် ကိုယ်တော်ကိုကျေးဇူးတင်ပါ၏။

တနင်္လာ၊ မတ်(၈)
**တမန် ၁၉း၂၃-၄၁**
၁ ကော ၈း၄-၆

"ရုပ်တုသည်ဤလောက၌အချည်းနှီးသက်သက်ဖြစ်သည်ကိုငှင်း၊တစ်ဆူတည်းသောဘုရားသခင်မှတစ်ပါး၊ အဘယ်ဘုရားသခင်မျှမရှိသည်ကိုငှင်းငါတို့သိကြ၏။

## ရုပ်တုကိုးကွယ်ခြင်း၏ မိုက်မဲသောအပြစ်

ရုပ်တုကိုးကွယ်ခြင်းဆိုသည်မှာ ဘုရားသခင်မဟုတ်သော လူ့လက်ဖြင့်လုပ်ထားသောရုပ်တုဆင်းတုနှင့် အရာဝတ္ထုတစ်ခုခုကိုးကွယ်ခြင်းပင်ဖြစ်ပါသည်။ ဤရုပ်တုကိုးကွယ်ခြင်းက ဘုရားသခင်၏ ဂုဏ်တော်ကိုရှုတ်ချ၍ လူတို့ကို ညစ်ညူးစေပါသည်။ ဘုရားသခင်ကိုးကွယ်ခြင်းကို ပယ်ရှား၍ အခြားဘုရားများဖြစ်သောရုပ်တုများ ကိုးကွယ်ခြင်းလည်းဖြစ်ပါသည်။ ယနေ့ ခေတ်သစ်တွင် ရုပ်တုကိုးကွယ်ခြင်းကို ငွေကြေးတပ်မက်ခြင်းနှင့် အချည်းနှီးသောအရာကို နှစ်သက်မြတ်နိုးခြင်း၌ တွေ့ရပါ၏။ ထိုအရာတို့ကိုအသုံးပြု၍ စာတန်က လူတို့အားအသက်ရှင်၍ ဤစစ်မှန်သောဘုရားသခင်ကို မကိုးကွယ်ခြင်းငှါလှည့်ဖြားလျက်ရှိ၏။

<u>အကျိုးအမြတ်</u>၊ အာတေမိန့်နတ်ဘုရား၏ ဘုရားစင်ထုလုပ်ခြင်းဖြင့် စီးပွားရှာအကျိုးအမြတ်ရနေသောပန်းထိမ်သမား ဒေမေတရိကလူထုဆူပူမှုကို စတင်ခဲ့ပါသည်။ သူနှင့်စီးပွားတူလူအပေါင်းတို့ကိုစုရုံးခဲ့ပါသည်။ ရုပ်တုဆင်းတုသည် အချည်းနှီးဖြစ်သည်ဟူသော ပေါလု၏သွန်သင်ချက်ကို ဆန့်ကျင်ဆန္ဒပြကြ၏။ "ဧဖက်လူတို့၏ အာတေမိသည်ကြီးမြတ်တော်မူ၏" (တမန် ၁၉း၂၈)ဟု အော်ဟစ်ကြသောကြောင့် တမြို့လုံးရုန်းရင်းခတ်မှုဖြစ်ခဲ့ပါသည်။ ယေရှုခရစ်တော်သည် စစ်မှန်၍ အသက်ရှင်တော်မူသောဘုရားသခင် ဖြစ်ကြောင်းပေါလု၏ သွန်သင်ချက်ကြောင့်သူတို့၏စီးပွားဖြစ်သောရုပ်တုဆင်းတုထုလုပ်ခြင်း အချည်းနှီးဖြစ်မည်ကိုစိုးရိမ်ကြသောကြောင့် ဆူပူမှုပြုကြခြင်းဖြစ်ပါသည်။

<u>အချည်းနှီးသက်သက်</u>၊ ရုန်းရင်းခတ်မှုဖြစ်သောကြောင့် သူတို့စုဝေးရခြင်းအကြောင်းရင်းကိုပင် မသိကြ။ အချို့သည်တမျိုးအော်ဟစ်၍ အခြားသောသူသည်တခြားအော်ဟစ်ခဲ့ကြ၏။ (ဆာလံ ၁၁၅း၄-၈ ကိုဖတ်ပါ)။

ရုပ်တုဆင်းတုကိုးကွယ်ခြင်းကို အကျိုးစီးပွားရလိုသောလူတို့က အားပေးချီးမြှောက်ကြ၏။ ရုပ်တုကိုးကွယ်ခြင်းမရှိတော့လျှင် သူတို့၏စီးပွားပျက်မည်ကိုသိကြ၏။ ထိုသို့မိမိတို့၏စီးပွားအကျိုးအမြတ်အတွက်လူတို့အားနှိုးဆော်၍ ရုပ်တုကိုးကွယ်ခြင်းကိုချီးမြှောက်ကြ၏။ ဖန်ဆင်းထားသောအရာနှင့်တူသော ရုပ်တုဘုရားများကိုကိုးကွယ်ကြ၏။ သူတို့၏အလိုဆန္ဒသည်ငွေကြေးရရန်သာဖြစ်ပါ၏။

သင်၌ရှိသောရုပ်တုဆင်းတုကို မဖျက်ဆီးဘဲသင်သိမ်းထားသေးသလား။ တကယ့်ရုပ်တုဆင်းတုအပြင်သင်၌ရှိသော အခြားရုပ်တုဆင်းတုများကားအဘယ်နည်း။ ဘဝ၌အချည်းနှီးသောအရာကိုနှစ်သက်ရယူလိုခြင်းသည်လည်း ရုပ်တုဆင်းတုကိုးကွယ်ခြင်းတမျိုးမဖြစ်သလော။ ဘုရားသခင်ရှေ့မှောက်၌ဘုရားနှစ်သက်သောအသက်တာပိုင်ဆိုင်နိုင်ခြင်းငှါ ယုံကြည်ခြင်း၌ ကျွန်တော်တို့အမှန်ရှိမရှိ မိမိကိုယ်ကိုစစ်ကြောစမ်း စစ်ကြဖို့လိုပါသည်။

**ဆင်ခြင်ရန်** - ရုပ်တုဆင်းတုကိုးကွယ်ခြင်းအပြစ်မှ ကျွန်တော်ကင်းလွတ်ပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ အသက်တာ၌ အချည်းနှီးသောအရာအလုံးစုံမှ ကျွန်ုပ်၏စိတ်နှလုံးနှင့်အတွေးတို့ကို ကွယ်ကာစောင့်ရှောက်ပေးတော်မူပါ။

အင်္ဂါ၊ မတ် (၉)

**တမန် ၂ဝး၁-၁၂**

၁ ကော ၁၆း၁-၃

"ခုနစ်ရက်တွင် ပဌမနေ့ရက်၌ မိမိတို့ဥစ္စာ တဘို့ကို ထုတ်၍ စုထားကြလော့။"

## ဘုရားသခင်၏နေ့မြတ်

ခရစ်ယာန်ဥပုသ်နေ့ဖြစ်သော၊ ဘုရားသခင်၏နေ့မြတ်သည် သခင်ယေရှုခရစ်တော်ရှင်ပြန်ထမြောက်ရာနေ့ကို အမှတ်ရအောက်မေ့ခြင်းဖြစ်ပါသည်။ ထိုနေ့၌ ယေရှုခရစ်တော်၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့်တဖန်ကြွလာတော်မူမည့် အကြောင်းသတိရအောက်မေ့ခြင်းအမှုပြုကြ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်ကြားနာခြင်း၊ သမ္မာကျမ်းစာမှ သင်ယူလေ့လာခြင်းဖြင့်ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ရသောနေ့လည်းဖြစ်ပါသည်။ ဓမ္မဟောင်း၌တွေ့ရသောဥပုသ်နေ့စောင့်ခြင်းအတိုင်း၊ ဤခရစ်ယာန်ဥပုသ်ဖြစ်သော သခင်ယေရှုရှင်ပြန်ထမြောက်ရာနေ့တွင် သမ္မာကျမ်းစာယုံကြည်သော ခရစ်ယာန်တို့သည် စိတ်နှင့်ခန္ဓာကိုယ်အား ဘုရားသခင်၌ အနားပေးကြရပါသည်။

<u>မုန့်ကိုဖဲ့ခြင်းငှါစည်းဝေးကြ၏</u>၊ မာကေဒေါနိပြည်နှင့်အခါယပြည်ရှိအသင်းတော်များကို ကြည့်ရှု၍ခွန်အားပေးပြီးမှ၊ ပေါလုနှင့်ညီအစ်ကိုအချို့တို့သည် တရောမြို့သို့ရောက်၍ ခုနစ်ရက်တွင် ပဌမနေ့ရက်၌ မုန့်ဖဲ့ခြင်းငှါ စည်းဝေးကြ၏။ ဤအချက်က ခုနစ်ရက်တွင် ပဌမနေ့ရက် (တနင်္ဂနွေနေ့) သည် ခရစ်ယာန်တို့၏ ဥပုသ်နေ့ဖြစ်၍ ထိုနေ့၌ပွဲတော်မင်္ဂလာခံကြရန် သက်သေပြခဲ့ပါသည်။

<u>နှုတ်ကပတ်တော်ကြားနာခြင်းငှါ စည်းဝေးကြ၏</u>၊ ပေါလုသည် နက်ဖြန်နေ့၌ ခရီးဆက်မည်ဖြစ်သော်လည်း ဘုရားသခင်၏နေ့တွင် ညီအစ်ကိုထံ တရားဟောခဲ့ပါသည်။ ပေါလု၏ တရားဟောခြင်းစိတ်အားထက်သန်မှုကို အချိန်ကမကန့်သတ်မထိန်းချုပ်ထားပါ။ သန်းခေါင်တိုင်အောင် တရားဟောခဲ့ပါသည်။ လူတဦးအိပ်ငိုက်အိပ်ပျော်ခြင်းက ပေါလု၏တရားဟောသွန်သင်သောအချိန်ကြာမြင့်မှုကိုပြသလျက်ရှိ၏။ ဤသို့ဖြင့် ပေါလုသည်ခရီးမဆက်မချင်း တရားဟောခဲ့ပါသည်။

"သာမာန်ပုံမှန်အားဖြင့် ဘုရားသခင်ဝတ်ပြုကိုးကွယ်ရန်အတွက် အချိန်တခုခုကို သတ်မှတ်ထားကြပါသည်။ ထိုနည်းတူ နှုတ်ကပတ်တော်ထဲ၌ လူသားအပေါင်းလိုက်လျှောက်ရန် ထာဝရပညတ်အနေဖြင့် ဘုရားသခင်က ခုနစ်ရက်တွင်တရက်၊ ဥပုသ်နေ့ကို မိမိအဖို့သန့်ရှင်းစွာ စောင့်ခြင်းငှါ သတ်မှတ်တော်မူခဲ့၏။ ကမ္ဘာဦးမှ ခရစ်တော်ရှင်ပြန်ထမြောက်တော်မူသောအချိန်အထိ ခုနစ်ရက်တွင် နောက်ဆုံးနေ့ဖြစ်ခဲ့ပြီး၊ ခရစ်တော်ရှင်ပြန်ထမြောက်သောအချိန်မှ ကမ္ဘာကုန်ဆုံးသည်အထိ ဥပုသ်နေ့ကိုခုနစ်ရက်တွင် ပဌမနေ့ဖြစ်သော၊ ယေရှုရှင်ပြန်ထမြောက်ရာနေ့ကို ဘုရားသခင်၏နေ့မြတ်၊ ခရစ်ယာန်ဥပုသ်နေ့အဖြစ် ပြောင်းလဲခဲ့ပါသည်" (WCF ၂၁. ၇)။

ဘုရားသခင်၏နေ့မြတ် (အချိန်နာရီမဟုတ်) ကို သန့်ရှင်းစွာစောင့်ခြင်းငှါ သင်သတိရပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ နေ့မြတ်ကို တနေ့လုံးသန့်ရှင်းစွာ ကျွန်တော်စောင့်ပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေခြင်းငှါ ကိုယ်တော်၏ နေ့မြတ်ကို အစဉ်သတိရအောက်မေ့လိုပါ၏။

ဗုဒ္ဓဟူး၊ မတ် (၁၀)
**တမန် ၂၀း၁၃-၂၁**
၁ တိ ၁း၁၂-၁၄

*"သစ္စာရှိသောသူဟု ထိုသခင်သည်မှတ်၍၊ ဓမ္မဆရာအရာ၌ ခန့်ထားတော်မူ၏"*

## သစ္စာရှိသောအမှုတော်ဆောင်ခြင်း

ပေါလုသည် ယေရုရှလင်မြို့အပြန်ခရီး၌ ဧဖက်အသင်းတော်၏သင်းအုပ်လူကြီးများနှင့် တွေ့ဆုံခြင်း၌ ဆုံးဖြတ်ခဲ့ပါသည်။ ဤသည်ကား သီးထိန်းကြီး၏ မိမိသိုးတို့အပေါ် ထားရှိသောချစ်ခြင်းနှင့် ဂရုစိုက်မှုကို သိုးထိန်းအငယ်ကလည်း ပြသခြင်းဖြစ်ပါသည်။ သူသည် အမြန်အလျင်လိုသောကြောင့် သူတို့အားမိမိကိုလာတွေ့ကြခြင်း၌ ခေါ်ခဲ့ပါသည်။ ထိုအခါ ပေါလုကသူတို့အား မိမိ၏အမှုတော်ဆောင်မှုနှင့် နှုတ်ကပတ်တော်သက်သေခံဟောပြောမှုတို့ကို တွေ့ခဲ့ကြပြီဖြစ်သောကြောင့် ထိုနည်းတူ သစ္စာရှိစွာပြုကြရန် တိုက်တွန်းခဲ့ပါသည်။

<u>အမှုတော်ဆောင်ခြင်း</u>၊ Calvin က - "ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းသည် သန့်ရှင်းခြင်းတန်ဆာဖြင့် ဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်းမဟုတ်ဘဲ၊ နေရာတိုင်း အချိန်တိုင်း၌ သူတပါးကောင်းကျိုးဆောင်ရွက်ခြင်းဖြစ်ပါသည်" ဟုဆိုခဲ့ပါသည်။ ပေါလုက ဝါကြွားခြင်းဖြင့်မဟုတ်ဘဲ၊ နှိမ့်ချမှုဖြင့် မိမိအမှုတော်ဆောင်ခဲ့ပုံကို ညီအစ်ကိုတို့အား အမှတ်ရစေခဲ့ပါသည်။ အခက်အခဲအန္တရာယ်ကြားထဲ၌ ရဲရင့်စွာအမှုတော်ဆောင်ရွက်ခဲ့ပါသည်။ တမန်တော်က ဧဖက်သင်းအုပ်လူကြီးတို့လည်း ထိုနည်းတူ အမှုတော်ဆောင်ရွက်ကြရန် အလိုဆန္ဒရှိခဲ့ပါသည်။

<u>သမ္မာကျမ်းစာအတိုင်း အမှုတော်ဆောင်ခြင်း</u>၊ ပေါလုက "သင်တို့အကျိုးပြုစုရာ တစုံတခုကိုမျှ ငါမထိမ်မဝှက်" (တမန် ၂၀း၂၀)။ "အကျိုးပြုရာ" ဟူသည်ကား အဘယ်နည်း။ ယုဒလူနှင့် တပါးအမျိုးသားတို့ထံ မိမိသက်သေခံသောတရားတော်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ဤမြတ်သောတရားကိုသူ့ထံအပ်နှံထားခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ယုံကြည်သောသူအပေါင်းတို့ကို ကယ်တင်ခြင်း၌ တန်ခိုးကြီးတော်မူ၏။ ဤတရားတော်သည် "ဘုရားသခင့်ရှေ့တော်၌နောင်တရခြင်းတရား. . .၊ ငါတို့သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းတရား" (တမန် ၂၀း၂၁) ဖြစ်ပါသည်။ ပေါလုသည် သတင်းကောင်း၏မျက်နှာနှစ်ခုစလုံးကို ဖော်ပြခဲ့ပါသည် - အပြစ်မှပြန်လှည့်ခြင်းနှင့် ယုံကြည်ခြင်း၌ ကျေးဇူးတော်ခံရပြီး သခင်ယေရှုခရစ်တော်ထံ ချဉ်းကပ်ခြင်းပင်ဖြစ်ပါသည်။

အသင်းတော်၏အမှုတော်ဆောင်ခြင်းသည် သူတပါးအတွက် အမှုပြုခြင်းသာမက ဘုရားသခင်၏နှုတ်ကပတ်တော်ကို အဓိကအလေးထားရပါမည်။ ထိုသို့မဟုတ်လျှင် လူမှုရေးအသင်းအဖွဲ့သာသာဖြစ်ပါလိမ့်မည်။ အမှုတော်ဆောင်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော် ကြားနာခြင်း၊ ဟောဆိုခြင်းတစ်ခုတည်းမဟုတ်ပါ။ ထိုတရားကို အသက်တာ၌လိုက်လျှောက်ကျင့်သုံးခြင်းလည်းပါ၏။ လက်တွေ့ကျင့်သုံးခြင်းမရှိလျှင် ဦးနှောက်အသိဖြင့် သိရုံဖြစ်၍အကျိုးမရှိပါ။ ထို့ကြောင့် ပေါလုဖော်ပြသောအမှုတော်ဆောင်ခြင်းတည်းဟူသော သွန်သင်ဟောပြောခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်းသည် သမ္မာကျမ်းစာနှင့်ကိုက်ညီသော အမှုတော်ဆောင်နည်းပေတည်း။

**ဆင်ခြင်ရန်** - အသင်းတော်၏အမှုတော်အောက်၌ ဘုရားသခင်၏အမှုတော်ကို ကျွန်တော်အမှန်တကယ်ဆောင်ရွက်နေပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ မှန်ကန်စွာကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်နိုင်ရန် သွန်သင်ပြသတော်မူပါ။

ကြာသပတေး၊ မတ် (၁၁)

**တမန် ၂၀း၂၂-၃၁**
၁ ကော ၄း၁-၃

"ခရစ်တော်၏အစေအပါးကဲ့သို့၎င်း၊ ဘုရားသခင်၏
နက်နဲသောအရာတို့ကို စောင့်သောဘဏ္ဍာစိုးကဲ့သို့၎င်း"

## သစ္စာရှိသောဓမ္မဆရာ

ယုံကြည်သူတိုင်းသည် ခရစ်တော်၏ကိုယ်၌အင်္ဂါဖြစ်ကြသောကြောင့် ဘုရားသခင်ထံမှ အနည်းဆုံးဆုကျေးဇူးတစ်ခုစီ ခံစားကြရ၏။ အချို့သည် ဘုရားသခင်၏များစွာသောတာဝန်ပေးခြင်း ခံရ၍ အချို့သည် အနည်းငယ်သာခံရ၏။ သူသည် ကျွန်ုပ်တို့ကို ဖန်ဆင်းတော်မူသောသူဖြစ်သောကြောင့် ကျွန်ုပ်တို့၏အရည်အချင်းကို သိတော်မူ၏။ ကျွန်ုပ်တို့ကို ထူးခြားသီးခြားစွာ တစ်ဦးချင်း အသီးသီးဖန်ဆင်းတော်မူ၏။ သို့သော်လည်း ဘုရားသခင်ခန့်ထားတော်မူသော အမှုတော်ဆောင်တို့သည် သူတို့ထမ်းဆောင်သောအမှုတော်အသီးသီးကို ကောင်းမွန်စွာဆောင်ရွက်နိုင်ခြင်းငှါ ဖော်ပြပါ တာဝန်ကို လိုက်လျှောက်ရပါမည်။ တစ်ခုခုမလိုက်လျှောက်ပါလျှင် အမှုတော်ဆောင်ရွက်ရာ၌ မစုံမလင်ဖြစ်ပါလိမ့်မည်။

<u>ကျေးဇူးတော်သတင်းကောင်းကိုသက်သေခံခြင်း</u>၊ ပေါလုသည် သူ၏သာသနာခရီးစဉ် တစ်လျှောက် ဆင်းရဲဒုက္ခအမျိုးမျိုး ကြုံတွေ့ခဲ့ရသော်လည်း အမှုတော်ကိုမဆောင်ရွက်၊ ပစ်ထားမသွားခဲ့ပါ။ မိမိ၏တာဝန်ပြီးစီးဆောင်ရွက်ခြင်း၊ ခရစ်တော်ယေရှု၌တည်သော ဘုရားသခင်၏ ကျေးဇူးတော်သတင်းကောင်းသက်သေခံခြင်းကို မိမိ၏အသက်ထက်ပို၍ တန်ဖိုးထားခဲ့ပါသည်။ ၁ ကော ၁၅း၁-၄ ကိုဖတ်ပါ။

<u>ကြမ်းတမ်းသောတောခွေးတို့အကြောင်း၌ သတိပေးခြင်း</u>၊ သင်းအုပ်လူကြီးတို့အား အတွင်းအပြင်ရန်သူ၏တိုက်ခိုက်ခြင်းအကြောင်းကို ပေါလုသတိပေးဖို့လိုပါသည်။ ကြမ်းတမ်းသောတောခွေးတို့သည် လာ၍သိုးစုတို့ကို ကိုက်ဖြတ်မည်အကြောင်း သူတို့အထဲမှ မှားယွင်းသောခေါင်းဆောင်များပေါ်ထွက်၍ သမ္မာကျမ်းစာနှင့်ဆန့်ကျင်သောသွန်သင်ချက်ကို သင်ပေးလျက် ယုံကြည်ခြင်းမှလူများကို လမ်းမှားစေမည့်အကြောင်း သတိပေးခဲ့ပါသည်။ ဤသတိပေးခြင်းအမှုကို "နေ့ညမပြတ် . . . မျက်ရည်နှင့်တကွ" (တမန် ၂၀း၃၁) ပေါလုပြုခဲ့ပါသည်။ ယနေ့နောက်ဆုံးကာလ၌ ရှိသောအသင်းတော်၌ ဤအမှုတော်အလွန်လိုအပ်ပါ၏။ အကြောင်းမှာ မှားယွင်းသောယုံကြည်သူနှင့် မှားယွင်းသောဆရာများစွာရှိ၍ အသင်းတော်၌၎င်း၊ ဤလောကီကမ္ဘာ၌၎င်း၊ လှည့်ဖြားခြင်းများစွာ ရှိသောကြောင့်တည်း။

လမ်းလွဲခြင်းသည် သခင်ယေရှုခရစ်တော်ပြန်လည်ကြွလာတော်မူခြင်း၊ နီးကပ်ကြောင်းပြသောလက္ခဏာတစ်ခုဖြစ်ပါသည်။ လမ်းလွဲခြင်းသည် အမှန်ရောက်ရှိလာပါလိမ့်မည် - "အဘယ်သူမျှ သင်တို့ကိုအဘယ်သို့သောအားဖြင့် မလှည့်ဖြားစေနှင့်။ ထိုနေ့ရက်မရောက်မီ ဖောက်ပြန်သင်းကွဲခြင်းသည် အရင်ဖြစ်၍ဒုစရိုက်လူတည်းဟူသော ပျက်ဆီးခြင်း၏သားသည် ပေါ်လာရလိမ့်မည်" (၂ သက် ၂း၃)။ စာတန်သည် အသင်းတော်ကိုလှည့်ဖြားခြင်းငှါ အတတ် နိုင်ဆုံးကြိုးစားမည်ဖြစ်၍ လူများတို့သည် သူ၏သွေးဆောင်ခြင်း၌ ကျဆုံးကျပါလိမ့်မည်။ ဘုရားသခင်၏ အမှုတော်ဆောင်တို့သည် သိုးစုတို့ကိုဘုရားသခင်၏နှုတ်ကပတ်တော် တိုက်ကျွေးခြင်းငှါ၎င်း၊ မှားယွင်းသောသွန်သင်ချက်တို့မှ သတိပေးခြင်းငှါ၎င်း တာဝန်ရှိကြပါသည်။

ခရစ်ယာန်တိုင်းသည် ဘုရားသခင်ဘက်၌အစဉ်ရပ်တည်ခြင်းငှါ အလိုဆန္ဒရှိကြရပါမည်။ မမှားနိုင်သောအမှားကင်းစင်သော သမ္မာကျမ်းစာ၌ အခြေခံသောသစ္စာရှိသော အမှုတော်ဆောင်တို့၏ တရားဟောချက်ကို သင်လက်ခံလိုက်လျှောက်ပါသလား။

**ဆင်ခြင်ရန်** - ခရစ်ယာန်ဖြစ်သည်အတိုင်း အကျွန်ုပ်တာဝန်ကို ကျွန်တော်သစ္စာရှိစွာ ဆောင်ရွက်နေပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အသင်းတော်၏အမှုတော်ဆောင်များအတွက် ဆုတောင်းခြင်းငှါ အကျွန်ုပ်အား စိတ်အားထက်သန်ခြင်းပေးသနားတော်မူပါ။

သောကြော၊ မတ် (၁၂)
**တမန် ၂၀း၃၂-၃၈**
လုကာ ၆း၃၇-၃၈

*“သူတပါးအား ပေးကြလော့၊ ပေးလျှင်သူတပါးသည် သင်တို့အားပေးကြလိမ့်မည်။ . . . လှုပ်လျက်လျှံလျက် ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ပေးကြလိမ့်မည်”*

## ပေးကမ်းခြင်းမင်္ဂလာ

“ထိုစာတို့၌ ခက်ခဲသောအရာအချို့ရှိ၏။ မတတ်သောသူ၊ တည်ကြည်ခြင်းမရှိသောသူတို့သည် ထိုအရာမှစ၍ ကြွင်းသောကျမ်းစာ၏အနက်ကို မှောက်လှန်၍ ကိုယ်ကိုကိုယ်ဖျက်ဆီးတတ်ကြ၏။ သို့ဖြစ်၍ ချစ်သူတို့၊ မတရားသောသူတို့၏ပရိယာယ်အားဖြင့် သင်တို့သည်လည်း သွေးဆောင်ရာသို့လိုက်၍ သင်တို့တည်ကြည်ခြင်းမှ မရွေ့လျော့မည်အကြောင်း ဤအရာများကို သိနှင့်ပြီဖြစ်၍ ကိုယ်ကိုကိုယ် စောင့်ရှောက်ကြလော့။ ကျေးဇူးတော်၌၎င်း၊ ငါတို့ကိုကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌၎င်း ကြီးပွားကြလော့။ ထိုသခင်သည် ယခုမှစ၍ ထာဝရနေ့ရက်ကာလပတ်လုံး ဘုန်းအသရေရှိတော်မူစေသတည်း၊ အာမင်။” (၁ ယော ၃း၁၆-၁၈)။ ယုံကြည်ခြင်း၌ အချင်းချင်းအားပေးခိုင်ခံ့စေခြင်းငှါ ကျွန်တော်တို့လက်တွေ့ပြုရမည့်အမှုများရှိပါသည်။

<u>မစထောက်ပံ့ခြင်း</u>၊ ပေါလုက သင်းအုပ်လူကြီးတို့ကို ခံရသောကောင်းကင်အမွေကြောင့် ဘုရားသခင်ထံအပ်နှံခဲ့ပါသည်။ ခရစ်တော်၌ များစွာသောဝိညာဉ်အမွေခံရသောလူများဖြစ်သောကြောင့် ခန္ဓာကိုယ်လိုအပ်သောအရာအတွက် မစိုးရိမ်သင့်ပါ။ ပေါလုက မိမိလိုအပ်သောအရာ၊ မိမိကိုယ်ကို ထောက်ပံ့ခြင်းဖြင့် သာဓကပြခဲ့ပါသည်။ ထို့ကြောင့် လိုအပ်သောသူ၊ ကြိုးစားရုန်းကန်သောသူကို ပေါလုကောင်းကောင်းကိုယ်ချင်းစာ သဘောပေါက်နားလည်ပါ၏။ လုကာ ၁၄း၁၂-၁၄ မှ ယေရှု၏မိန့်တော်မူချက်ကို ဖတ်ပါလော့။

<u>ပေးဆပ်ခြင်း</u>၊ ပေါလုသည် ဧဖက်၌ယုံကြည်သူတို့နှင့်အတူ နေချင်သော်လည်း ခရီးဆက်ဖို့လိုပါ၏။ သူတို့ထံ နောက်တစ်ကြိမ်မလာရတော့ကြောင်း သိလျက်ဖြင့် နှုတ်ဆက်ခြင်းသည် ရင်နာစရာကောင်းလှပါသည်။ သို့သော်လည်း ဘုရားသခင်၏အမှုတော် ဆက်လက်ဆောင်ရွက်ခြင်းငှါ ထိုသို့သောစိတ်ခံစားမှု ပေးဆပ်ခြင်းလိုအပ်သောအချိန်ရှိပါ၏။ ခရစ်တော်၏သတင်းကောင်းကို လူအများသိကြားကြခြင်းငှါ ထိုသို့နှုတ်ဆက်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါသည်။

သာသနာပြုဆရာ Jim Elliot က ဤသို့ဆိုခဲ့ဖူးပါသည် - “မဆုံးရှုံးနိုင်သောထာဝရအသက်ရခြင်းငှါ မိမိမထိန်းသိမ်းနိုင်သော မိမိ၏အသက်တာ ပေးဆပ်ခြင်းသည် မိုက်မဲသောသူ၏လုပ်ရပ်မဟုတ်ပါ”။ ခရစ်ယာန်တို့သည် လိုအပ်သောသူအား ခန္ဓာကိုယ်လိုအပ်သောအရာနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ လိုအပ်သောအရာတို့ကို ကူညီပေးခြင်းငှါ ရက်ရောသောစိတ်နှလုံးရှိကြရပါမည်။ ဤအမှုပြုခြင်းသည် ကောင်းကင်ဘုံ၌ ထာဝရအမွေရရှိကြောင်း သေချာသိသောသူ၏လက္ခဏာတစ်ခုဖြစ်ပါသည်။

သူတပါးကို ကူညီထောက်ပံ့မစခြင်းငှါ သင်ဆန္ဒရှိပါသလား။ သင့်အသက်တာ၌ ဘုရားသခင်၏ချစ်ခြင်းမေတ္တာပေါ်လွင်စေခြင်းဖြင့် ကောင်းသောသာဓကကိုပြပါလော့။ နှုတ်အားဖြင့်မဟုတ်ဘဲ ကောင်းသောအမှုပြုခြင်းအားဖြင့် ချစ်ခြင်းမေတ္တာပြပါလော့။

**ဆင်ခြင်ရန်** - နှမြောခြင်းမရှိဘဲ ဘုရားသခင်ထံနှင့် သူတပါးထံကျွန်တော်ပေးကမ်းခြင်း ပြုပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်အရင်ပေးတော်မူသောအရာကို ပြန်ပေးရသောအခွင့် ပေးတော်မူသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

စနေ၊ မတ် (၁၃)

**တမန် ၂၁း၁-၁၆**

မဿဲ ၁၆း၂၁-၂၃

*"ကိုယ်တော်သည် ယေရုရှလင်မြို့သို့ သွားရမည်. . .*
*များစွာခံရမည်၊ အသေသတ်ခြင်းကိုလည်းခံရမည်"*

## ဘုရားသခင်၏အလိုတော်

ယခုအဖြစ်အပျက်၌ပေါလုသည် ဘုရားသခင်၏ဝိညာဉ်တော်၏ လမ်းပြမှုကိုနာမခံဘဲ မိမိ၌အတွေ့အကြုံများစွာရှိပြီဖြစ်သောကြောင့် မိမိ၏အတွေ့အမြင်အတိုင်းပြုခြင်းငှါ မာနထောင်လွှားခြင်းရှိ၏ဟု သမ္မာကျမ်းစာကို ဝေဖန်သောသူတို့က ဆိုကြ၏။ အမှန်မှာထိုသို့မဟုတ်ပါ။ ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်၏ နိုးဆော်မှုကိုနာခံခြင်းသာဖြစ်ပါသည်။ ခြိမ်းခြောက်မှုရှိစေကာမူပေါလု သည်အဖမ်းခံခြင်းငှါသာမက ဘုရားသခင်အတွက် အသက်ပေးခြင်း ငှါ အသင့်ရှိစေခဲ့ပါသည်။

<u>တပည့်တော်တို့၏သတိပေးခြင်း၊</u> ပေါလုသည်တုရုမြို့၌ တပည့်တော်အချို့ကိုတွေ့ခဲ့ပြီး ဝိညာဉ်တော်အားဖြင့် သူတို့ကပေါလုကယေရုရှလင်မြို့သို့ မသွားခြင်းငှါသတိပေးခဲ့ကြ၏။ သို့သော်လည်းပေါလုသည်တွန့်ဆုတ်ခြင်းမရှိဘဲ မိမိအစီအစဉ်အတိုင်းယေရုရှလင်မြို့သို့သွားခဲ့ပါသည်။ "ဘုရားသခင်က ဤညီအစ်ကိုတို့အား ဖြစ်ပျက်မည့်အရာကိုပြတော်မူခဲ့၏။ သို့သော်လည်း သူတို့သည် အကျိုးရှိသောအရာကိုမသိခဲ့ကြ" (Calvin)။ သူတို့သည် ဝိညာဉ်တော်၏ဖော်ပြခြင်းဖြင့် ပေါလုကြုံတွေ့ရမည့်အန္တရာယ်ကို မြင်တွေ့ခဲ့ကြသောကြောင့် ပေါလုကို ဆီးတားကြခြင်းဖြစ်ပါသည်။

<u>ပရောဖက်၏သတိပေးခြင်း၊</u> ပေါလု၏မသွားခြင်းငှါ တပည့်တော်များတားဆီးရခြင်းအကြောင်းကို အာဂဗု၏ပရောဖက်ပြုချက်၌ တွေ့ရပါသည်။ ဝိညာဉ်တော်သည် ပေါလုတွေ့ကြုံတွေ့ရမည့်အရာကို ဖော်ပြခြင်းဖြစ်၍ မသွားခြင်းငှါတားဆီးခြင်းမဟုတ်ပါ။ ပေါလုသည် ထိုအရာအတွက် အဆင်သင့်ရှိခဲ့ပါသည် - "သခင်ယေရှု၏နာမတော်ကြောင့် ယေရုရှလင်မြို့၌ ချည်နှောင်ခြင်းမက အသေသတ်ခြင်းကိုပင် ခံခြင်းငှါ ငါအသင့်ရှိသည်ဟုဆို၏" (တမန် ၂၁း၁၃)။ ဤသည်ကား ဘဝ၌ ဘုရားသခင်၏အလိုတော်ကို အမှန်သိသောသူ၏စိတ်သဘောထားဖြစ်ပါသည်။ ထိုသို့သောပုဂ္ဂိုလ်ကို ဘုရားသခင်၏စကားကို နာမခံခြင်းငှါအခက်အခဲဒုက္ခ၊ ချုပ်နှောင်ခြင်းနှင့်သေခြင်းကပင် မစွမ်းဆောင်နိုင်ပါ။

ခရစ်ယာန်ကျွန်တော်တို့၏အသက်တာ၌ ဘုရားသခင်၏စုံလင်သောအလိုတော်ကို သိခြင်းဖြင့် ကိုယ်တော်၏နောက်တော်သို့လိုက်ခြင်းငှါ အဆင်သင့်ရှိကြပါစို့။ သင်အသင့်ရှိပါသလား။ သင့်ဘဝ၌ ဘုရားသခင်၏လမ်းပြမှုကိုသေချာသိပါသလား။ မိမိ၏စိတ်သဘောအတိုင်း မဟုတ်ဘဲ၊ သမ္မာကျမ်းစာ၌ ဘုရားသခင်၏ရည်ရွယ်ချက်ကိုရှာရင်း သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကို သိအောင်ကြိုးစားပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြိုးစားဆက်လက်လေ့လာပြီး ဘုရားသခင် ၏ အလိုတော်ကိုပို၍သိအောင်ကြိုးစားပါလော့။

**ဆင်ခြင်ရန်** - သခင်ယေရှုခရစ်တော်အတွက် ဆင်းရဲဒုက္ခခံခြင်းငှါ ကျွန်တော်အသင့်ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်၏သန့်ရှင်းသောအလိုတော်သို့ ဆက်ကပ်မည်အကြောင်း အကျွန်ုပ်အားသနားတော်မူပါ။

တနင်္ဂနွေ၊ မတ် (၁၄)
**တမန် ၂၁း၁၇-၂၆**
ယောဟန် ၉း၂၈-၂၉

*"သင်သည် သူ့တပည့်ဖြစ်၏။ ငါတို့မူကား မောရှေ၏တပည့်ဖြစ်ကြ၏"*

# လမ်းလွဲသူဟုစွပ်စွဲခံရခြင်း

ပေါလုသည် မေရှိယအကြောင်း မောရှေနှင့်ပညတ္တိကျမ်းတို့၏ပရောဖြေချက်တို့ကို အကောင်းဆုံးလိုက်လျှောက်ခဲ့ပါသည်။ သို့သော်လည်း ယုဒဘာသာကိုဆန့်ကျင်လမ်းလွဲသောသူဟု ခေါ်ကြ၏။ အမှန်မှာ ပေါလုသည် ဓမ္မဟောင်းပရောဖက်ပြုချက်တို့ကို သစ္စာရှိစွာ ကြိုးစားအားထုတ်ဟောပြောသောသူဖြစ်ပါသည်။ သူသည် လူတိုင်းအားဓမ္မဟောင်း၏အဓိကတရားဖြစ်သော သခင်ယေရှုခရစ်တော်ကို ညွှန်ပြခဲ့ပါသည်။

<u>မောရှေကိုပစ်ပယ်ခြင်း</u>၊ ခရစ်ယာန်အဖြစ်ပြောင်းလဲသော ယုဒလူတို့သည် ပေါလုအား သူတို့၏ယုံကြည်ခြင်းကိုဆန့်ကျင်၍သွန်သင်ပေးသည်ဟု စွပ်စွဲခဲ့ကြ၏။ ပေါလုသည် လူတို့အား မောရှေ၏တရား အရေဖျားလှီးခြင်းကိုပစ်ပယ်ရန် သင်ပေး၏ဟုစွပ်စွဲကြပါသည်။ ယုဒလူတို့က ပေါလုအား မောရှေ၏ရန်သူ၊ ပညတ်တရားမှလမ်းလွဲသောသူဟု မှားယွင်းစွာစွပ်စွဲခဲ့ကြ၏။ ဤအကြောင်းကို ယေရုရှလင်မြို့အသင်းတော်ခေါင်းဆောင်များက ကြားခဲ့ကြ၏။ သူသည် ယုဒထုံးတမ်းစဉ်လာများ၌ ပြောစရာရှိသောသူဖြစ်လာသောကြောင့် ယုဒလူပြောင်းလဲသောသူအများကို ရှုပ်ထွေးစေခဲ့ပါသည်။

<u>ပညတ်တရားကို လိုက်လျှောက်ခြင်းငါတိုက်တွန်းခြင်း</u>၊ သတင်းကောင်းကို လက်ခံခဲ့ကြသော်လည်း ယုဒလူတို့သည် ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သော ဥပဒေသများကို လိုက်လျှောက်ဖို့လိုသည်ဟု ထင်ကြ၏။ ထိုသို့သူတို့၏အားနည်းချက်နှင့် သူတို့လမ်းမှားလိုက်မည်ကို ကာကွယ်သောအနေဖြင့် သူတို့စွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း ပြခြင်းငှါနှိမ့်သိမ့်သောစိတ်သဘောဖြင့် ပေါလုသည် တမန်တော်တို့၏အကြံပြုချက်ကို လိုက်နာလျက် ယုဒလူတို့၏သန့်ရှင်းစင်ကြယ်စေခြင်းအမှုကို ပြုခဲ့ပါသည်။ ပေါလုက ဤအရာများလိုက်လျှောက်ဖို့ရန် မလိုအပ်ကြောင်းသိပါ၏။ ထို့ပြင် ခရစ်ယာန်အတွက် မလုပ်သင့်သောအမှုလည်းမဟုတ်ပါ။ ၁ ကော ၉း၁၉-၂၃ ထဲတွင် မည်သို့ပေါလုရေးသားထားသည်ကို ဖတ်ပါလော့။

သူတပါးသည် ခရစ်တော်ထံသို့ချဉ်းကပ်ကြခြင်းငှါ ပေါလုကဲ့သို့သော စိတ်ချခြင်းစိတ်သဘောကျွန်တော်တို့၌ ရှိပါစေသော။ သို့သော်လည်း ကျွန်တော်တို့သမ္မာကျမ်းစာကို မဆန့်ကျင်မိဖို့ သတိပြုရပါမည်။ ကျွန်တော်တို့သည် မယုံကြည်သူတို့ကို ကျေနပ်စေခြင်းငှါ ကျမ်းစာ၌တွေ့ရသော ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ဘယ်အရာနှင့်မျှ မရောနှောစေရပါ။ ကျွန်တော်တို့သည် မယုံကြည်သော ဆွေမျိုး၊ မိတ်ဆွေတို့၏မင်္ဂလာဆောင်တို့၌ ပါဝင်ဆင်နွှဲနိုင်ကြပါသည်။ သို့သော်လည်း သူတို့၏ ရုပ်တုဆင်းတုကိုးကွယ်ခြင်းအမှုနှင့် လုပ်ရပ်တို့၌မပါဝင်ရပါ။ သင်ထိုသို့ပြုပါသလား။

**ဆင်ခြင်ရန်** - ပျောက်ဆုံးဝိညာဉ်များအတွက် ကျွန်တော်နှိမ့်ချသောစိတ်သဘောရှိပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ မထိုက်တန်သောသူတို့ကိုပင် ချစ်မည်အကြောင်း ကိုယ်တော်၏ စိတ်နှလုံးကဲ့သို့သောစိတ်ကို အကျွန်ုပ်အား ပေးတော်မူပါ။

တနင်္လာ၊ မတ် (၁၅)

**တမန် ၂၁း၂၇-၃၆**

မဿဲ ၂၆း၅၅-၅၆

*"ထိုအကြောင်းအရာမူကား၊ အနာဂတ္တိကျမ်းစာ ပြည့်စုံမည်အကြောင်းတည်း"*

## ပေါလုဖမ်းဆီးခံရခြင်း

အာဂဗုဇ်၏ပရောဖက်ပြုချက်သည် ပြည့်စုံခဲ့ပါသည်။ ဤသို့ဖြစ်မည်ကိုပေါလုသိခဲ့ပြီးအသင့်ရှိနေခဲ့ပါသည်။ သူသည်လူထုကိုတိုက်လှန်ခြင်း မပြုခဲ့ပါ။ ဘုရားသခင်ကအလိုတော်ကို နာခံခြင်းရှိစေရန် ဤချုပ်နှောင်ခြင်းကြုံတွေ့ခြင်းငှါ ပြင်ဆင်တော်မူခဲ့၏။ ခရစ်တော်၏ နောက်လိုက်ဖြစ်သောကျွန်တော်တို့သည် သခင်ယေရှုရင်ဆိုင်ကြုံတွေ့ခဲ့သောအရာတို့ကို ရင်ဆိုင်ကျော်ဖြတ်ခြင်းငှါအသင့်ရှိနေကြရပါမည်။ ခက်ခဲကြမ်းတမ်းသောခရီး၌သခင်ယေရှုကို ကျွန်တော်တို့ပစ်ထားပါလျှင်မည်သို့ခရစ်တော်နောက်လိုက်ဖြစ်နိုင်မည်နည်း။

လူထုရှေ့၌စွပ်စွဲခြင်း၊ ယုဒလူတို့သည်(ပေါလုသာသနာပြုခဲ့သောအာရှိပြည်မှလာသောသူများ)ပေါလုကိုမြင်ကြသောအခါ မှားယွင်းစွာလူထုရှေ့၌ စွပ်စွဲခဲ့ကြပါသည်။ " ငါတို့အမျိုးနှင့်ပညတ်တရားကိုငင်း၊ ဤအရပ်ဌာနကိုငင်း. . . ဆန့်ကျင်ဘက်ပြု" (တမန် ၂၁း၂၈) သည်ဟုဆိုကြ၏။ ပေါလုအား ယုဒလူမျိုး၊ မောရှေ၏ပညတ်တရားနှင့်ဗိမာန်တော်ကို ဆန့်ကျင်သောသူဟု ကင်ပွန်းတပ်ကြ၏။ ထို့ပြင်ယုဒလူတို့အတွက်မပြုသင့်သောအရာ၊ တပါးအမျိုးသားတို့ကို ဗိမာန်တော်သို့ခေါ်လာခဲ့၏ ဟုစွပ်စွဲသေး၏။ ဤအလုံးစုံသည်မှားယွင်းသော စွပ်စွဲချက်များ ဖြစ်သော်လည်း၊ လူတို့သည်ယုံကြည် ကြပြီးပေါလုကိုသတ်ခြင်းငှါ ကြိုးစားကြ၏။ ထိုအချိန်၌ ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်မှုဖြင့် ရောမစစ်သားများရောက်လာခဲ့ကြ၏။

ကွယ်ကာခြင်းဖြင့်အဖမ်းခံရခြင်း၊ စစ်သူကြီးရောက်လာသောအခါသူတို့သည် ပေါလုရိုက်နှိက်ကြခြင်းကိုရပ်ကြ၏။ အဘယ်ကြောင့်ပေါလုအား သတ်လိုကြသည်ကို စစ်သူကြီးကမေးခဲ့ပါသည်။ လူတို့က အဘယ်ကြောင့် ဘယ်လိုဤသို့ရုန်းရင်းခတ်ခြင်းရောက်သည်ကို မပြောနိုင်ကြပါ။ ဘုရားသခင်ကပေါလုအား မိမိ၏အချိန်၌ ကယ်တင်ခဲ့ပါသည်။ ဤသို့သောအတွေ့အကြုံကိုပေါလုကြုံတွေ့ခဲ့ပြီးဖြစ်၍၊ ယခု၌လည်းသူ၏အသက်ကိုဆက်လက်ရှင်သန်ခွင့်ပေးခြင်းသည် သူပြုရမည့်အမှုမပြီးသေးသောကြောင့် ဖြစ်သည်ကိုနားလည်ခဲ့ပါသည်။

ဤကျမ်းပိုဒ်၌ ဘုရားသခင်၏အလိုတော်သည်ညှဉ်းပန်းနှိပ်စက်ခြင်းကြုံတွေ့ရန်ဖြစ်ကြောင်း ပေါလုသိနားလည်ခဲ့ပါသည်။ သတိပေးခြင်းများရှိခဲ့သော်လည်း တမန်တော်ကဤတမန်တော်က ဤသို့ကြုံတွေ့ရန်ဘုရားသခင်အလိုရှိတော်မူကြောင်းသိခဲ့ပါသည်။ ယုံကြည်သူတိုင်းသည် ညှဉ်းပန်းနှိပ် စက်ခြင်းကြုံတွေ့ရခြင်းငှါအသင့်ရှိ၍၊ သခင်ယေရှုအတွက်ရဲရင့်စွာ ကျော်ဖြတ်ခြင်းငှါ အားယူကြရပါမည်။ ၂ ကော ၄း၁၆-၁၈ ကိုဖတ်ပါ။

အသက်တာ၌ အခက်အခဲများကိုကြုံတွေ့ခြင်းငှါ သင်အသင့်ပြင်ဆင်ခဲ့ပါသလား။ ကျွန်ုပ်တို့ကယ်တင်ခြင်းခံရခြင်းငှါ သခင်ယေရှုခရစ်တော်အဘယ်မျှလောက် ဆင်းရဲဒုက္ခဝေဒနာခံခဲ့သည်ကိုသင်သိပါသလား။ ဤကမ္ဘာလောက၌ ကြုံတွေ့ရသောဆင်းရဲဒုက္ခသည် ယာယီတခဏသာဖြစ်ကြောင်း ကျွန်တော်တို့ကို စောင့်လျက်နေသောဘုန်းတော်သည် ထာဝရအတွက်ဖြစ်ကြောင်း ကျွန်တော်တို့ သိနားလည်ကြပါစို့။

**ဆင်ခြင်ရန်** - သေခြင်းအမှု၌လည်း ဘုရားသခင်၏အလိုတော်သို့ ကျွန်တော်ဆက်ကပ်ပါမည်လော။

**ဆုတောင်းချက်**- အဘဘုရား၊ ဘဝ၌ခက်ခဲကြမ်းတမ်းသောအချိန်ကို ရင်ဆိုင်ကျော်ဖြတ်ခြင်းငှါ အကျွန်ုပ်ကိုသနားခြင်းကျေးဇူးတော်ပေးသနားတော်မူပါ။

**တမန် ၂၁း၃၇-၂၂း၂၁**
ယောဟန် ၁း၁၀-၁၁

*"သူသည် မိမိဒေသအရပ်သို့ ကြွလာသော်လည်း မိမိလူမျိုးတို့သည် သူ့ကို လက်မခံဘဲ နေကြ၏"*

## မိမိဒေသအရပ်လူမျိုး

မိမိလူမျိုးကို ကျွန်တော်တို့ချစ်ကြပါသည်။ အချို့သည် မာနထောင်လွှား၍ ရင်းနှီးချင်စရာ မရှိကြသော်လည်း ဒုက္ခကြုံတွေ့သောအခါ ကျွန်တော်တို့ခံစား စိတ်ထိခိုက်မှုဖြစ်တတ်ကြပါ၏။ အခက်အခဲဒုက္ခ ကြုံတွေ့သောအချိန်၌ စုစည်းမှုကိုဖြစ်စေသောလူမျိုးရေစိတ်ဓာတ်ရှိပါ၏။ ပေါလုသည်လည်း မိမိလူမျိုးကိုအခြားအကြောင်းကြောင့်မဟုတ်ဘဲ သူတို့ကယ်တင်ခြင်းအတွက် ချစ်သောစိတ်ရှိပါ၏။ "ညီအစ်ကိုတို့၊ ဣသရေလလူတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်စေခြင်းငှါ ငါ၏စေတနာအလိုရှိ၍ ဘုရားသခင်ကိုဆုတောင်းလေ့ရှိ၏" (ရောမ ၁၀း၁)။

<u>ယုဒလူမျိုး</u>၊ ပေါလုသည် မိမိကိုယ်ကိုယုဒလူမျိုးဖြစ်ကြောင်း မိတ်ဆက်ခဲ့ပါသည်။ သူတို့လက်၌ သေလုနီးပါးဖြစ်ခဲ့သော်လည်း မိမိလူမျိုးကိုပေါလုမမုန်းခဲ့ပါ။ သူ၏ရည်ရွယ်ချက်မှာ မောရှေ၏ပညတ်တရား၌ မိမိ၏သစ္စာရှိမှုကိုပြလိုသဖြင့် ကျော်ကြားသောဆရာ ဂါမလျေလ၏လက်အောက်၌ တပည့်ခံခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ယုဒထုံးတမ်းစဉ်လာကို နာခံခဲ့ပြီး ဟေဗြဲလူတို့၏ဘုရားဖြစ်သော ထာဝရဘုရားအတွက် မိမိကြိုးစားအားထုတ်မှုကို ဖော်ပြခဲ့ပါသည်။ ထို့ပြင် သတေဖန်ကျောက်ခဲဖြင့်ပစ်သတ်ခံရခြင်း၌ မိမိသဘောတူခဲ့ပြီး အသင်းတော်ကိုညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း ပြန်ဖော်ပြခဲ့ပါသည်။ တပါးအမျိုးသားတို့ထံ တရားဟောခြင်းငှါ ခိုင်းစေခြင်းခံရကြောင်းဖော်ပြခြင်းဖြင့် မိမိအကြောင်းကို သက်သေခံခဲ့ပါသည်။

<u>ဟေဗြဲစကား</u>၊ သူသည် ဟေဗြဲစကားဖြင့် သူတို့ထံဟောပြောခဲ့ပါသည်။ ထိုသို့ပြုခြင်းမှာ မိမိသည် မည်သူဖြစ်ကြောင်း အာရှပြည်၊ မာကေဒေါနိပြည်နှင့် အာခါရပြည်တို့သို့ သတင်းကောင်းပေး၍မည်သို့သွားရောက်ခဲ့ကြောင်းကို လူတို့အားသိစေလိုသောကြောင့်ဖြစ်ပါသည်။ မိမိသည် အပြစ်မဲ့သောသူဖြစ်၍ အချို့ယုဒလူတို့၏စွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း သိမြင်စေခြင်းငှါ သာမန်ယုဒလူအရာ၌ မိမိကိုယ်ကိုနှိမ့်ချခဲ့ပါသည်။

မိမိ၏လူမျိုးတို့နှင့်ပတ်သတ်၍ ပေါလုက သူတို့အပေါ် ချစ်ခြင်းမေတ္တာရှိကြောင်းနှင့် သစ္စာရှိကြောင်းကိုဖော်ပြခဲ့ပါသည်။ ဓမ္မဟောင်း၏ပရောဖက်ပြုချက်များကို ယေရှုခရစ်တော်၌ ဘုရားသခင်ပြည့်စုံစေတော်မူခြင်းတရားကို သူတို့မသိ၊ နားမလည်ဘဲ မျက်ကန်းသဖွယ်ဖြစ်ခဲ့သောအမှုကို ပေါလုဖော်ပြခဲ့သော်လည်း သူတို့ကိုလုံးဝဖယ်ရှားပစ်ပယ်ခြင်းမဟုတ်ပါ။ မိမိဘဝ၌ ကြုံတွေ့ခံစားခဲ့သောဘုရားသခင်၏ဂရုဏာကျေးဇူးတော်ကို စိတ်ရှည်စွာရှင်းပြလျက် သူ၏သက်သေခံချက်ကို လက်ခံကြခြင်းငှါ ကြိုးစားခဲ့ပါသည်။

**ဆင်ခြင်ရန်** - မိမိ၏လူမျိုးတို့ထံ သတင်းကောင်းဟောပြောခြင်းငှါ ကျွန်ုပ်၌ဆန္ဒဝန်ထုပ်ဝန်ပိုး ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်လူမျိုးတို့သည် ကယ်တင်ခြင်းခံရခြင်းငှါ သူတို့ထံ သတင်းကောင်းဟောပြောခြင်းငှါ အကျွန်ုပ်ကိုအသုံးပြုတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၁၇)
**တမန် ၂၂း၂၂-၂၉**
၁ ပေ ၂း၁၃-၁၄

*"သခင်ဘုရား၏ မျက်နှာတော်ကိုထောက်လျက် . . .
လူတို့တွင် စီရင်ခန့်ထားသမျှသော မင်း၏အုပ်စိုးခြင်းကို
ဝန်ခံကြလော့"*

## နိုင်ငံသား၏အကျိုး

"ဘုရားသခင်၏လက်တော်အောက်၌ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုကို လေးစားသောအစိုးရ၏ဆောင်ရွက်သောအမှုများကို အသိအမှတ်ပြုလေးစားခြင်းရှိကြောင်း ပေါလုကထင်ရှားစွာပြသခဲ့ပါသည်" (Tow and Khoo)။ နိုင်ငံကိုအုပ်ချုပ်ခြင်းငှါ အစိုးရကိုဘုရားသခင်ခန့်ထားတော်မူခြင်းဖြစ်ပါသည်။ ထိုနည်းတူ ဘုရားသခင်ကထိုနိုင်ငံ၏နိုင်ငံသားတို့အား အခွင့်အရေးပေးခဲ့ပါသည်။ ဘုရားသခင်သည် အစိုးရကို မိမိလူများထောက်ပံ့ကွယ်ကာခြင်း၌ အသုံးပြုနိုင်ပါသည်။ ထိုဘုရားသခင်ပေးတော်မူသော ကွယ်ကာထောက်ပံ့ခြင်းကို ခရစ်ယာန်တို့သည် အကျိုးရှိစွာအသုံးပြုနိုင်ကြပါသည်။

<u>ရောမနိုင်ငံသား၊</u> ပေါလုသည် မိမိလူမျိုး၏ငြင်းပယ်မှုကိုခံရပါသည်။ အသေသတ်လိုကြ၏။ ပေါလု၏သက်သေခံချက်ကို ကြားနာလက်ခံမည့်အစား ပို၍စိတ်ဓာတ်ခိုင်မာခြင်းရှိကြ၏။ အမှုမှန်ပေါ်စေရန် အကျဉ်းသားကိုနှိပ်စက်သော ရောမနည်းလမ်းဖြစ်သော ရိုက်နှက်ခြင်းဖြင့်ပေါလုကိုစစ်ကြောခြင်းပြုရန် စစ်သူကြီးကအမိန့်ပေးခဲ့၏။ ဘုရားသခင်ထံမှ ဉာဏ်အားဖြင့်မိမိသည် ရောမနိုင်ငံသားဖြစ်ကြောင်းဖော်ထုတ်ခဲ့၏။ ထို့ကြောင့် ဥပဒေခွင့်ပြုချက်မပါဘဲ ထိုသို့ရိုက်နှက်ခြင်းသည် တရားမဝင်ပါ။

<u>မွေးရာပါ ရောမနိုင်ငံသား၊</u> ပေါလုက မိမိသည်ဇာတိအားဖြင့် မွေးရာပါရောမလူမျိုးဖြစ်ကြောင်း ဆိုခဲ့၏။ ထိုအခါ ပေါလုကိုစစ်ကြောသောသူတို့သည် ထွက်သွား၍ စစ်သူကြီးသည်ကြောက်ရွံ့ခြင်းရှိ၏။ Calvin က - "ပေါလုသည် ထိုသို့ရိုက်နှက်ခြင်းခံခြင်းငှါ စစ်သူကြီးက အမိန့်ပေးခြင်းဖြစ်သောကြောင့် ကြောက်ရွံ့ခြင်းဖြစ်ပါသည်။ အကြောင်းမှာ ရောမလူတစ်ဦးကိုအကျဉ်းချခြင်းသည် တရားသောအမှုဖြစ်သော်လည်း ရောမနိုင်ငံသားတစ်ဦး ခန္ဓာကိုယ်အနာတရဖြစ်စေခြင်းနှင့် အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သောကြောင့် ကြောက်ရွံ့ရခြင်းဖြစ်ပါသည်" ဟုဆိုခဲ့ပါသည်။ တိတု ၃း၁ ကို ဖတ်ပါ။

မိမိနိုင်ငံ၏ခေါင်းဆောင်များအတွက် ကျွန်တော်တို့ဆုတောင်းကြပါသလား။ မတောင်းခဲ့လျှင် သင်၏ဆုတောင်းချက်၌ရေးမှတ်ထားပြီး အသင်းတော်၌ဖြစ်စေ၊ တစ်ကိုယ်တည်းဆုတောင်းချိန်၌ဖြစ်စေ ဆုတောင်းပေးပါ။ နိုင်ငံသားကောင်းဖြစ်ခြင်းငှါဖြစ်စေ၊ လူထုအကျိုးအတွက် အကျိုးသယ်ပိုးခြင်းငှါ ကြိုးစားကြပါစို့။ ဘုရားသခင်ခန့်ထားတော်မူသော ခေါင်းဆောင်များကြောင့် ကျေးဇူးတော်ကိုချီးမွမ်းလျက် သခင်ယေရှုခရစ်တော်၏ ကယ်တင်ခြင်းကျေးဇူးတော်ကို သူတို့လည်းခံရကြခြင်းငှါ ဆုတောင်းပေးကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်နိုင်ငံ၏အစိုးရကြောင့် ကျွန်တော်ကျေးဇူးတော်ချီးမွမ်းပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ အစိုးရခေါင်းဆောင်များ ကယ်တင်ခြင်းခံရခြင်းငှါ ကျွန်တော်ဆုတောင်းပါ၏။

**တမန် ၂၂း၃၀-၂၃း၁၀**

*“. . . အရာရှိအပေါင်းတို့သည် ယေရှုကိုသတ်ရမည် အကြောင်း သက်သေကိုရှာသော်လည်း. . . ”*

မာကု ၁၄း၅၅-၅၆

## လှည့်ဖြားတတ်သောခေါင်းဆောင်များ

လွှတ်အရာရှိအပေါင်း (Sanhedrin) ဟုခေါ်သော အဖွဲ့ဝင်လူကြီး (၇၀) ပါဝင်သော ယုဒလွှတ်တော်ကောင်စီကြီးသည် ယုဒလူမျိုးများ၏အမြင့်ဆုံးသော တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးကောင်စီဖြစ်ပါသည်။ အဖွဲ့ဝင်တို့သည် သမ္မာကျမ်းစာသိကျွမ်းခြင်းအပြင် လူမှုရေးနှင့်အကျင့်ပိုင်း၌ စံထားရသောပုဂ္ဂိုလ်များဖြစ်ကြပါသည်။ မောရှေ၏ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့ကို သင်ပေးသောဆရာများဖြစ်သောကြောင့် သန့်ရှင်းဖြောင့်မတ်သော အသက်ရှင်ခြင်းအတွက် သူတို့သည်စံပြဖြစ်ကြရပါမည်။

ရိုးသားခြင်းမရှိသောကောင်စီ၊ ပေါလုသည် လွှတ်တော်ကောင်စီရှေ့သို့ ခေါ်ခြင်းခံရခဲ့ပါသည်။ သူသည် ဘုရားသခင်ရှေ့၌ မိမိ၏သန့်ရှင်းသောစိတ်သဘောကိုဖော်ပြရန် ကြိုးစားခဲ့သော်လည်း ယဇ်ပုရောဟိတ်အကြီး၏အမိန့်ဖြင့် ခိုက်ခြင်းခံရခဲ့၏။ ပေါလုက ယဇ်ပုရောဟိတ်အကြီးအား မတရားသဖြင့်ပြုသောကြောင့် ဆုံးမခဲ့၏။ ထိုအခါ ဘုရားသခင်၏ယဇ်ပုရောဟိတ်အကြီးကို မရိုမသေပြုရသလောဟု စွပ်စွဲခဲ့ကြ၏။ ပေါလုက အာနနိ၏မှားယွင်းသောလုပ်ရပ်ကို ဝေဖန်လျက်ဆုံးမခဲ့ပါသည်။ ပေါလုသည် မရိုမသေပြောဆိုသကဲ့သို့ရှိသော်လည်း ယဇ်ပုရောဟိတ်အကြီး၏အမှားကို ဖော်ထုတ်ခြင်း၌ ထိုသို့သောအပြောအဆိုလိုအပ်ပါ၏။ ပေါလုသည် ကြမ်းတမ်းသောအသုံးအနှုန်းမသုံးသင့်ကြောင်း သိသော်လည်း ယုဒလူမျိုးအဖွဲ့အစည်းခေါင်းဆောင်တို့တွင် အမြင့်ဆုံးသောပုဂ္ဂိုလ်အမှားပြုခြင်း၌ ထိုသို့သော အားကြီးပြင်းထန်သည့်ဆုံးမမှုလိုအပ်ပါသည်။ ဤအမှု၌ ပေါလုက သာမန်လူနှင့် ဝိညာဉ်အရာ၌ခေါင်းဆောင်မှုပြုသောသူသည် မည်သို့ပြုရမည်အကြောင်း သက်သေပြခဲ့ပါသည်။

ကောင်စီအတွင်း ကွဲပြားခြင်း၊ ပေါလုက မိမိ၏ဘာသာတရားနှင့် ပညာရေးနောက်ခံအကြောင်း ဖော်ပြလျက် ကောင်စီ၌လျှောက်လဲချက်ပြုခဲ့ပါသည်။ ထိုအခါ အဖွဲ့ဝင်တို့တွင် အုပ်စုနှစ်စုတို့သည် သဘောထားကွဲခဲ့ကြ၏။ ထိုသို့ သဘောထားကွဲရခြင်းအကြောင်းတရားက ရှင်ပြန်ထမြောက်ခြင်းကို မယုံကြည်သောဇဒ္ဒုကဲတို့နှင့် ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်သော ဖာရိရှဲတို့အကြား၌ဖြစ်ပေါ်ခဲ့ပါသည်။ သူတို့ကို ဘုရားသခင်ရှုပ်ထွေးစေတော်မူလျက် ဖာရိရှဲတို့သည် ပေါလုအားဘုရားသခင်ထံမှလူဟုရင်း အပြစ်မရှိသောသူဟု ကြွေကြော်ခဲ့ကြ၏။

လုကာ ၁၂း၁၁-၁၂ ကိုဖတ်ပါ။ လူတို့သည် သမ္မာကျမ်းစာအတိုင်း မဟုတ်ဘဲ မိမိတို့၏အတွေးအခေါ်အတိုင်း သွားလိုကြ၏။ ကျွန်တော်တို့သည် ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်ဝ၍ လမ်းပြတော်မူခြင်းကို သိကျွမ်းခြင်းငှါ ကျွန်ုပ်တို့၏ စိတ်သဘောထား သန့်ရှင်းကြည်လင်စေခြင်းငှါ ဆုတောင်းခြင်းကို အချိန်ယူပြုကြရပါမည်။

**ဆင်ခြင်ရန်** - မှားယွင်းစွာစွပ်စွဲသောသူတို့ကို ကျွန်တော်ခွင့်လွှတ်ပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်အတူပါရှိတော်မူခြင်းကို ကောင်းကောင်းသိရသောကြောင့်ကျေးဇူးတင်ပါ၏။

သောကြာ၊ မတ် (၁၉)

**တမန် ၂၃း၁၁**

မဿဲ ၁၁း၂၈-၃၀

*"အကြောင်းမူကား၊ ငါ့ထမ်းဘိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏"*

## ဘုရားသခင်၏နှိမ့်သိမ့်ခြင်း

ဝိညာဉ်တော်၏အသိဉာဏ်အလင်းပေးတော်မူခြင်းအောက်၌ ဖတ်ကြားသောဘုရားသခင်၏ နှုတ်ကပတ်တော်မှအပ ဘယ်အရာက ကျွန်ုပ်တို့ကို နှစ်သိမ့်ခွန်အားပေးနိုင်ပါသနည်း။ သမ္မာကျမ်းစာသည် စုံလင်ပြည့်စုံခြင်းရှိပြီဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်ထံမှအသစ်သော ဖော်ပြခြင်းကို ကျွန်တော်တို့မမျှော်လင့်ရပါ။ ဘုရားသခင်မှုတ်သွင်းတော်မူ၍ စုံလင်ပြည့်စုံစွာကွယ်ကာစောင့်ရှောက်တော်မူသော သမ္မာကျမ်းစာကျွန်ုပ်တို့လက်ထဲ၌ ရှိပါ၏။ သို့သော်လည်း ဘုရားသခင်က မိမိ၏အထူးအမှုတော်အတွက် ရွေးကောက်တော်မူသောသူတို့အတွက် အထူးဖော်ပြခြင်းတော့ ရှိနိုင်ပါ၏။ ထိုအမှုသည် ယုံကြည်သူအပေါင်းအတွက် စံသာဓကမဟုတ်ပါ။

<u>မစိုးရိမ်နှင့်၊</u> ပေါလုထံဘုရားသခင်၏အမိန့်တော်ကား "မစိုးရိမ်နှင့်" (တမန် ၂၃း၁၁) ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်ကပေါလုအား မိမိသည်အရာအားလုံးကို အစိုးရ၍အရာခပ်သိမ်းကို ထိန်းချုပ်တော်မူသောသူဖြစ်ကြောင်း အသိပေးတော်မူ၏။ ကျွန်ုပ်တို့၏ဘုရားသခင်ကအရာခပ်သိမ်းကို အစမှအဆုံးတိုင်အောင် သတ်မှတ်ခန့်ထားတော်မူကြောင်း ကျွန်တော်တို့သတိရပါစို့။ ဘုရားသခင်၏အမိန့်တော်ကို အဘယ်သူပြောင်းလဲစေနိုင်ပါသနည်း။

<u>ရောမမြို့၌သက်သေခံမည်၊</u> ဘုရားသခင်၏သစ္စာရှိသောအစေခံကျွန်အတွက် မိမိ၏တာဝန် ဆက်လက်ဆောင်ရွက်ရသောအခွင့်သည် အလွန်နှစ်သိမ့်အားရစရာအကြောင်း ဖြစ်ပါသည်။ ပေါလုသည် ညှဉ်းပန်းနှိပ်စက်ခြင်းခံရသောအချိန်၌ပင် သက်သာပျော်ရွှင်မှုကိုမတောင်းလျှောက်ခဲ့ပါ။ ပေါလုသည် ရောမမြို့၌ မိမိပြုရမည့်အမှုတော်စုံလင်ခြင်းရှိမည်ကို သိသဖြင့် အလွန်ဝမ်းမြောက်ခြင်းရှိခဲ့၏။

Calvin က ဤသို့ရှင်းပြခဲ့ပါသည် - "ထို့ကြောင့် ကျွန်တော်တို့သည် အခက်အခဲဆုံးသော နာကျင်ခံစားရသောအချိန်၌ပင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မှီခိုကိုးစားကြရန် သင်ယူကြပါစို့။ ချစ်ခြင်းမေတ္တာတော်ဖြင့် ခွန်အားပေးနှိုးဆော်ခြင်းမခံရမချင်း ကျွန်တော်တို့ဘယ်တော့မှ အားမလျော့ဘဲ နေကြပါစို့။ ကောင်းကင်မှအသံမပြုတော့ဘဲ ရူပါရုံအားဖြင့် ဘုရားသခင်မိမိကိုယ်ကို မဖော်ပြတော့သော်လည်း အစဉ်ကျွန်ုပ်တို့နှင့်အတူ နီးကပ်စွာရှိတော်မူကြောင်း သက်သေခံရာ နှုတ်ကပတ်တော်ထဲမှမရေတွက်နိုင်သော ဂတိတော်တို့ကို ဆင်ခြင်နှလုံးသွင်းကြရပါမည်။ ကျွန်တော်တို့ထံ ကောင်းကင်တမန်စေလွှတ်ခြင်းငှါ ဘုရားသခင်အလိုရှိတော်မူလျှင်လည်း ထိုသို့ပြုနိုင်ပါ၏။ သို့သော်လည်း ထိုသို့မစခြင်းငှါ ဂတိထားတော်မူရာနှုတ်ကပတ်တော်ကို အလေးထား၍ ကြိုးစားဆင်ခြင်၍ မစမခြင်းမရောက်မချင်း စိတ်ရှည်စွာနှုတ်ကပတ်တော်၌ ကျင်လည်ကြပါစို့"။

သင်စိတ်ပျက်အားငယ်သောအချိန်၌ နှစ်သိမ့်ခြင်းခွန်အားကို အဘယ်အရပ်မှရရှိတတ်ပါသနည်း။ ဤလောကရှိအခြားစာအုပ်မဟုတ်ဘဲ သမ္မာကျမ်းစာသာလျှင် သင်၏နှစ်သိမ့်ခြင်းခွန်အား၏ အရင်းအမြစ်ဖြစ်စေပါ။

**ဆင်ခြင်ရန်** - သက်သာစေခြင်းအပေါင်း၏ ဘုရားသခင်ထံမှ နှစ်သိမ့်ခြင်းခွန်အားကို ကျွန်တော်ရယူပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အခက်အခဲဒုက္ခများကြား၌ ဆက်လက်ခရီးဆက်နိုင်ခြင်းငှါ အကျွန်ုပ်ကိုခွန်အားပေးတော်မူပါ။

စနေ၊ မတ် (၂၀)
**တမန် ၂၃း၁၂-၃၅**
ယောဟန် ၇း၁-၂

*"ယုဒလူတို့သည် ကိုယ်တော်ကိုသတ်အံ့သောငှါ ရှာကြံသောကြောင့် ယုဒပြည်၌လှည့်လည်ခြင်းငှါ အလိုတော်မရှိ"*

## ကွယ်ကာစောင့်ရှောက်တော်မူခြင်း

ဘုရားသခင်သည် မိမိအစေခံကျွန်တို့ကို မိမိနည်းလမ်းဖြင့်ကွယ်ကာစောင့်ရှောက်တော်မူ၏။ သူတို့၏တာဝန်မပြီးဆုံးသေးသောအခါ ထိုတာဝန်ကိုအပြီးဆောင်ရွက်နိုင်ကြခြင်းငှါ ဘုရားသခင်ကမိမိ၏တန်ခိုးကြီးသောလက်တော်ဖြင့် စောင့်ရှောက်တော်မူလိမ့်မည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေသောကျွန်ုပ်တို့အတွက် နိမ့်သိမ့်ခြင်းခွန်အားမှုကား ပြီးဆုံးသည်အထိဘုရားသခင်ခွန်အားပေးတော်မူမည်ဟူသော ဂတိတော်ပင်ဖြစ်ပါသည်။ ဖိလိပ္ပိ ၁း၆ ကိုဖတ်ပါ။

<u>လုပ်ကြံရန်ကြံစည်မှု</u>၊ ခရစ်ယာန်၏အသက်တာကို ဘုရားသခင်ထိန်းချုပ်ကွယ်ကာသည်ဟုဆိုရာတွင် ထိုသူ၏ဘဝခရီးသည် အစဉ်ဖြောင့်ဖြူးမည်ဟုမဆိုလိုပါ။ စာတန်၏စေခိုင်းမှုအောက်၌ ဆိုးသွမ်းသောလူတို့သည် ယုံကြည်သူတို့ကို ဖျက်ဆီးခြင်းငှါ အစဉ်ကြိုးစားအားထုတ်လျက်ရှိကြ၏။ လူအယောက်လေးဆယ်ကျော်တို့သည် ပေါလုကိုမသတ်ရမချင်း အစာမစား၊ ရေမသောက်ခြင်းငှါ ကျိန်ဆိုခဲ့ကြ၏။ "ကိုယ်ကိုကျိန်ဆို၍ ဓိဋ္ဌာန်ပြုကြပါပြီ" ဟု ထိုကျိန်ဆိုခြင်း၏ ပြင်းထန်မှုကိုဖော်ပြခဲ့ပါသည်။

<u>တိတ်တခိုးလုပ်ရှားမှု</u>၊ သို့သော်လည်း ဘုရားသခင်ကထိုအစီအစဉ်ကို လူငယ်တဦးအားဖြင့် စစ်သူကြီးထံဖော်ပြတော်မူခဲ့၏။ "နံရံတို့၌နားရှိခဲ့ပြီး" ထိုဆိုးယုတ်သောအကြံသည် အာဏာရှိထံသို့ ပေါက်ကြားခဲ့ပါသည်။ ဤကြံစည်မှုကြီးအား ပေါလု၏တူ အသိပေးခြင်းအမှု၌ ဘုရားသခင်၏ကွယ်ကာစောင့်ရှောက်မှုတရားကို မှတ်သားဖွယ်တွေ့ရပါ၏။ ဘုရားသခင်က ပေါလုအားအခြားနေရာသို့ ကဲသရိမြို့သို့ ရွှေ့ပြောင်းရန်စစ်သူကြီးကို နှိုးဆော်တော်မူ၏။ ထိုအရပ်သည် ယေရုရှလင်မြို့မှ ကီလိုမီတာ ၁၆၀ ကွာဝေး၏(ကျိုးကန်းပျံသန်းနှုန်းဖြင့်)။ ပေါလုသည်အလွန်အရေးကြီးသော ပုဂ္ဂိုလ်ကဲ့သို့ ပြောင်းရွှေ့ခြင်းခံခဲ့ရ၏- သူသည်စစ်သူရဲနှစ်ရာ၊ မြင်းစီးသူရဲ ၇၀ နှင့်လှံကိုင်သူရဲနှစ်ရာတို့၏ စောင့်ရှောက်လိုက်ပါခြင်းကို ခံရခဲ့ပါသည်။

"ကောင်းကြီးအတွက် အရာခပ်သိမ်းဖြစ်ပျက်ကြ၏၊ ထိုအမှုသည် ဘုရားသခင်၏ဂတိတော်ဖြစ်ကြောင်း ကျွန်တော်တို့သိကြ၏။ ဘုရားသခင်၏ ရည်ရွယ်ချက်အတိုင်း ကျွန်တော်တို့ခြေလှမ်းလှမ်းကြ၏။ ထို့ကြောင့်အနာဂတ်ကို ကြောက်စရာမလို အစပြုသောအမှုကို ဘုရားသခင်စောင့်ရှောက်တော်မူ၏။ တာဝန်မပြီးဆုံးမချင်း သေလူသည်မသေနိုင်သောပုဂ္ဂိုလ်ဖြစ်ကြ၏"ဟု Peterson က သီချင်းရေးစပ်ခဲ့ပါသည်။

အကောင်းအဆိုး အရာခပ်သိမ်းတို့သည် ဘုရားသခင်ခွင့်ပြုတော်မူခြင်းဖြင့် ကျွန်ုပ်တို့လမ်းခရီး၌ ဖြစ်ပျက်ကြခြင်း ဖြစ်ပါသည်။ "ကျွန်ုပ်အတွက် ဘုရားသခင်ရွေးချယ်ထားသော လမ်းကိုတနေ့နေ့၌ ကျွန်တော် နားလည်သဘောပေါက်ပါလိမ့်မည်။ အရာခပ်သိမ်းတို့သည် ကောင်းကျိုးအတွက်ဖြစ်ပျက်ကြကြောင်း ကောင်းကင်အလင်းအားဖြင့် ကျွန်တော်တို့နားလည်သိမြင်ပါလိမ့်မည်"။

**ဆင်ခြင်ရန်** - ကျွန်ုပ်ဘဝ၌အမှုပြုတော်မူသော ဘုရားသခင်၏ကွယ်ကာစောင့်မခြင်းကြောင့် ကျွန်တော်ကျေးဇူးတင်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်၏အနာဂတ်အတွက် ကိုယ်တော်ကိုယုံကြည်ကိုးစားခြင်းမရှိသောကြောင့်ကျွန်ုပ်ကိုခွင့်လွှတ်တော်မူပါ။

တနင်္ဂနွေ၊ မတ် (၂၁)

**တမန် ၂၄း၁-၉**

ရောမ ၈း၂၆-၂၈

*"ဘုရားသခင်ကိုချစ်သောသူ . . . တို့၏အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏"*

# မှားယွင်းစွာစွပ်စွဲသောသူ

မှားယွင်းသောစွပ်စွဲမှုသည် မိမိအမျိုး(သို့) ခရစ်တော်ကိုသိသည်ဟုထင်ရသောကျွန်တော်တို့ချစ်သောဘာသာရေးလိုက်စားသော သူတို့ထံမှပေါ်ထွက်လာသောအခါ အဆိုးဆုံးဖြစ်ပါသည်။ ကျွန်ုပ်တို့ကိုဖျက်စီးခြင်းငှါ သူတို့ကြိုးစားနေစဉ်ပင်ကျွန်ုပ်တို့စိတ်နှလုံးထဲ၌ သူတို့နေရာယူခဲ့ပြီဖြစ်သောကြောင့်ကျွန်တော်တို့မမုန်းနိုင်ခဲ့ပါ။ ပေါလုသည်ဖေလစ်မင်းရှေ့၌ပေါလုကိုစွပ်စွဲခြင်းငှါရှေ့နေငှါးခဲ့ကြသောယဇ်ပုရောဟိတ်အကြီးနှင့် လူအကြီးအကဲတို့ပါလျက် စစ်ပြောခြင်းခံခဲ့ပါသည်။

ချီးမြှောက်သောစကား၊ ရှေ့နေတေရတုလုသည် သူတို့၏စွပ်စွဲချက်ကိုဖော်ပြခဲ့ပါသည်။ သူသည် ဖေလစ်မင်းကိုချီးမွမ်းလျက်၊ ယဇ်ပုရောဟိတ်မင်းနှင့်လူအကြီးအကဲတို့အားဖြင့် မျက်နှာသာပေးခြင်းခံရခြင်းကိုမျှော်လင့်လျက်ထိုသို့ပြောခဲ့ခြင်းဖြစ်ပါသည်။ စကားတတ်သော မုသာပြောသောသူသည် တရားသူကြီး၏စိတ်ကိုမှောင်မိုက်စေခြင်းငှါ အချည်းနှီးသောချီးမွမ်းစကားများကို ဆိုခဲ့ပါသည်။ ဆာလံ ၁၂း၂ကိုဖတ်ပါ။

တိထွင်ကြံစည်သောစကား၊ တေရတုလုသည်မှားယွင်းသောစွပ်စွဲသူတို့၏ ပုံရိပ်ကိုကောင်းစွာပြသလျက်ရှိ၏။ သူသည်ပေါလုအားမိမိလုံးဝမသိမြင်သောအမှုဖြင့် စွပ်စွဲခဲ့ပါသည်။ Calvin က ဤသို့ဖော်ပြခဲ့ပါသည်- "တေရတုသည် အချက်နှစ်ခုကိုရည်ရွယ်ပစ်မှတ်ထားပါသည်။ ပထမအချက်မှာ၊ ပေါလုအားဘုရားသခင်ဝတ်ပြုကိုးကွယ်ခြင်းနှင့် အပ်နှံရန်ဖြစ်ပါသည်။ ဤအချက်ကိုငြင်းပယ်ခံရလျှင်၊ လူထုကိုဆူပူမှုဖြစ်စေသည်ဟု စွပ်စွဲလျက်သေဒဏ်ခံစေရန်ဖြစ်ပါသည်။ ထိုအမှုထက်ရောမလူတိုပို၍မုန်းသောအမှုမရှိကြောင်းသိကြသဖြင့်၊ ထိုအပြင်းထန်ဆုံးအမှုကိုပေါလုထံတင်လိုကြ၏။"

လုံးဝမဟုတ်မှန်သောစကားကိုပြောလျက် ကျွန်တော်တို့ကိုတိုက်ခိုက်လာကြသော အချိန်သည် အလွန်စိတ်ပျက်စရာကောင်းသောအချိန်ဖြစ်ပါသည်။ အထုပ်အပိုးပြင်ဆင်လျက်ထွက်သွားလျက်အရှုံးပေးရန်လွယ်ကူလှပါသည်။ ကျွန်ုပ်ဘဝ၌လည်းထိုသို့အရှုံးပေး၍ "တော်ပြီ" ဟုနောက်ဆုတ်လုနီးပါးအချိန်များစွာရှိခဲ့ပါသည်။ မိမိကိုယ်ကျိုးအတွက်ငွေကိုတပ်မက်အသုံးပြုသည်ဟုမှားယွင်းစွာစွပ်စွဲခံရခြင်းကိုသည်းခံခြင်းသည် လွယ်ကူသောအမှုမဟုတ်ပါ။ ဘုရားသခင်ကျေးဇူးတော်သည် ကျွန်ုပ်အဘို့လုံလောက်ခြင်းရှိသောကြောင့်ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ အရှုံးပေးခြင်းငှါ သွေးဆောင်ခြင်းထက်ပို၍ ကြီးမားလှပါ၏။ ကျွန်ုပ်တို့၏နာမည်သည် အဓိကမဟုတ်ပါ။ ဘုရားသခင်ပေးအပ်တော်မူသော တာဝန်ကိုကိုယ်တော်၏နည်း၏လမ်းအတိုင်း စုံလင်စေခြင်းသည် အဓိကကျပါ၏။

ဘယ်တော့မှ အရှုံးမပေးပါနှင့်။ ကျွန်ုပ်တို့ဘက်၌ အနန္တတန်ခိုးရှင်ဘုရားသခင်ရှိတော်မူ၏။ ဘုရားသခင်၏နည်းလမ်းအတိုင်း ကျွန်တော်တို့ဆောင်ရွက်နေသမျှ မှားယွင်းသောစွပ်စွဲချက်က ကျွန်ုပ်တို့ကို အနိုင်ရမည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - မှားယွင်းသောစွပ်စွဲချက်ခံရသောကြောင့် ကျွန်တော်အရှုံးပေးလုနီးပါး ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်ကိုစုံလင်စွာ သိတော်မူသောကိုယ်တော်အားယုံကြည် ကိုးစားခြင်းငှါအစတော်မူပါ။

တနင်္လာ၊ မတ် (၂၂)
**တမန် ၂၄း၁၀-၂၁**
၁ ပေ ၃း၁၄-၁၆

*"သင်တို့မြော်လင့်ခြင်း၏အကြောင်းကို မေးမြန်းသော သူရှိသမျှတို့အား . . . ပြန်ပြောခြင်းငှါ၊ ကာလ အစဉ်မပြတ်အသင့်ရှိနေကြလော့"*

## သမ္မာကျမ်းစာအတိုင်း ယုံကြည်ခြင်းကွယ်ကာပြောဆိုခြင်း

ပေါလု၏ယုံကြည်ခြင်းကွယ်ကာခြင်းသည် သမ္မာကျမ်းစာအရယုံကြည်ခြင်းကွယ်ကာခြင်းငှါ ကျွန်ုပ်တို့အတွက်သာဓကဖြစ်ပါသည်။ သူသည်မိမိအပြစ်မရှိကြောင်းပြခြင်းငှါ သက်သေမပြခဲ့ပါ။ လူတို့သည် သတင်းကောင်းကိုသိကြခြင်းငှါ ထိုသတင်းကောင်းကိုသာဟောပြောခဲ့ပါသည်။ ကြားနာသောသူတို့သည် ယေရှုခရစ်တော်အားမိမိတို့၏ကယ်တင်ရှင်သခင်အဖြစ်ဝန်ခံကြစေခြင်းငှါ ပေါလုသည် မိမိယုံကြည်သောအရာနှင့်မိမိ၏ ယုံကြည်ခြင်းကိုဝန်ခံပြောကြားခဲ့ပါသည်။ ဤတရားကမျက်စိကိုဖွင့်စေပါလိမ့်မည်။ ဤသည်ကားယုံကြည်ခြင်းကွယ်ကာခြင်း၏ပထမ ခြေလှမ်းဖြစ်ပါသည်။

<u>မိမိယုံကြည်သောအရာ</u>၊ သခင်ယေရှုကယုံကြည်သူအပေါင်းတို့အား ဂတိပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏မစခြင်းမှအပ၊ အခြားသောအကူအညီကိုမျှမယူဘဲ ပေါလုသည်မိမိကိုယ်ကိုကာကွယ်ပြောဆိုခဲ့ပါသည်။ ပေါလုသည် မိမိကိုယ်ကိုခရစ်ယာန်ဖြစ်ကြောင်းဝန်ခံခဲ့ပြီး၊ ခရစ်တော်သည်မောရှေနှင့် ပရောဖက်အပေါင်းတို့ထံဘုရားသခင်ဖော်ပြချက်စုံလင်ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ သူသည်ဘိုးဘွားတို့၏ဘုရားသခင်ကိုကိုးကွယ်ခဲ့ပါသည်။ ယေရှုခရစ်တော်သည် ဓမ္မဟောင်း၏ယေဟောဝါဘုရားနှင့်အတူတူပင်ဖြစ်ပါ၏။ ယေရှုက- " ငါသည်ခမည်းတော်နှင့် တလုံးတဝတည်းဖြစ်သည်" (ယောဟန် ၁၀း၃၀) ဟုမိန့်တော်မူခဲ့၏။

<u>မိမိပြုသောအမှု</u>၊ ပေါလုကမိမိသည်ယေရှု၏သွန်သင်ချက်များကြောင့် ဤသို့စစ်ကြောခြင်းခံရခြင်းဖြစ်ကြောင်းထပ်၍ ဖော်ပြခဲ့ပါသည်။ ရှင်ပြန်ထမြောက်ခြင်းမျှော်လင့်ခြင်းတရားက သူ့ကိုနိုးဆော်၍ယုံကြည်သူအပေါင်းအတွက် ထာဝရအသက်ရှင်ရခြင်းငှါ သတင်းကောင်းဟောပြော၍ တနေရာမှတနေရာသို့ သွားခဲ့ခြင်းဖြစ်ပါသည်။

မယုံကြည်သူတို့အား ယုံကြည်ကြခြင်းငှါခရစ်ယာန်ဘာသာ၏ မှန်ကန်မှုအချက်အလက်တို့ကို ဖော်ပြ၍သူတို့မှားယွင်းကြောင်းတမင်ပြောချင်စရာကောင်းလှပါသည်။ သမိုင်းကြောင်း၊ ရှေးဟောင်းမစ္စည်းများနှင့် သိပ္ပံအချက်အလက်သက်သေများ ကျွန်ုပ်တို့ဘက်၌ရှိပါ၏။ မယုံကြည်သူတို့၏ ငြင်းခုံမှုကိုချေပရန် အလွန်လုံလောက်ခြင်းရှိပါ၏။ သို့သော်လည်း၊ သူတို့သည်မျက်ကန်းဖြစ်ကြသောကြောင့် သမ္မာတရားကိုမမြင်နိုင်ကြပါ။ ထို့ကြောင့် (ထိုသက်သေများထက်) ယုံကြည်သူတို့သည်အတွေးအခေါ်နှင့် လက်တွေ့ဆောင်ရွက်ရန်အမှုအတွက် သမ္မာတရားကိုသာအဓိကထားအခြေခံကြရမည်ကြောင်း တိုက်တွန်းထားခြင်းဖြစ်ပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် စမှတ်ဖြစ်၍၊ အတွေးအခေါ်နှင့်အသိဉာဏ်အပေါင်းတို့ကို စစ်ကြောသောအခြေခံအုတ်မြစ်ဖြစ်ပါသည်။ သမ္မာကျမ်းစာသည် ဘုရားသခင်၏စိတ်သဘောထားဖော်ပြရာဖြစ်သောကြောင့် (၁ကော ၂း၁၆)၊ ဘုရားသခင်၏စိတ်အလိုတော်ဖြစ်ပါသည်။ သက်သေအပေါင်း၏အရင်းအမြစ်သည် သမ္မာကျမ်းစာသာလျှင်ဖြစ်ကြောင်း ကျွန်တော်တို့ယုံကြည်ကြရပါမည်။ ယုံကြည်ခြင်းကွယ်ကာခြင်း၌ သမ္မာကျမ်းစာဖြင့်အစပြု၍ သမ္မာကျမ်းစာဖြင့်သင်အဆုံးသတ်ပါသလား။

**ဆင်ခြင်ရန်** - ခရစ်တော်မပါလျှင် လူတိုင်းသည်ယိုယွင်းပျက်စီးသောသူ ဖြစ်ကြကြောင်းကျွန်တော်သတိပြုပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကယ်တင်ခြင်းတန်ခိုးရှိသောသတင်းကောင်းကို ကျွန်ုပ်အားသတိရစေတော်မူပါ။

**တမန် ၂၄း၂၂-၂၇**
မဿဲ ၁၃း၃၇-၄၀

*"တောမျိုးစေ့ကား နတ်ဆိုးသားဖြစ်၏။
တောမျိုးစေ့ကိုကြဲသောရန်သူကား မာရ်နတ်ဖြစ်၏"*

## မာရ်နတ်၏ပရိယာယ်များ

ရန်သူသည်ယုံကြည်သူတို့အား ယုံကြည်ခြင်းမှလမ်းလွဲစေရန် ကြိုးစားအားထုတ်ပါလိမ့်မည်။ ပေါလုသည်ထောင်ထဲ၌ လှောင်ပိတ်ခြင်းခံရစဉ် လွတ်မြောက်လိုခဲ့ပါသည်။ ထိုသို့ထောင်မှလွတ်မြောက်ခြင်းငှါ ဘယ်နည်းလမ်းမဆိုသုံး၍ ဘုရားသခင်၏အမှုတော်အတွက် ဖြစ်သည်ဟုဆိုခဲ့ပါလျှင် မှန်ပါမည်လော။ သူအသုံးပြုသောနည်းလမ်းသည် အပြစ်ဖြစ်ခဲ့လျှင် ယုံကြည်သူသည်ထိုနည်းလမ်းကို ငြင်းပယ်ရပါမည်။ ယေရှုက မဿဲ ၁၀း၁၆ တွင်ဤသို့သတိပေးခဲ့ပါသည်- "တောခွေးစုထဲသို့ သိုးတို့ကိုစေလွှတ်သကဲ့သို့ သင်တို့ကိုငါစေလွှတ်၏။ ထို့ကြောင့်သင်တို့သည် မြွေကဲ့သို့လိမ္မာလျက် ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက်ရှိကြလော့"။

<u>တံစိုး</u>၊ ပေါလုသည် ဝန်မင်း၏ဆိုးညစ်သောအကြံအစည်မှ လွတ်မြောက်ခဲ့ပါသည်။ ဖေလဇ်မင်းသည် လောဘနှင့်ပြည့်၍ တံစိုးစားခြင်းငှါကြိုးစားခဲ့ပါသည်။ ဝန်မင်းသည် ပေါလုကမိမိလွတ်မြောက်ခြင်းငှါ ငွေပေးလိမ့်မည်ဟုမျှော်လင့်ခဲ့ပါသည်။ သို့သော်လည်း ပေါလုသည်မိမိအပြစ်မရှိကြောင်းသိသဖြင့် ထိုသွေးဆောင်ခြင်းသို့ မကျရောက်ခဲ့ပါ။ သူသည် အပြစ်ရှိသောသူမဖြစ်လိုခဲ့ပါ။ ဘုရားသခင်က ရောမမြို့၌မိမိအတွက် သက်သေခံမည်ဟုဂတိတော်ထားခဲ့ပြီးဖြစ်ပါသည်။

<u>ကိုယ်ကျိုး</u>၊ ပေါလုသည် ကဲသရိမြို့၌ နှစ်နှစ်နေခဲ့ရ၏။ ဖေလဇ်မင်းသည် ယုဒလူတို့အားကျေးဇူးပြုလိုသောကြောင့် ဝန်မင်းအသစ် ပေါကိဖေတ္တုရောက်လာသည်အထိ ပေါလုကိုအကျဉ်းချထားခဲ့ပါသည်။ ဖေလဇ်မင်းသည် မိမိ၏ကိုယ်ကျိုးအတွက် ယုဒလူတို့၏မျက်နှာသာပေးခြင်းကို ရယူလိုခြင်းဖြစ်ပါသည် - "သူတို့၏မျက်နှာသာပေးခြင်း ရယူလို၏၊ ဖြစ်နိုင်လျှင် ဧကရာဇ်မင်းရှေ့၌ မိမိ၏အုပ်ချုပ်ရေးညံ့ဖျင်းမှုကို မဖော်ပြကြစေရန်ဖြစ်ပါသည်" (Barnes)။

ဤလောကီကမ္ဘာ၏ ဘုရားဖြစ်သောစာတန်သည် ယုံကြည်သူတို့ကိုလှည့်စားခြင်းငှါ အလွှာပေါင်းစုံမှလူတို့ကို အသုံးပြုပါလိမ့်မည်။ သူတောင်းစားမှ ရှင်ဘုရင်အဖြစ် သွေးဆောင်ခြင်းနည်းလမ်းသည် အတူပင်ဖြစ်ပါသည်။ ထိုနည်းကား မုသာနှင့်အချည်းနှီးသောအရာအသုံးပြုခြင်းပင် ဖြစ်ပါ၏။ ပေါလုသည် ဘုရားသခင်၏ဖြောင့်မတ်မှန်ကန်သောလမ်း၌ မြဲမြံစွာရပ်တည်ပြီး ဘုရားသခင်ပေးအပ်သောတာဝန်ကို မစွန့်လွှတ်ဘဲ မကောင်းသောလမ်းကိုမလိုက်ခဲ့ပါ။

ဖြောင့်မတ်ခြင်းတရားအတွက် ကျွန်တော်တို့ဆင်းရဲဒုက္ခခံလိုကြပါသလား။ ဧဖက် ၆း၁၀-၁၃ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - မာရ်နတ်၏အမျိုးမျိုးသောဖြားယောင်းသွေးဆောင်ခြင်းကို ကျွန်တော်သတိပြုပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ကိုဆန့်ကျင်၍ အပြစ်မပြုမည်အကြောင်း အကျွန်ုပ်ကို မစတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၂၄)

**တမန် ၂၅:၁-၉**

ယောဟန် ၈:၄၄-၄၅

*"မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ လူအသက်ကို သတ်သောသူ ဖြစ်၏။ . . . သမ္မာတရား၌မတည်မနေ"*

## ဟောက်သောခြင်္သေ့များ

ပေတရုက - "သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့၊ သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည်ဟောက်သောခြင်္သေ့ကဲ့သို့ အဘယ်သူကိုမြိုမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက် ရှိ၏" (၁ ပေ ၅:၈) ဟုသတိပေးခဲ့ပါသည်။ စာတန်သည် ယုံကြည်သူတို့ကို ခုန်အုပ်ဖမ်းဆီးခြင်းငှါ အစဉ်အသင့်ရှိနေပါ၏။ ဘုရားသခင်၏သားသမီးဖြစ်သော ကျွန်တော်တို့သည် ကိုယ်တော်၏ လက်တော်ထဲ၌လုံခြုံမှုရှိသည်ဖြစ်၍ ကိုယ်တော်၏ခွင့်ပြုချက်မရှိဘဲ ဘယ်အရာကမျှ ကျွန်တော်တို့ကို မထိမခိုက်စေနိုင်သောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

<u>သတ်ခြင်းငှါ လမ်းနား၌ချောင်း၍၊</u> တမန် ၁၈:၁၀ ထဲတွင် ဘုရားသခင်ကပေါလုအား - "ငါသည် သင်နှင့်အတူရှိ၏၊ သင့်ကိုညှဉ်းဆဲခြင်းငှါ အဘယ်သူမျှအနိုင်အထက်မပြုရ" ဟု မိန့်တော်မူခဲ့၏။ ဤဂတိတော်သည် ပေါလု၏အသက်ရှင်ခြင်းအတွက် စိုးရိမ်မှုကြောင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ ယနေ့ကျမ်းချက်သည် ထိုဂတိတော်ကိုပေါလုအသက်တာ၌ စုံလင်စေသောကြောင့် ဘုရားသခင်၏ သစ္စာရှိတော်မူခြင်းကို ဖော်ပြလျက်ရှိပါ၏။ ယဇ်ပုရောဟိတ်အကြီးနှင့် ယုဒအကြီးအကဲတို့သည် ပေါလုအား စစ်ကြောခြင်းငှါ ယေရုရှလင်မြို့သို့ပို့ခြင်းငှါ ဝန်မင်းသစ်ဖေတ္တုမင်းကို တောင်းလျှောက်ခဲ့ကြ၏။ သို့သော်လည်း သူတို့၏အကြံသည်ကား လမ်း၌ပေါလုကိုသတ်ရန်ဖြစ်ပါသည်။ ဘုရားသခင်၏ကွယ်ကာတော်မူခြင်းဖြင့် ဖေတ္တုမင်းက သူတို့၏တောင်းလျှောက်မှုကိုခွင့်မပြုခဲ့ပါ။

<u>လေးစွာသောအပြစ်များကိုတင်ကြ၏၊</u> တမန် ၂၅:၇ ၌ယုဒလူတို့ကို ပေါလုကိုစွပ်စွဲခြင်းငှါ ကဲသရိမြို့သို့လာခဲ့ကြပြန်ကြောင်း ဖော်ပြခဲ့ပါသည်။ သူတို့သည်လေးစွာသောအပြစ်များကို ပေါလုအပေါ်၌တင်ကြ၏။ သို့သော်လည်း သက်သေမပြနိုင်ကြပါ။ ဘုရားသခင်၏ကွယ်ကာစောင့်ရှောက်ခြင်း ဉာဏ်တော်ကို ဖေတ္တုမင်း၌ကျွန်တော်တို့တွေ့ရပါသည်။ ဘုရားသခင်သည် မယုံကြည်သူတို့ အပေါ်၌လည်း တန်ခိုးအာဏာရှိတော်မူ၏။

Calvin က ဤသို့ရှင်းပြခဲ့ပါသည် - "လူဆိုးတို့၏နှုတ်ကိုပိတ်ထား၍မရကြောင်း မှတ်သားကြပါစို့။ သူတို့သည် ကောင်းသောသူတို့ကို အဆိုးဆိုကြပြီး ကြမ်းတမ်းစွာမှုသာပြောကြပါလိမ့်မည်၊ အကြောင်းမှာ သူတို့သည်စာတန်၏ဇာတိကို ခံကြပြီး စာတန်ဝိညာဉ်၏ဦးဆောင်ခြင်းကို ခံကြ၏။ ထို့ကြောင့် လူဆိုး၏နှုတ်ကိုပိတ်ထားနှုတ်ဆိတ်စေခြင်းငှါ ကျွန်တော်တို့ခိုင်းစေခြင်းခံရခြင်း၌ ကျွန်တော်တို့သည် စွပ်စွဲခြင်းမခံရဟုမဆိုလိုပါ။ အသက်တာ၌ဖြောင့်မတ်မှန်ကန်စွာ နေထိုင်လျက် ထိုသက်သေတို့က ထိုစွပ်စွဲချက်တို့ကို ပယ်ရှင်းပေးပါလိမ့်မည်"။

ရန်သူ၏ဆန့်ကျင်တိုက်ခိုက်မှုသည် စာတန်အားငရဲမီးပင်လယ်ထဲသို့ ပစ်ချခြင်းမခံရမချင်း အဆုံးသတ်မည်မဟုတ်ပါ။ ယနေ့ယုံကြည်သူတို့ကို နှောင့်ယှက်နေခြင်းအမှု၌ စာတန်သည် ခရစ်တော်မကြာမီ ကြွလာတော်မူမည်သိသဖြင့် အားကုန်ကြိုးစားရုန်းကန်နေပါ၏။ ထိုသို့စာတန်သည် ကြိုးစားအားထုတ်ခဲ့ပါလျှင် ကျွန်တော်တို့သည်လည်း ဘုရားသခင်စေခိုင်းတော်မူသောအမှုကို အပြီးဆောင်ရွက်ခြင်းငှါ မိမိတို့တာဝန်ကို ကြိုးစားဆောင်ရွက်ရမည်မဟုတ်လော။

**ဆင်ခြင်ရန်** - ကယ်တင်ရှင်အတွက် အသက်အသေခံခြင်းကို ကြုံတွေ့ခြင်းငှါ ကျွန်တော်ပြင်ဆင်လျက် အသင့်ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်အတွက် ကိုယ်တော်ပြင်ဆင်တော်မူသောအရာကို ရင်ဆိုင်တွေ့ကြုံခြင်းငှါ အဆင်သင့်ရှိလိုပါ၏။

ကြာသပတေး၊ မတ် (၂၅)

**တမန် ၂၅း၁၀-၂၇**

မဿဲ ၂၂း၂၀-၂၂

*"ကဲသာဘုရင်၏ဥစ္စာကို ကဲသာဘုရင်အား ဆက်ပေးကြလော့"*

## တရားရုံး၌ အယူခံဝင်ခြင်း

ပေါလုကိုယ်တိုင်ရေးသားသော ရောမ ၁၃း၃ ကိုဖတ်ပါ။ အချို့အစိုးရသောသူတို့သည် ကြမ်းတမ်း၍အကျင့်ပျက်သောသူဖြစ်နိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်ကထိုသူတို့ကို ရည်ရွယ်ချက်ရှိရှိ ထိုသို့သောရာထူးကိုပိုင်ဆိုင်ရန် ခွင့်ပြုတော်မူ၏။ ပေါလုသည် ထိုသို့သောတရားသူကြီးတို့၏ စီရင်ခြင်းကိုနာခံလိုပါ၏။

ကဲသာဘုရင်ထံသို့၊ "မစိုးရိမ်နှင့်။ ငါ၏အကြောင်းအရာကို သင်သည်ယေရုရှလင်မြို့၌ သက်သေခံပြီးသည်နည်းတူ ရောမမြို့၌လည်း ခံရလေအံ့မည်" (တမန် ၂၃း၁၁) ဟုပေါလုထံ ဘုရားသခင်ထားတော်မူသောဂတိတော်သည် ယခုပြည့်စုံခြင်းရှိလာ၏။ ဘုရားသခင်က ပေါလုအား ရောမမြို့သို့သွားရန်ခန့်ထားတော်မူ၏။ ကဲသာဘုရင်ထံအယူခံမည်ဟု ပေါလုဆိုသောအခါ ထိုတောင်းလျှောက်မှုကို ဖေတ္တုမင်းသဘောတူခြင်းငှါ ဘုရားသခင်အမှုပြုတော်မူ၏။ ပေါလုသည် ကဲသာဘုရင်ကိုတွေ့မြင်ရပါမည်။ ရောမသို့အမှန်ရောက်ရမည်အကြောင်း ဘုရားသခင်ကြိုတင်စီမံခွဲခန့်တော်မူခဲ့ပါသည်။ ကဲသာဘုရင်၏တရားပလ္လင်ရှေ့မှာ ရပ်ပါမည်ဟုပေါလုဆိုသောကြောင့် ရောမအရာရှိတို့၏တာဝန်သည်ကား ပေါလုအားကဲသာဘုရင်ထံ လုံခြုံစွာပို့ပေးရန်ဖြစ်ပါသည်။

ဝန်မင်းထံသို့၊ တမန် ၉း၁၅ ထဲတွင် ပေါလုအကြောင်းကို ဘုရားသခင်က အာနနိထံ၌သို့ မိန့်တော်မူ၏ - "ထိုသူက တပါးအမျိုးသားတို့နှင့် ရှင်ဘုရင်တို့ထံသို့၎င်း၊ ဣသရေလအမျိုးသားတို့ ရှိရာသို့၎င်း ငါ၏နာမကိုပို့ဆောင်စေခြင်းငှါ ငါရွေးကောက်သောတန်ဆာဖြစ်၏"။ ပေါလုသည် အသစ်ရောက်လာသောဝန်မင်းဖေတ္တုထံ တရားဟောခွင့်ရခဲ့၏။ တမန် ၂၅း၁၉ထဲတွင် ဖေတ္တုမင်းက မည်သို့သတင်းကောင်းသိခဲ့သည်ကို ဖော်ပြခဲ့ပါသည်။ ဖေတ္တုမင်းသာလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကြားနာရသည်မဟုတ်၊ ထိုအရပ်၌ရှိသော အဂြိပ္ပမင်းကြီးနှင့် ဗေရနိတ်တို့ကလည်း ကြားခဲ့ကြရ၏။ ဤအဂြိပ္ပ (၂) သည် အဂြိပ္ပ(၁)၏သားဖြစ်၍ တမန်တော် ၁၂ ထဲတွင် ဟေရုဒ်ဟူသောနာမဖြင့် ဖော်ပြခြင်းခံရပြီး ယာကုပ်ကိုဓားဖြင့်ကွပ်မျက်ခဲ့သောသူဖြစ်ပါသည်။ သူတို့သည် ဟေရုဒ်မိသားစုဖြစ်ကြ၏။ ဤအဂြိပ္ပ (၂) သည် ပါလက်စတိုင်းအရှေ့မြောက်ပိုင်းကို အစိုးရသော ဘုရင်ခံဖြစ်ပါသည်။

သခင်ယေရှုခရစ်တော်အကြောင်းကို သိသောသူများစွာရှိခဲ့ကြ၏။ ထိုသူတို့သည် ယေရှုအား အပြစ်သားတို့ကိုကယ်တင်ရန်ကြွလာတော်မူသော ဘုရားသခင်၏သားတော်ဖြစ်ကြောင်း သဘောတူခဲ့ကြပါလိမ့်မည်။ သခင်ယေရှုခရစ်တော်၏အသက်တာ အသေခံခြင်းရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့ကြွသွားတော်မူခြင်းအကြောင်းကို သိခဲ့ပါလိမ့်မည်။ သို့သော်လည်း ယေရှုခရစ်တော်သည် တဦးတည်းသောလမ်းခရီး၊ သမ္မာတရားနှင့်အသက်ရှင်ခြင်းဖြစ်ကြောင်းကို သူတို့စိတ်ထဲမှ အမှန်တကယ်ယုံကြည်ကိုးစားခြင်းမရှိခဲ့ကြပါ။ အပြစ်မှနောင်တရခြင်းမရှိ၊ ယေရှုခရစ်တော်အား သေခြင်းမှထမြောက်တော်မူသောသူ၊ သခင်ဘုရားကယ်တင်ရှင်ဟု စိတ်ထဲမှယုံကြည်ဝန်ခံခြင်းမရှိခဲ့ပါ။

ထိုသို့သောလူတို့ကို သင်ကြုံတွေ့ခဲ့ဖူးပါသလား။ ယေရှုကိုယုံကြည်ကြခြင်းငှါ ဆက်လက်၍ ဟောပြောဖိတ်ခေါ်ခြင်းပြုပါလော့။ ကယ်တင်ခြင်းသည်ဘုရားသခင်နှင့်ဆိုင်တော်မူ၏။

**ဆင်ခြင်ရန်** - နိုင်ငံ့ခေါင်းဆောင်များ ကယ်တင်ခြင်းခံရရန်အတွက် သင်ဆုတောင်းပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကျွန်ုပ်တို့နိုင်ငံ၏ခေါင်းဆောင်များကို ဉာဏ်ပညာပေးသနားတော်မူပါ။

သောကြာ၊ မတ် (၂၆)
**တမန် ၂၆း၁-၂၃**
၁ ကော ၁၅း၁၆-၁၉

*"ငါတို့သည် ခရစ်တော်ကိုအမှီပြု၍ ယခုဘဝ၌သာ မျှော်လင့်စရာရှိလျှင်၊ အခြားသောသူအပေါင်းတို့ ထက်သာ၍ ဆင်းရဲသောသူဖြစ်ကြ၏။*

## ရှင်ပြန်ထမြောက်တော်မူသောကယ်တင်ရှင်

ပေါလုသည် ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်ထံမှ တိုက်ရိုက်တာဝန်ပေးစေခိုင်းခြင်းကိုခံရခြင်းဖြစ်ပါသည်။ ထိုတာဝန်အတွက် အခက်အခဲနှင့်သေခြင်းကိုပင်ခံလိုခြင်းအကြောင်းရင်းသည် ခရစ်တော်ပေးအပ်သောတာဝန်ဖြစ်သောကြောင့်တည်း။ မိမိ၏ခံစားချက်ကနိုးဆော်ခြင်းမဟုတ်ပါ။ ရှင်ပြန်ထမြောက်ခြင်းတရား၏တန်ခိုးကသတင်းကောင်းဟောပြောခြင်း၌ နိုးဆော်ခဲ့ခြင်းဖြစ်ပါသည်။ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်နှင့်ကြုံတွေ့ခြင်းမရှိလျှင် အဘယ်သူမျှ ဘုရားသခင်၏အမှုတော်ဆောင်ခြင်း၊ အထူးသဖြင့် သာသနာနယ်၌ အခက်အခဲကြုံရသောအခါ ကြံ့ကြံ့ခံနိုင်ကြလိမ့်မည်မဟုတ်ပါ။

<u>ရှင်ပြန်ထမြောက်ခြင်းမျှော်လင့်ချက်</u>၊ ပေါလုအား အဂြိပ္ပဘုရင်ထံ ဖေတ္တုမင်းက မိတ်ဆက်ပေးခဲ့၏။ ပေါလုသည် ယုဒလူတို့က "သူသည်ခဏမျှအသက်မရှင်ထိုက်ပါ" (တမန် ၂၅း၂၄) ဟု ကြွေးကြော်ဆန့်ကျင်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း ရည်ညွှန်းခြင်းဖြစ်၏။ ပေါလုသည် မိမိကိုယ်ကို ကွယ်ကာပြောဆိုရသောအခွင့်ရခဲ့ပါသည်။ ပေါလုက အဂြိပ္ပဘုရင်သည် "ယုဒထုံးတမ်း၊ ပုစ္ဆာအမေးများကို လေ့ကျက်တော်မူကြောင်း" (တမန် ၂၆း၃) သိခဲ့ပါ၏။ "လေ့ကျက်" ဟူသောစကားလုံးသည် ကောင်းကောင်းသိကျွမ်းခြင်းကို ဆိုလို၏။ ပေါလုက ယေရှုနှင့်တွေ့ဆုံခဲ့ပြီး မိမိပြောင်းလဲခဲ့ကြောင်းကို ပြန်၍ဖော်ပြပြောဆိုခဲ့ပါသည်။ ပေါလုဟောသောတရားမှကား သေခြင်းမှဘုရားသခင်ထမြောက်စေတော်မူသော သခင်ယေရှုခရစ်တော်၌တည်သော ရှင်ပြန်ထမြောက်ခြင်းမျှော်လင့်ချက်ပင် ဖြစ်ပါသည်။

<u>ရှင်ပြန်ထမြောက်တော်မူသောသူနှင့်ဆုံတွေ့ရခြင်း</u>၊ ပေါလုက မိမိပြောင်းလဲစဉ်ကြုံတွေ့ခဲ့သောအဖြစ်အပျက်အမှန်ကို ပြောကြားခဲ့ပါသည်။ မိမိ၌ဖြစ်ပျက်ခဲ့သောအမှန်တရားကို အမှန်အတိုင်း သက်သေခံခဲ့ပါ၏။ မိမိ၏အသက်တာကိုလုံးဝပြောင်းလဲစေတော်မူသော နောင်တရစေလျက် သခင်ယေရှုတော်၌ ယုံကြည်ခြင်းရှိစေတော်မူသော ရှင်ပြန်ထမြောက်သောကယ်တင်ရှင်ကို မိမိဆုံတွေ့ခဲ့ရကြောင်း ပြောကြားခဲ့၏။ ပေါလုသည် ရှင်ပြန်ထမြောက်တော်မူသော ကယ်တင်ရှင်ကို မြင်တွေ့ခဲ့ရကြောင်း အမှန်ယုံကြည်ခြင်းရှိ၏။

ယောဟန် ၁၁း၂၅-၂၆ ကိုဖတ်ပါ။ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ကိုဝန်းရံသောသူတို့သည် ထာဝရအသက်ရကြောင်း လူအပေါင်းတို့ထံ ဟောပြောခြင်း၌ အမိန့်ပေးခြင်းခံရကြောင်း ဖော်ပြခဲ့ပါသည်။

ခရစ်တော်၌ကယ်တင်ခြင်းအမှန်ရရှိသောသူ၊ ကျွန်တော်တို့သည်လည်း ထိုသို့ဖြစ်ကြရမည်။ ခရစ်တော်၌ခံစားရသော ထိုကယ်တင်ခြင်းအကြောင်းတရားက ကျွန်ုပ်တို့ကိုသူတပါးထံ သက်သေခံခြင်း၌ နိုးဆော်မှုပြုရပါမည်။ ကျွန်တော်တို့သည်ရှင်ပြန်ထမြောက်ခြင်းမျှော်လင့်ချက် အမှန်သိရှိသောသူဖြစ်ကြသောကြောင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန် အသက်ရှင်ကြရပါမည်။ နိုင်ငံ့အကြီးအကဲဖြစ်ဖြစ် သာမန်လူဖြစ်ဖြစ် လူအပေါင်းတို့ထံ ကယ်တင်ခြင်းသတင်းကောင်းကို ရဲရင့်စွာ ဟောပြောကြပါစို့။

**ဆင်ခြင်ရန်** - ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူကြောင်းကျွန်ုပ်စိတ်နှလုံးထဲ၌ ယုံကြည်ခြင်းရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ဟောပြောခြင်း၌ အကျွန်ုပ်နှုတ်ကို ဖွင့်ပေးတော်မူပါ။

စနေ၊ မတ် (၂၇)

**တမန် ၂၆း၂၄-၃၂**

မဿဲ ၁၉း၂၁-၂၂

*"ထိုလုလင်သည် . . . ထိုစကားကိုကြားလျှင် စိတ်မသာသည်နှင့်သွားလေ၏"*

# ဖြားယောင်းသွေးဆောင်ခံရလုနီးနီး

လူများတို့သည် သမ္မာတရားကိုသိကြပါ၏။ ထိုသမ္မာတရားကြောင့် သူတို့သည်အပြစ်သားဖြစ်၍ တရားစီရင်ခြင်းခံထိုက်သောသူဖြစ်ကြကြောင်း လက်ခံကြပါ၏။ ခရစ်တော်မှအပ အခြားလွတ်လမ်းမရှိကြောင်းလည်း သဘောတူကြပါသည်။ ယေရှုခရစ်တော်ကိုယုံကြည်မှသာလျှင် ကယ်တင်ခြင်းရနိုင်ကြကြောင်း နားလည်ခဲ့ကြပါသည်။ သို့သော်လည်း ပြဿနာကား သူတို့အမှန်ယုံကြည်ခြင်းမရှိကြခြင်းပင်ဖြစ်ပါသည်။ သူတို့၏အပြစ်မှ နောင်တမရကြဘဲ ယေရှုအား မိမိတို့၏သခင်ကယ်တင်ရှင်အဖြစ် ဝန်ခံခြင်းမရှိကြပါ။

<u>သတင်းကောင်းသိပါ၏</u>၊ ပေါလုက အဂြိပ္ပမင်းကြီးသည် ယုဒလူမျိုးတို့နှင့် ရင်းနှီးကြောင်းသိသဖြင့် ယုံကြည်ခြင်းရှိရန် တိုက်တွန်းခဲ့ပါသည်။ အငယ် ၂၆ တွင်တွေ့ရသော "သိ" သည် ဦးနှောက်အသိဖြင့် သိနားလည်ခြင်းကို ဆိုလို၏။ သို့သော်လည်း ဝိညာဉ်တော်မပါလျှင် သတင်းကောင်းကိုစုံလင်စွာ နားလည်သဘောပေါက်နိုင်ခြင်းမရှိပါ။

<u>သတင်းကောင်းကို သဘောတူပါ၏</u>၊ ပေါလုက အဂြိပ္ပမင်းကြီးသည် အနာဂတ္တိကျမ်းတို့ကိုသိကြောင်း သေချာသိထားပါသည်။ ယခုပေါလုသည် မင်းကြီးအားသိခြင်းမှသဘောတူခြင်းသို့ လှမ်းတက်ခြင်းငှါ အလိုရှိခဲ့ပါသည်။ တမန် ၂၆း၂၇ ထဲမှ ပေါလု၏မေးခွန်းကို အဂြိပ္ပမင်းကြီး ဖြေကြားချက်ကို ကြည့်ခြင်းဖြင့် သူသည်ခရစ်ယာန်ဖြစ်လုနီး မဟုတ်ခဲ့ပါ။ ပေါလုက မိမိဟောပြောခဲ့သော ခရစ်တော်အကြောင်း၌ သဘောတူခြင်းရှိကြောင်း အနာဂတ္တိကျမ်းကို အဂြိပ္ပမင်းကြီး ယုံကြည်ခြင်းဖြင့် ဆွဲဆောင်ဖို့ကြိုးစားခြင်းဖြစ်ကြောင်း သူသိခဲ့ပါသည်။ ထို့ကြောင့် ထိုအဖြေသည်ပေါလု၏ သွေးဆောင်မှုကို အဂြိပ္ပမင်းကြီးငြင်းပယ်ကြောင်း ပြသခြင်းဖြစ်ပါသည်။ သဘောတူခြင်းသည် ယေရှုလက်ခံခြင်းနှင့် အလှမ်းဝေးလှပါ၏။ "ဖြစ်လုပြီ" ဟူသောစကားသည် သဘောတူခြင်းနှင့် အမှန်ယုံကြည်ခြင်းအကြောင်း အကွာအဝေးဖြစ်၍ ငရဲနှင့်ကောင်းကင်ဘုံလောက် ဝေးကွာလှပါသည်။

သတင်းကောင်းကို လူတို့ယုံကြည်ခြင်းငှါ ဘုရားသခင်၏ဂရုဏာကျေးဇူးတော်လိုအပ်ကြောင်း ကျွန်တော်တို့နားလည်ထားကြရပါမည်။ သို့သော်လည်း ကျွန်တော်တို့သည်ကယ်တင်ခြင်းအကြောင်းကို အကောင်းဆုံးရှင်းပြကြရပါမည်။ ဘုရားသခင်ထံကြိုးစားအားထုတ်၍ ဆုတောင်းခြင်းလည်းပြုကြရပါမည်။

ဧဝံဂေလိတရားဟောခြင်း၏အကျိုး၊ သေချာသောအောင်မြင်မှုသည်ကား ဘုရားသခင်သည် ဤကမ္ဘာမတည်မရှိမီ မိမိကယ်တင်မည့်သူများကို ရွေးကောက်တော်မူခဲ့ခြင်းပင် ဖြစ်ပါသည် (ဧဖက် ၁း၄)။ သင်သည် ဘုရားသခင်၏ရွေးကောက်ခြင်းခံရသောသူ ဟုတ်မဟုတ်၊ မသေချာလျှင် သေချာရန်ပြုရမည့်အမှုတစ်ခုမှုကား "သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်" (ရောမ ၁၀း၉) ဟူ၍ဖြစ်ပါသည်။ သင်ပြုပါမည်လော။

**ဆင်ခြင်ရန်** - မယုံကြည်သေးသောသူတို့ကို ကျွန်တော်ဂရုစိုက်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ထံ ပျောက်ဆုံးဝိညာဉ်တို့ကိုခေါ်ခြင်းငှါ သူတို့ထံ သတင်းကောင်းပို၍ဟောပြောလိုသောဆန္ဒ အကျွန်ုပ်ကိုပေးသနားတော်မူပါ။

တနင်္ဂနွေ၊ မတ် (၂၈)

**တမန် ၂၇း၁-၄၄**

၂ ကော ၁၁း၂၅-၂၇

*“သုံးကြိမ်မြောက်အောင် သင်္ဘောပျက်ခြင်းကို ခံရပြီ။ တနေ့နှင့်တညဉ့်ပတ်လုံး ပင်လယ်ထဲမှာ နေရပြီ”*

# ဂတိပေးတော်မူသောနေရာအရပ်

ဘုရားသခင်က ပေါလုအားရောမသို့ရောက်သွားမည်အကြောင်း မိန့်တော်မူခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း ဘယ်လိုဘယ်ပုံသွားရမည်ကိုမူ ပေါလုသဘောအတိုင်းမဟုတ်ပါ။ ဘုရားသခင်၏အစေခံကျွန် ကျွန်တော်တို့သည် ဘုရားသခင်၏အစီအစဉ်ကို လက်ခံကြရမည်ဖြစ်ပါသည်။ ချောမွေ့အဆင်ပြေသော ရွက်လွင့်ခြင်းမဟုတ်သည့်တိုင်၊ ဘုရားသခင်သည် မိမိသတ်မှတ်ထားသောအရပ်သို့ ပို့ဆောင်ခြင်းငှါ ကျွန်ုပ်တို့ကိုကွယ်ကာစောင့်ရှောက်ပါလိမ့်မည်။

<u>အကျဉ်းသားအဖြစ်၊</u> ဤခရီးစဉ်မတိုင်မီကတည်းက ပေါလုသည် ရောမမြို့သို့မိမိသွားရမည်အကြောင်းသိခဲ့ပါ၏။ ဘုရားသခင်က ရောမမြို့၌သက်သေခံမည်အကြောင်း မိန့်တော်မူခဲ့ပါ၏ (တမန် ၂၃း၁၁)။ ထို့ကြောင့် အီတလီသို့ခရီးထွက်မည့်အချိန် ကျရောက်သောအခါ သူသည်အံ့သြ ခြင်းမရှိ၊ မသွားလိုဘဲမနေခဲ့ပါ။ အကျဉ်းသားဖြစ်သော်လည်း ညီအစ်ကိုတို့ကိုသွားလည်ပတ်ရသောအခွင့်ရခဲ့ပါသည်။ ပေါလုသည် ဘယ်နေရာဘဲရောက်ရောက် ထိုအရပ်ရှိခရစ်ယာန်တို့ကို ဆုံတွေ့၍ ခွန်အားပေးခြင်းငှါ အစဉ်စိတ်အားထက်သန်ခြင်းရှိပါသည်။

<u>ခေါင်းဆောင်အဖြစ်၊</u> ဘုရားသခင်၏ဉာဏ်တော်အားဖြင့် ပေါလုသည် တပ်မှူးနှင့်သင်္ဘောပိုင်ရှင်တို့အား ဤခရီး၌ဖြစ်ပျက်မည့် ဘုရားသခင်စီမံခန့်ခွဲသတ်မှတ်ထားသော အရာကိုပြောပြခဲ့ပါသည်။ တာဝန်ရှိသူတို့က မယုံကြပါ။ ထိုမယုံကြည်ခြင်းသည် သူတို့တစ်ဖက်၌ သက်သေဖြစ်ခဲ့ပါသည်။ ခုရုကလုဒုန်အမည်ရှိသော လေပြင်းမုန်တိုင်းသည် သူတို့အပေါ်သို့ကျရောက်ခဲ့ပါသည်။ ပေါလုသည်ကြုံတွေ့ရမည့်ဘေးအန္တရာယ်ကို မြင်တွေ့ခဲ့ပါသည်။ ကုန်များကိုလည်း ရေထဲသို့ပစ်ချခဲ့ကြ၏။ ထို့ပြင် အလွန်မှောင်မဲသည်ဖြစ်သောကြောင့် ပို၍ပြဿနာဒုက္ခရောက်ကြရ၏။ သူတို့သည် မောပန်းလျက် ဆာလောင်ခြင်းရှိကြ၏။ အများစုသည် စိုးရိမ်ခြင်းရှိ၍ စိတ်ပျက်ခြင်းသို့ရောက်ကြ၏။ ထိုအချိန်၌ ခေါင်းဆောင်အဖြစ် မိမိကိုယ်ကို သတ်မှတ်သောပေါလုသည် စိုးရိမ်ခြင်းမရှိခဲ့ပါ။

ပေါလုက အပေါင်းအဖော်တို့အား စိုးရိမ်ခြင်းမရှိကြရန် ခွန်အားပေးခဲ့ပါသည်။ ကြောက်စရာကောင်းသောအခြေအနေမျိုးနှင့် ကြုံတွေ့ခဲ့သော်လည်း ပေါလုကသူတို့အား ငြိမ်သက်စွာနေကြရန် တိုက်တွန်းခွန်အားပေးခဲ့ပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်ပေါ်လာ၍ ပေါလုအား သင်္ဘောသားနှင့်အကျဉ်းသားတို့တွင် အဘယ်သူမျှ သေခြင်းကြုံတွေ့ရမည်မဟုတ်ကြောင်း မိန့်တော်မူ၏။ ဘုရားသခင်က သူတို့ကို ထောင့်ကွေ့တစ်ခု၌သင်္ဘောဆိပ်ရှိသည်ကို မြင်စေလျက် ထိုအရပ်သို့ကြိုးစား၍ရွက်လွင့်ခဲ့ကြ၏။ သင်္ဘောသည် သောင်ပေါ်မှာတင်၍သင်္ဘောပြန်လှည့်၍မရအောင် ဦးမလှုပ်နိုင်အောင်၊ သဲ၌မြဲမြံစွာစိုက်ဝင်ခဲ့ပါသည်။

ခရစ်ယာန်တို့ကိုဘုရားသခင်ကွယ်ကာလမ်းပြတော်မူကြောင်းသည် အခက်အခဲဒုက္ခအန္တရယ်ကြုံတွေ့ရသောအခါ ပို၍ထင်ရှားစွာမြင်တွေ့ရပါသည်။ သင်ကြုံတွေ့မြင်တွေ့ပါသလား။

**ဆင်ခြင်ရန်** - သဘာဝဘေးအန္တရာယ်က အကျွန်ုပ်အသက်ရှင်ခြင်းကို ဒုက္ခကြုံစေမည်ဟု သင်စိုးရိမ်ပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ဘဝ၏ဘေးအန္တရာယ်အခက်အခဲတို့ကို ရင်ဆိုင်ခြင်းငှါ အကျွန်ုပ်အား ခွန်အားသတ္တိပေးသနားတော်မူပါ။

တနင်္လာ၊ မတ် (၂၉)

**တမန် ၂၈း၁-၁၀**

လုကာ ၁၆း၂၉-၃၁

*"သူတို့သည် မောရှေ၏စကား၊ ပရောဖက်တို့၏ စကားကို နားမထောင်လျှင်၊ . . . မယုံကြည်နိုင်ကြ"*

## ဂတိပေးတော်မူသောလက္ခဏာများ

တပည့်တော်များထံ ယေရှု၏ဂတိတော်များကို မာကု ၁၆း၁၇-၁၈ ထဲ၌ ဖတ်ကြည့်ပါ။ ထိုဂတိတော်တို့သည် ပေါလု၏အသက်တာ၌ ပြည့်စုံခဲ့ပါသည် (တမန် ၂၈း၁-၁၀)။

မြွေတို့ကို ဘမ်းကိုင်ကြလတံ့၊ သူတို့သည် ဗေလိတေကျွန်းသို့ လုံခြုံစွာရောက်ခဲ့ကြ၏။ ထိုဒေသလူတို့၏ နွေးထွေးသောကြိုဆိုခြင်းကို ခံရကြ၏။ "လူခိုင်း" ဆိုသည်မှာ ဗေလိတေကျွန်းရှိ လူတို့သည် ဂရိစကားမပြောသောလူများဟု ဆိုလိုခြင်းဖြစ်ပါသည်။ ပေါလုသည် မီးမွှေးရန်ထင်းကို စုသိမ်း၍ မီးပေါ်သို့ထည့်စဉ်တွင် အဆိပ်ပြင်းသောမြွေက သူ့လက်ကိုတွယ်ခဲ့ပါသည်။ သို့သော်လည်း ပေါလုသည် မြွေအဆိပ်မသင့်သောကြောင့် သူသည် အပြစ်မရှိကြောင်း သက်သေပြခဲ့ပါသည်။ "သင်တို့သည် မြွေ၊ ကင်းမြီးကောက်တို့ကို နင်းရသောအခွင့်နှင့် ရန်သူများကိုနိုင်ရသောအခွင့်တန်ခိုးကို ငါပေး၏။ သင်တို့ကို အဘယ် ဘေးမျှမညှဉ်းဆဲရ" (လုကာ ၁၀း၁၉)။

မကျန်းမာသောသူတို့အပေါ်၌ လက်တင်ကြလိမ့်မည်၊ ဘုရားသခင်သည် ပေါလုကိုအသုံးပြု၍ ကျွန်းသူကြီး၏အဘကို ဖျားနာခြင်းနှင့်ဝမ်းကျသွေးသွန်နာမှ၎င်း၊ ထိုကျွန်း၌ရှိသော အခြားအနာရောဂါစွဲသောသူတို့ကိုလည်း ကျန်းမာခဲ့ပါသည်။ ထို့ကြောင့် သူတို့သည် ထိုလူတို့၏လေးစားခြင်းကို ခံရကြ၏။ ပေါလုနှင့်သူ၏ အပေါင်းအဖော်တို့ကို ရိုသေစွာ၊ ကြင်နာစွာပြုစုကြခြင်း၌ ထိုကျွန်းရှိ လူတို့၏စိတ်နှလုံးထဲ၌ ရုတ်တရက်အပြောင်းအလဲဖြစ်ပေါ်ခဲ့ပါသည်။ တမန်တော်တို့၏ ခေတ်ကာလ၌ ဘုရားသခင်သည်သူ၏တမန်တော်နှင့် သူတို့ဟောပြောသောခရစ်တော်ယေရှု၏ ကယ်တင်ခြင်း သတင်းကောင်းသည် စစ်မှန်ကြောင်း သက်သေပြခြင်း၌ နိမိတ်လက္ခဏာတို့ကို အသုံးပြုတော်မူခဲ့၏။ ယနေ့တွင်၊ ဘုရားသခင်၏ဖော်ပြခြင်းစုံလင်ရာ သမ္မာကျမ်းစာရှိပြီဖြစ်သောကြောင့်၊ ထိုနိမိတ်လက္ခဏာမပါဘဲ ထိုသတင်းကောင်းကိုဟောပြောကြပါ၏။

ဤဖြစ်ပျက်ခဲ့သောအံ့ဘွယ်နိမိတ်လက္ခဏာတို့က သူတို့အပေါ် ဘုရားသခင်၏ ကျေးဇူးတော် ကြီးမားမှုကို ပေါ်လွင်ထင်ရှားစေပါ၏။ သတင်းကောင်းလိုအပ်သောသူတို့ထံသို့ ဘုရားသခင်သည် သူတို့အားထိုပြင်းထန်သောမုန်တိုင်းဖြင့် ခေါ်ဆောင်သွားခဲ့ကြောင်း မည်သူစဉ်းစားမိပါသနည်း။ လူတို့ မသိနားမလည်နိုင်လောက်အောင် အလွန်မြင့်မြတ်လှသော ဘုရားသခင် နည်းလမ်းသည် အလွန် အံ့သြဘွယ်ကောင်းလှပါသည်တကား။ ယုံကြည်သူတို့အတွက် မုန်တိုင်းသည် ဘေးအန္တရာယ်မဟုတ် ပါ။ လမ်းပြခေါ်ဆောင်သောအရာများဖြစ်ကြပါသည်။

ယခုသင်နေထိုင်ရာအရပ်၌ ဘုရားသခင်ထားရခြင်းအကြောင်းကို သင်သိပါသလား။ သင့်သားသမီးတို့ကျောင်းနှင့် နီးရန်ဟူသော သင်၏ဆန္ဒတစ်ခုတည်းကြောင့်ဟု သင်ထင်ပါသလား။ သို့မဟုတ်၊ သင်သက်သေခံခြင်း၌ စောင့်နေသောလူများ ထိုအရပ်၌ရှိနေကြသောကြောင့် သင် ထိုအရပ်၌နေခြင်းမဖြစ်နိုင်သလော။ သို့မဟုတ်၊ သင်ကိုယ်တိုင်က သတင်းကောင်းကြားနာဖို့လိုအပ်သောကြောင့် ဘုရားသခင်ကထိုအရပ်သို့ ပို့ဆောင်ခြင်းလည်း မဖြစ်နိုင်သလော။ အဘယ်အရာမျှ အလိုလိုဖြစ်လာခြင်းမရှိပါ။ သင်ယုံကြည်ခြင်းရှိစေရန် ဘုရားသခင်ပေးအပ်သောအခွင့်ထူးပင် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - နိမိတ်လက္ခဏာတို့ကို မရှာဖွေဘဲ၊ နှုတ်ကပတ်တော်ကိုသာ ကျွန်တော်ယုံကြည်ကိုးစားခြင်းရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ ကိုယ်တော်ထာဝရကွယ်ကာစောင့်ရှောက်တော်မူသော နှုတ်ကပတ်တော်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

အင်္ဂါ၊ မတ် (၃၀)
**တမန် ၂၈း၁၁-၂၉**
ယောဟန် ၁၇း၁၅-၁၈

*"ကိုယ်တော်သည် အကျွန်ုပ်ကို ဤလောကသို့ စေလွှတ်တော်မူသည်နည်းတူ၊ အကျွန်ုပ်သည် ဤသူတို့ကိုစေလွှတ်ပါ၏"*

# မြေကြီးစွန်းတိုင်အောင်

သမ္မာကျမ်းစာသည် ဖျက်ဆီး၍ရသောအရာမဟုတ်ပါ။ ဘုရားသခင်က စကားလုံးတလုံး၊ အသေးဆုံးသောအခက်ကလေးတစက်မျှပင် စုံလင်ခြင်းရှိမည်ဟု ဂတိထားတော်မူ၏။ ရောမမြို့သို့ ရောက်ခြင်းသည်သာ ဂတိတော်စုံလင်ခြင်းမဟုတ်ဘဲ၊ နှုတ်ကပတ်တော်ဟောပြောခြင်းသည် ဘုရားသခင်၏မဟာစေခိုင်းချက်အမှန် စုံလင်ခြင်းဖြစ်ပါသည်။

<u>ရောမမြို့သို့ရောက်ရှိခြင်း၊</u> ပင်လယ်၌ဘေးအန္တရာယ်ကြုံတွေ့ခဲ့သော်လည်း၊ ပေါလုသည် ရောမသို့ချောမောစွာရောက်ရှိခဲ့ပါသည်။ သူတို့သည် ဆီစီလီ (Sicily) ကျွန်း၏အဓိကမြို့ဖြစ်သော သုရကုတ်မြို့၌ ဦးစွာကမ်းကပ်ခဲ့ကြပါသည်။ ထိုမြို့မှ အီတလီ၏မြို့တစ်မြို့ဖြစ်သော ရေဂျုန်မြို့သို့ ရောက်လာခဲ့ကြပါသည်။ ထိုရေဂျုန်မြို့မှ ပေါတယောလိမြို့သို့ ရောက်လာကြ၏။ ထို့နောက် ပေါတယောလိမြို့မှ ရောမမြို့ဘက်သို့ ခရီးဆက်ကြ၏။ သူတို့သည် ခြေလျက်ခရီးဖြင့် သွားသလော (သို့မဟုတ်) တရိစ္ဆာန်ကိုစီး၍ ခရီးသွားကြသည်ကို ကျွန်တော်တို့မသိကြပါ (တမန် ၂၃း၂၄)။ သို့သော်လည်း၊ ရောမသို့အရောက်သွားကြရပါမည်။ ထိုမြို့သည် သူတို့၏နောက်ဆုံးခရီးပင်ဖြစ်ပါသည်။

<u>တရားဟောရသောအခွင့်၊</u> ပေါတယောလိမြို့၌ ညီအစ်ကိုအနည်းငယ်သာရှိပါလိမ့်မည်။ သို့သော်လည်း ပေါလုသည် သူတို့နှင့်တွေ့ဆုံခဲ့ပါသည်။ ပေါလုအကြောင်းကို သူတို့ကြားကြခြင်းလော၊ သို့မဟုတ် ပေါလုကသူတို့ကိုရှာခြင်းလော၊ ဘယ်ဘဲဖြစ်ဖြစ် သူတို့ဆုံတွေ့ခဲ့ကြပါသည်။ သူတို့က ပေါလုနှင့်သူ၏အပေါင်းအဖော်တို့အား ခုနစ်ရက်နေကြရန်၊ ဘုရားသခင်၏နေ့ရက်၌ သူတို့နှင့်ဝတ်ပြုကိုးကွယ်ခြင်း၌ပါဝင်ကြရန် ဆန္ဒရှိခဲ့ကြသောကြောင့် နေခဲ့ကြ၏။ ရောမမြို့တွင် ပေါလုသည်တပ်မှူး၏ မျက်နှာသာပေးခြင်းကိုခံရ၍၊ အိမ်၌လွတ်လပ်စွာနေရသောအခွင့်ရရှိခဲ့ပါသည်။ သူသည် အကျဉ်းသားဖြစ်သော်လည်း ထောင်ထဲ၌အကျဉ်းချချုပ်နှောင်ခြင်းမခံရခဲ့ပါ။ ပေါလုသည် အစောင့်စစ်သူရဲ၏ စောင့်ရှောက်ခြင်းအောက်၌ မိမိ၏မိတ်ဆွေသူငယ်ချင်းများ လာလည်၍ရသောအိမ်၌ အဆင်ပြေလွတ် လပ်စွာ နေထိုင်ခဲ့ပါသည်။

ခရစ်ယာန်တို့သည် ကျွန်ုပ်တို့ကိုးစားသောဘုရားသခင်သည် မိမိသားသမီးတို့နှင့်အတူ အစဉ်အတူရှိတော်မူကြောင်း သိထားကြရပါမည်။ ဘဝ၌လိုအပ်ချက်များရှိနေသော်လည်း၊ ဘုရားသခင်၏အစီအစဉ်ကို ကျွန်တော်တို့သံသယမဝင်ခဲ့ပါ။ ယခုလက်ရှိအချိန်၌ ကျွန်တော်တို့နှင့်အတူ ဘုရားသခင်ရှိတော်မူကြောင်း သိကြရပါမည်။ သို့သော်လည်း ကျွန်တော်တို့သည် ဘယ်သူမှမရှိသောအချိန်၌သာ ကျွန်ုပ်တို့နှင့်အတူ ဘုရားသခင်ရှိတော်မူကြောင်း သတိရတတ်ကြ၏။

ဘုရားသခင်သည် သင်နှင့်အတူ အစဉ်အမြဲရှိတော်မူကြောင်း သင်သိပါသလား။ ဘုရားသခင်နှင့်အစဉ်မိဿဟာယဖွဲ့ပါသလား။ ဘုရားသခင်နှင့် မိဿဟာယဖွဲ့စကားပြောရသောအခွင့်ထူးကို ကျွန်တော်တို့လျစ်လျူမရှုဘဲနေကြပါစို့။

**ဆင်ခြင်ရန်** - ကမ္ဘာစွန်းတိုင်အောင် သွားခြင်းငှါကျွန်တော်ဆန္ဒရှိပါသလား။
**ဆုတောင်းချက်**- အဘဘုရား၊ လူမျိုးအပေါင်းထံ သတင်းကောင်းသွားရောက်ဟောပြောသွန်သင်ခြင်းငှါ အခွင့်ပေးတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၃၁)
**တမန် ၂၈း၃၀-၃၁**
လုကာ ၂၄း၄၆-၄၈

*"ခရစ်တော်၏အခွင့်အားဖြင့် နောင်တတရားနှင့် အပြစ်လွှတ်ခြင်းတရားကို . . . လူမျိုးတကာတို့အား ဟောပြောရမည်"*

## တည်လျက်ရှိသောမဟာစေခိုင်းချက်

ယုံကြည်သူတိုင်းသည် ဤမဟာစေခိုင်းချက်တာဝန်ကို ထမ်းဆောင်ခြင်း၌တာဝန်ရှိကြပါသည်။ ဘုရားသခင်ကြွလာတော်မူမည့်အချိန်ကို စောင့်နေစဉ်ထိုအမှုကို ထမ်းဆောင်ကြပါစို့။

လူမျိုးတကာတို့အား တပည့်ဖြစ်စေခြင်း၊ ပေါလုသည် အချိန်မဖြုန်းတီးခဲ့ပါ။ သုံးရက်ကြာသောအခါ ပေါလုသည် ယုဒလူအကြီးအကဲတို့ကိုခေါ်ခဲ့ပါသည်။ ပေါလုသည် မိမိလူမျိုးတို့ကို ချစ်သောကြောင့် ထိုသို့ပြုခြင်းသာမဟုတ်ဘဲ၊ တမန်တော်တို့သည် ပျောက်သောသိုးစု ဣသရေလလူတို့ထံ စေလွှတ်ခြင်းခံရကြသောကြောင့်ပြုခြင်းဖြစ်ပါသည် (မဿဲ ၁၀း၅-၆)။ ယုဒလူတို့သည် ငြင်းပယ်ကြသောကြောင့် မယုံကြည်ကြသောကြောင့် ပေါလုက "ဘုရားသခင်၏ကယ်တင်တော်မူခြင်းကျေးဇူးတော်ကို တပါးအမျိုးသားတို့အား ပေးလိုက်သည်ဖြစ်၍ သူတို့သည် နားထောင်သည့်" ဟုဆိုခဲ့ပါသည်။

မိန့်တော်မူချက်အပေါင်းကို သွန်သင်ခြင်း၊ တမန်တော်သည် နားထောင်လိုသောသူတို့အတွက် မိမိကိုယ်ကိုပေးဆပ်လိုကြောင်း အကောင်းဆုံးသာဓကပြသခဲ့ပါသည်။ ပေါလုအား ရောမမြို့ရှိ တပါးအမျိုးသားတို့အား ဘုရားသခင်၏အကြံအစည်အားလုံး ဟောပြောသင်ကြားပေးခြင်း၌ ဘုရား သခင်က စေလွှတ်ခဲ့ခြင်းဖြစ်ပါသည်။ "ငါသည် သင်တို့အားပေးသမျှသောပညတ်တော်တို့ကို စောင့် ရှောက်စေခြင်း၌ ဆုံးမသြဝါဒပေးကြလော့" ဟူသော သခင်ယေရှု၏မဟာစေခိုင်းချက်ကို ပေါလု စုံလင်စေခြင်းဖြစ်ပါသည်။

ရောမမြို့ရှိလူတို့ထံ သက်သေခံခြင်း၌ ဘုရားသခင်ကပေါလုအား အခွင့်ပေးတော်မူခဲ့၏။ ဥရောပနိုင်ငံများ၌ သာသနာပြုခြင်းအစီအစဉ်များမရှိစဉ်ကတည်းက ခရစ်ယာန်ယုံကြည်ခြင်းကို ရောမစစ်သူရဲများနှင့် ထိုအချိန်၌လှည့်လည်အလုပ်လုပ်ကြသော အလုပ်သမားတို့ဖြင့် ကြားသိခဲ့ကြကြောင်း သမိုင်းရှိခဲ့ပါသည်။ ဘုရားသခင်သည် မိမိ၏အဆုံးစွန်အာဏာတော်ဖြင့် ပေါလုအားဖြင့် ပြောင်းလဲသောခရစ်ယာန်များနှင့် ရောမမြို့၏အခြားခရစ်ယာန်သာသနာလုပ်ငန်းအားဖြင့် ပြောင်းလဲသောခရစ်ယာန်တို့ကိုအသုံးပြု၍ သာသနာပြုခြင်းကိုဆောင်ရွက်တော်မူခဲ့၏။

ဘုရားသခင်၏အစီအစဉ်သည် ခေတ်အဆက်ဆက် ဖော်ပြပေါ်လွင်ခြင်းရှိကြောင်း ကျွန်တော်တို့သိမြင်ကြသောကြောင့် ဘုရားသခင်၏စကားကိုနာခံလျက် ဘုရားသခင်ပေးသနားတော်မူသောဆုကျေးဇူးကိုအသုံးပြု၍ ကျွန်တော်တို့အမှုတော်ထမ်းရွက်ကြပါစို့။ ကျွန်တော်တို့သည် သမိုင်းကို ကိုယ့်သဘောဖြင့်ပြုစုနေသည်မဟုတ်ပါ။ သမိုင်းသည် ဘုရားသခင်၏အကြောင်းသာလျှင် ဖြစ်ပါသည်။ ထိုဘုရားသခင်၏မြတ်လှသော အစီအစဉ်၌ပါဝင်ခွင့်ရခြင်းသည် ကျွန်တော်တို့အတွက် အခွင့်ထူးဖြစ်သောကြောင့် ကိုယ်တော်၏အမှုတော်ကို အခွင့်ရတုန်းကြိုးစားဆောင်ရွက်ကြပါစို့။ ကျွန်ုပ်တို့အတွက် ဘုရားသခင်ပေးအပ်တော်မူသော ဤခိုင်းစေချက်ကိုဆက်လက်ဆောင်ရွက်ခြင်း၌ သင်ဘာဆက်လုပ်ပါမည်နည်း။

**ဆင်ခြင်ရန်** - မဟာခိုင်းစေချက်ကို နာခံလိုက်လျှောက်ထမ်းရွက်ခြင်း၌ ကျွန်တော်အသင့်ရှိပါသလား။

**ဆုတောင်းချက်**- အဘဘုရား၊ အကျွန်ုပ်အသက်တာကို ကိုယ်တော်အဖို့ သန့်ရှင်းစေတော်မူပါ၊ အာမင်။